www.burmeseclassic.com

# လမင်းဗိုဗို

## တဆုံးနှစ်ဝင်ခဲ့သောဆူး



BURMESE CLASSIC .com

www.burmeseclassic.com

လင်း

www.burmeseclassic.com

# လမင်းမိုမို

## တဆုံးနစ်ဝင်ခဲ့သောဆူး


စာမူခွင့်ပြုချက်အမှတ် - ၅၀၁၇၄၀၁၂၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၀၂၀၀၁၁၀

၂၀၁၀ ခုနှစ်၊ ဇူလိုင်လ

ပထမအကြိမ်

တန်ဖိုး - ၁၀၈/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဦးကျော်လှိုင်(၀၃၈၀၇)၊ စေတနာစာပေ အမှတ်(၅၉)၊ ၁၉-လမ်း၊ လသာမြို့နယ်၊ ရန်ကုန်။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃)၊ စေတနာ-OFFSET အမှတ်(၅၉)၊ ၁၉-လမ်း၊ ရန်ကုန်။

၈၉၅.၈၃

လမင်းမိုမို

တဆုံးနစ်ဝင်ခဲ့သောဆူး/လမင်းမိုမို-ရန်ကုန်။

စေတနာစာပေ၊ ၂၀၁၀။

၃၀၀- စာ၊ ၁၂×၁၈ စင်တီ။

(၁) တဆုံးနစ်ဝင်ခဲ့သောဆူး


BURMESE CLASSIC .com

### ဒို့အရေးအရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး


### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com


www.burmeseclassic.com







# လမင်းမှိုမှို



## တဆုံးနစ်ဝင်ခဲ့သောဆူး

စီစဉ်သူ
မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







တကယ်တော့ ခင်ဗျား ကျွန်တော့်အာရုံထဲ ကျွန်တော့်နှလုံးသားထဲ စတင်ဝင်ရောက်ခဲ့တာဟာ ခင်ဗျားကို ကျွန်တော် စတင်မြင်ဖူးတဲ့အချိန်မှာတောင် မဟုတ်ခဲ့ဘူး။ ခင်ဗျားရဲ့ဆိုင်ခန်းကို ဒီစင်္ကာကြီးမှာ လာရောက်ပြင်ဆင်နေတဲ့အချိန် ခင်ဗျားကို လုံးဝမမြင်ဖူးသေးတဲ့ အချိန်ကတည်းက ဒီဆိုင်ခန်းရဲ့ပိုင်ရှင်ဟာ ဘယ်လိုလူစားမျိုးများ ဖြစ်မလဲလို့ စတွေးမိရင်းနဲ့ ကျွန်တော့်အာရုံထဲ ခင်ဗျား စဝင်လာခဲ့တာ။

♥ ♣ ♥



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားဝယ်လိုက်တဲ့ ဆိုင်ခန်းသစ်နှစ်ခန်းတွဲက ကျွန်တော့်ဆိုင်ခန်းနှစ်ခန်းတွဲကနေကြည့်ရင် သေသေချာချာ လှမ်းမြင်ရနိုင်တဲ့ ခပ်စောင်းစောင်း အနေအထားမှာ တည်ရှိတယ်။ နှစ်ခန်းတွဲကို အလယ်အကာအရံဖြုတ်ပြီး အလျားရှည်ရှည်ဖြစ်အောင် ပြုပြင်ပြီး ဆိုင်တွင်းပြင်ဆင်မှု Decoration လုပ်နေတဲ့ နေရာဆီ တမင်တကာ တကူးတက လှမ်းကြည့်မိတာလည်း ရှိသလို အမှတ်မထင် မျက်လုံးရောက်သွားတာလည်း ရှိတယ်။

ဘာဆိုင်လို့ မသိရခင်ကတည်းက ကတ္တီပါနက်ပြာရောင်စိုစိုနဲ့ ပန်းရောင်တောက်တောက်ကို လှပတဲ့အရောအစပ်နဲ့ တွဲစပ်ပြီး Decorate လုပ်နေတဲ့ဆိုင်ကိုကြည့်ပြီး ဆိုင်ရှင်ကို စိတ်ဝင်စားနေမိတယ်။ မိန်းမတစ်ယောက် ဖြစ်နိုင်တယ်လို့လည်း အလိုအလျောက် တွေးမိခဲ့တယ်။

Fancy ဆိုင်တစ်ခု ဖြစ်မယ်လို့ ထင်မိပေမယ့် ဆိုင်ထဲကကောင်တာ၊ မှန်ပုံးတွေ အကောင်အထည်ပေါ်လာတော့မှ ရတနာဆိုင်တစ်ဆိုင် ဖြစ်နိုင်တာကို ပြောင်းတွေးမိတယ်။ တကယ်တော့ ရတနာဆိုင်သာဆိုရင် ဒီထက်ဣန္ဒြေရတဲ့ ငြိမ်သက်တဲ့





တစ်ရောင်တည်း ခြယ်သမှုနဲ့ အလှဆင်သင့်တယ်လို့ ကျွန်တော်ထင်တယ်။

ဒီနေရာမှာ ဆိုင်ရှင်ရဲ့ စိတ်အနေအထားကို ခန့်မှန်းလို့ရတာပေါ့။ Fancy ဆန်ချင်တယ်၊ ထွင်းဖောက်ချင်တယ်၊ ခေတ်မီချင်တယ်၊ သူတစ်ပါး အထင်အမြင်ထက် ကိုယ့်ဆန္ဒကို ဦးစားပေးတယ်၊ ရှေးရိုးမစွဲဘဲ မိမိကိုယ်ကို အရိုးစွဲတဲ့စိတ်ရှိတယ်၊ သော်ရုံ ဘယ်သူ့မှ ဂရုမစိုက်ချင်ဘူး၊ ခေါင်းမာတယ်၊ ကိုယ့်အပေါ် တစ်ပါးသူရဲ့အာရုံစိုက်မှုကို တပ်မက်တယ် ... ... စသဖြင့်။

တဆန့်တလျား ခန့်မှန်းကြည့်နေမိရင်းကကိုပဲ ဒီဆိုင်ရှင်ကို စိတ်ဝင်စားနေရာက ကျွန်တော်နဲ့ခင်တဲ့ လုံခြုံရေးဝန်ထမ်းတစ်ယောက်ကို ဒါဘာဆိုင်လဲ အတည်ပြုကြည့်လိုက်ပြီး ရတနာဆိုင်လို့ အတိအကျ သိလိုက်ရတဲ့နောက်မှာတော့ ဆိုင်ရှင်အဖြစ် ရောက်လာမယ့် အမျိုးသမီးကို ကြိုတင်စောင့်မျှော်စိတ်ကူးယဉ်ကြည့်မိတယ်။

အမျိုးသမီးငယ်ဖြစ်မယ်လို့ တွေးပြီး နောက်မှာ အန်တီကြီးတစ်ယောက် မဖြစ်နိုင်ဘူးလို့လည်း ကြိုတင်ယူဆထားလိုက်တယ်။ သိပ်ငယ်လှတဲ့ မိန်းမပျိုငယ်ကလေးတစ်ယောက်လည်း မဖြစ်နိုင်ဘူးလို့ ထင်မိတယ်။ ရောက်လာမယ့် အမျိုးသမီးကို ကြိုတင်စိတ်ဝင်စားနေတာကတော့ ကျွန်တော်နဲ့ စိတ်ချင်းနီးစပ်ဆင်တူလိမ့်မယ်လို့ အလိုအလျောက် ထင်မြင်ယူဆနေမိလို့ပဲ။

♥ ♣ ♥



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ဆိုင်ခန်းက ဆိုင်အနေနဲ့ နှစ်ခန်းတွဲပေမယ့် အခန်းအနေနဲ့ သုံးခန်းတွဲ။ တစ်ခန်းက (အဖေ့သဘောကျ) စီးပွားရေးလုပ်ငန်းဆိုတဲ့ သဘောလေး သက်ရောက်အောင် ဖုန်း၊ ဟဲန်းဒ်ဆက်ဆိုင်လေး ဖွင့်ထားတာပါ။ ဒါလည်း ဘာမှအပန်းမကြီးဘူး။ အဖေဖြစ်သူရဲ့ လုပ်ငန်းတွေထဲမှာ ဟဲန်းဒ်ဆက်တွေကို ဒိုင်ကြီးတစ်ခုလို အကြီးအကျယ် သွင်းယူပြီး လက်ကားပြန်ဖြန့်ချိတဲ့ လုပ်ငန်းသေးလေးတစ်ခုလည်း ပါတာကိုး။

တခြားပစ္စည်းတွေ Import လုပ်ရင်း တကူးတက မဆန်ဘဲ တစ်လက်စတည်း သွင်းလာတဲ့သဘောနဲ့ အဖေက တိုလီမိုလီပစ္စည်းတွေလည်း သွင်းလာတတ်တာပါ။ ကျွန်တော်က အသာကလေး မပင်မပန်းနဲ့ ဟဲန်းဒ်ဆက်ဆိုင်လေး ကောက်ဖွင့်ထားလိုက်တဲ့အခါ တခြားဆိုင်တွေထက် ဈေးတောင် လျှော့ရောင်းနိုင်ပါတယ်။ သူများဆိုင်တွေက မော်ဒယ်လ်တစ်မျိုးကို ဆယ်လုံးလောက် သွင်းလာတဲ့ အရင်းနဲ့ အဖေက မော်ဒယ်လ်တစ်မျိုးကို ရာချီသွင်းလာတဲ့ (တစ်လုံးချင်း)ဈေးရင်းက ခေါက်ချိုးနီးပါးကွာတာကိုး။





ဒါကြောင့် အဖေက အလုပ်ရှုပ်ခံပြီး လက်လီရောင်းထဲဆိုင် ပြန်မဖွင့်မနေဘဲ ရောက်တာနဲ့ ပလာဇာလိုနေရာမျိုးကို အများကြီးဖြန့် တစ်တိုင်ထည်း ကုန်သွားတဲ့စနစ် လုပ်နေချိန်မှာ ကျွန်တော်က အဖေ့ဆီ ဈေးရင်းနှုန်းနဲ့ ပြန်ယူပြီး ကိုယ့်ဆိုင်ပေါ် လက်လီပြန်ရောင်းတာ။ ဒီတော့ လျှော့နိုင်ပြီပေါ့။

ဒါက အဖေကျေနပ်အောင် ဇန်းပြပါ။

ဟိုဘက်က နှစ်ဆိုင်တွဲကမှ ကျွန်တော့်ရဲ့တကယ့်ဝါသနာ။ ဓာတ်ပုံစတူဒီယိုတစ်ခု ဖွင့်ထားတာပါ။ ဆိုင်နှစ်ခန်းတွဲထဲမှာ စတူဒီယိုလေးတစ်ခု ပြင်ဆင်ထားပါတယ်။ စတူဒီယိုကိုခရမ်းပုပ်ရောင်နဲ့ Decoration လုပ်ထားပြီး ဟဲန်းဒ်ဆက်ဆိုင်ကိုတော့ စိမ်းပြာနဲ့ အနီရဲတောက်တောက် အရောင်စပ်ကြားနဲ့ ဒီဇိုင်းဆင်ထားတာပါ။

ကျွန်တော့်ဆိုင်တွေရဲ့ ဒီဇိုင်းကို ကိုယ့်ဘာသာပုံစံထုတ်၊ ကိုယ့်ဘာသာ သဘောတွေကျနေချိန်မှာ လှမ်းမြင်နေရတဲ့ နေရာက ခင်ဗျားရဲ့ နက်ပြာနဲ့ ပန်းရောင်အဆောက်တွဲစပ်မှုဒီဇိုင်းကိုလည်း လှမ်းပြီးကျေနပ်နေမိတာ။ ရောက်လာမယ့် ဆိုင်ရှင်ကိုပါ ငါနဲ့ စိတ်ချင်းနီးစပ်လိမ့်မယ်လို့ ကြိုတွေးနေမိရင်း ခင်ဗျားရဲ့ ဆိုင်ဖွင့်ရက်ကို မျှော်လင့်ခဲ့ရတာပေါ့။

♥ ♣ ♥



www.burmeseclassic.com

www.burmeseclassic.com



"မိဖုရား"ရတနာစိန်တိုက်။

အဲဒီဆိုင်းဘုတ်ကြီး တပ်ဆင်လိုက်တဲ့ နေရာမှာတော့ ခင်ဗျားကို ကျွန်တော်အရမ်းစိတ်ဝင်စားမိပြီ။ မိဖုရား ... တဲ့။ ဘယ်လောက်စီးတဲ့ နာမည်လဲ။ ဘယ်လောက် လှမ်းမိုးတဲ့ နာမည်လဲ။ ဘယ်လောက် ကြီးကျယ်မြင့်မားတဲ့ နာမည်လဲ။ ပြီးတော့ ဘယ်လောက် ဘဝင်မြင့်လိုက်တဲ့ နာမည်လဲဗျာ။

နာမည်အားဖြင့်လည်း အင်အားရှိလှတဲ့အပြင် စိန်ရွှေရတနာဆိုင်တစ်ဆိုင် အဖြစ်နဲ့လည်း လိုက်ဖက်တင့်တယ်လှတဲ့နာမည်ပဲ။ ဒီဆိုင်က စိန်ရွှေလက်ဝတ်ရတနာတွေဟာပဲ ထီးသုံးနန်းသုံးဖြစ်သလိုလို ဒါတွေကို ဝတ်ဆင်ရင်ပဲ ရွှေနန်းတော်ကတော်ဝင်သူတွေ မင်းသမီးတွေ ဖြစ်တော့မလိုလို။ တော်တော်လည်း လှလည်ကျတဲ့နာမည်။

သဘောတွေကျပြီး ပြုံးစိစိနဲ့ ခေါင်းတညိတ်ညိတ်ဖြစ်နေတဲ့အထိကိုပဲ အဲဒီဆိုင်အပေါ် ကျွန်တော့်အာရုံက သက်ရောက်နေတယ်။ ခက်တာက ဆိုင်ရှင်ဖြစ်မယ့် ခင်ဗျားကို လုံးဝ





မမြင်ရတာပဲ။ ပြင်ဆင်နေကတည်းက တာဝန်ယူ ကြီးကြပ်နေတဲ့လူကို ကျွန်တော် သွားမေးမြန်းစပ်စုပြီးပါပြီ။ အဲဒီလူက အလုပ်လက်ခံထားတဲ့ Decoration ကုမ္ပဏီက တာဝန်ရှိသူပါ။

"ခင်ဗျားရဲ့ ဆိုင် Decoration ဒီဇိုင်းက အရမ်းလန်းတယ်ဗျ၊ ဒီလောက်ကောင်းတဲ့ ဆိုင်အပြင်အဆင်ကို ဆိုင်ရှင်က တစ်ခေါက်မှတောင် လာမစစ်ဘူးလား၊ လာမကြည့်ဘူးလား၊ Appriciate လာမလုပ်ဘူးလား"

"အားလုံးပြီးမှ လာကြည့်မယ်တဲ့ဗျ၊ ဒီ့ဒီဇိုင်းက သူကိုယ်တိုင် ဆွဲထားတာ၊ ပုံတွေအများကြီးဆွဲပြီးပေးတာ။ အလုပ်မစခင်တစ်ရက် ဆိုင်ခန်းကို သူ လိုက်လာပြီး သူဆွဲတဲ့ပုံတွေနဲ့တိုက်ပြီး အတိအကျ ညွှန်ကြားပြီးပြီ၊ ကျွန်တော်က ကုမ္ပဏီက ကြီးကြပ်သူ သက်သက်ပါ၊ ဒီဒက်ကိုရေးရှင်းတွေရဲ့ ဒီဇိုင်နာ မဟုတ်ပါဘူး"

ခင်ဗျားရောက်လာတယ်ဆိုတဲ့နေ့က ကျွန်တော်သတိမပြုလိုက်မိလို့ကိုး။ ဒီခတော့လည်း အားလုံးပြီးတော့မှပဲ ခင်ဗျားကိုတွေ့ရတော့မှာပေါ့။ အဲသလို ကျွန်တော်က အမျှော်ကြီးမျှော်လင့်ခဲ့တာပါ။

ရေစက်လို့ပဲ ပြောပါတော့ဗျာ။ အသက်ကြီးသလား၊ ငယ်သလား၊ ဖြူသလား၊ မည်းသလား၊ ပိန်သလား၊ ဝသလား၊ ပုသလား၊ ရှည်သလား မသိတဲ့ မိန်းမတစ်ယောက်ကို မမြင်ခင်ကတည်းက ရင်တခုန်ခုန် စိတ်ဝင်စားနေတဲ့ ကျွန်တော်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က တစ်ခါတစ်ရံ ဓာတ်ပုံကိစ္စနဲ့ အပြင်ထွက်ရတာလည်း ရှိသေးတော့ ပြန်လာရင် ဟဲန်းဒ်ဆက်ဆိုင်မှာ ကူထိုင်ပေးနေတဲ့ ညီဝမ်းကွဲနဲ့ သူငယ်ချင်းနှစ်ယောက်ကို ...

"ဟေ့ကောင်တွေ ... မိဖုရား လာသွားသေးလား"

ကျွန်တော် စိတ်ဝင်စားနေတာကို သိလည်းသိ အံ့လည်းဩနေတဲ့ ဒီကောင်တွေက ...

"အပြင်ထွက်ပြီး ပြန်လာရင် မေးရတာ မမောသေးဘူးလား ကိုလု၊ မလာဘူး၊ မိဖုရားလည်း မလာဘူး၊ မောင်းမမိသံလည်း မလာဘူး"

"ဒီမိဖုရားလည်း တော်တော်ကိန်းခန်းကြီးတဲ့ မိဖုရားပဲဗျ၊ ဖူးမျှော်ရဖို့အရေး ငန်းလည်ပင်း ဖြစ်နေပြီ"

ညီဝမ်းကွဲ တာရာက လက်ကိုငန်းလည်ပင်းလို ကောက်ပြပြီး ပြောတော့ ကျွန်တော် ပြုံးစိစိ ဖြစ်ခဲ့ရသေးတယ်။ ဟုတ်ပါရဲ့ဗျာ။ အတော်ကိန်းခန်းကြီးတဲ့ မိဖုရားပါ။

"ကိုလု တွေ့လိုက်တော့မှ ကိုလုမျှော်လင့်နေသလို ခေတ်မီမီ ကဗျာဆန်ဆန်မျိုး ဖြစ်မနေဘဲ ဘွားဒေါ်ကြီး ဖြစ်နေရင်ကော"

"ဖြစ်နေလည်း ပြီးရောပေါ့ကွာ၊ ငါက ဒီဆိုင်ပုံစံ ဆိုင်နာမည်တွေကြောင့် ရိုးရိုးသားသား စိတ်ဝင်စားမှု ရှိနေတာပါကွ"





တစ်နေ့တော့ ကျွန်တော် ဆိုင်အလာနောက်ကျတဲ့နေ့။ ဆယ့်တစ်နာရီလောက်မှ ရောက်လာပြီး ဟိုဘက်စတူဒီယိုခန်းကို ဖွင့်နေတုန်းပဲ တာရာနဲ့ ဇွဲတို့ အပြေးထွက်လာပြီး ...

"ကိုလု ... ကိုလု၊ ကိုလုကဗျာ။ ဘာဖြစ်လို့ နောက်ကျနေတာလဲဗျာ၊ သွားပြီဗျာ"

"ဘာသွားတာလဲကွ"

"လွတ်သွားတာပေါ့ဗျ"

"ဘာလဲ ... ဓာတ်ပုံရိုက်မယ့်သူတွေ လာလို့လား"

"ဘယ်ကလာ၊ မိဖုရား လာသွားတာဗျ"

"ဘာ"

"မိဖုရားကြီး လာသွားတာဗျ၊ ကိုလုကလည်းဗျာ၊ ဒီနေ့မှပဲ နာတယ်ဗျာ"

နာတယ်ဆိုပုံထောက်တော့ လွတ်သွားတာ နာလောက်တဲ့သူလေး ဆိုတာ ကျွန်တော် မှန်းနိုင်ပါပြီ။ စတူဒီယိုထဲက ဘောက်စ်အဲကွန်းကိုဖွင့်ပြီး ဆိုဖာကြီးမှာ ကျွန်တော် ခြေပစ်လက်ပစ် ထိုင်ချလိုက်မိတယ်။

"မိဖုရားကတော့ ရေလည်မိတာဗျာ ကိုလု၊ ဒါပေမဲ့ဗျာ"

"ဘာဒါပေမဲ့လဲ"

"ဒါပေမဲ့ မိဖုရားတင် မကဘူးဗျ၊ ဘုရင်မင်းတရားကြီးလည်း ပါတာ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ရင်ထဲမှာ တစ်မျိုးကလေး နေမြောသလို ဖြစ်သွားမိပါတယ်။ တစ်စုံတစ်ရာလေး နိုးလိုးခုလု ငြိမိခိုက်မိသွားသလိုပဲဗျာ။ ဩော် ... ပိုင်ရှင်နဲ့ပေါ့လို့ တွေးလိုက်ရုံအပြင် ဘာများ တတ်နိုင်ဦးမှာလဲ။

"ဘာပဲဖြစ်ဖြစ်ပေါ့ကွာ၊ သူ့ဒီဇိုင်းတွေနဲ့ သူ့ပုံနဲ့ လိုက်ဖက်တယ်ပေါ့"

"ဟာ ... လိုက်တယ်၊ ဒီဇိုင်းတွေအတိုင်း မိုက်တယ်၊ ဟော့ကောင် ဖွဲ့၊ သူ့ဘုရင်ကြီးက ဘုရင်ကြီး ဟုတ်ချင်မှ ဟုတ်ဦးမှာပေါ့ကွ၊ မင်း ထင်သလို ဟုတ်ချင်မှ ဟုတ်မှာပေါ့"

"ဟာ ... ဒါပေမဲ့ သူက ငယ်မှမငယ်တော့တာ တာရာရ၊ သူ့ကြင်ယာတော်ဘုရင်ကြီးပဲ ဖြစ်မှာပါကွာ"

"သိပ်လည်း မကြီးလောက်သေးပါဘူးကွာ"

"ဟာ ... မင်းကလည်း၊ ကိုလုတို့ထက်တော့ ကြီးမှာပေါ့၊ သုံးဆယ်လောက် ရှိနိုင်တာ"

"အလွန်အကျွံမှ သုံးဆယ်ပါကွာ၊ ကြင်ယာတော်လောင်းလောက်လည်း ဖြစ်နိုင်ပါတယ်"

"ကိုလုရာ ... ကိုလုစဉ်းစားကြည့်လေ၊ ရည်းစားဘဝနဲ့ အိမ်ထောင်သည်ဘဝ ဘယ်သူက ဘယ်သူ့မျက်နှာကိုကြည့်ပြီးနေရသလဲဆိုတာ"

ဖွဲ့ရဲ့စကားကြောင့် ကျွန်တော် ရယ်မိပါတယ်။



"ရည်းစားဘဝမှာ ယောကျ်ားလေးက မိန်းကလေးမျက်နှာကို ကြည့်နေရ ဖားနေရတာမျိုး မဟုတ်လား၊ အိမ်ထောင်သည်ဘဝ ရောက်ရင်တော့ ယောကျ်ားတွေရဲ့မျက်နှာကို မိန်းမတွေက ကြည့်နေရတာက များတာလေ"

"အင်း ... မင်းရဲ့လောဂျစ်က သိပ်တော့မဆိုးပါဘူး၊ ယေဘုယျအားဖြင့် မှန်ပါတယ်"

"အခု မိဖုရားက ဘုရင်ကြီးမျက်နှာကို ကြည့်ကာ ကြည့်ကာနဲ့နေရတာ၊ ဘုရင်ကြီးက ခပ်တည်တည်ဗျ"

"ဘာပဲဖြစ်ဖြစ် ကိုလုရာ၊ တော်တော်တော့မိတယ်၊ သူ့မျက်နှာထားရဲ့ ကျက်သရေရှိပုံကလည်း မိဖုရားလို့ကို နာမည်မှည့်ဖို့ကောင်းတာ"

"လူနာမည် မိဖုရားလို့ မှည့်ပါ့မလားကွ"

"ပြောပြတာလေ၊ မျက်နှာထားရဲ့ ထည်ဝါမှုကို တင်စားပြောပြတာ"

"သူ့မျက်နှာရဲ့ကျက်သရေ၊ အရှိန်အဝါ၊ လွှမ်းမိုးနိုင်မှုကတော့ တကယ်ကို မှိုင်လောက်တယ် ကိုလု၊ ကိုလု မြင့်ရင် ပိုမှတ်ချက်ချတတ်မှာ"

"ဆိုင်ကိုတော့ သူပဲဦးစီးမှာပါ၊ ဘုရင်မင်းတရားက ဦးစီးမယ့်ပုံ မပေါ်ဘူး၊ သူပဲ စကားပြောဆို ညွှန်ကြားနေတာ၊ စီမံခန့်ခွဲနေတာ၊ သန်ဘက်ခါမှာ ဆိုင်ကို ဆိုင်းဘုတ်ဖွင့်ပွဲလုပ်မယ်၊ ဒီမှာ ဖိတ်စာ၊ ဆိုင်နီးနားချင်းတွေကို ကော်ဖီနဲ့ကိတ် ကျွေးမယ်တဲ့"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့် လက်ထဲရောက်လာတဲ့ ဖိတ်စာပုလဲပန်းနုရောင်ကလေးဟာ လှပတင့်တယ်ပြီး မွှေးပျံ့နေတယ်။ ဆိုင်ဖွင့်ပွဲကို ချီးမြှင့်ပေးပါရန် လေးစားစွာ ဖိတ်ကြားပါသည်ဆိုတဲ့ စာရိုးရိုးကလေးအောက်မှာ "မိဖုရားရတနာစိန်တိုက်"လို့ပဲပါတယ်။ လူနာမည်မပါဘူး။ ပိုင်ရှင်ရှိတယ်ဆိုတဲ့ သဘောမျိုး သိလိုက်ရပေမယ့် ထူးဆန်းတာက ဒီပိုင်ရှင်ကို စိတ်ဝင်စားမှုဟာ ကျွန်တော့်ရင်ထဲမှာ လျော့မသွားခဲ့ဘူး။

အဲဒါကြောင့်ပဲ ရဲစက်လို့ ကျွန်တော် ပြောရတာပေါ့။

"ဆိုင်နီးနားချင်းဆိုတော့ မင်းတို့ သွားဖြစ်အောင် သွားလိုက်ပါ၊ ကိုယ့်ကိုယ်ကိုယ် မိတ်ဆက်ပေါ့"

"ကိုလုကရော"

"ငါမရှိဘူး၊ ငါသန်ဘက်ခါ ဓာတ်ပုံအသင်းက ထရစ်ပ်တစ်ခု တောင်ကြီး အင်းလေးဘက် လိုက်သွားမလို့၊ ဓာတ်ပုံပြပွဲလုပ်ဖို့ရှိလို့၊ ဒီဘက်ဆိုင်တော့ ငါ့ရက်လောက်ပိတ်မယ်၊ ဟိုဘက်ဆိုင်တော့ မင်းတို့ဘာသာ ဖွင့်ပေါ့"

ခင်ဗျား ဆိုင်စ,ဖွင့်မယ့် အချိန်မှာ ကျွန်တော့်ခရီးထွက်စရာက တိုက်တိုက်ဆိုင်ဆိုင် တွေ့တယ် မဟုတ်လား။ ခင်ဗျားကို မြင်တွေ့ခွင့်ရဖူးဖို့တောင် သူများထက် နောက်ကျပြီးမှ တွေ့ခွင့်ရခဲ့တဲ့ ကျွန်တော်ပါ။ ခင်ဗျားနဲ့ပတ်သက်လာရင် နောက်ကျခဲ့ရတဲ့ အဖြစ်အပျက်တွေ ရှိဦးမယ်လို့ အထိတော့ မတွေးဖြစ်ခဲ့ဘူးဗျာ။





အံ့ဩစရာကောင်းလှတဲ့ နေရင်းထိုင်ရင်း ခင်ဗျားကို နှစ်လိုမှု နှစ်နှစ်ကာကာရှိမှုတွေဟာ ခင်ဗျားရဲ့ဆိုင်းဘုတ်ကို ဆေါင်ကွပ်ထားတဲ့ ရွှေရောင်ကနုတ်ပန်းအကွေးကလေးတွေအပေါ်မှာတောင် ချစ်မိတဲ့အထိ ကျွန်တော့်ဘဝမှာ ဆန်းကြယ်ခဲ့ပါတယ်။

♥ ♣ ♥



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားကိုလေ မြင်မြင်ချင်း ခင်ဗျားမှန်းမသိဘဲနဲ့ တောင် ခင်ဗျားပဲလို့ သိခဲ့ပါတယ် မ'ရယ်။

ကျွန်တော် နယ်က ဓာတ်ပုံရိုက်ကူးရေးထရစ်ပ်က ပြန်လာ၊ အိမ်မှာတစ်ရက်နားပြီး ဓာတ်ပုံတွေစစ်၊ နောက်တစ်ရက် ဆိုင်ကိုအလာမှာ ခင်ဗျားနဲ့ စ,တွေ့ခဲ့ရတာပါပဲ။ ခင်ဗျားကို ကျွန်တော် မြင်မြင်ချင်း ချစ်တယ်။ မြင်မြင်ချင်း မျက်လုံးမလွှဲမိဘဲ ဆက်စိုက်ကြည့်နေမိပြီးတော့ အင်မတန်ဆန်းကြယ်တဲ့ ခံစားချက်တစ်မျိုးနဲ့ ရင်မှာလှိုက်လှဲလာခဲ့တယ်။

ခင်ဗျားကို သိပ်ချစ်မိတဲ့ ခံစားချက်ဟာ လူတစ်ကိုယ်လုံးကို ဝမ်းနည်းဆွေးမြည့်သွားစေတာ ဘယ်လောက်များဆန်းလိုက်သလဲ။ တစ်စုံတစ်ရာက ကျွန်တော့်ကို တုပ်နှောင်လိုက်သလို လှုပ်လို့မရအောင် အေးစက်ငြိမ်သက်သွားမိပြီး တစ်ကိုယ်လုံးမွှန်ထူပြီးတော့ မျက်ရည်တောင် လည်မိမတတ် ဖြစ်လာတယ်။

ကားပါကင်မှာ ကားရပ်ပြီး ကားထဲကဆင်း၊ ရိုမုတ်ကွန်ထရိုးနဲ့ သော့လှမ်းချပြီး ဆိုင်ရှိရာ Level ဆီတက်ဖို့ ဓာတ်လှေကားဆီရောက်လာတဲ့ ခင်ဗျားဟာ ကျွန်တော့်ကားနံဘေးက





ဖြတ်လျှောက်သွားရတာပါ။ ခင်ဗျားနဲ့ ကျွန်တော် ရေစက်ပါတယ် ဆိုတာ ခင်ဗျား မယုံဘူးဆိုရင် ခင်ဗျားကားပေါ်က ဆင်းဆင်းချင်း ဂရောင်းပါကင်ဧရိယာထဲမှာ လူတချို့တွေ ရှိရက်သားနဲ့ ခင်ဗျားမျက်လုံးတွေက ကျွန်တော့်ဆီ ဘာကြောင့် အရင်ဆုံးရောက်လာတယ်လို့ ထင်သလဲ။

တစ်နေ့သောအခါ ကျွန်တော်ဟာ ခင်ဗျားနဲ့ပတ်သက်ရမယ့်သူပဲလို့ ခင်ဗျားရဲ့ကိုယ်စောင့်နတ်တွေက နှိုးဆော်ညွှန်ပြလိုက်တယ်လို့များ တွေးမကြည့်ဖူးဘူးလား မ,။ ကျွန်တော့်ကိုယ်တိုင်လည်း ကားပေါ်ကဆင်း ကားသော့ပိတ်ပြီးတာတောင် ခပ်လှမ်းလှမ်းမှာ ရပ်လိုက်တဲ့ (ဘယ်သူ့ကားမှန်း မသိတဲ့)ခင်ဗျားကားကို အကြောင်းမဲ့ရပ်ကြည့်နေမိပြီး ကားပေါ်က ခင်ဗျားဆင်းလာမှာကို နတ်နှိုးဆော်တဲ့အလား စောင့်ကြည့်ခဲ့မိတာလေ။

မြင့်မားတဲ့အရပ်၊ သွယ်လျားတဲ့ခန္ဓာကိုယ်၊ အသားမှာ ထိကပ်ချပ်ရပ်နေတဲ့ အဖြူရောင်ပါးပါးအင်္ကျီလက်ရှည်၊ ပိုးသားပါတဲ့ အဖြူရောင်ပေါ် ခဲရောင်ချိတ်အနားပါတဲ့ လုံချည်၊ ဖနောင့်မြှုပ်မပါတဲ့ ရှူးစ်အနက်ပြောင်ပြောင်၊ ကြိုးမပါတဲ့ လက်ထဲပဲကိုင်ထားတဲ့ ခဲရောင်အိတ်အရှည်မာမာလေး၊ မဖြူတဲ့ မညိုတဲ့အသားအရေ၊ မည်းနက်နေတဲ့ မျက်ခုံးမျက်တောင်တွေ၊ တင်းချီနေတဲ့ မျက်နှာထား။

အားလုံးထဲမှာ ချစ်ဖို့အကောင်းဆုံးက ဘေးစောင်းခွဲထားတဲ့ ဆံပင်တိုတိုကို နားနှစ်ဖက်နောက် ညှပ်သွင်းပြီးတဲ့အခါ



www.burmeseclassic.com

www.burmeseclassic.com



နားအောက်က ပြန်ကွေးထွက်လာပြီး ပါးပြင်အောနှစ်ဖက်ဆီကော့တက်နေတဲ့ ဆံပင်စတိုင်လေးပဲ။ အဲဒီဆံပင်ဇလုံကြောင့်များ ခင်ဗျားဟာ ကျွန်တော့်အမြင်မှာ မိဖုရားလေးတစ်ပါးနဲ့ ပိုတူသွားသလားပဲ။

ကျွန်တော်တွေ့ချင်နေတဲ့ မတွေ့ရသေးတဲ့ "မိဖုရား" ဟာ ခင်ဗျားပဲလို့ ဘာဖြစ်လို့ နိုင်နိုင်လုံလုံ သိလိုက်ရတာလဲ။ ခင်ဗျားကို မတ်တတ်ရပ် စိုက်ကြည့်နေမိတဲ့ ကျွန်တော့်မျက်လုံးတွေကို မနှစ်မြို့ဘူးလား။ သုံးစက္ကန့်လောက် အနားကဖြတ်လျှောက်ကြည့်ရင်း မျက်စောင်းတစ်ချက် ထိုးသွားလိုက်တာလေးက ကျွန်တော့်ရင်တွေကို နှစ်ခြမ်းဆွဲခွဲလိုက်သလိုပါပဲ။

ခင်ဗျားနောက်က ကျွန်တော် လိုက်လာပြီး ဓာတ်လှေကားထဲ အတူလိုက်ဝင်လိုက်တာကို မ,မကြိုက်ဘူးနော်။ လိုက်နှောင့်ယှက်မယ်လို့ ထင်သလိုပဲ။ ဓာတ်လှေကားထဲမှာ နံရံတစ်ဖက်ကပ်ရပ်ပြီး မျက်နှာလေးကို တင်းထားတဲ့ ခင်ဗျားဆီက ပုလင်းအနီ Gucci(Rush) ရေမွှေးနံ့ကို ထူပိန်းပိန်း အိခါးခါးရှူရှိုက်နေရတယ်။

ဓာတ်လှေကားထဲမှာ မသိမသာ အရပ်တိုင်းနေမိတဲ့ ကျွန်တော့်ပုံစံကို ခင်ဗျား သိပ်မသင်္ကာသလို စောင်းစောင်းလေး ကြည့်ကွက် ကြည့်ကွက် လုပ်နေပုံလေးကလည်း အသည်းယားဖို့ သိပ်ကောင်းနေခဲ့တယ်။ ဘာကြောင့်များ ဒီလောက်တောင် အရပ်မြင့်နေရတာလဲ မ,ရယ်။ ဝှူးခနဲ လေပူမှုတ်ထုတ်မိတယ်။





ကျွန်တော်က ခင်ဗျားမြင်တဲ့အတိုင်း ယောကျ်ားထဲမှာ မြင့်လှတယ်မဆိုနိုင်တဲ့ သာမန်အရပ်နဲ့ပါ။ မပုပေမယ့် ငါးပေခုနစ်လက်မ၊ ရှစ်လက်မဟာ ခင်ဗျားနဲ့တတိုင်းတည်းလို ဖြစ်နေတယ်။ ဖြူဆွတ်နေတဲ့အသား၊ နှာခေါင်းချွန်ချွန်ရှည်ရှည်၊ လိုင်းတွန့်ပါပြီး ဝေ့ဝဲထနေတဲ့ ပခုံးကျော်ဆံပင်ရှည်၊ မှုန်တေတေချစ်ကန်ကန်ရုပ်၊ တီရှပ်လက်ရှည်ကိုယ်တိအနက်၊ ပုံကျနေတဲ့ဂျင်းအနက်။

Balck and white ပေါ့နော် မ,။

ခင်ဗျားကအဖြူ၊ ကျွန်တော်က အမည်းလေ။ ဆန့်ကျင်ဘက်လို့ မမြင်ဘဲ အတွဲအစပ်တစ်ခုလို့ပဲ မြင်ပါတယ်။ ကျွန်တော့်ရင်တွေ တုန်နေတယ်။ ဘာကြောင့်လဲ မပြောတတ်ဘူး။ ပိုင်ရှင်ရှိတယ်လို့ ယူဆရတဲ့ ခင်ဗျားကို ကျွန်တော် ဘာကြောင့် ယဉ်ကျေးမှုမရှိဘဲ ရင်ခုန်မိ ချစ်မိတာလဲ။ ချစ်မိတယ်လို့ ချက်ချင်းပဲ သေချာနေတာကို ခင်ဗျား ကျေနပ်သည်ဖြစ်စေ မကျေနပ်သည်ဖြစ်စေ Let it be ပါဗျာ။

အဲဒီနေ့က ဓာတ်လှေကားစီးရတာ တစ်သက်မှာ ရင်အခုန်ဆုံး တစ်ခါပဲ။ ခင်ဗျားကို ကျွန်တော် ခိုးကြည့်တာ ငဲ့ကြည့်တာတွေ မလုပ်ခဲ့ပါဘူး။ ခေါင်းကိုငုံ့ပြီး ဘောင်းဘီအိတ်နှစ်ဖက်ထဲ လက်နှိုက်ပြီး ငြိမ်သက်နေခဲ့တာပါ။ ခင်ဗျားကသာ ကျွန်တော့်ကို မသိမသာ ငဲ့ကြည့်ဖွေကြည့်နေခဲ့တာ။



www.burmeseclassic.com

www.burmeseclassic.com



ခတ်လေ့ကားက ထွက်ပြီး ဆိုင်ခန်းရှိရာ လျှောက်လာတဲ့အခါကျတော့လည်း ခင်ဗျားရဲ့နောက်က ကျွန်တော်က ပါလာရတာပဲပေါ့။ ဆိုင်ခန်းက ဒီတစ်ဖက်တည်းမှာပဲ ခပ်နီးနီးပဲ ဟာကို။ ဒါကိုပဲ ခင်ဗျားနောက်က ထက်ကြပ်မကွာ လိုက်နေတာလို့ထင်ပြီး မကျေမချမ်း မကြည်မသာနဲ့ မသိမသာ ပုံကြည်တတ်တဲ့ ခင်ဗျားမျက်နှာတင်းတင်းကို မကြည့်ဘဲ မြင်နေပြီး ရယ်ချင်နေမိတယ်။

ခတ်လေ့ကားဘက်ကလာတော့ ခင်ဗျားဆိုင်ဆီ အရင်ရောက်တာလေ။ ဖွင့်ထားနှင့်ပြီးဖြစ်တဲ့ ခင်ဗျားရဲ့ဆိုင်ထဲ ခင်ဗျားချိုးကွေ့ဝင်သွားပြီးတဲ့နောက် ကျွန်တော်က စတူဒီယိုဆိုင်ခန်းဆီ ဆက်လျှောက်လာပြီး ဆိုင်ခန်းကို သော့ဖွင့်ပါတယ်။ ဟဲန်း၃်ဆက်ဆိုင်ကတော့ တာရာနဲ့ ဇွဲတို့ လာဖွင့်ထားနှင့်ပါပြီ။

ဆိုင်ခန်းထဲ လှမ်းဝင်လိုက်ပြီး ခင်ဗျားဆိုင်ဘက် တစ်ချက်လှမ်းကြည့်လိုက်တယ် ဆိုရင်ပဲ ကျွန်တော့်ကို လှမ်းအကဲခတ်နေတဲ့ ခင်ဗျားက ဖျတ်ခနဲ မျက်နှာလွှဲပစ်လိုက်တယ်။ ကျွန်တော့်ကို ဒီဆိုင်ကလူမှန်းတော့ ခင်ဗျားသိပြီပေါ့။ ခင်ဗျားနောက်က တကူးတက လိုက်နှောင့်ယှက်နေတာ မဟုတ်မှန်းလည်း ခင်ဗျား သိပြီပေါ့။

မကြာခင် တာရာက ဆိုင်ကူးလာပြီး ...

"ကိုလု ... မိဖုရား တွေ့ပြီးပြီလား၊ အဖြူရောင်နဲ့"





"အင်း တွေ့ပြီးပြီ၊ ခတ်လေ့ကားတောင် တူတူစီးတက်လာတယ်"

"ဟုတ်လား၊ ကိုလု နှုတ်ဆက်လိုက်သေးလား"

"ဘာလို့နှုတ်ဆက်ရမှာလဲကွ၊ သိမှမသိဘဲနဲ့"

"L.L.P ဆိုင်ကဆိုပြီး မိတ်ဆက်လို့ ရတာပဲ၊ ဒီရက်တွေအတွင်း ကျွန်တော်နဲ့ ဇွဲကိုတောင် တည့်တည့်ဆုံရင် ပြုံးပြတယ်ဗျ၊ သူတို့ဖွင့်ပွဲနေ့ကလည်း မုန့်သွားစားလိုက်သေးတယ်၊ အဲဒီဆိုင်က ကောင်မလေးတစ်ယောက် နှစ်ယောက်နဲ့တောင် မျက်မှန်းတန်းပြီး နည်းနည်းခင်နေပြီ၊ မနက်ဆိုရင် အဲဒီအစ်မရဲ့ကြီးတော်တဲ့၊ သူအရင် ဆိုင်လာဖွင့်တာ၊ မုန့်ပုံးတွေ ကောင်တာတွေမှာ ပစ္စည်းတွေ ခင်းကျင်းပြီးချိန်လောက်မှ ဒီအစ်မကြီးက ရောက်လာတာ၊ အဲဒီတော့ကျမှ ကြီးတော်ရယ်၊ အဖော်ကောင်မလေးရယ်က ပြန်ကြတယ်၊ သူက တစ်နေကုန် ဆက်ထိုင်တယ်"

တာရာနဲ့ ဇွဲဆီက ခင်ဗျားအကြောင်းတချို့ သိရတယ်။ သိရသမျှကို နားထောင်လို့ ကောင်းနေတာပဲ။ ကျွန်တော် စတူဒီယိုထဲက ဆိုဖာရှည်ပေါ်ထိုင်ပြီး လှမ်းကြည့်နေရင် ထောင့်ချိုးစောင်းစောင်းကျနေတဲ့ ခင်ဗျားရဲ့ဆိုင်နဲ့သာမက ဆိုင်ကောင်တာ အလယ်ကောင်ကျကျမှာ ထိုင်နေတဲ့ ခင်ဗျားကိုပါ တည့်တည့်အောင် မြင်နေရတာ။



www.burmeseclassic.com

www.burmeseclassic.com



တဖြည်းဖြည်းနဲ့တော့ ခင်ဗျားနဲ့ကျွန်တော် မျက်မှန်းတန်းလာခဲ့တယ်နော်။ ဒါပေမဲ့ ကျွန်တော့်စိတ်က မရိုးသားလို့လားမသိဘူး၊ ခင်ဗျားကို ဖော်ဖော်ရွေရွေ ခင်ခင်မင်မင် ဆက်ဆံဖို့ မဝံ့ရဲဘဲ ခပ်တည်တည်ပဲ နေနေမိတယ်။ ဖျတ်ခနဲ စိုက်ကြည့်ခိုးကြည့်တာကလွဲလို့ နှုတ်တောင်မဆက်ရဲခဲ့သလိုပါပဲ။

သိပ်မကြာခင်ရက်ပိုင်းမှာတော့ တာရာနဲ့ ဖွဲ့ကတစ်ဆင့် ခင်ဗျားဆိုင်က ကောင်မလေးတွေကတစ်ဆင့် ခင်ဗျားမှာ ကြင်ယာတော်ဘုရင်ကြီး မရှိသေးပါဘူးဆိုတာ သိခဲ့ရပါတယ်။ ဒါပေမဲ့ ကြင်ယာတော်လောင်းတော့ ရှိပါသတဲ့လေ။ ပိုင်သူမရှိပေမယ့် ဆိုင်သူတော့ရှိပြီးသားဖြစ်တဲ့ ခင်ဗျားကို လူက ခပ်စိမ်းစိမ်းနေလို့ ရခဲ့ပေမယ့် အသည်းနှလုံးကတော့ ခပ်စိမ်းစိမ်းနေလို့ မရခဲ့ပါဘူး။

ဒီစင်တာရဲ့ လုံခြုံရေးတွေနဲ့ အုပ်ချုပ်ရေးရုံးခန်းကတစ်ဆင့် ခင်ဗျားအကြောင်းကိုတော့ ပိုသိခဲ့ရပါတယ်။ ဆိုင်ခန်းပိုင်ရှင်အဖြစ် ခင်ဗျားရဲ့နာမည်၊ နေရပ်လိပ်စာ၊ ဖုန်းနံပါတ်တွေပါ စုံစမ်းလို့ရခဲ့တာ အလွယ်တကူပါ။ လက်ဖက်ရည်ဖိုးလေးတော့ ပေးခဲ့ရတာပေါ့ဗျာ။ ခင်ဗျားရဲ့အိမ်ရှေ့ကိုတောင် အကြိမ်ကြိမ်ကားဖြတ်မောင်းခဲ့ဖူးပြီးပါပြီ။

ခင်ဗျားကို ရင်ခုန်စိတ်လှုပ်ရှားစွာ တစ်ဖက်သတ်ချစ်မြတ်နိုးနေမိပေမယ့် ဘာအရိပ်အယောင်မှ ကျွန်တော် မပြခဲ့တာ၊ (နှုတ်တောင်မဆက်ခဲ့တာ) ခင်ဗျားအသိပါ။ ခင်ဗျားရဲ့မျက်





နှာထားမြင့်မြင့်ကြောင့် လူကို အရေးမပါသလို ဆက်ဆံလိုက်မလားတွေးပြီး ရှက်လို့ပါ။ ပြီးတော့ အစွဲအလမ်းကြီးလွန်းလှတဲ့ ကျွန်တော့်နှလုံးသားအကြောင်း ကျွန်တော်သိလို့လည်း ကိုယ့်ကိုယ်ကိုယ် နစ်မွမ်းမခံချင်လို့ တကူးတက ရှောင်ခဲ့တာပါ။ နည်းနည်းလေး ရင်းနှီးလိုက်မိတာနဲ့ ခင်ဗျားကို ကျွန်တော် အချစ်ကြီးချစ်တော့မယ်ဆိုတာသိလို့ ရင်းနှီးမှုကို မရယူခဲ့တာပါ။ ကျွန်တော်ကိုယ့်ဘာသာလေးပဲ နေခဲ့တာပါ။ ခင်ဗျားကသာ ကျွန်တော့်ဆီအတင်းပဲ တိုးဝင်လာခဲ့တာ မဟုတ်လား **မညတန်ခူး** ရယ်။

♥ ♣ ♥



www.burmeseclassic.com

www.burmeseclassic.com



## ၁

ညတန်ခူးက ရှေ့တည့်တည့်မှာ ထိုင်နေသော ချစ်သူ "ကို"ရဲ့မျက်နှာကို နာကျင်အခံခက်စွာ စေ့စေ့ကြည့်နေမိပါသည်။ ဒေါက်တာလင်းဝင်းထူး။ အခုဆိုတော့ ဆေးပေးကုသ သမားတော်ကြီး ဒေါက်တာလင်းဝင်းထူးတောင် ဖြစ်နေပြီလေ။ တစ်သက်မှာ တစ်ယောက်ဆိုသလို စိတ်ကြိုက်ရွေးချယ်ထားခဲ့တဲ့ လက်ရွေးစင်စံပြချစ်သူပါ။

"ဘာဖြစ်နေတာလဲ စားလေ"

လင်းဝင်းထူးက မျက်မှန်ကြည်ကြည်မှ ထွင်းဖောက်ကြည့်ရင်း လှမ်းပြောသည်။ သူကိုယ်တိုင်လည်း သူ့ရှေ့ပန်းကန်ထဲမှ ရေညှိနှင့် ပုစွန်အလိပ်ကလေးကို တူနှင့်ညှပ်၍ စားလိုက်ပါသည်။ ရှေ့က စုံနှဖာစီ ဟင်းပွဲလေးတွေ အားလုံးကို သူချည်းသာ စားနေတာပါ။ ညတန်ခူး မစားနိုင်ပါ။ ဘယ်လိုလုပ် စားနိုင်မှာလဲ၊ ရင်ထဲမှာ မကျေမချမ်း အစိုင်အခဲ ဆို့နေတဲ့ သူတစ်ယောက်က စိတ်အေးလက်အေး အပူအပင်ကင်းကင်း စားနေနိုင်ပါ့မလား။



"ကို"စားနေနိုင်တာကိုလည်း ဒေါသတလိပ်လိပ် ထွက်နေပါသည်။ သို့သော် နှုတ်ကတော့ ...

"တန်ခူး မဆာလို့ပါ"

လင်းဝင်းထူးက မပြုံးမရယ် တစ်ချက်ထပ်ကြည့်ရင်း ...

"မဖြစ်နိုင်ပါဘူး၊ ဒါ ဗိုက်ဆာရမယ့်အချိန်ပဲလေ၊ ဘာလဲ မင်း ကိုယ့်ကို စိတ်ကောက်ပြနေတာလား တန်ခူး"

လေသံဆတ်ဆတ်ကြောင့် ညတန်ခူးသည်အံ့အားလည်းသင့် ဝမ်းလည်းနည်း ဒေါသလည်း ဖြစ်သွားပါသည်။ ဟိုးတုန်းက "ကို"ဟာ ဘယ်တုန်းက ညတန်ခူးကို ဒီလိုမျက်နှာထားနှင့် ဆက်ဆံဖူးလို့လဲ။

"စိတ်တွေ ဘာတွေ လာကောက်မနေနဲ့၊ ကိုယ်မှာချော့ဖို့ အချိန်လည်းမရှိဘူး၊ အလုပ်လည်း များတယ်၊ ရှုပ်ယှက်ခတ်နေတာ၊ လုပ်ငန်းခွင်မှာ ကိုယ့်ဟာကိုယ် အဆင်ပြေပြေ အလိုက်သင့်သင့် ပြုမူဆောင်ရွက်ရတာတွေ ရှိတယ်၊ ပေါင်းသင်းဆက်ဆံရေးတွေရှိတယ်၊ မင်းလည်း မင်းအလုပ်ခွင်မှာ စီးပွားဖက် ဆက်ဆံပေါင်းသင်းရတာတွေ မရှိလို့လား၊ ကိုယ် ဘယ်တုန်းက ဘာပြောလဲ၊ ဘာချုပ်ချယ်လဲ ...

ကိုယ့်ကိုလည်း ဘယ်သူနဲ့မပေါင်းသင်း မဆက်ဆံစေချင်တာ၊ ဘယ်လိုနေ ဘယ်လိုထိုင်ခိုင်းတာတွေ လာမလုပ်နဲ့၊ ဒီကိစ္စမျိုးနဲ့ ပြဿနာလာမရှာနဲ့"

သြော် ...။ ဒီလိုလား။

www.burmeseclassic.com

www.burmeseclassic.com



ညတန်ခူးသည် တော်တော်ဒေါ်သထွက်လာကာ လက်ထဲကတူကို ခေါက်ဆွဲပြုတ်ပန်းကန်ထဲ ပစ်ချလိုက်ပါသည်။ ပြဿနာမကြီးကျယ်ချင်လို့ ပျော့စိစိ အိညက်ညက်လုပ်နေတာ လ,နဲ့ချီလာပြီ။ ချစ်သူနှစ်ဦးကြားမှာ အလယ်ကတစ်ယောက်ပေါ်လာပြီး ပြဿနာတက်ရတာမျိုးကို မလိုလား၍ ပျော့ပျော့ပျောင်းပျောင်း နားဝင်အောင် ဖျောင်းဖျတောင်းဆိုဖို့ပဲ စိတ်ကူးခဲ့တာလေ။

ကိုယ့်ဘက်က ပျော့လွန်း တောင်းပန်လွန်းတော့ တစ်ဖက်က ပိုပိုပြီး တင်း,တင်းလာသည်။ သူပြောချင်တဲ့စကားရဲ့အဓိပ္ပာယ်မျိုးကိုပဲ ချော့ချော့မော့မော့ပြောလည်း ရုပါလျက်နှင့်ကို တမင်တစ်ဆင့်တက် တင်းလာပြတ်လာတာ။

"တန်ခူးကို ဘယ်သူနဲ့မပေါင်းနဲ့ အလုပ်မလုပ်နဲ့ ဘယ်လိုနေ ဘယ်လိုထိုင် ပြောရ ဆိုရအောင် တန်ခူးက ဘာလုပ်နေတာမို့လဲ"

"ကိုယ်ကကော ဘာလုပ်နေလို့လဲ"

"အဲဒီဆရာဝန်ပေါက်စနမနဲ့ ပရောပရီ လုပ်နေတယ်လေ၊ ဘယ်လောက်တောင် ကြာပြီလဲ၊ လ,နဲ့တောင်ချီလာပြီ"

"ဟ ... ဒါ စာသင်တာလေ၊ သူအကူအညီတောင်းလို့ ကူညီနေတာလေ"

"စာသင်တာ စာသင်တာ အကြောင်းပြပြီး တွဲသွားတွဲလာပါ ဖြစ်လာလို့ ပြောနေတာ၊ တစ်ချိန်လုံး ကို့ကို ပျော့ပျော့ပျောင်းပျောင်း ချော့ပြောနေတာ၊ စာသင်တယ်ဆိုတာ





အိမ်မှာစားပွဲတစ်ခုမှာ သင်ရတာ မဟုတ်ဘူးလား၊ ကားပေါ်တင်ပြီး နှစ်ယောက်အတူ သွားလာစားသောက်ဖို့ကော လိုလား၊ ကားပေါ်မှာပါ သင်ရတာလား"

"ဒါက ခရီးကြုံလမ်းကြုံလေ၊ ခင်မင်ရင်းနှီးနေမှတော့ သိပ်အကဲဆတ်ဆတ် တင်းတင်းပြတ်ပြတ် နေလို့ရမလား၊ ဆေးရုံမှာလည်း တွေ့နေရတယ်၊ စာလည်းသင်ပေးနေရတယ်၊ ဒါ အလုပ်သဘောပဲလေ၊ မင်း အလုပ်သဘောကိုလည်း ကိုယ် ဘာမှမပြောဘူးလေ"

"ဘာပြောစရာရော ရှိလို့လဲ၊ တန်ခူးက ဘယ်သူနဲ့ နှစ်ယောက်အတူတွဲပြီး သွားလာနေတာ ရှိဖူးလို့လဲ"

"ဒါတော့ မင်းမှာ အဲလိုသွားစရာ အလုပ်ကိစ္စ မပေါ်တာ ကိုယ်လည်းမတတ်နိုင်ဘူးလေ၊ ပေါ်လာရင် မင်းလည်းသွားမှာပဲ၊ နေရင်းထိုင်ရင်း ရန်လာမရှာနဲ့"

"ရှင် အပိုတွေလျှောက်ပြောမနေနဲ့ ကို၊ ကိုယ့်ချစ်သူခြေလှမ်းပျက်လား မပျက်လား မိန်းမတိုင်း ရိပ်မိတယ်၊ ဒီလောက်တောင် နှစ်ကြောရှည်ရှည် သစ္စာရှိရှိ တွဲလာပြီးမှ ကို ခုလိုလုပ်တာ အရမ်းရင်နာလို့ ပြောနေတာ၊ ပြောတာတောင် တစ်ချိန်လုံး အပျော့ဆွဲနဲ့ ရိုးတိုးရိတ္တတိတ်ပဲပြောလာတာ၊ အခုမှ ကိုက တန်ခူးကိုတောင်ပြန်ပြီး မာရေကျောရေလုပ်လာလို့ တန်ခူး မခံချင်တော့လို့ ပြန်ပြောတာ၊ ရန်ရှာနေတာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မင်းပြောတာ ဟုတ်မှမဟုတ်တာ"

"သူ့ကို ကားနဲ့ဟိုပို့ ဒီပို့ တရွှတ်ရွှတ် မပို့လို့လား၊ သူနဲ့ တူတူ စားသောက်ဆိုင် ကော်ဖီဆိုင်တွေ မသွားလို့လား၊ ဘာလို့မဟုတ်ရမှာလဲ"

"ဟ … ဒါက သူကပို့ခိုင်းလို့လေ၊ ပို့ရင်းနဲ့ လမ်းမှာဗိုက်ဆာလို့ တစ်နေရာဝင်စားဖြစ်တာလေ"

"သူကပို့ခိုင်းတိုင်း ရှင်ပို့လား၊ သူများတွေ ဒီလိုပဲ ပို့ခိုင်းတာ ကျွေးခိုင်းတာတွေ ပေါ်လာရင်ကော ပို့မှာ ကျွေးမှာပဲလား"

"ဘာဆိုင်လို့လဲ၊ အလုပ်တွေ ဒီလောက်များတာ"

"အလုပ်တွေ ဒီလောက်များတဲ့ကြားက သူ့ကိုတော့ ပို့နိုင်တာပေါ့"

"သူနဲ့က ရင်းနှီးနေတာကိုး၊ တစ်ခါတစ်ရံ အားနာလို့ မကောင်းတတ်လို့ ငြင်းမရတာ ရှိတာပေါ့"

"သူနဲ့ရင်းနှီးတာကကော ဘယ်လောက်တောင် ကြာနေလို့လဲ ကို၊ ကို အင်္ဂလန်က ပြန်လာပြီး နောက်မှလေ၊ ရှင့်ကို သမားတော်လူပျိုဆိုပြီး အတင်း ဟိုက ဝင်ကပ် ဝင်လုံးလို့ ရင်းနှီးရတာလေ၊ သူက ဘယ်လိုလုပ်လုပ် ရှင်က ကိုယ့်မှာ ချစ်သူရှိတယ်ဆိုရင် ဣန္ဒြေရရနဲ့ လိုအပ်တာထက် ပိုအရော မဝင်ဘဲ ထိန်းသင့်တာ"

"တန်ခူး ! ကိုယ်နဲ့ ဗူးနဲ့ ဘာမှ ဖြစ်မနေသေးဘူးနော်"





"ကိုယ်နဲ့ ဗူးနဲ့ … ဟား ဟား"

တန်ခူးက ဝမ်းနည်းနာကျင်စွာ တစ်ဖက်လှည့်ပြီး ရယ်လိုက်မိပါသည်။ တစ်ဖက်ကို ဝဲသွားတဲ့မျက်လုံးက မလှမ်းမကမ်းစားပွဲမှာ တစ်ယောက်တည်းထိုင်နေတဲ့ လူရွယ်တစ်ယောက်ကို ဒိုင်းခနဲ သွားတွေ့လိုက်ပါသည်။ ကြည့်စမ်း … ဟိုကောင်လေးပဲ။ L.I.P ဆိုတဲ့ဆိုင်က ကောင်လေးပါလား။

ဒီကောင်လေးကိုလည်း ကိုယ်နဲ့မလှမ်းမကမ်း မနီးမဝေးတွေမှာ တွေ့ပဲတွေ့ရတတ်လွန်းပါရဲ့။ ဘာများရှိဦးမှာလဲ။ ညတန်ခူးရဲ့နောက်ကို တမင်တကာ လိုက်နေတာမျိုးပဲ ဖြစ်မှာပေါ့။ ခပ်တည်တည် လုပ်နေတဲ့ မျက်နှာပေါ်မှာ လှစ်ခနဲ ဝေ့ခနဲ မှိုးမှိုးကြည့်တဲ့ မျက်လုံးအစုံက သန္တာဖောက်နေတာပဲလေ၊ တန်ခူး မရိပ်မိဘဲ နေမလား။

ခုလည်းကြည့်၊ ဘယ်တုန်းကတည်းများ ကပ်ပါလာခဲ့လိမ့်။ ခုမှပဲ သတိထားမိသည်။

"ဗူးကလည်း ဘာသဘောမှ ရှိပုံရမပါဘူး ရိုးရိုးပါ၊ ကလေးလိုနေတာပါ၊ very childish, very innocent ပါကွာ"

"ဩော် … ဟုတ်လား၊ ကလေးဆန်တာယ်၊ အပြစ်ကင်းတယ် ဟုတ်လား၊ ယောကျ်ားတစ်ယောက်ကို ချစ်သူရှိမှန်းလည်း သိရက်သားနဲ့ အတင်းလိုက်အရောဝင် ချွဲနွဲ့ပူးကပ်ပွဆာနေတဲ့ အမူအကျင့်က ကလေးဆန်တာ အပြစ်ကင်းစင်တာပေ့ါ၊ ဟုတ်လား ကို"



www.burmeseclassic.com

www.burmeseclassic.com



"ကျွတ် ... မင်း ဘာတွေဖြစ်နေတာလဲ တန်ခူး"

"ဘာတွေဖြစ်နေရမှာလဲ၊ အမြင်မတော်နေတာပေါ့၊ သဝန်တိုရာကနေ ကြည့်မရတဲ့အဆင့် ရောက်လာပြီ၊ ကောင်းကောင်းပြောရာကနေ ကောင်းကောင်းမပြောနိုင်တော့တဲ့အဆင့် ရောက်လာပြီ၊ မသွားပါနဲ့ မလာပါနဲ့ ဆိုတာကို ချော့ပြောကြည့်လာတာ ဘယ်နှလရှိပြီလဲ၊ ရှင့်ကို စာသင်ပေးတာအထိ ဘာမှမပြောဘူးနော် ကို၊ ဒီထက်ရှေ့တိုးလာလို့ပြောတာ၊ ကိုစိတ်ကပါ ရောသာယာနေတာ မဟုတ်အဲ တကယ်ပဲ အဲ,နေ နဲ,နေတာပါ ဆိုရင် သတိပေးလိုက်တယ်၊ သူ ကို့ကို ရိုးရိုးသားသား ခင်နေတာ မဟုတ်နိုင်ဘူး ...

နှုံးနပ်ပြီး ဖြားယောင်းနေတာ။ မြွေမြွေချင်းခြေမြင်တယ်၊ မိန်းမချင်း ပိုသိတယ်၊ ရှင်ကင်းကင်းမနေရင် ရပ်တန်းက မရပ်ရင် မကြာခင် ရှင် ကျွန်မကို သစ္စာဖောက်တဲ့ပြစ်မှု ဖြစ်တိုဖြစ်လာတော့မှာ ကို"

"တော်စမ်းပါကွာ၊ မင်းက ရိုးသားတဲ့ ခင်မင်မှုတစ်ခုကို အရောင်ဆိုးချင်နေတာပဲ၊ ဟိုတစ်နေ့ကလည်း ဖူးကို မျက်နှာချင်းဆိုင်တွေ့ရက်နဲ့ မင်း ပြုံးတောင်မပြနိုင်အောင် မျက်နှာက ဖြစ်နေတယ်၊ ငါတို့ချင်း ရိုးရိုးသားသား ခင်နေတာပါလို့ ဘယ်နှခါပြောရမလဲ"

"ချစ်သူရှိရက်သားနဲ့ ကောင်မလေး ငယ်ငယ်တစ်ယောက်နဲ့ ကော်ဖီဆိုင်လေးရဲ့ ထောင့်စားပွဲလေးမှာ ကော်ဖီခွက်ချင်း





တိုက်ပြီး တစ်နာရီကျော်ကြာအောင် ထိုင်သောက်နေတာ ရိုးသားတဲ့ ခင်မင်မှု မဟုတ်ဘူး ကို၊ အတိအလင်းမဟုတ်သေးပေမယ့် ယစ်မူးသာယာတဲ့အဆင့်ကိုတော့ ရောက်နေတဲ့ ဖောက်ပြန်မှု၊ သိရဲ့လား"

"မင်း ဘာတွေလာစွပ်စွဲနေတာလဲ"

လင်းဝင်းထူးက တွက်ချ လက်ကိုပိုက်ကာ ညတန်ခူးကို ခပ်တင်းတင်းကြည့်သည်။

"စွပ်စွဲနေတာ မဟုတ်ဘူး တကယ့်အဖြစ်အပျက်ကို မြင်တာကို ပြောနေတာ"

"ရည်းစားရှိတာနဲ့ပဲ မိန်းကလေးတစ်ယောက်နဲ့ ကော်ဖီသွားမသောက်ရတော့ဘူးလား ... ပြော"

ညတန်ခူးသည် ပါးစပ်ကို တမင်တကာဟ,၍ တအံ့အသြ ဖြစ်ပြလိုက်ကာ ရင်ထဲမှာ နာကျင် နာကြည်းသွားပါသည်။

"ရှင်က လုပ်လို့ရတယ်လို့ ပြောတာပေါ့၊ ဟုတ်လား ကို"

"ဘာကြောင့် မရရမှာလဲ"

"ဒါဖြင့် တန်ခူးလည်း တခြားယောကျ်ားတစ်ယောက်နဲ့ နှစ်ယောက်တည်း ကော်ဖီဆိုင်တစ်ဆိုင်မှာ ကော်ဖီတူတူ သွားသောက်ရင် ဖြစ်တယ်ပေါ့"

"... ... ..."

"မင်း သက်သက် ပြဿနာရှာနေတာပဲ တန်ခူး၊ ဒီလောက် အလုပ်တွေရှုပ်တဲ့ကြားထဲက အချိန်နည်းနည်းကို မထွက်



www.burmeseclassic.com

www.burmeseclassic.com



ထွက်အောင်စုပြီး မင်းဆီ မဖြစ်,ဖြစ်အောင် လာတာလေ၊ မင်းအခုပြောတဲ့ စကားက ဘာစကားလဲ၊ ခြိမ်းခြောက်နေတာလား၊ ဘယ်မှာလဲ မင်းနဲ့အတူတူ ကော်ဖီဆိုင်ထိုင်စရာလူက ရှိနေလို့လား"

"တန်ခူးကသာ ခွင့်ပြုရင် လူတွေအများကြီး တန်းစီထွက်လာမှာပေါ့"

"ဟား ဟား"

လင်းဝင်းထူးက လက်ပိုက်ထားရာက ခေါင်းကိုတစ်ချက်မော့လှန်ကာ သရော်တော်တော် ရယ်မောလိုက်ပါသည်။

"မင်းက မင်းမှာပေါပါတယ်ဆိုတဲ့ စကားမျိုး ပြောတာလား"

"ရှားစရာ ဘာအကြောင်းရှိလဲကို၊ ရှင်က သမားတော်ကြီးလင်းဝင်းထူး ဖြစ်သလို ကျွန်မကလည်း မိဖုရား ညတန်ခူးပဲလေ၊ ရှင့်ဘေးမှာ ဆရာဝန်မငယ်ငယ်လေးတွေ ဝန်းရံနေတာထက် မလျော့ဘဲ ကျွန်မဘေးမှာလည်း စီးပွားရေးသမားပေါက်စ ချာတိတ်ကလေးတွေ ပတ်ချာလည်နေတယ်ဆိုတာကို နားလည်ထားစမ်းပါ"

လင်းဝင်းထူး မျက်နှာက နီမြန်းလာပါသည်။ အသား ဖြူသူမို့ ပါးပြင်နားထင်တို့က သွေးရောင်တွေ လျှမ်းခနဲ တက်လာ[illegible]ကိုပင် အသေးစိတ်မြင်ရနိုင်သည်။

"ချစ်သူသက်တမ်း ခြောက်နှစ်ဆိုတဲ့ နိမ့်မြင့်မှုသံယောဇဉ်[illegible] သိပ်တန်ဖိုးထားလို့ ကိုကို ဘာမဟုတ်ဘဲ အပျော်သဘော





သာယာရဲ့၊ အရောတဝင်တွေ မထားပါနဲ့လို့ တောင်းပန်နေတာပါ၊ နုနုနယ်နယ် ဖွံ့ဖွံ့ရွှယ်ရွှယ် ကောင်မလေးတွေဘေးကနေ တီတာပလွှပ်လာနေတာကို ယောကျ်ားတစ်ရာမှာ ကိုးဆယ့်ကိုးယောက်လောက် လှည့်မကြည့်ဘဲ စိတ်နိုင်မာမာတင်းမခံနိုင်ဘူးဆိုတာ သဘာဝမို့လို့ ကို ပညာရှိသတိဖြစ်ခဲ မဖြစ်ရအောင် ဆင်ခြင်ပါလို့ တန်ခူးကတောင်းပန်နေတာပါ ...

ဘာမှမဟုတ်ဘဲ ယစ်မူးသာယာနေရုံလို့ ယူဆလို့ဒီစကားမျိုး ပြောနေတာပါ၊ ဒီလိုမှမဟုတ်ဘူး၊ မင်းကို ငါစိတ်မဝင်စားတော့ဘူး ညတန်ခူးရေ ဆိုရင် တန်ခူးတို့ကလည်း အောက်ကျခံ မတောင်းပန်တတ်ပါဘူး၊ အသနားမခံတတ်ပါဘူး၊ ကိုမှာ ပေါတယ်ဆိုရင် တန်ခူးမှာလည်းမရှားဘူးဆိုတာ နားလည်တတ်အောင် ပြောနေတာ"

ရစ်လည်လာတဲ့ မျက်ရည်တို့ကို မျက်တောင်ပုတ်[illegible]သွင်းပြီး အသံမတုန်အောင်လည်း ထိန်းရင်း၊ တန်ခူးကတုန်[illegible]ယင်ယင် ပြောမိတာဖြစ်သည်။ ရင်ထဲမှာ သည်းမခံချင့်အောင်[illegible]ချက်မှုက နင့်နေသည်။

အင်္ဂလန်၌ ဘွဲ့လွန်သွားမယူခင် အမ်အက်စ်စီ[illegible]ဝန်ကလေးဘဝနှင့် စာကျက်နေတဲ့အချိန်မှာ စ,ချစ်ခဲ့ကြတာ[illegible]စ်သက်တမ်း နှစ်နှစ်နီးပါးလောက်မှာ အင်္ဂလန်ကိုထွက်ကာ[illegible]ဘက်ခဲ့ပြီး ပြန်ရောက်လာကာ သမားတော်ကြီးဖြစ်တာမှ



www.burmeseclassic.com

www.burmeseclassic.com



တစ်နှစ်မပြည့်သေးတာပါ။ အသက်သုံးဆယ့်ခြောက်နှစ် အရွယ်ကောင်း လူပျိုသမားတော်ဆရာဝန်ကြီးအဖြစ် ဆေးခန်းတွေမှာပါ လူနာတရိပ်ရိပ် ကျပ်လာတဲ့ အောင်မြင်မှုနောက်ကွယ်မှာ ကပ်ပါလာတဲ့ မိန်းမတွေ ဝန်းရံဝိုင်းလည်မှုမှာ တောင့်ခံကြံ့ခိုင်တဲ့စိတ်မျိုးမရှိဘဲ တဖြည်းဖြည်း မူပျက်အချိုးပြောင်း ခြေလှမ်းပျက် အလိုက်အထိုက် ရောက်လာနောက်ကာ တွဲခုတ်တာလေးတွေ ရှိလာတာကို ဘယ်လိုငြိမ်သက် လက်သင့်ခံရမလဲ။

သာမန်မိန်းမတွေတင်မက ဆရာဝန်မပျိုတွေလည်း "ဆရာ" "ဆရာ"နှင့် တဖွဖွ ဖြစ်နေကြတဲ့ အနေအထားမှာ ယစ်မူးနေတာကို ချစ်သူတစ်ယောက်အဖြစ် ဘေးကနေ စင်းစင်းကြီး မြင်တွေ့နေတယ်လေ။ သက်တူရွယ်တူတွေ မတိမ်းမယိမ်းတွေ၊ ငယ်ငယ်ရွယ်ရွယ်လေးတွေထဲကမှ အဖေကရာထူးကြီးကြီး အဆင့်မြင့်၊ မိဘကျောထောက်နောက်ခံ မြင့်မားလှတဲ့ တစ်ဦးတည်းသောသမီး၊ နုရွှုဖူးလှနေတဲ့ ဆရာဝန်မပေါက်စကလေး "သင်းမဥ္ဇူသာ"ဆိုတဲ့ သူကလေးကိုကျတော့ မတင်းနိုင်မတောင့်နိုင် ကြံ့ကြံ့မခံနိုင် အရည်တွေ ပျော်ကျနေတာ မြင်သိနေရတာ။

ပို့စတင်ကျတဲ့ နေရာကနေ ခွင့်ယူထားပြီး အက်မ်အက်စီဖြေဖို့ စာလုပ်နေသူလေးက စာမေးတယ် စာမေးတယ်နှင့် ပူးကပ်နေတာကို သဘောတကျကျနှင့် စာတွေရှင်းပြ သင်ကြားပေးမဆုံး ဖြစ်နေတာကို ဘေးက ရင်နာစွာ ရိပ်မိနေရတဲ့ချစ်သူပါ။ စာသင်ဖို့ ငြင်းမဖြစ်ရင်တောင် ခပ်တန်းတန်းလေးတော့နေ





ခပ်ခွာခွာလေးတော့ ဆက်ဆံဖို့ ချော့ပြောရင်း တောင်းပန်ရင်းကပဲ ခုတော့ အတူတောင်သွားလာနေတဲ့ အဆင့်အထိ တစ်ထစ်တစ်ထစ်တိုးမြင့်လာတဲ့ အခြေအနေလေ။

ဟိုက နုနုဥဥ ဆရာဝန်သူဌေးသမီးလေးမို့ ညတန်ခူးက နောက်ကောက်ကျ ကျန်ရစ်ရအောင် ညတန်ခူးကကော ဘာမို့လဲ။ ကလေကချေ အပေအတေမို့လား။ လူနာတွေနဲ့ ဆေးတိုးလာတဲ့ သမားတော်လက်သစ်မို့ သူဟာ နောင်ကို တရိပ်ရိပ်တက်တာ အခြေခိုင်တော့မှာ ဖြစ်ပေမယ့် ခုထိကတော့ သာမန်လူတန်းစားမိဘရဲ့ သားသမီးမျှသာ မဟုတ်လား။ အချစ်နှင့် သံယောဇဉ်ကြောင့်သာ မဟုတ်ရင် သူလောက်လူကို ညတန်ခူးက မရနိုင်တော့တာမို့လို့လား။

အသက်နှစ်ဆယ့်လေးမှာ သူနှင့် ချစ်သူဖြစ်၊ သူနိုင်ငံခြားသွားတာနဲ့ ဘာနဲ့ စောင့်ရင်းဆိုင်းရင်း ညတန်ခူးရဲ့အသက်အခု သုံးဆယ်ရှိခဲ့ပြီ ဖြစ်တာဟာ ကြင်ယာဖက် ရှားပါးလို့ အိမ်ထောင်မပြုနိုင်တာမှ မဟုတ်ခဲ့တာ။

သူ့ကို နောက်ကြောင်းအေးအေး ပညာသင်နိုင်ဖို့ စောင့်နေခဲ့တာလေ။ သူ ပြန်ရောက်ကာစ အထိုင်မကျသေးတာကို တစ်ခါစောင့်ရာက ခုတော့ လက်ထပ်စကားတောင် နှုတ်သွက်သွက်ဆိုသံ မကြားရဘဲ ရှိနေတော့တာ။ ကိုယ့်ရုပ် ကိုယ့်ရည် ကိုယ့်အဆင့်အတန်းနှင့် ဒီအနေအထား ဖြစ်နေရတာကို ရင်မှာနာကြည်းနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ တန်ခူး၊ မင်း ဆိုလိုနေတာက ငါက ရှုးနဲ့ဆက်ရင်း နီးနေရင် မင်းလည်းပဲ ချာတိတ်တစ်ယောက် ကောက်တွဲ ပစ်မယ်လို့ ခြိမ်းခြောက်နေတဲ့ သဘောလား"

တန်ခူးက တဆတ်ဆတ်တုန်သော နှုတ်ခမ်းလေးကို မဲ့မိရင်း ...

"ဒီလောက်ကြီးတောင် မင်းတွေ ငါတွေလဲ ရင့်သီးစရာ မလိုပါဘူး ကို၊ ကျွန်မ နောက်တစ်ယောက်တွဲနေလို့ ကို တားမြစ်နေရတဲ့ ကိစ္စမဟုတ်ပါဘူး၊ ရှင်ခြေလမ်းပျက်လို့ ကျွန်မက တားနေရတဲ့ကိစ္စပါ၊ ခြိမ်းခြောက်တယ်လို့ ယူဆ ချင်လည်း ယူဆလိုက်ပေါ့ ကို၊ လူဆိုတာ ကိုယ်တိုင်ခံစား ကြည့်ရမှ ဒီဝေဒနာ ဘယ်လိုအခံရခက်တယ် ဆိုတာ ကိုယ်ချင်းစာနိုင်တာပါ"

"ကိုယ့်ကို ခြိမ်းခြောက်ရင်တော့ မင်း မှားသွားမှာပေါ့၊ မိန်းမတစ်ယောက်က ခြိမ်းခြောက်ပြီးပေးတဲ့ အမိန့်ကို အလန့်တကြား နာခံလိုက်တတ်တဲ့ သူထဲမှာ ကိုယ်မပါဘူး"

ညတန်ခူးက အံ့သြလွန်းစွာ နှုတ်ခမ်းလေးဟ ခေါင်းလေးယမ်းမိကာ ...

"ဒီလေသံမျိုး ဟိုးတုန်းက တစ်ခါမှ မကြားဖူးခဲ့ပါလား ဆရာဝန်ကြီးရယ်၊ ခုတော့လည်း တင်းလှချည်လား၊ ခြိမ်း



ခြောက်ပေးတဲ့ အမိန့်ကိုမနာခံတတ်ဘဲ ပတ်ချွဲနပ်ချွဲနဲ့ သွေးဆောင်ဖြားယောင်း မြူဆွယ်တဲ့ စကားမျိုးကိုပဲ တဟဲဟဲ နဲ့ သွားဖြဲပြီး မလွန်ဆန်နိုင်တဲ့ လူစားထဲပဲ ရှင်ကပါတယ် ပေါ့နော်"

"မင်းစကားကို ရပ်သိမ်းပြီး ကိုယ့်ကို ပြန်တောင်းပန်သင့် တယ် တန်ခူး"

"ကျွန်မက !"

"........."

"ရှင့်ကို !"

"ဟုတ်တယ်၊ ဖြူဖြူစင်စင် တွဲနေတဲ့ ငါနဲ့ ရှုးကို စွပ်စွဲ သမုတ်ပြီး တားမြစ်တဲ့ကိစ္စကို မင်း တောင်းပန်ပါ တန်ခူး၊ ကိုယ့်ရဲ့လူမှုဆက်ဆံရေးနယ်ပယ်မှာ နောက်တစ်ခါဝင်ပြီး မစွက်ဖက်ဘူး၊ မခြယ်လှယ်ဘူး၊ အမိန့်တွေမပေးဘူးဆိုတာ ကတိပေးပါ၊ ဒါ ရေရှည်အတွက် လိုအပ်ချက်ပဲ၊ ပြီးတော့ ဟိုတစ်နေ့ကလို ရှုးကို တည့်တည့်ဆုံရက်နဲ့ မရယ်နိုင်မပြုံး နိုင် မျက်နှာမပျက်ပါနဲ့၊ ရုပ်ပျက်ဆင်းပျက် မလုပ်ပါနဲ့၊ မိန်းမပျိုလေးတစ်ယောက် နေရင်းထိုင်ရင်း သိက္ခာကျအောင် ရှက်အောင် မင်း ဘာလို့လုပ်ချင်တာလဲ၊ ကိုယ်ချင်းစာမှ ပေါ့၊ ဒါတွေအားလုံးကို မင်း ကတိမပေးနိုင်ရင်တော့ ပြဿနာက မပြီးနိုင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



တန်ခူးသည် ရင်ထဲတဲဆစ်ဆစ်နှင့် အောင့်ကျိန်းနာကျင်ကာ မျက်လုံးတွေပင် ဘာမှမမြင်နိုင်လောက်အောင် အခိုးအငွေ့တို့ ဖုံးအုပ်ပွလောင် ဝင်းဝင်းတောက်သွားပါသည်။ ဆတ်ခနဲ ထိုင်ရာမှ ထရပ်ကာ ကိုယ့်ကိုယ်ကိုယ် ဘာလုပ်လို့ လုပ်မိတယ် မသိခင် ရှေ့မှာချထားတဲ့ ရေနွေးကြမ်းခွက်မှ အေးနေပြီဖြစ်တဲ့ ရေနွေးကြမ်းတို့နှင့် လင်းဝင်းထူး မျက်နှာကို ကောက်ယူမက်ပစ်လိုက်သည်။

"ရှင်သေလိုက်၊ လဲသေလိုက်"

"တောက်"

လင်းဝင်းထူးက မျက်နှာမှာ စိုရွှဲသွားတဲ့ ရေနွေးတွေကို သုတ်ခါပစ်ရင်း ဒေါသတကြီး တောက်ခတ်လိုက်ပါသည်။

"အဲဒီ ရှင့်ရဲ့ခူးဆိုတဲ့ မိန်းမကို နောက်တစ်ခါမြင်ရင် ပြုံးမပြရုံတင်မကဘူး ဒီထက် ရုပ်ပျက်ဆင်းပျက် ပိုဖြစ်အောင်လုပ်ဦးမှာ"

"မင်း အခု ပြန်ထိုင်စမ်း ညတန်ခူး"

လင်းဝင်းထူး မျက်နှာဟာ နီရဲ၍ တင်းမာလိုက်သည်မှာ ချက်ချင်းပဲ ကွဲအက်ထွက်မလား ထင်ရသည်။ တန်ခူးက ရှေ့ကပိုက်ဆံအိတ်ကိုကောက်ကာ စားပွဲမှ ချာခနဲအထွက် လင်းဝင်းထူးက တန်ခူးရဲ့လက်ကောက်ဝတ်ကို ဆတ်ခနဲ ဖမ်းဆွဲထားလိုက်ပါသည်။

"အား"





တကုယ်နာသွားတဲ့ တန်ခူးသည် မျက်ရည်ပါလည်တက်လာကာ တစ်ဖက်ကို လှည့်အကြည့် မနီးမဝေးစားပွဲမှ ဟိုကောင်လေး ပါးစပ်အဟာသားနှင့် တန်ခူးတို့ အဖြစ်အပျက်ကို စိုးရိမ်မကင်းကြည့်နေတဲ့ မျက်ဝန်းတို့နှင့် ရင်ဆိုင်လိုက်ရပါသည်။ သူ့ကို အမြဲခိုးကြည့်နေတတ်တဲ့ ဒီကောင်ကလေးနှင့် တစ်ကြိမ်မှ နှုတ်မဆက်ဖူးသေးပေမယ့် အကြည့်ချင်းတွေ့ဆုံနေခဲ့ဖူးတာ။ အသွားအပြန်တွေ လူချင်းဆုံနေတာတော့ နှစ်လလောက်တောင်ရှိနေပြီမို့ လူချင်းမရင်းနှီးလည်း စိတ်ချင်းမျက်လုံးချင်းတော့ ရင်းနှီးနေပြီပဲမဟုတ်လား။

"မောင်လေး ... တို့ကို ကူပါဦး"

ညတန်ခူးထံမှ စကားသံကြောင့် ထိုလူရွယ်လေးခမျာ အံ့အားတသင့် ထ,တစ်ဝက် ထိုင်တစ်ဝက် ဖြစ်သွားကာ လင်းဝင်းထူးရဲ့ လက်တွေပါ အငိုက်မိသလို ရုတ်တရက် အားပျော့အသွား တန်ခူးက သူ့လက်ကို ဆတ်ခနဲ ရုန်းထွက်လိုက်ပါသည်။ လျှပ်တစ်ပြက်ပင် ကောင်ကလေးအနား တိုးကပ်သွားလိုက်ကာ အမှန်တကယ် စိတ်လှုပ်ရှား တုန်ယင်မှုနှင့် လူပါတဆတ်ဆတ် တုန်နေဖြီးလျှင် ...

"မ ... မ,ကို ဆိုင်ကို ပြန်ပို့ပေးပါနော်"

ကောင်ကလေးက အံ့အားသင့်နေရာက လင်းဝင်းထူးထံ တစ်ချက်လှမ်းကြည့်ပြီး ဆုံးဖြတ်လိုက်သလို ပြုံယိုင်မလိုဖြစ်နေတဲ့ ညတန်ခူးရဲ့လက်မောင်းတစ်ဖက်ကို မရဲတရဲထိန်းကိုင်



www.burmeseclassic.com

www.burmeseclassic.com

လိုက်ကာ ထိုကိုရီးယားစားသောက်ဆိုင်ခန်းလေးနှင့် မလှမ်းမကမ်းက ခေတ်လေ့ကားဆီ ဖေးမတွဲခေါ်သွားပါသည်။ ခေတ်လေ့ကားထဲရောက်လျှင်တော့ ညတန်ရှူးသည် စိတ်ကိုလွှတ်ကာ ဘာမှမတွေးဘဲ မူးဝေနေတဲ့ဦးခေါင်းကို ကောင်လေးပခုံး၌ နဖူးတိုက်၍ မှီထားလိုက်ရပါသည်။

♥ ♣ ♥





## ၂

အဲဒီနေ့က ဆိုင်ကိုတင်မက ဆေးခန်းအထိပါ လိုက်ပို့လိုက်ရတဲ့ "လုလင်"သည် ရင်ထဲမှာ အတော်ပဲထိခိုက်မိပါသည်။ ခေတ်လေ့ကားထဲမှာ သူ့နဖူးကို လုလင်ရဲ့ပခုံးဆီ လာမှေးမှီလိုက်တော့ အတော်ရင်တုန် လန့်ဖျပ်သွားတာပင်။ တစ်ကိုယ်လုံး ကြက်သီးမွေးညင်းထပြီး မိဖုရားဟာ ရဲတင်းလှတဲ့သူလား၊ သူက ပခုံးလေး ပြန်ဖေးကိုင်လိုက်ရမလား၊ အားပေးစကားတစ်ခွန်းတလေ ပြောရမလား ကြောင်အမ်းအမ်း တွေးမရစဉ် သူမရဲ့ခန္ဓာကိုယ်က အိခနဲ အရုပ်ကြိုးပြတ် ဖြစ်သွားခဲ့တာပင်။

"ဟာ ... ဟာ၊ အစ်မ"

လုလင် ပူပန်စိုးရိမ်တကြီးနှင့် သူမကိုအဖေ့ ခေတ်လေ့ကားကအပွင့်၊ ခေတ်လေ့ကားအပြင်မှာ အထဲဝင်မယ့်သူကနှစ်ယောက်လောက်၊ သူတို့ ဖရိုဖရဲပုံစံကို အံ့အားတသင့်တွေမြင်။

"နေ ... နေမကောင်းလို့ဗျ၊ မူးလဲလို့"


www.burmeseclassic.com

www.burmeseclassic.com



လုလင် နှုတ်က ထွက်မိထွက်ရာထွက်ရင်း အပြင်က နောက်တစ်ယောက်ရဲ့ အကူအညီနှင့် ဓာတ်လှေကားထဲမှ အပြင် ရောက်အောင် ညတန်ခူးကို ပွေ့ထုတ်ရပါသည်။

"မိဖုရား ... ရတနာဆိုင်ကပါ၊ သူ့ဆိုင်ကလူတွေ တစ်ဆိတ် အကြောင်းကြားပေးပါဦး"

ဓာတ်လှေကားနားကဆိုင်မှဝန်ထမ်းလေးတွေ မိဖုရားကို ပြေးပြော၊ ဟိုက ကလေးမနစ်ယောက် အပြေးရောက်လာ။ လုလင်ကပဲ ...

"ဆေးခန်းခေါ်သွားမှ ဖြစ်မယ်၊ သူ့အိမ်ဆီ ဖုန်းဆက်လိုက်ပါ၊ တစ်ယောက် ကျွန်တော်နဲ့လိုက်ခဲ့၊ ကျွန်တော့်ဖုန်းဆိုင်က တာရာကိုလည်း သွားခေါ်ပေးပါ"

စီမံခန့်ခွဲလိုက်ပြီး၊ လုလင်ရယ် တာရာရယ်၊ မိဖုရားဆိုင်က ကောင်မလေးတစ်ယောက်ရယ်၊ အနီးဆုံး ဆေးခန်းကြီးကို သူမကို ပို့လိုက်ကြပါသည်။ လမ်းမှာ ကားပေါ်မှာပဲ သတိရလာတဲ့ ညတန်ခူးဟာ သူ့ကိုယ်သူလည်းရှက်၊ ဝမ်းလည်းနည်းပြီး အံကြိတ် မျက်စိမှိတ်ထားပါသည်။

အရေးပေါ်ခန်းထဲက ခုတင်ပေါ် ပို့ပေးအပြီးမှာတော့ လုလင်နှင့် တာရာက အခန်းပြင်ကပဲ စောင့်ကြည့်ကာ ငွေသွင်းဖို့လိုတာသွင်း၊ ဆေးဝယ်ဖို့လိုတာ ဝယ်ပေးနှင့် သူတို့ကိုယ်သူတို့ ညတန်ခူးရှေ့မှာ ကိုယ်ဖျောက်ပြီး နေပါသည်။ သူမ ရှက်မှာစိုး





ရိမ်လို့ပါ။ ပရက်ရှာကျနေတဲ့ ညတန်ခူးကို ဒရစ်ပ်ပုလင်းချိတ်ပေးထားတာမို့ အရေးပေါ်ခန်းအပြင်မှာပဲ ထိုင်စောင့်ရင်း လုလင် စိတ်မကောင်းပါ။

မျက်မှန်နဲ့ဟိုလူကိုလည်း ဒေါသတညီးညီးနှင့် စိစိ ညက်ညက် ချေချင်စိတ်ပေါက်နေပါသည်။ ဒီလောက် ချစ်မြတ်နိုးချင်စရာကောင်းတဲ့ မိန်းမတစ်ယောက်ကို သူက တန်ဖိုးမထားဆွဲလားရမ်းလား လုပ်စရာလား။ သူမက ရေနွေးနှင့် ကောက်ပက်လောက်အောင်လည်း ဘာတွေ နိုင်ထက်စီးနင်း ပြောဆိုသလဲမှ မသိတာ။

မ,ဟာ ဒေါသဖြစ်တာ စိတ်ထိခိုက်တာ ဝမ်းနည်းတာတွေအပြင် ရှက်ခြင်းကိုပါ တစ်ပေါင်းတည်း ပူးတွဲခံစားရမှာပါ။ ဒါကြောင့် ဒီလောက်ထိ စိတ်တွေဖိစီးထိခိုက်ကာ Shock ရသွားတာ ဖြစ်မှာပေါ့။

ညတန်ခူးရဲ့ပိုက်ဆံအိတ်ကို သူ့ဆိုင်က ကောင်မလေးထံ ပေးအပ်ထားသော်လည်း ကောင်မလေးဟာ ဘာတွေလုပ်ရမည်၊ ဘယ်မှာငွေချေရမည်တွေ သိပုံမရ။ အရေးပေါ်ခန်းထဲက နာ့စ်တွေကလည်း လုလင်ကို လူနာရှင်တစ်ယောက်ပဲ ထင်ပုံနှင့် ဆေးစာအုပ်ဖိုး၊ ဒရစ်ပ်ပုလင်းဖိုး၊ အဲဒီထဲထည့်တဲ့ ထိုးဆေးဖိုး သဖြင့် သူ့ကိုပဲ ငွေလိုက်ချေဖို့ လာလာပြောတဲ့အတွက် လုလင်ပဲ ငွေချေလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နာရီဝက်ကျော်ကျော် အကြာမှာတော့ ညတန်ခူးအိမ်က လူတွေလိုက်လာကြပါသည်။ နှံနက်တိုင်း ဆိုင်လာဖွင့်နေကျ ညတန်ခူးရဲ့ကြီးတော် ပါလာ၍ သူ့အိမ်ကလူတွေမှန်း သိရသည်။

"တာရာ ... ဒီစာရွက်တွေ သူ့ဆိုင်က ကောင်မလေးဆေက် ထဲပဲ ထည့်ခဲ့လိုက်၊ ငါတို့ ပြန်ကြမယ်"

"ကိုလု ... မိဖုရားကို ဝင်နှုတ်မဆက်တော့ဘူးလား၊ သူ သတိရနေတာပဲ"

"ဟင့်အင်း ... တော်ပြီ၊ ရော့ ... သွားပေးလိုက်၊ ငါ ကားထဲက စောင့်နှင့်မယ်"

အိမ်ကလူတွေ ရောက်ပြီဆိုကတည်းက ကားပါမှာ ပဲမို့ လုလင် မလိုအပ်တော့ပါ။ ညတန်ခူးကို မျက်နှာချင်းဆိုင်ဖို့ မျက်နှာပူ အားနာနေသော လုလင်က သွားနှုတ်ဆက်လိုစိတ် အလျဉ်းမရှိပါ။ သူ့မျက်နှာကို ထပ်မြင်ပြီး မညတန်ခူး တစ်ကြိမ် ထပ်မံဝမ်းနည်း ရှက်ရွံ့ခြင်း မဖြစ်စေလိုပါ။

"မောင်လေး ... တို့ကို ကူပါဦး"ဆိုတဲ့ တုန်တုန် ယင်ယင်အသံလေးကို နားထဲက မထွက်နိုင်ကာ ရင်ထဲမှာ နင့်နေသည်။ သူ ပြာဝေမူးမိုက်နေပြီး လှမ်းအကူအညီတောင်းလိုက်တာ ဖြစ်မှာပေါ့။ "ဆိုင်ကို ပြန်ပို့ပေးပါနော်"ဆိုတာဟာလည်း သူ့ဟာသူ ဆိုင်ကိုအရောက် ပြန်နိုင်စွမ်း မရှိတော့လို့သာပေါ့။

နို့မို့ရင်တော့ မ,ဟာ သူ့ကို ခိုးကြောင်ခိုးဝှက် ငမ်းတတ်တဲ့ လုလင်ကို တစ်ခါတစ်ရံ မျက်စောင်းလေးတင်းတင်း





ချိတ်၊ တစ်ခါတစ်ရံ မျက်နှာလေးတင်းပြီး ဆက်ဆံတတ်တဲ့အမြင် ဘယ်တုန်းကများ ပြုံးပြနှုတ်ဆက်ဖူးလို့လဲ။ သိပ်မရောနှောချင် မခင်မင်ချင်လို့သာ နှစ်လကျော်ကျော်သာရှိရော ဆိုင်နီးနားချင်း အချင်းချင်း မခင်မင် မရင်းနှီးသေးဘဲ ရှိနေခဲ့တာ မဟုတ်လား။

မ,ခမျာ သူနဲ့ သူ့ချစ်သူရဲ့ ပြဿနာအရေးအခင်းကို တခြားတစ်ယောက်ယောက် မြင်သွားတာထက်ပိုပြီး လုလင် မြင်သွားတာကို ရှက်ရွံ့စိတ်ညစ်မှာ သေချာသည်။ ဒါကြောင့် လုလင်က မျက်နှာချင်း သွားမဆိုင်ချင်တာပါ။ မ,ရှက်မှာဖြစ်သလို လုလင်လည်း စိတ်ကျဉ်းကျပ်ရမှာပါ။ မြင်လိုက်ရတဲ့အဖြစ်ကို အားနာမဆုံးတာပါ။

ဒါကြောင့် အဲဒီနေ့က ငွေရှင်းထားတဲ့ ဘောက်ချာ တချို့ ဆိုင်ကကောင်မလေးထံ တာရာ ပေးခဲ့ပြီးတဲ့နောက် လုလင်နှင့် တာရာ ဘယ်သူ့ကိုမှ ဘာမှပြောမနေဘဲ ပြန်ခဲ့ကြပါသည်။

အဲဒီရဲ့နောက်မှာတော့ လုလင်သည် သူချစ်သော မ,ကို သူကိုယ်တိုင်က စတင်ပြီး ရှောင်နေခဲ့ပါသည်။

နောက်တစ်ရက်မှာ မညတန်ခူး ဆိုင်လာမထိုင်ပါ။ ကြီးတော်ဖြစ်သူသာ ဆိုင်လာထိုင်ပါသည်။ နောက်တစ်ရက်မှာတော့ ညတန်ခူး ဆိုင်ရောက်လာပါသည်။ အဲဒီနေ့က လုလင် ကားဂိုါဒ်မှာ ကားရပ်ပြီးတော့ ညတန်ခူး ကားကိုရှာသည်။ ရှိသည်။ ရောက်နေပြီပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ရှိတဲ့အထပ်ဆီ ဓာတ်လှေကားနှင့်တက်လျှင် မိဖုရားဆိုင်နှင့် မလှမ်းမကမ်း ထွက်လာရမှာမို့ လုလင်က ဓာတ်လှေကားမှ မတက်ဘဲ စက်လှေကားရှိရာ မြေညီထပ်ဆီလာပြီးမှ အပေါ်ကို စက်လှေကားနှင့် တက်ခဲ့သည်။ ဒီဘက်ကပတ်ပြီး သူ့ဆိုင်ရှိရာ လာတဲ့အတွက် မိဖုရားရှေ့က မဖြတ်ရ။

ဆိုင်သော့ကို ကမန်းကတန်း ဖွင့်ဝင်လိုက်စဉ်မှာ ဟိုဘက်က တာရာ ရောက်လာပါသည်။

"ကိုလု ... မိဖုရားက ကောင်မလေး ကိုလုကို လာမေးတယ်"

"ဘာတဲ့လဲ"

"ကိုလု ရောက်ပြီလားပဲ မေးတာ"

"ငါ့နာမည် သိလို့လား"

"ဟင့်အင်း ... ဒီဆိုင်ရှင် အစ်ကိုကြီး ရောက်ပြီလားလို့ မေးတာ"

"မင်း ဘာပြောလိုက်လဲ"

"နည်းနည်းနောက်ကျမယ်လို့"

လုလင်သည် သူ့ကို လှမ်းမြင်နိုင်မယ့် ဆိုဖာကြီးတွေဆီ သွားမထိုင်ဘဲ ဆိုင်ခန်းထဲက ဝါးပင်အလှဆင် ပန်းအိုးတွေနှင့်ကွယ်ကာ မိဖုရားဆိုင်ဘက် ကြည့်လိုက်ပါသည်။ ကောင်တာရဲ့အလယ် မီးချောင်းရောင်အောက်မှာ ကြည်ပြာရောင်ဆွယ်တာလက်ရှည်လေးနှင့် ညတန်ခူးကို တွေ့လိုက်ရပါသည်။





ခါတိုင်းတော့ မျက်နှာက တည်တင်းတင်းလေးမှာ ဒီနေ့တော့ ပိုပြီးတော့ပင် မျက်နှာက ခံစားချက်ကင်းမဲ့စွာ အေးစက်ထုံထိုင်းနေသည်။ မေးထောက်ကာ မျက်လွှာချထားတဲ့ မှုံလေးကို စိတ်မကောင်းစွာ မြင်ရပါသည်။

"ကိုလု ရောက်ပြီလို့ သွားပြောလိုက်ရမလား"

"မပြောပါနဲ့၊ ထားလိုက်ပါ"

"ဟိုနေ့က ပိုက်ဆံတွေ ဘာတွေ ပြန်ပေးဖို့ ဖြစ်မှာပေါ့ ကိုလုရ"

"ဘာပဲဖြစ်ဖြစ်ပေါ့ကွာ၊ ထားလိုက်"

"သူ့ကြည့်ရတာ ကျန်းမာရေး မကောင်းဘူးလား မသိဘူးနော်၊ လူကလည်း ပိန်လှပ်လှပ်ရယ်၊ ခုလိုဆိုတော့ ပိုပြီးတောင် လူမမာပုံ ထွက်နေတယ်"

ကိုရီးယားစားသောက်ဆိုင်လေးထဲက အဖြစ်အပျက်ကို တာရာတို့ ဖွဲ့တို့ကို လုလင် ပြန်မပြောပြဖြစ်ခဲ့ပါ။ ဘာရယ်လို့မဟုတ်သော်လည်း မ,ရဲ့မင်္ဂလာရှိတဲ့ အဖြစ်အပျက် မဟုတ်သော သတင်းပလင်းတို့ကို လူပြောများ လူသိများတာမျိုး မဖြစ်စေချင်တာပါ။ အဲဒီနေ့က အဲဒီဆိုင်ထဲမှာ လူကျဲကျဲရှိခဲ့သော်လည်း သိတာက ဆိုင်ခန်းရှင်တွေထဲက မပါပါ။ ညတန်ခူးနှင့် လုလင်ကလွဲလျှင် အပြင်လူ ဈေးဝယ်သူတွေချည်းပဲ ရှိခဲ့တာပါ။ ဒါပေမဲ့ အဲဒီဆိုင်က လူတချို့တော့ မြင်နိုင်တာပဲ။



www.burmeseclassic.com

www.burmeseclassic.com



မနဲ့ပတ်သက်တဲ့ တီးတိုးသတင်းတွေ လူချင်းမဆောင်စေလို။ ဖြစ်နိုင်ရင် ဘယ်သူမှ မသိစေလို။ မ,ကို သူသနားကရုဏာသက်နေမိပါသည်။ ချစ်မြတ်နိုးခြင်းကြီးစွာ တစိမ့်စိမ့် ထိုင်ကြည့်နေချင်တဲ့ မျက်နှာကလေးကို သူ မျက်နှာချင်းမဆိုင်ရက်ပါ။ ဘာပဲဖြစ်ဖြစ် သူ့ကို မ,ရှက်ရွံ့ရှာမှာပဲလို့ တွေးမိတဲ့အတွက် အမြဲနိုးကြည့် ချောင်းကြည့်နေရတဲ့ မ,ကို တွေ့ကိုမတွေ့ချင်တာပါ။

"တာရာ ... ငါ ခဏနေပြန်မယ်၊ ဒီနေ့ချိန်းထားတဲ့အလုပ်လည်း မရှိတော့ ဆိုင်ပိတ်လိုက်တော့မယ်"

"ဘာလို့လဲ ကိုလု၊ အောက်ဒိုးရိုက်ဖို့ သွားစရာရှိတာလား"

"မရှိပါဘူး"

"ဒါဖြင့်လည်း ဟို ... မိဖုရားကြီးကိုတော့ သွားတွေ့သွားပါဦးလား"

"ဟင့်အင်း ... ငါ မတွေ့ချင်ပါဘူး"

"ပိုက်ဆံပြန်ရဖို့ ရှိတယ်လေ"

"အာ ... ဒီပိုက်ဆံလေး ဘာအရေးကြီးသလဲကွာ"

"အရေးမကြီးပေမယ့် သူတို့က ကိုလု လာရင် ပြောပါလို့မှာထားတာလေ"

တာရာက လုလင်ကို နားမလည်သလို ကြည့်နေပါသည်။ မိဖုရားဆိုင်ရှင် အစ်မကြီးအပေါ် သာမန်ထက်ပို၍ လုလင်စိတ်ဝင်စားမှု ရှိတာကို တာရာရော ဖွဲ့ပါ ရိပ်မိပါသည်။ မသိသာ





လုတဲ့ စကားတွေ အပြုအမူတွေ လျှပ်တစ်ပြက်အကြည့်တွေထဲကနေပဲ မသိမသာ မသိမသာ ရိပ်မိနေရတာပါ။

ခုလိုအခြေအနေဟာ ညတန်ခူးနှင့် လုလင်တို့ရဲ့ ရင်းနှီးခင်မင်ဖို့ လမ်းစလေး အရာထင် ပွင့်လန်းလာတဲ့ အနေအထား မဟုတ်လား။

"ဒါဖြင့် သူတို့လာထပ်မေးရင် ဘယ်လိုပြောရမှာလဲ ကိုလု"

"ပြန်ပြီပေါ့ကွာ၊ တကယ်လို့ သူတို့က ဟိုတစ်နေ့က ပိုက်ဆံပြန်ပေးမလို့လို့ ပြောရင်တော့ ကျွန်တော့်ကိုပဲ ပေးခဲ့ပါဆိုပြီး မင်းပဲ ယူထားလိုက်"

တာရာက လုလင်ကို တကယ့်ကို တအံ့တဩလေးငေးကြည့်နေပါသည်။ တစ်ခုခုတော့ တစ်ခုခုပဲလို့ တွေးနေမိပါသည်။ ကိုလု ပုံစံက မတွေ့ချင်လို့ကို ရှောင်ပြေးသည့်ပုံစံဆိုတာသိသာနေတာပဲ။ မတွေ့ချင်တာမှ ဆိုင်ကိုတောင် မနက်ပိုင်းကတည်းကစပြီး တစ်နေကုန် ပိတ်ပစ်လိုက်တော့မယ့်အထိကို မတွေ့အောင် ရှောင်မှာ။

အလုပ်ပျက် အကိုင်ပျက် အဖြစ်ခံတဲ့အထိ ရှောင်တာ။

"ကိုလု"

"... ... ..."

"ကိုလုနဲ့ မိဖုရားနဲ့ ဘာတစ်ခုခုများရှိလဲ"

"ဘာရှိရမှာလဲကွ၊ မင်းက ..."

"သူ မူးလဲသွားတာရော၊ ကိုလု ပယောဂ ကင်းရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



လုလင်က ရယ်ချင်ကာ ပြုံးတုံ့တုံ့ ဖြစ်ရပါသည်။

အဲဒီနေ့က လုလင် တမင်ပုန်းရှောင်ကာ ပြန်သွားပြီးတဲ့နောက် နေ့လယ်လောက်ကျတော့ တာရာ့ထံက ဖုန်းလာပါသည်။

"ကိုလု ... ကောင်မလေးတွေ နှစ်ခါတောင် ထပ်လာမေးတယ်၊ ကျွန်တော်က ဒီနေ့ ပြန်မလာတော့ဘူးလို့၊ ဘာကိစ္စရှိလို့လဲ ဘာပြောပေးရမလဲ မေးတော့ ဟိုတစ်နေ့က ဓိုက်ထားတဲ့ ဆေးဖိုးတွေ အစ်မက ပေးမလို့ ဆိုတာနဲ့ ပေးရင် ရတယ်လို့ ပြောလိုက်တယ်၊ အဲဒါ အခု ပိုက်ဆံနှစ်သောင်းခြောက်ထောင်ကျော် လာပေးထားတယ်"

"အေး ... ပြီးတာပဲ"

ဆိုင်ဆီ ပြန်မသွားတော့ပေမယ့် အဲဒီနေ့ညနေမှာ လုလင်သည် ညတန်ခူးတို့ခြံနှင့် မလှမ်းမကမ်းနားမှာ ကားသွားရပ်ပြီး မ,ရဲ့အိမ်အပြန်ကို စောင့်ကြည့်ဖြစ်ပါသည်။ တကယ်တော့ ဒီလမ်းထဲမှာ သူ့ရဲ့ကားဘီးရာတွေ အထပ်ထပ် ထင်မှုးပြီ။ ရှာဖွေတူးဆွကာ ခရီးကို ဆွဲဆန့်လိုက်ရင် ဘယ်လောက်တောင်ရှိနေမလဲ မသိပါ။

ခပ်မှိုင်မှိုင်နှင့် မျက်နှာလေး မလန်းဆန်းဘဲ ကားမောင်းပြန်လာသော ညတန်ခူးကို စောင့်ကြည့်ပြီးမှ လုလင် ပြန်လာခဲ့ပါသည်။

♥ ♣ ♥





နောက်တစ်ရက်မှာလည်း ဆိုင်သွားမဖွင့်တော့ဘူးလို့ လုလင် ဆုံးဖြတ်ပြီးသားပင်။ သူ့ကို ကျေးဇူးတင်စကားမျိုးများ လာပြောနေဦးမလားလို့ တွေးမိကာ မ,မျက်နှာကို မျက်နှာချင်း မဆိုင်ချင် မဆိုင်ရက်၍ ဆိုင်ကိုမဖွင့်ချင်တာပါ။

ဒါပေမဲ့ မျက်နှာကလေးရဲ့ အခြေအနေကိုတော့ မြင်ချင် တွေ့ချင်သေးသည်ဖြစ်ရာ လုလင်က မ,အိမ်က မထွက်ခင်လောက်မှန်းကာ မတိုခြံနှင့် မလှမ်းမကမ်း၌ ကားသွားရပ်စောင့်မှီလေသည်။ သူရောက်ပြီး ဘာမှမကြာ ခါတိုင်း အိမ်ကထွက်ချိန်မျိုးထက်စော၍ ညတန်ခူးရဲ့ကားက ထွက်လာသည်။ ဆိုင်သွားဖွင့်နှင့်မည့် သူတို့ရဲ့ကြိုးတော်ကြိုးပင် ထွက်သွားတာကြောသေး၊ နောက်ကလိုက်ထွက်လာတဲ့ ညတန်ခူးရဲ့ကားကိုမြင်လျှင် ဆိုင်ကိုမဟုတ်တဲ့ တစ်နေရာရာကို သွားလိမ့်မည်လို့ လုလင် အလိုလိုထင်မိကာ သူ့ကားကို ညတန်ခူးရဲ့ကားနောက်မှ မောင်းလိုက်လာခဲ့ပါသည်။

ညတန်ခူးရဲ့ကားလေးသည် ဆိုင်ရှိရာ စင်တာဘက် ဦးမတည်။ တခြားတစ်ဖက်ကို ဦးတည်မောင်းနှင်နေကာ နောက်



www.burmeseclassic.com

www.burmeseclassic.com

ဆုံး ရုပ်တန့်လိုက်တဲ့ ခရီးဆုံးဟာ အစိုးရဆေးရုံတစ်ရုံ ဖြစ်နေပါသည်။ ရုတ်တရက်တော့ မ,များ နေမကောင်းလို့ ဆေးရုံလာသလား တွေးလိုက်မိပေမယ့် မဖြစ်နိုင်တာ ချက်ချင်းတွေးမိကာ လုလင်သည် ညတန်ခူးကားနှင့် နှစ်စီးကျော်လောက်မှာ လိုက်ရပ်နေလိုက်ရပါသည်။

ဆယ်မိနစ်လောက် ရှိသောအခါ ဆေးရုံဝင်းထဲ ရှေးဟောင်းဗောက်စ်ဝက်ဂွန်ကားလေးတစ်စီး ဝင်လာကာ ဆရာဝန်ကားများသာရပ်ရန် ဆိုင်းဘုတ်အနား ထိုးရပ်လိုက်ပါသည်။ အဲဒီကားပေါ်က ဆင်းလာတာကတော့ ညတန်ခူးရဲ့ကြင်ယာတော်လောင်းကြီး။ လုလင်သည် ဒီလူကြီးရဲ့ကား တစ်ဖက်တံခါးပေါက်မှ ဆင်းလာတဲ့ အမျိုးသမီးငယ်တစ်ယောက်ကိုမြင်လျှင် မျက်မှောင်ကုတ်သွားရပါသည်။

တရင်းတနှီး ပြုံးကာ ရယ်ကာနှင့်။ အမျိုးသမီးငယ်ဟာလည်း လက်ထဲ ဂျူတီကုတ်နှင့် ဟိုလူ့လိုပင်။ မ,ရဲ့ကြင်ယာလောင်းကြီးဟာ ဆရာဝန်တစ်ယောက်ဆိုတာ လုလင် ခုမှပဲသိပါသည်။ ထိုဆရာဝန်ဟာ သူ့ကားပေါ်က ဆရာဝန်မငယ်နှင့် တရင်းတနှီး ပြုံးရယ်ရွှင်မြူးနေပါသည်။

လုလင်က ကမန်းကတန်း စိုးရိမ်တကြီးနှင့် ညတန်ခူးကို မြင်ရအောင် လှမ်းကြည့်လိုက်သည်။ စတီယာရင်ပေါ် လက်နှစ်ဖက်ဆန့်တင်ကာ ဟိုစုံတွဲကို ခပ်ငေးငေး ကြည့်နေတဲ့ ညတန်ခူးကိုမြင်လျှင် လုလင်ရဲ့သွေးတွေ တဖြည်းဖြည်း ဆူပွက်လာသည်။





ကြည့်စမ်း။ တောက် ... ဒီလိုကိုး။

မ,နှင့် သူ့ချစ်သူကြားက ပြဿနာက ဒါကိုး။ လုလင်သည် တစ်ယောက်တည်း အသံမြည်အောင် တောက်ခေါက်ကာ ဒေါသတွေပွလာသည်။ ဘယ်လိုလူတုန်းကွာ။ ဟိုဘေးက အမျိုးသမီးက မ,ထက် ဘာများသာတာမို့လို့လဲ။ ဘာမှလဲမသာ။ မသာတဲ့အပြင် မိတောင်မမီ။

"ကျွတ် ... အလကားလူ"

လုလင်သည် ဒီလူကို ဆက်မကြည့်ချင်တာနှင့် မ,ဘက်ကိုပဲ ကွယ်ကွယ်လျှိုးလျှိုးနှင့် လှမ်းကြည့်နေမိပါသည်။ ခံချိ မခံသာ နာကျင်နေတဲ့ ညတန်ခူးရဲ့ မျက်နှာပြင်ကလေးဟာ သိသိသာသာ နီမြန်းနေသည်။ အတော်ကြာအောင် စိတ်ကိုချုပ်တီးနေသလို ငြိမ်သက်ဆက်ထိုင်နေပြီးမှ ညတန်ခူးက ကားကိုမောင်းထွက်လိုက်ပါသည်။

ဒီတော့ လုလင်လည်း မ,ကားနောက်မှ လိုက်မောင်းထွက်လာခဲ့ပါသည်။ အဲဒီနောက် စင်တာအထိ ပါလာသေးပြီးဝါကင်မှာ မ,ကားရပ်ပြီး ဆင်းသွားတာကို ကြည့်ပြီးမှ လုလင်သည်း ပြန်လာခဲ့တာ။ ကားရပ် ဆင်းလာပြီးချိန်မှာ မ,ဟာလုလင်ရဲ့ကားရှိရာဘက် တစ်ချက်လှမ်းကြည့်လိုက်သလို ထင်မိသည်။ တောက်လျှောက် တစ်လမ်းလုံး နောက်ကပါလာတာကို သတိများ ပြုမိသွားသလား မသိပါ။


www.burmeseclassic.com

www.burmeseclassic.com


အဲဒီနေ့လည်း လုလင်ဆိုင်မဖွင့်ဖြစ်။ ညနေကျမှ မဂ္ဂဇင်းမျက်နှာဖုံးတစ်ခုအတွက် အိမ်ကစတူဒီယိုမှာပဲ ဓာတ်ပုံရိုက်စရာရှိသည်။ တစ်နေကုန် ဘယ်မှမထွက်ဖော့ဘဲ အိပ်ရာထဲမှာ နေမိကာ မ,အကြောင်းပဲ တွေးနေခဲ့မိသည်။

လုလင်တို့ခြံထဲမှာ နှစ်ထပ်တိုက်မှာ ဖေဖေနှင့်မေမေပဲ နေသည်။ စတူဒီယိုအဖြစ် ခြံထောင့်နားမှာ သီးသန့်ဆောက်ထားသော တစ်ထပ်တိုက်ပြားမှာပဲ အိပ်ခန်းဖွဲ့ကာ အဲဒီမှာပဲ လုလင်က **သီးသန့်နေတာပါ**။ ထမင်းစားချိန် အိမ်ကြီးပေါ်တက် စားတော့ မေမေက အံ့ဩနေကာ ...

"ဟဲ့ ... မိုးလှဲ နှစ်ရက်ရှိပြီ အိမ်ကပ်နေပါလား။ မနက်က စောစောထွက်သွားတော့ မေမေက ဆိုင်သွားပြီအောက်မေ့တာ၊ ခုနက သားရဲ့ကား လှမ်းမြင်လို့ ဒေါ်ဆုံတို့ကို ခုပဲ မေးနေတာ၊ ဆိုင်မသွားဘူးလား သား"

"ဟင့်အင်း"

နဂိုက စကားနည်းသော လုလင်ဟာ ဖေဖေတို့ မေမေတို့နှင့်ဆိုလည်း မေးနိုင်မှ တစ်ခွန်းထွက်သူပင်။ ကိုယ့်ဟာကိုယ်၊ ကိုယ့်အတွေးနှင့် ငြိမ်ငြိမ်လေး နစ်မြုပ်ဝတ်နေရတာကို အလေ့အထရှိတဲ့သူ ဖြစ်သည်။ ခုလည်း မေမေက နဖူးလာစမ်းရင်း ...

"နေမကောင်းလို့လား သား"

"ကောင်းပါတယ် မေ"

"ဒါဖြင့် မျက်နှာက ဘာဖြစ်လို့ နွမ်းနေပါလိမ့်၊ ညတွေ အိပ်ရေးပျက်လို့လား၊ အိပ်ရဲ့လား၊ ဘာတွေလုပ်နေလဲ"

ဟုတ်ပါရဲ့။ အိပ်ရေးပျက်တာပေါ့။ ညတိုင်းပဲ ကိုယ်တိုင်နှိုးရိုက်ထားတဲ့ ညတန်ခူးရဲ့ဓာတ်ပုံတွေ တစ်ခေါက်တော့ မပျက်မကွက် ကြည့်ပြီးမှ အိပ်ရာဝင်တတ်တဲ့ လုလင်ဟာ ခုတော့ ဓာတ်ပုံကိုကြည့်ရင်း အတွေးစတွေ ရှည်လျားမိသည်ဖြစ်ရာ ခါတိုင်းလို **ရှောရှောရှူရှူ အိပ်မပျော်ပါ**။ မျက်စိအကြောင်းသားနှင့် **ညတန်ခူးကို မြင်ယောင်သတိရနေမိတာပါ**။

"မေမေ့ကိုပြောလေ၊ ဘာအကြောင်းကိစ္စတွေ ပြဿနာတွေ ရှိလို့လဲ"

"မရှိပါဘူး မေမေ"

"ဒီရက်ပိုင်း အရက်တွေ ဘာတွေ သောက်သေးလား"

"ဟင့်အင်း"

"ဘယ်တွေသွား၊ ဘာတွေလုပ် သေးလဲ၊ ပြောပြော ... မေမေ့ကို၊ တာရာတို့ မေးကြည့်ရမလား၊ မောင်မောင်ထွန်းတို့ မေးကြည့်ရမလား"

"မောင်မောင်ထွန်းတို့နဲ့တောင် သိပ်မတွေ့တာ ကြာပါပြီ မေမေရ၊ ဘာမှစိတ်မပူပါနဲ့ ဘာမှ မဖြစ်ပါဘူး၊ ဒီညနေလည်း အိမ်မှာပဲ မျက်နှာဖုံးရိုက်စရာရှိလို့ အိမ်မှာပဲ နေလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com

"မဟုတ်တာတွေတော့ မလုပ်နဲ့နော် သား၊ တစ်ခုခုဆို မင်းအဖေက မင်းကို မိန်းမတန်းပေးစားလိုက်လိမ့်မယ်"

လုလင်ရဲ့အလုပ်ဟာ အနုပညာနယ်ပယ်နှင့် အဆက်အစပ်မကင်းတာအပြင် လုလင်ရဲ့သူငယ်ချင်း မောင်မောင်ထွန်းတို့ သစ်ဦးတို့တွေဟာ ဂီတအနုပညာနယ်က ပရိဂျူဆာတို့ အတီးသမားတို့ ဖြစ်ကြ၍ မေမေဟာ ကြံဖန်ပြီး ကြားဖူးနားဝနှင့် အမြစ်တီးပူတတ်ပါသည်။ ခါတ်ပုံဆရာပိပိ မော်ဒယ်လ်မိန်းကလေးတွေနှင့် ဆက်ဆံပတ်သက်နေရတဲ့ လုလင်ကို မေမေက ရှုပ်ရှုပ်ယှက်ယှက် ကြားသည်နှင့် ချက်ချင်း သူ့မျက်စိတွေ့တဲ့ မိန်းမ ကောက်ပေးစားပစ်မည်ဟု ခြိမ်းခြောက်ထားတာပင်။

မေမေ ဒီလောက် မေးမြန်းရင်တော့ တစ်ရက်နှစ်ရက်နေ တာရာကို သွားပြီး အစ်အောက်တီးခေါက်နေမှာ ခသေချာသည်။ တာရာဟာ မေမေ့ညီမရင်းကမွေးတဲ့ မေမေ့တူမလေးလား။

ထမင်းစားပြီး ကိုယ့်အိမ်ငယ်ဘက် ပြန်အလာမှာပဲ တာရာ့ထံက ဖုန်းလာသည်။

"ကိုလု ,သတင်းထူး"

"ဘာလဲ"

"မိဖုရားက ဖုန်းလာကြည့်တယ် သိလား၊ သူ ဖုန်းလဲချင်လို့တဲ့"

"ဈေးများများ လျှော့ပေးလိုက်"





"အင်းပါဗျာ၊ သိပါတယ် ကိုလုကလည်း၊ ကိုလုရဲ့အိပ်မက်ကြီး မမှုတ်တောင် ဆိုင်နီးနားချင်းဆိုတဲ့ဟာကို ထောက်ရဦးမှာပါ"

"ဟော့ကောင် ... မင်း သိပ်အာမချောင်စမ်းနဲ့၊ ငါ့အမေ မင်းကို ခုတလောအတွင်း ယိုဟိုဒီဒီတွေ တစ်ခုခုအစ်မေးရင်လည်း ဘာမဟုတ်တာတွေ လျှောက်ဖွမနေနဲ့ဦး၊ မင်းဆီက အဲစွန်းအစတွေထွက်ပြီး ငါအကောခံရရင် မင်းကို ငါ့ဆိုင်မှာ မထားဘူးနော် ဟော့ကောင်"

"ဘာမှမပြောပါဘူး ကိုလုကလည်း၊ မိဖုရားက အခုတော့ ဖုန်းဝယ်မသွားသေးဘူး၊ ဆိုနီအယ်ရစ်ဆင်ထဲက အရောင်ဆန်းတာတွေ အိမ်မှာရှိသေးတယ်ပြောလို့ နောက်နေ့လာကြည့်ဦးမယ် ပြောသွားတယ်၊ ထူးဆန်းတာတစ်ခု မေးသွားသေးတယ်ဗျ"

"ဘာတဲ့လဲ"

"ကိုလုကားက အဲ ... မင်းတို့ဆိုင်ရှင်လို့ မေးတာပေါ့နော်၊ ကားက ဘာအမျိုးအစား ဘာအရောင်လဲတဲ့"

"မင်းက ပြောလိုက်လား"

"ပြောလိုက်တာပေါ့၊ မပြောရဘူးလား"

လုလင် ပြုံးနေမိပါသည်။ သူလိုက်ပါနေတာတွေကို မ,ရိပ်မိနေတာကိုး။ အင်းလေ ... မ,က အချဉ်မှ ဟုတ်ပုံမရဘဲ။

♥ ♣ ♥



www.burmeseclassic.com

www.burmeseclassic.com

## ၃

ရပ်နေကျနေရာမှာ လုလင် ကားကိုထိုးရပ်ပြီး ကား ပေါ်ကဆင်းလိုက်ပါသည်။ ကင်မရာအိတ်ကိုဆွဲယူ ကားတံခါးကို ပိတ်။ ဒီနေ့အဖို့တော့ ဆိုင်ပိတ်လို့မရ။ ဆိုင်မှာ ဓာတ်ပုံရိုက်ဖို့ ချိန်းထားတာရှိသည်။

ကားတံခါးပိတ်ပြီး ဓာတ်လှေကားဘက် လှည့် အလျှောက် ...

"ဟိတ်"

ခပ်နီးနီးက ထွက်ပေါ်လာတဲ့ ခေါ်သံကြောင့် လုလင် က ချာခနဲ လှည့်ကြည့်လိုက်ပါသည်။ လေးထောင့်အုတ်တိုင်လုံး နံဘေးမှထွက်လာသော အသံရှင်ကိုမြင်လျှင် လုလင်သည် ကိုယ့်ရဲ့ ခြေထောက်ချင်း ခလုတ်ပြန်တိုက်သွားသလို ကယောင်ကတမ်း ချောက်ချား ခြေလှမ်းမှားပြီး ငိုက်စိုက် ငိုက်စိုက် ဖြစ်သွားရပါ သေးသည်။





ပန်းရောင်နုဖျော့သောဝတ်စုံနှင့် နုဖပ်နေတဲ့ ညတန်ခူး။ ဇုန်းတစ်ဖက် ကားသော့တစ်ဖက်ကိုင်ထားတဲ့ လက်နှစ်ဖက်ကို ပိုက်ထားကာ ညတန်ခူးက လုလင်ကို တည့်တည့်စူးစူး ကြည့်နေ ရာမှ ရှေ့ကို တိုးလျှောက်လာပါသည်။

လုလင်သည် စိုက်ကြည့်ရင်း ရပ်နေရမလို ခေါင်း ငုံ့ထားရမလို ပြုံးချိုဖော်ရွေရမလို ရှုတည်တည်နေရမလို ဘယ်လိုနေ လို့ ဘယ်လိုထိုင်ရမလဲ မသိအောင် မနေတတ် မထိုင်တတ် နိုးတိုးရှန့်တန့်ဖြစ်ကာ ရင်ထဲမှာတော့ ဘာတွေဖြောင်းဆန်ကုန် မှန်းမသိ ဖြောင်းဆန်ကုန်ပါသည်။

တစ်ကိုယ်လုံး အေးစက်ပြီး အသက်ရှူတွေ မှားနေ သမယ် ဟန်ကိုယ့်ဖို့ဆိုတာကိုတော့ မမေ့မလျော့နှင့် ခပ်အေးအေး ပုံစံပေါက်အောင် မနည်းအားတင်းလိုက်ရသည်။

"ဒီနေ့ ဆိုင်ဖွင့်မလား"

"ဗျာ"

ညတန်ခူးရဲ့အသံက ထူးခြားမှု ရှိပါသည်။ ဟိုတစ် နေ့က သူ့ကို အကူအညီ လှမ်းတောင်းတဲ့ အသံဟာ ခံစားချက် နှင့် တုန်ယင်နေတဲ့အသံဖြစ်၍ နဂိုသံမဟုတ်။ ညတန်ခူးရဲ့ပင်ကို သံမှာ ခပ်အေးအေးနှင့် မချိုပါ။ မာန်ရှိတဲ့အသံသာ။

"ဒီနေ့ ဆိုင်ဖွင့်ဖြစ်တယ်ပေါ့"

"သြော် ... ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



ညတန်ခူးက သူနှင့် သုံးပေလောက်အကွာမှာ ရပ်သွားပြီ။ လုလင်ကို ဆက်စိုက်ကြည့်နေ၍ လုလင်က အိုးတို့အမ်းတမ်းဖြစ်ကာ ကမန်းကတန်း စကားစဉ်းစားပြီး ...

"နေကောင်းလား အစ်မ"

ဖွတ်။ ပန္နဝင်စကားပဲ။ ဒီထက်တုံးတဲ့စကား ရှာမတွေ့တော့ဘူး ထင်ပါရဲ့လို့ ကိုယ့်ကိုယ်ကိုယ် ကျိတ်ဆဲချင်အောင် ဖြစ်မိသည်။

"အင်း ... ကောင်းပါတယ်"

လုလင် အလန့်လန့် အဖျပ်ဖျပ်နှင့် ညတန်ခူးကို အကဲခတ်နေမိပါသည်။ ဘာများလဲ မ,ရယ်။ ရင်တွေတုန်လိုက်တာ။ လူကို ဘာကြောင့် စကားတွေလာပြောပါလိမ့်။ ကြည့်ရတာ လုလင်ကသာ ရပ်နေကျနေရာနားမှာ တမင်တကာစောင့်နေတာ ဖြစ်မယ်ထင်သည်။

"အင်း"

ညတန်ခူးက ခေါင်းတစ်ချက်ညိတ်ရင်း ဖုန်းနဲ့ကားသော့ကို ဘယ်လက်တစ်ဖက်တည်း ရောကိုင်လိုက်လျက် ညာလက် ဆန့်တန်းထွက်လာကာ ...

"တို့က ညတန်ခူးပါ"

လုလင်သည် အမူအရာမပျက်အောင် မနည်းထိန်းလိုက်ရသည်။ သူက ဆရာမကြီးလို ဖြစ်နေပြီး ကိုယ်ကအတွေ့အကြုံမရှိတဲ့ အစိမ်းအရိုင်းလိုဖြစ်နေရင် အော့က်တာပေါ့။ ကိုယ်ကယောက်ျားလေး။ ကိုယ်ကသာ ရဲတင်းရမှာကို တကယ့်အဖြစ်နဲ့ လုလင်က မ,ကို ကြောက်နေမိပါသည်။

ကင်မရာအိတ်ကို လက်ပြောင်းရင်း ပြုတ်ကျမယ်လိုဖြစ်ပြီးမှ ညာလက် ကမန်းကတန်းပြန်ထုတ်ကာ မ,ရဲ့လက်ကို ဆုပ်ကိုင်လိုက်ရသည်။ အင်း ...။ မ,ရေ ... ရင်တွေခုန်တယ်။ မ,ရဲ့လက်ကို ဆုပ်ကိုင်လိုက်မိချိန်မှာ မျက်လုံးတွေပြာပြီး လည်ချောင်းမှာ သီးမွန်သွားသလိုပဲ။

"ဟုတ် ... ဟုတ်ကဲ့၊ သိရတာ ဝမ်းသာပါတယ်၊ ဟုတ်ကဲ့"

ပြောလေကွာ။ ကျွန်တော်က "လုလင်ပျို"ပါလို့ ခပ်တည်တည်။ ဒါပေမဲ့ လုလင်သည် သူ့အဖေ ဦးမင်းပျိုက မှည့်ပေးထားတဲ့ "လုလင်ပျို"ဆိုတဲ့ အမည်ခပ်ဆန်းဆန်းကို လူရှေ့သူရှေ့မှာချပြောဖို့ အမြဲရှုတ်ဆွဲ့သူဖြစ်ရာ ခုလည်းအမည်ကို မထုတ်ဖော်မိ။

ညတန်ခူးက လုလင်ရဲ့စကားကို ခဏစောင့်နေသေးပြီး ဘာမှဆက်မထွက်လာတော့မှ ...

"အယ်လ် အယ်လ် ပီ ဆိုတာ လူနာမည်လား"

"ခင်ဗျာ၊ ဟုတ်တယ် ခင်ဗျ"

"မင်းနာမည်ပေါ့"

"ဟုတ်"

"အယ်လ် အယ်လ်က လင်းလင်းလား"

"မဟုတ်ဘူးခင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"လွင် ! လတ် ! လေး ! လူ !"

ညတန်ခူးက တစ်လုံးချင်း ရေရွတ်ရင်း ဘယ်ဟာ မှန်သလဲဆိုတဲ့ အကြည့်နှင့် စောင့်လင့်နေတာမြင်လျှင် လုလင်သည် စိတ်အိုက်အိုက်နှင့်ပဲ ...

"ဟို ... လုလင် ခင်ဗျ"

"အော်"

ညတန်ခူးသည် စိတ်ကျဉ်းကျပ်နေပုံရသော ကောင်လေးကို အံ့အားသင့်နေမိသည်။ ခပ်တုံးတုံး လူအ,လေးပုံလည်း မပေါက်။ သူ့ပရော်ဖက်ရှင်နယ်လ်ကလည်း လူသွက် လူရည်လည် ဖြစ်ဖို့ လိုအပ်တဲ့ အလုပ်မျိုး။ ဒါနဲ့တောင် အိုးတိုးအမ်းတမ်းဖြစ်နေတဲ့ ကောင်လေးရဲ့ပုံစံကို တဖြည်းဖြည်းတော့ ရိပ်မိလာသည်။

ဒီကောင်လေး သူ့အပေါ် ရှိန်နေတယ်။

"လုလင်လို့ လုံးဝမစဉ်းစားမိဘူး၊ ဒါဖြင့် 'ပီ'ကကော"

"လုလင်ပျိုပါ"

" WOW ! "

နှစ်ခြိုက်ချီးမွမ်းတဲ့ အသံလေးဟာ ဆန်းကြယ်နေသည်။ လုလင်သည် နေရထိုင်ရခက်ကာ ခြေလှမ်းပြင်နေမိသလို ဖြစ်နေတာမို့ ညတန်ခူးကပါ ခပ်ဖြည်းဖြည်း ခြေကိုစ,လှမ်းထွက်လိုက်ပါသည်။

"ဆိုင်လာမထွက်တာ နေမကောင်းလို့လား"





"မဟုတ်ဘူးဗျ၊ အိမ်မှာလည်း စတူဒီယိုထားထားတော့ ဟိုမှာ အလုပ်ရှိလို့ပါ"

"အော် ... အဲလိုကိုး၊ တို့က ဘာဖြစ်လို့များလဲလို့ တွေးနေတာ၊ ဟိုတစ်နေ့ကကိစ္စကို ကျေးဇူးတင်ပါတယ်၊ ကျေးဇူးတင်တဲ့စကား သေချာမပြောရသေးလို့ပါ"

"ရပါတယ် အစ်မ၊ ကိစ္စမရှိပါဘူး"

"အစ်မက အဲလိုပဲ၊ တချို့က စိတ်လှုပ်ရှားပြီး ပရက်ရှာတက်တာ၊ အစ်မကကျတော့ စိတ်လှုပ်ရှားပြီး ပရက်ရှာကျတယ်"

စကားပြောရင်း နားရွက်အောက်က သူ့ဆံပင်နားသာက်လေးကို နားရွက်နောက် ညှပ်သွင်းထည့်တဲ့ပုံစံ အကြိမ်ကြိမ်လုပ်လာတဲ့ ညတန်ခူးရဲ့ဟန်မူရာကို လုလင် မငဲ့တငဲ့ကြည့်နေမိသည်။ မ,ရဲ့လုပ်ရှားမှုလေးတွေဟာ တစ်ခုချင်းစီ အရမ်းကို ချစ်ရာကောင်းလှသည်။ လျှပ်တစ်ပြက်မှာပင် လက်သည်းလေးတွေက သဘာဝရောင်နှင့် ညီတိနေတာ။ ခြေသည်းလေးတွေကိုတော့ ရှည်ရှည်ထားကာ Nail Art နှင့် အပွင့်ဖော် အရောင်ဆိုးထားတာ။ စတွေ့တုန်းက ရေမွှေး Gucci(Rush) ပဲ ဆွတ်ဖျန်းထားတာ။ ပြီးတော့ ပေါ်လွင်နေတဲ့ လည်တိုင်သွယ်သွယ်လေးက မှဲ့ညိုသေးသေးလေး စသဖြင့် အသေးစိတ်လေးတွေကို လုလင်ဂရုပြုမိနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com

မ,ဘေးမှာ ရှိနေရတဲ့အတွက် အာတွေခြောက်ကာ တံတွေးတွေလည်း အကြိမ်ကြိမ် မျိုနေရပါသည်။ ဓာတ်လှေကား ထဲဝင်ပြီးတဲ့အခါ လှချင်း ခပ်နီးနီး ရပ်နေရတဲ့အတွက် ရင်တွေ က ပိုတောင်ခုန်လာပါသည်။ ဒီဓာတ်လှေကားနဲ့ ကျွန်တော်နဲ့မ မပြီးနိုင် မဆုံးနိုင် မရပ်နိုင် ဟိုးကောင်းကင်ပေါ်အထိ လိုက်ပါသွား လို့ရရင် ကောင်းမှာပဲနော်။

အတွေးတွေကသာ တရားလွန်နေသော်လည်း လုလင် ရဲ့ မျက်နှာကတော့ ခပ်တည်တည် အေးစက်စက်ပဲဖြစ်သည်။ ညတန်ခူးက လုလင်ကို ခပ်စိုက်စိုက်ကြည့်နေရင်း အနည်းငယ် နီမြန်းသွေးကြွနေတဲ့ လုလင်ရဲ့မျက်နှာကို သတိပြုမိလာပါသည်။

"လုလင်"

"… … …"

"လုလင်ကို ဟိုတစ်နေ့က မ,တို့ခြံတံခါးအလွန်လေးမှာ တွေ့လိုက်သလိုပဲ"

"ဗျာ …၊ ဟုတ်လို့လား၊ မဟုတ်ဘူး ထင်တယ်"

"ဒီကားနဲ့ပဲလေ၊ မ,ကတော့ ဟုတ်တယ်လို့ ထင်တယ် မ,ရဲ့ကားနောက်မှာလည်း တစ်ခါတလေ မင်းပါ ပါလာ တာ တွေ့တယ်၊ အဲဒါကော ဟုတ်လား"

"မဟုတ်ဘူး ထင်တယ်"

"မဟုတ်ရင် မဟုတ်ဘူး၊ ဟုတ်ရင် ဟုတ်တယ်ပေါ့၊ ထင် တယ်ဆိုတာက ဘာတုံး"





"မဟုတ်ဘူးလို့လည်း အပြတ်မပြောချင်ဘူးလေ၊ ကျွန်တော် မသိဘဲ တိုက်တိုက်ဆိုင်ဆိုင် အစ်မကားနောက်ကို ကျွန်တော် ရောက်နေတာမျိုးလည်း ဖြစ်မယ်ဆိုရင် ဖြစ်နိုင်တာပဲ မဟုတ်လား"

"အင်းပေါ့ … ထားပါတော့"

ညတန်ခူးက လုလင်ရဲ့ ခပ်တည်တည် မျက်နှာလေး ကို ခပ်ပြုံးပြုံးပဲ ဆက်လက် အကဲခတ်စောင့်ကြည့်နေသည်။ သူ့ ဘာသူ ဘယ်လိုပဲနေနေ ဒီလူရွယ်လေး ကတုန်ကယင် ဖြစ်နေတယ် ဆိုတာကို ညတန်ခူး ရိပ်မိပါသည်။ စကားပြောတာတောင်မှ မျက်နှာကို ပုံမှန်ကြည့်ပြီး မပြောဘဲ ခပ်ဖယ်ဖယ် ခပ်လွှဲလွှဲနှင့် ပြောနေတာ။ အတွေ့အကြုံ မရှိရမယ့် အရွယ်လည်း မဟုတ်တော့။ ဒီတော့ သူ ဘာကြောင့် မူပျက်ရတာလဲ စဉ်းစားကြည့်လိုက်ရင် တစ်မျိုးပဲ စဉ်းစားလို့ရသည်။

ဓာတ်လှေကားက သူတို့အထပ်ရောက်ကာ တံခါး ပွင့်သွားလျှင် လုလင်က ခပ်သွက်သွက် ထွက်ပြီး ရှေ့ကသုတ် သုတ်ပြေးနှင့်ဖို့ ကြံတော့သည်။ ဘယ်လိုကောင်လေးပါလိမ့်။ အခွင့်အရေး မယူတတ်လိုက်တာများ။ အသည်းယားဖို့တောင် ကောင်းပါသေးရဲ့။

"လုလင်"

"… … …"


www.burmeseclassic.com

www.burmeseclassic.com

လုလင်က မထူးဘဲ အသံတိတ်သာ ငဲ့ကြည့်သည်။ သူ့အကြည့်ဟာ စိတ်ကျဉ်းကျပ်လှပြီဆိုတဲ့ အဓိပ္ပာယ်ပါနေသည်။

"ရော့"

"ဗျာ"

ညတန်ခူးက သူ့ဟဲန်းဒ်ဖုန်းကို ထိုးပေးလိုက်၍ လုလင်က ကြောင်အမ်းအမ်း ဖြစ်နေပြန်ပါသည်။

"ဘာဖြစ်လို့ ဒီလောက်တောင် ပြေးဖို့ကြံနေတာလဲ"

"မကြံပါဘူး အစ်မ၊ ဖုန်းက ဘာ ... ဘာလုပ်ဖို့လဲ"

"မင်းဖုန်းနံပါတ်ထည့်ပေး"

"ဗျာ"

"တို့စကားတစ်ခွန်း ပြောလိုက်တိုင်း အမြဲ မင်းက လန့်သွားသလိုလို အံ့သြသွားသလိုလို ဖြစ်ဖြစ်သွားတာ ဘာဖြစ်လို့လဲ၊ မင်းကို ဘာမှန်းမသိတဲ့ တစ်စုံတစ်ရာကြီးက ထိန်းချုပ်ပြီး တုပ်နှောင်ထားသလိုပဲ၊ အဲဒါ ဘာဖြစ်လို့လဲ၊ တို့အပြုအမူတွေက အံ့အားသင့်ရလောက်အောင် သဘာဝနဲ့ လွှန်ဆန်နေလို့လား"

"မဟုတ် ... မဟုတ်ပါဘူး၊ ကျွန်တော် ဘာမှမဖြစ်ပါဘူး အစ်မ ထင်လို့ပါ"

လုလင်က သက်ပြင်းတစ်ချက်နှင့် ပြန်ဖြေရှင်းရပါသည်။ ခင်ဗျားနား ကြာကြာမနေရဲလို့။ ခင်ဗျားပုံစံလေးက တိတ်တဆိတ်လေး ရွဲလမ်းမြတ်နိုးနေရတဲ့ ကျွန်တော့်ကို တအားပဲ





ဖြားယောင်းနေလို့။ ယဉ်ကျေးမှုရှိရှိနဲ့ တည်တည်ကြည်ကြည် ဆက်ဆံနိုင်သင့်တဲ့ အခြေအနေမှာ ကျွန်တော့်ရဲ့အကြည့်တွေ အပြုံးတွေ စကားတွေထဲမှာ အခွင့်အရေးတစ်ခု ရယူလိုမှုတွေပါ ဝင်ပေါ်လွင်သွားမှာ အကြောက်ဆုံးပါပဲ မ,ရယ်။

ကြာရင် ကျွန်တော်က ဟန်ဆောင်နိုင်ဦးမှာလား။ ဒါကြောင့် ကိုယ့်ကိုယ်ကိုယ် စိတ်မချလို့ ပြေးဖို့ကြံရတာပါဆိုရင် မ,ဘာပြောဦးမှာလဲ။

"ရော့ ... အရေးအကြောင်းရှိရင် ဖုန်းဆက်မလို့၊ ဖုန်းနံပါတ် ထည့်ပေး"

လုလင်က ခေါင်းတစ်ချက်သာ နာနာခံခံညိတ်ရတော့ကာ ညတန်ခူးရဲ့ဖုန်းကို လှမ်းယူပြီး သူ့ရဲ့ဖုန်းနံပါတ်ကို ထည့်ပေးလိုက်ပါသည်။

နာမည်နေရာမှာ "မောင်"လို့ထည့်လိုက်ရ မကောင်းဘဲ ရှိတော့မယ်။

"ရပြီ အစ်မ"

ညတန်ခူးက ဖုန်းပြန်ယူရင်း ...

"တို့နာမည်ရော မှတ်မိရဲ့လား"

လုလင်က ညတန်ခူးကို ရီတီတီ စိုက်စိုက်လေး ကြည့်မိကာ ...

"အစ်မနာမည်ကို ကျွန်တော် အရင်ကတည်းက သိပါတယ်"

"ပြီးရော"


www.burmeseclassic.com

www.burmeseclassic.com



ညတန်ခူးပုံစံက ခုမှ စသိကြသူချင်းအပေါ် စိမ်းတိမ်းတိမ်း မဟုတ်ဘဲ ပိုင်ပိုင်နိုင်နိုင် ဗိုလ်ကျပြီးသား ဖြစ်နေတဲ့ပုံစံ။ မင်းလောက်တော့လား ငါ့ကို ရိရိကျိုးကျိုး ဆက်ဆံစမ်းဆိုတဲ့ပုံစံမျိုးပါ။ လုလင်မှာ ကသိကအောက် ဖြစ်ရမလိုနှင့် တကယ့်အမှန်မှာတော့ ကျေနပ်တတ်တတ် ဖြစ်နေသေးတာပါ။

ညတန်ခူးက ရှေ့ကထွက်သွားပြီမို့ လုလင်က ခုမှ နောက်ကလိုက်ကာ ...

"အစ်မ ... အစ်မ၊ အစ်မ ဖုန်းနံပါတ်ကော"

"တို့ဆက်လိုက်တဲ့အခါ ဝင်လာမှာပဲဟာ၊ အဲဒီတော့မှသိ"

ဟွန့် ... သူ့ဟာကျတော့ တိုတာ။ လုလင်ကတော့ စ,ဆက်ဖို့မလို။ မဆက်ချင်နဲ့ဆိုတဲ့ပုံစံ။ သူပဲ အကြောကြီးနဲ့။ လုလင်က မကျေမနပ်နှင့် နှုတ်ခမ်းကို မဲ့ကျစ်ကျစ်လုပ်ကာ နောက်က မှုန်တေတေပါလာရပါသည်။

♥ ♣ ♥



ညတန်ခူးသည် မလှမ်းမကမ်းက LLP စတူဒီယိုဆိုင်ခန်းရှေ့မှာ ရပ်စကားပြောနေတဲ့ လုလင်ပျိုနှင့် မိန်းမရွယ်တစ်ယောက်ကို လှမ်းကြည့်နေပါသည်။ အဲဒီမိန်းကလေးဟာ ညတန်ခူးရဲ့သူငယ်ချင်း မြသက်ထားပါ။ ဆိုင်ကိုရောက်လာကတည်းကမြင်တာ။ ဆိုင်ထဲမှာ မြသက်ထားက လုလင်ပျိုရဲ့တပည့်ကျော်တွေလေးထံ ဓာတ်ပုံရွေး ငွေချေနေတာထဲက မြင်နေရတာပါ။

ပြန့်ခါနီး လုလင်ကို မြသက်ထားက လှမ်းနှုတ်ဆက်တော့ လုလင်က ဆိုင်ခန်းအပြင်ထိ ထွက်လာပြီး မြသက်ထားအတန်ကြာ စကားလက်ဆုံကျနေတာမို့ ဓာတ်ပုံဆရာ တော်တမ်မာဆိုတဲ့ ပတ်သက်မှုထက်တော့ ပိုမှာ ညက

သည်။ ဒ့သက်ထား လက်ထဲမှ

မြသက်ထား လှည့်ထွက်သွားတော့မှ ညတန်ခူးတို့ ဓာတ်ပုံတွေကို ဆုံးစံအတိုင်း မိဖုရားဆိုင်ဘက် ဖျတ်ခနဲ လေးနှစ်သမီးကလည်း ပြီးတော့ ခိုးကြည့်တာ သူ မဟုတ်သလိုဗျရာကလည်း ရိုက်ကူးအရာလုပ်ရင်း ဆိုင်ထဲပြန်လှည့်ဝင်သွားပါသ အနေအထားတွေ

www.burmeseclassic.com

www.burmeseclassic.com



လည်းဖွင့်ကာ ရွှေဈေး ငွေဈေး ပေါက်ဈေးတွေ ပို့ထားတာတွေ ဖွင့်ကြည့်တတ်တာ။ ဒါကြောင့် ကြီးကြီး တွေ့မှာစိုးပြီး အားလုံး ဖျက်ပစ်လိုက်တာ။ ပြန်လည်းမစစ်မိ မကြည့်မိ။ In box ရော Sent box ရော Empty ဖြစ်သွားတဲ့အထိ အားလုံးဖျက်ချလိုက် ပါသည်။

အပြန်အလှန် ပို့နေစဉ်ကတော့ ပျော်လည်းပျော် ရင်လည်းခုန်၊ မြူးထူးနေပြီး ရယ်ရင်းမောရင်း ဖျတ်ခနဲ ဖျတ်ခနဲ မြန်မြန်ပို့နေတာ။ မောင်လာတော့မှ 'Bye'လို့ နှုတ်ဆက်ဖြတ်ချ ပြီး ကားမောင်းထွက်လာခဲ့တာလေ။ အပျော်သဘောနှင့် မထိတထိ ရိသဲ့သဲ့လေးတွေတော့ ရေးမိပို့မိတာ သတိရသည်။ လုံးစေ့ပတ်စေ့ မမှတ်မိတော့ပါ။

ပြဿနာပါပဲ။

မထိတထိတွေထဲမှာ ဇောင်လေးက သူ့ကိုချစ်တယ် လို့ တကယ်ယူဆသွားတာလား။ တမင် အပိုင်ချည်တုပ်ပြောနေ တာလား။ ဒါမှမဟုတ် နောက်သွားတာလား။ သေချာတာကတော့ တန်ခူး လုပ်နေတဲ့လုပ်ရပ် အရွဲ့တိုက်ဓာတ်လမ်းကို ရှေ့မတိုးရင် ကောင်းလိမ့်မည် ဆိုတာပင်။

အိမ်ပြန်ရောက်၍ ဂိုဒေါင်မှာ ကားသိမ်းပြီး အိမ်ပေါ် တက်လာတယ်ဆိုလျှင် ဧည့်ခန်းမှာ လက်ပိုက်ထိုင်နေသော ကြီးကြီး ကို ရင်ဆိုင်လိုက်ရပါသည်။ ကြီးကြီးပုံစံက သာမန်မဟုတ်တာမို့ တန်ခူးက စိတ်ပူသွားပြီး ...





"ကြီးကြီး ... ဘာဖြစ်လို့လဲ"

"တန်ခူး ... ဒီမင်္ဂလာဆောင်ကို ညည်း အခု ဘယ်သူနဲ့ သွားတာလဲ"

"ရှင်"

"ကြီးကြီး မေးတာ ဖြေဦး"

"အသိတစ်ယောက်နဲ့ ကြီးကြီး"

"ဘယ်ကအသိလဲ"

"ဟို ... ဆိုင်နီးနားချင်းပါ၊ သူ့ကိုလည်း ဖိတ်စာနဲ့ တူတူသွားလိုက်တာ"

တန်ခူးက အကျယ်အကျယ် မဖြစ်လို၍ ကြီးကြီးကို ညာလိုက်မိပါသည်။

"ယောက်ျားလေးဆို"

"ဟုတ် ...၊ ချာတိတ်ပါ၊ ချစ်ချစ်တို့သာသာမို့ ခင်နေတာ ပါ"

ညတန်ခူးက ဆိုင်အတူလိုက်ထိုင်နေကျ အတူနေ တူမဝမ်းကွဲ ချစ်ချစ်ကို ဆွဲထည့်လိုက်ပါသည်။ တကယ်တော့ ချစ်ချစ်က ခုမှ အသက်နှစ်ဆယ်ကျော်ရုံ ရှိသေးတာပါ။ လုလင် က အစိတ်ဆိုပေမယ့် အရေးမပါပါဘူးဆိုတဲ့ အမိပ္ပာယ်သက်ရောက် စေ၍ မတိမ်းမယိမ်းလို ယုဉ်ပြောလိုက်တာပင်။

"ကြီးကြီး ချစ်ချစ်ကို ခုပဲမေးကြည့်နေတာ တန်ခူး၊ ဘယ် က ချစ်ချစ်အရွယ်ရမှာလဲ၊ အသက်က အစိတ်ကျော်ပြီးတို့၊



www.burmeseclassic.com

www.burmeseclassic.com



နှင့် အလင်းအမှောင်ကစားကာ ရိုက်ထားတာဖြစ်ရာ ဓာတ်ပုံတွေက အလွန်ပင် အသက်ဝင် လှပလွန်းပါသည်။

"သူ့ဆိုင်ဘေးက My Choice ဆိုတဲ့ အကျီဆိုင်က ငါ့ယောက်မ ဆိုင်လေ၊ ကိုကိုကြီးမိန်းမ၊ လုလင်တို့မိသားစုနဲ့ ယောက်မတို့ မိသားစုကတော့ အတော်ခင်တာ၊ အဲဒီက တစ်ဆင့် ငါတို့နဲ့ပါ သိနေတာပါ၊ ရန်ကုန်ပြန်ရောက်ပြီး နောက်တစ်ရက်ကတော့ အဲဒီလုလင်ရဲ့အဘွားလေ ဆီးချိုတွေတက်တာ၊ အဘွားကြီးက သွေးတိုးဆီးချိုသမား၊ အဲဒီနေ့ကလည်း တော်တော်လေးဆိုးတာ၊ ဖြစ်ချင်တော့ သူတို့ပြနေကျ သမားတော်ကြီးက နိုင်ငံခြားမှာ ကွန်ဖရင့်စ် သွားတက်နေရတာ တစ်လကျော်ကြာမှာ၊ အဲဒါဘယ်သူ့ ပြောင်းပြရကောင်းမလဲ မသိနဲ့ပေါ့ဟယ်၊ သူ့သမားတော်ကြီးနဲ့ လယ်ဗယ်တူကို ပြောင်းပြရင်လည်း နောက်ပိုင်းမှာ ဆက်မပြတော့ဘဲ ရပ်ပစ်မှာဆိုတော့ ဂရုမစိုက်မှာစိုးတာ တစ်ကြောင်း၊ အားနာတာတစ်ကြောင်း ဘယ်သူနဲ့ပြရမလဲ လှမ်းမေးတာ၊ ကိုကိုကြီးကတော့ ဆရာဝန်မလုပ်ပေမယ့် ဆရာဝန်အဲ့တော့ ရထားတာဆိုတော့ တော်လည်းတော် ငယ်လည်းငယ်ပြီး အရင်သမားတော်နဲ့ဆိုရင် တပည့်တပန်းလည်း ဖြစ်ခဲ့ဖူးတဲ့ သမားတော်ပေါက်စဆိုပြီး ကိုလင်းဝင်းထူးကို ညွှန်တယ်"

"ဩော်"





"ကိုကိုကြီးတို့ထက် တစ်နှစ်လောက်တော့ ဂျူနီယာဖြစ်တော့ သိပ်မရင်းနှီးဘူးတဲ့၊ ဆိုတာနဲ့ ငါကလည်း "ငါနဲ့ရင်းနှီးတယ်၊ သိကျွမ်းတယ်၊ သူငယ်ချင်းရဲ့ ခင်ပွန်းလောင်း ပဲဆိုပြီး ကိုလင်းဝင်းထူးဆီ လိုက်သွားပေးလိုက်တာဟဲ့"

"ဩော် ... နင့်ကို မှတ်မှတ်မိမိ ဖော်ဖော်ရွေရွေ ဆက်ဆံရဲ့လား"

"ဆက်ဆံပါတယ်ဟဲ့၊ ငါနဲ့တွေ့တာ မပြောဘူးလား"

ညတန်ခူးက အဖြေမပေးဘဲ နားသာဆက်ထောင်နေလိုက်ပါသည်။

"ဂရုစိုက်ပါတယ်၊ လုလင်ရဲ့အမေဆိုရင် သဘောတော်တော်ကျတယ်၊ သူ့ဆရာကြီးရဲ့ ပေးရှင်နိုလည်း အရမ်းဂရုစိုက်ပါတယ်၊ အဲဒီနေ့က လိုက်ပို့ရင်းပဲ စကားစပ်ရင်းက ငါ့သမီးမွေးနေ့ အမှတ်တရ ဓာတ်ပုံလေး ဘာလေးလဲ ရိုက်ဦးမယ်ဆိုပြီး လုလင်ကို ခေါ်လိုက်တာပါ၊ ကြည့်ပါလား၊ သူ့ပုံတွေ သမားရိုးကျပုံတွေနဲ့ကို မတူဘူး၊ ငါ့သမီးတောင် ရုပ်ပြောင်းပြီး သူ့ရဲ့သဘာဝကျတဲ့ ချစ်စရာကောင်းတဲ့ပုံမျိုး ထွက်လာတယ် ...

သူရိုက်လိုက်ရင် တခြားမော်ဒယ်လ်တွေလည်း ရုပ်ပြောင်းပြောင်းသွားသလိုပဲဟဲ့၊ သူက သူများမတွေ့တဲ့အလှ သူများမမြင်တဲ့ ဆွဲဆောင်မှုကို မြင်တတ်တယ်"

ညတန်ခူးက ဓာတ်ပုံလေးများကိုကြည့်ရင်း...



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ လုလင်ပျိုက ရည်းစားရှိလား"

"ဘုရားရေ ... နင် ဘာမေးလိုက်တာလဲ၊ ထူးဆန်းလိုက်တာ"

ညတန်ခူးသည် စိတ်ထဲသိချင်တဲ့အတိုင်း လွှတ်ခနဲ မေးထွက်လိုက်မိတာအတွက် ကိုယ့်ဟာကိုယ် အိုးတိုးအမ်းတမ်း ပြန်ဖြစ်သွားရင်း ...

"လူပျိုလား ရည်းစားရောရှိလား သိချင်တာပါ၊ ဘာရှယ် မဟုတ်ပါဘူးဟဲ့၊ ဟိုက ငါတူမ ဝမ်းကွဲနဲ့ရော ဆိုင်က ကောင်မလေးတွေနဲ့ပါ သူတို့ဆိုင်ကလူတွေအားလုံး ခင် နေကြတာမို့လို့ မေးကြည့်ထားတာပါ"

တကယ်တော့ ဆိုင်က တူမဝမ်းကွဲရော ကောင်မလေး တွေအားလုံးရော တာရာတို့ ခွဲတို့ မာတ်ပုံဆိုင်က ဖိုးချွားတို့နှင့် ခေါ်ပြောရင်းနှီးကြပေမယ့် ခပ်တည်တည် ခပ်တန်းတန်း နေတတ် လွန်းတဲ့ လုလင်ပျိုနဲ့တော့ မရင်းနှီးကြပါ။

"သြော် ... လူပျိုပါတဲ့၊ ပြီးတော့ သိပ်အေးတာတဲ့ ယောက်မမိသားစုနဲ့ အရမ်းခင်ကြပြီး ဒီဆိုင်ခန်းဝယ်ဖြစ် တာကိုက ဟိုဘက်ဇာပ်လျက်ယောက်မက ဆိုင်ခန်းအားတာ သိပြီး ပြောပြလို့ ဝယ်ဖြစ်တာ၊ ယောက်မနဲ့တစ်ဆင့်စကား ပြောကြ ဝယ်ကြတာပေါ့၊ ဒါတောင် အဲဒီလုလင်ပျိုကတော့ ယောက်မနဲ့ ဟက်ဟက်ပက်ပက် စကားမပြောဖူးဘူးတဲ့ ...





မာနကြီးတာမျိုးလည်း မဟုတ်ဘူး၊ အနေအေးပြီး သူ့ဟာသူ သီးသန့်နေတတ်တာပေါ့၊ ရည်းစားကတော့ ရှိမရှိ ဘယ်သိမလဲ၊ သူ့အမေအဖေကတော့ မိန်းကလေး ကောင်းကောင်းတွေ့ရင် စပ်ပေးဖို့ ယောက်မကို ပြောဖူး တယ်တဲ့၊ ရည်းစားမရှိလို့ နေမှာပေါ့"

ညတန်ခူးက ခေါင်းလေးတညိတ်ညိတ် လုပ်မိသည်။

သူ့စိတ်ထဲမှာလည်း အလိုလိုနေရင်းပင် လုလင်ကို ရည်းစားမရှိတဲ့ လူရွယ်လေးတစ်ယောက်လို့ပဲ ထင်နေမိပါသည်။ သံယောဇဉ်အတွယ်အတာတွေ မရှိရင် ကောင်းတယ်။ အကြောင်း ရင်းကတော့ ညတန်ခူးသည် လုလင်ကို အသုံးချစရာလေးတစ်ခု တွေးနေမိတာမို့ပါ။

"ဟဲ့ ... ငါသွားမှဟဲ့၊ အချိန်သိပ်မရလို့ သိလား"

"အေး ... သွား၊ လူချင်းမတွေ့နိုင်လည်းပဲ ရန်ကုန်မှာ မရှိ လည်းပဲ နေပြည်တော်ကနေပဲ ဖုန်းလေး ဘာလေးတော့ ဆက်လို့ရပါသေးတယ်ဟဲ့"

"အေးပါဟယ် ... ဆက်ပါ့မယ်၊ သြော် ... ကိုလင်းဝင်းထူး ကိုလည်း ကျေးဇူးတင်ကြောင်း ငါ့ကိုယ်စား ပြောထားပေး ဦး သိလား၊ သူ့ကိုနောက်ထပ်လည်း သွားပြရဦးမှာပဲလေ"

ဒီကိစ္စအတွက် ကျေးဇူးတင်ကြောင်းပြောဖို့ နေနေ သာသာ ငါနဲ့တောင်မှ အဆက်အဆ ဖြစ်တော်တောက်နေကြတာ ရက်အတန်ကြာနေပြီ မြဲ့ကျ်ထားရေ။ သူကလည်း သူ့မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com

ကို ရေနွေးနဲ့ကောက်ပက်တဲ့အထိ အတင့်ရဲတဲ့ မိန်းမကို လုံးဝအလျှော့ပေးမယ့်ပုံ မရသလို ငါကလည်း သူ့ ဟိုဆရာဝန်မလေးနဲ့ နေ့တိုင်းတွေ့နေ ဆုံနေ တွဲနေတာကို သိသိကြီးနဲ့ ပြန်တောင်းပန်ပြီး ကိုယ်ကစမခေါ်ချင်တဲ့ မာနတွေချင်း ပြိုင်ဆိုင်နေကြတဲ့ အချိန်ကာလမို့ပါ။

ဟိုတစ်နေ့က သူ့အစ်မရင်းကိုယ်တိုင် ဆိုင်ကိုဆရာသမားရဲ့ကတော် ခေါ်လာပြီး စိန်လော့ကက်လေးတစ်ခု ဝယ်သွားသေးတာ ပြုံးပြုံးရွှင်ရွှင်ပဲမို့ "ကို"ဟာ သူ့မိသားစုထံမှာ ညတန်ရှုးနဲ့ ပဋိပက္ခကို ပြန်ပြောပြမထားဘူးလို့ ရိပ်မိရပါသည်။ အဖျက်ကို ဦးတည်ရှေ့ရှုမှုတော့ မရှိသေးဘဲ သူ့ကို မထိလေးစားလုပ်ရဲတဲ့ ညတန်ရှုးကို စိတ်ဆိုးမပြေ ခွင့်မလွှတ်ရဲသာလို့ မှန်းဆနိုင်ပါသည်။

သူ့မာန သူ့အတ္တတွေနဲ့ မပျော့ဘဲ တင်းခံနေတဲ့ လင်းဝင်းထူးကို ညတန်ရှုးကလည်း ကိုယ့်ဘက်က စတင်ဒူးမထောက်လိုတာမို့ တခြားတစ်နည်းတလမ်းကလေးများ သုံးကြည့်မလားလို့ စိတ်ကူးယဉ်ကြည့်မိတဲ့အခါ ရှေ့ဆုံးက ပေါ်လာသူဟာ လုလင်ပျိုပဲ ဖြစ်နေခဲ့တာပါ။

♥♣♥



# ၄

လုလင်ရဲ့အမေ ဒေါ်ချယ်ရီသည် ပေါ်တီကိုအောက်ထိုးဆိုက်လာတဲ့ ကားပေါ်က မိန်းကလေးကို တအံ့တဩ ကြည့်နေမိပါသည်။ နေဝင်ရီတရော အလင်းရောင်လျော့လျော့မှုန်မှုန်ထဲမှာ အနက်ရောင်ဝတ်စုံ ဝတ်ထားတဲ့ မိန်းကလေးရဲ့ လည်တိုင်နားရွက်များ လက်ဖျားလေးတို့မှာ စိန်ရောင်ပြိုးပြက်နေပါသည်။

ခြံထဲမှာ ရှိနေချိန်ဖြစ်၍ ကားအနားသို့ ကိုယ်တိုင်ပဲထပ်လာခဲ့ကာ ...

"ဘယ်သူနဲ့ တွေ့ချင်လို့ပါလဲကွယ်"

ညတန်ရှုးသည် အရိပ်အခြဲ မြင်ရုံနှင့် လုလင်ရဲ့မိခင်ဖြစ်မှန်း သိသာနေတဲ့ အမျိုးသမီးကြီးကို ပြုံးပြရင်း တစ်ဆက်တည်း ကားပေါ်က ဆင်းလိုက်ကာ ...

"အန်တီ ... လုလင်နဲ့ တွေ့ချင်လို့ပါ"

"လုလင် ! "

www.burmeseclassic.com

www.burmeseclassic.com

လုလင်နဲ့ ဒီမိန်းကလေးက ဘယ်လိုပတ်သက်မှုပါ လိမ့်ဟု ပိုပြီးအံ့အားသင့်ရသည်။ လုလင်ထံက မိန်းကလေးကိစ္စ ဘာသံမှ မကြားရဖူးဘဲနဲ့။ ဒီမိန်းကလေးပုံစံက ကြည့်လိုက်သည် နှင့် အခြေကြီးမြင့်ကာ နယ်နယ်ရရ လူတန်းစားအလွှာမှ မဟုတ် တာ သိသာ၍ အရှိန်အဝါတစ်ခု လင်းလက်ဝင်းပြက်နေပါသည်။

"ဩော် ... သမီး ခဏနော်၊ အိမ်ပေါ်တက်ထိုင်ပါဦးလား"

လုလင်ရဲ့စတီဒီယိုအိမ်လေးဆီ ခေါ်သွားဖို့တော့ မသင့်ဘူးထင်ပြီး အိမ်ကြီးပေါ်ပဲ ဖိတ်ခေါ်လိုက်ပါသည်။

"နေပါစေ အန်တီ၊ ကျွန်မ ဒီကပဲ စောင့်ပါမယ်၊ လုလင် နဲ့ သွားစရာလေးတစ်ခု ချိန်းထားတာ ရှိတာပါ"

"ဩော် ... ဒါဖြင့် ခဏနော် သမီး"

ဒေါ်ချယ်ရီက သူကိုယ်တိုင်လည်း ခြံထောင့်စတူ ဒီယိုလေးအထိ သွားမနေချင်တော့။ အိမ်ပေါ်ကိုပဲ အပြေးတက် လာကာ ဧည့်ခန်းကမဟုတ်တဲ့ အတွင်းခန်းတစ်နေရာက ဖုန်းနှင့် လုလင်ထံ လှမ်းဆက်လိုက်ပါသည်။ ဧည့်ခန်းက ပြောနေရင် ဟို မိန်းကလေး ကြားမှာစိုးလို့ပင်။

"မေ ... ဘာလဲ"

"လုလင် ဧည့်သည်ရောက်နေတယ်"

"ဘယ်သူလဲ မေမေ"

"မသိဘူးလေ၊ မိန်းကလေးတစ်ယောက်ပဲ"

"ဩော် ... သိပြီ"



"ဟဲ့ ... နေဦး၊ ဖုန်းမချနဲ့၊ ဘယ်ကမိန်းကလေးလဲ သား"

"ဩော် ... သူက ညတန်ခူးတဲ့"

"ညတန်ခူး"

"ဟုတ်"

"နေပါဦး၊ မင်းနဲ့ အပြင်သွားဖို့ ချိန်းထားတာဆို"

"ဟုတ်တယ် မေမေ"

"ဘယ်သွားဖို့လဲ"

"အာ ... မေမေကလည်း၊ ဘာတွေထူးဆန်းနေတာလဲ၊ ခါတိုင်းလည်း ကျွန်တော့်ဆီ အောက်ဒိုးဓာတ်ပုံထွက်ရိုက် ဖို့ ဧည့်သည်တွေ လာတတ်တာပဲလေ၊ အဲဒီလိုပဲပေါ့၊ ဓာတ်ပုံရိုက်ဖို့ကိစ္စပါ၊ မေမေက ဘာလို့အံ့အားတသင့်ဖြစ် နေတာလဲ"

"မသိဘူး၊ သူ့ကိုမြင်လိုက်တဲ့ ချက်ချင်းပဲ မေမေ့စိတ်ထဲ မှာတစ်မျိုးပဲ၊ သားနဲ့ တစ်ခုခု ပတ်သက်နေတဲ့ မိန်းက လေးလို့ ထင်လိုက်မိတာ၊ သူ့မျက်နှာမှာ အဲသလိုထင်ရ စေတဲ့ အရိပ်အယောင်တစ်ခုခု ရှိနေသလိုပဲ"

"မဟုတ်ပါဘူး မေမေရယ်"

"သားက မဟုတ်ဘူးဆိုရင် မေမေ ယုံပါတယ်၊ ဒါပေမဲ့ သူ့မျက်လုံးတွေက မေမေ့ကိုလည်း လုလင်ရဲ့အမေဆိုပြီး ပတ်သက်မှုတစ်ခု ပြနေသလိုပဲ"

"မေမေ သူ့ကို သဘောမကျတာလား"

www.burmeseclassic.com

"ဟင့်အင်း ... မဟုတ်ပါဘူး၊ သူ့ကြည့်ရတာ အသိုင်းအဝိုင်းကောင်းက မိန်းကလေးဆိုတာ သိသာတာပဲလေ၊ မေမေ မကြိုက်မရှိပါဘူး၊ ထူးခြားသလို ဖြစ်နေလို့ မေးကြည့်တာပါ၊ ညကြီးမင်းကြီး ဓာတ်ပုံရိုက်ဖို့တဲ့လား"

"ပွဲတစ်ခု မေမေ၊ ညပွဲပေါ့"

"ဩော် ... အင်း ... အင်း၊ ဟုတ်ပြီ ဒါဖြင့် သားလာခဲ့တော့လေ၊ သူက အိမ်ပေါ်မတက်ဘူး၊ ခြံထဲပဲ ရပ်နေတယ်"

"ဟုတ်ကဲ့"

ဒေါ်ချယ်ရီက ဖုန်းချလိုက်ပြီး အိမ်ပြင်ဘက် ကမန်းကတန်း ပြန်ထွက်လာကာ ...

"သမီး ... လုလင်ကို အန်တီပြောလိုက်ပြီ၊ လာပါလိမ့်မယ်"

"ကျေးဇူးတင်ပါတယ် အန်တီ"

ဒေါ်ချယ်ရီသည် အရပ်လေးကမြင့်မြင့်၊ ခန္ဓာကိုယ်လေးက အလျားသွယ်သွယ်၊ ဖြူနုနေသော အသားအရေနှင့် ဆံပင်တိုတိုလေး နားရွက်နောက်က ရှေ့ကိုကွေးကော့ထွက်နေတဲ့ မဟာဆန်ဆန် နုန်းဆန်ဆန် ပုံစံလေးကို ကြည့်မဝသလိုတောင် ဖြစ်နေပါသည်။ အတော်စမတ်ကျ အထက်တန်းကျတဲ့ မိန်းကလေးပဲ။

"အထဲဝင်မထိုင်တော့ဘူးလားကွယ်"





"နေပါစေတော့ အန်တီ၊ လုလင်လည်း ပြီးနေမှာပါ၊ ကျွန်မတို့ အချိန်အတိအကျ ချိန်းထားတာပါ၊ ကျေးဇူးတင်ပါတယ်၊ အန်တီ လုပ်စရာရှိတာ လုပ်ပါနော်"

ပြောရင်း ညတန်ခူး မျက်လုံးများက ဒေါ်ချယ်ရီ့နောက်ကျောဘက်ဆီ ကျော်ကြည့်လိုက်တာမို့ ဒေါ်ချယ်ရီက လှည့်ကြည့်လိုက်လျှင် နောက်နားရောက်နေတဲ့ တာရာက ...

"ဟင် ... အစ်မ"

"ဩော် ... တာရာကလည်း ဒီမှာနေတာလား"

"တစ်ခါတလေလည်း ဒီမှာ ညအိပ်လိုက်တယ်၊ တစ်ခါတလေလည်း အိမ်ပြန်တယ် အစ်မ၊ ကျွန်တော်က ကိုလုရဲ့တစ်ဝမ်းကွဲညီပါ"

တာရာသည် အိမ်ရှေ့ကို ညတန်ခူး ရောက်နေတဲ့ အဖြစ်ကို အံ့အားတွေ့ သင့်နေပါသည်။ မကြာခင်ဘဲ လုလင်က ဘင်မရာအိတ်ကို စလွယ်သိုင်းကာ လက်တစ်ဖက်က မီးခွက်တိုင်ကိုကိုင်၍ အပြေးရောက်လာပြီမို့ ဘာမှမမေးမြန်း မစပ်စုလိုက်ရ။

"မေ ... ကျွန်တော် သွားပြီ"

"သားက ဒီကားနဲ့ပဲ လိုက်မှာလား"

လုလင်က ညတန်ခူးကို ခပ်ဖွေဖွေကြည့်ရင်း ...

"ဟုတ်ကဲ့ ... အစ်မက တူတူပဲ လိုက်ခဲ့ဆိုလို့"

"အပြန်လည်း ကျွန်မပဲ အိမ်ထိပြန်ပို့ပေးမှာပါ အန်တီ"

"အေး ... အေး ... ရပါတယ် သမီးရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ခွင့်ပြုပါဦး အန်တီ၊ တာရာ သွားမယ်"

"ဟုတ်"

မောင်းသူသွားနေရာ ဝင်ထိုင်လိုက်တဲ့ လုလင်က မျက်နှာခပ်လွှဲလွှဲနှင့် အမေနှင့်ညီကို မကြည့်။ ညတန်ခူးကသာ ကားကို ကျင်လည်စွာ မောင်းထွက်ရင်း လက်ပြသွားပါသည်။

"ဟဲ့ ... တာရာ"

"ဗျာ"

"ဘယ်သူတုန်း အဲဒါ၊ မင်းအစ်ကိုနဲ့ ဘယ်လိုလဲ"

"ကိုလုနဲ့တော့ ဘယ်လိုလဲ၊ ကျွန်တော်လည်း ဘယ်သိမလဲ ကြီးကြီး"

"ဟဲ့ ... မသိလို့ ရမလား ကလေးလေးရဲ့၊ နင်တို့နဲ့ တစ်နေကုန် အတူရှိနေတာပဲဟာ"

ဒေါ်ချယ်ရီက တာရာ့လက်မောင်းကို ဖိုးခနဲ ဖတ်ခနဲ ရိုက်ကာမေးလျှင် ...

"အား ... ကြီးကြီးကလည်း၊ ကြီးကြီးသားက ကျွန်တော့်ကို အရေးလုပ် တိုင်ပင်တာကို၊ ကျွန်တော်က သူ့ကိစ္စသိရအောင်က"

"ဘာမှမပြောဘူးလား"

"ဟင့်အင်း"

"အဲဒီကလေးလည်း အင်မတန် နှုတ်နည်းတဲ့ကလေး"





"သူတို့ ခုလိုခင်မှန်းလည်း မသိဘူး၊ ဒီနေ့ ဓာတ်ပုံရိုက်ဖို့ ကိစ္စ ခေါ်ထားတာလည်း မသိဘူးဗျ"

"ကြည့်စမ်း ... ဘာမှကိုမပြောဘူး၊ ဒီကောင်လေးတော့၊ မီးတိုင်ကိုင်ပေးဖို့လည်း ဖိုးခွားတို့ ဘာတို့ မခေါ်သွားပါလား"

"သူနဲ့ ဒီအစ်မကြီး ဘယ်တုန်းက ရင်းနှီးသွားမှန်းကို မသိတာ"

"မင်းကကော ဘယ်လိုလုပ်ပြီး သူနဲ့သိနေတာလဲ"

"သိတာပေါ့၊ မိဖုရားလေ သူက"

"ဘာရယ်"

"မိဖုရား စိန်ရွှေရတနာဆိုင်လေ"

"သြော် ... ဟုတ်လား"

"ဆိုင်ချင်းနီးနေတော့ ကျွန်တော်တို့နဲ့က ဖွင့်ပွဲလုပ်ကတည်းက ခင်နေတာ၊ ကိုလုနဲ့သာ ဘယ်တုန်းက ခင်သွားမှန်း မသိတာ"

"အပျိုပေါ့"

"ဟုတ်ကဲ့"

ဒေါ်ချယ်ရီက ဘယ်သူမှ မရှိဘဲနှင့်ကို တာရာနားနား အရေးတကြီးဟန်နှင့် တိုးကပ်ရင်း လေသံဖျော့ဖျော့နှင့် ...

"မင်းအစ်ကိုနဲ့ ရိုးရိုးလား ဆန်းဆန်းလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှကို မသိတာပါဆို ကြီးကြီးကလည်း၊ ကျွန်တော်တို့ရှေ့မှာ တစ်ခါမှကို ဟက်ဟက်ပက်ပက် နှုတ်မဆက် စကားမပြောဖူးဘဲနဲ့ အခု အပြင်ကိုတောင် လာခေါ်သွားတာ ကျွန်တော်တောင် စဉ်းစားလို့ မရဘူး"

"သူတို့ချင်း မင်းမတို့မသိအောင် ရင်းနှီးနေလို့ ဖြစ်မှာပေါ့"

"အဲလိုဆိုရင် မဖြစ်ဘူး ကြီးကြီး၊ ဒီအစ်မကြီးက အပျိုပေမယ့် သူ့မှာ ရည်းစားရှိတယ်၊ ရည်းစားတောင် လက်ထပ်ဖို့ ရည်ရွယ်ထားတဲ့ အတည်အတံ့ ခင်ပွန်းလောင်းမျိုး၊ ယောင်ပေါင်ပေါင်တောင် ရည်းစားမဟုတ်ဘူး"

ဒေါ်ချယ်ရီက ငိုင်သွားပြီးမှ ...

"ဒါဖြင့်လည်း ဒါကို သူလည်းသိနေမှာပဲဟာ၊ ရိုးရိုးတန်းတန်း မိတ်ဆွေလို ခင်မင်ကြတာ နေမှာပေါ့"

"အဲဒါတော့ မသိဘူး၊ ဒါပေမဲ့ ကိုလုက ဒီအစ်မကြီးကို အရမ်းကြွေတာ"

"ဟင်"

"ကြီးကြီးနော် ... ကျွန်တော် ပြောတာတွေ ကိုလုကို ပြန်အစ်မေးမနေနဲ့၊ ကျွန်တော် နာနေဦးမယ်၊ နှုတ်လုံဦး"

"အို ... နှုတ်လုံပါတယ် သားရယ်၊ မင်းအစ်ကိုက တစ်ဖတ်သတ် ကြိုက်နေတာလား၊ ငါသားလေး သနားပါတယ်"

"ကိုလုက သူ့စိတ်ထဲ ဘာရှိလဲ ဖော်လှူသိခွင့်ရတာမှ မဟုတ်တာ၊ ဒါပေမဲ့ ဒီအစ်မကိုတော့ သူ တော်တော်လေး





စွဲလမ်းတာ မြတ်နိုးတာ သေချာတယ်၊ ကျွန်တော်တို့ ယောကျာ်းလေးချင်းဆိုတော့ ယေဘုယျတော့ အကဲခတ်နိုင်ပါတယ်"

"ဒါပေမဲ့ သူ့ဟာနဲ့သူ ယူမယ့်သူ အသင့်ဖြစ်နေမှတော့ ဘာမှဖြစ်နိုင်ချေ မရှိဘူးပေါ့၊ တော်ကြာ မင်းအစ်ကို အရူးအမူးစွဲလမ်းနေဦးမယ်၊ သားတို့ ဝိုင်းကြည့်ဦး"

"ဟုတ်ကဲ့ပါ"

"အသက်လည်း လုလင်ထက် ကြီးမှာပေါ့"

"ဟုတ် ...၊ သုံးဆယ်လောက်တော့ရှိပြီ ကြီးကြီး"

ဒေါ်ချယ်ရီသည် မဖြစ်နိုင်တဲ့ ဇာတ်လမ်းမျိုးဆိုရင်ဖြင့် သူ့သားလေး အစွဲအလမ်းကြီးစွာ ခံစားနေရမှာ စိုးရိမ်သည်။ ငိုင်နေရင်းက တစ်စုံတစ်ရာကို သတိရကာ လန့်ခနဲ မျက်လုံးဝိုင်းသွားရပြီးလျှင် ...

"ဘုရားရေ ... မဖြစ်ဘူး၊ မဖြစ်ဘူး"

"ဘာလဲ ကြီးကြီး"

"မင်းအစ်ကို့ကို ဟိုတလောက ဗေဒင်က ဟောထားတယ်၊ အသက်နှစ်ဆယ့်ရှစ် မပြည့်မချင်း မိန်းမအနှောင့်အယှက်ရှိတယ်၊ အသက်ကြီးတဲ့ မိန်းမတစ်ယောက်ကြောင့် ထောင်တန်းကျကိန်း အချုပ်ခံရကိန်းလည်း ရှိတယ်၊ မဖြစ်ဘူး၊ လုလင်က ခုမှ နှစ်ဆယ့်ခြောက်ထဲ ဝင်ကာရှိသေးတာ၊ ဒီကြားထဲ တစ်ခုခု ဖြစ်နိုင်သေးတယ်၊ သား ... ကြီးကြီး



www.burmeseclassic.com

www.burmeseclassic.com



လည်း ဒီမိန်းကလေး မျက်နှာကို မြင်လိုက်ကတည်းက ရင်ထဲမှာတစ်မျိုးပဲ၊ ပတ်သက်မှုတစ်ခုခု ရှိတော့မလိုပဲ ထင်နေမိတယ်၊ နတ်ရှီးဆော်တာပဲ၊ သူတို့မှာ တစ်ခုခုဖြစ် ဖို့ကို ရှိနေသလိုပဲ၊ သေချာစောင့်ကြည့်ပြီး ဖျက်စမ်းသား ကြားလား"

"ဗျာ ... ကိုလုက ကျွန်တော့်ကို နားရင်းအုပ်မှာပေါ့ ကြီးကြီးကလည်း"

"အို ... အုပ်လည်းအုပ်ပစေတော့၊ ကြီးကြီးစိတ်ထဲ တစ် မျိုးပဲ သားရယ်၊ အခြေအနေတွေ ကြီးကြီးကို အမြဲပြန်ပြော စမ်း၊ ကြားလား"

♥ ♣ ♥





ပွဲကျမွေးနေ့ပွဲ။ ခြံတစ်ခြံထဲမှာ။ လူကလည်း အရမ်း အများကြီးတော့ မဟုတ်။ လူငါးဆယ်လောက်သာ။ မွေးနေ့ရှင် က အသက်သုံးဆယ်မို့ လာသမျှ သူ့အပေါင်းအသင်းတွေကလည်း သုံးဆယ်တွေ သုံးဆယ်ကျော်တွေချည်းသာ။ ဒီအရွယ်တွေဆိုတော့ အများအားဖြင့်က အိမ်ထောင်သည်တွေဖြစ်ကာ စုံတွဲ စုံတွဲလာ ကြပါသည်။

ကားပေါ်မှ ကင်မရာယူကာ လုလင်ဆင်းကတည်း က ...

"ကင်မရာ ထားခဲ့ဦး လုလင်၊ ပွဲပြီးလောက်မှ ရိုက်မှာ"

လုလင်က-ညတန်ခူးကို အံ့အားတသင့် ကြည့်လိုက် ပါသည်။ ဓာတ်ပုံရိုက်ဖို့ မလိုသေးဘူးဆိုရင် သူလည်း ခြံထဲလိုက် ဖို့ ဘယ်လိုဦးမလဲ။ ကားပေါ်ကဆင်းပြီးနေရာမှ လုလင်က ကား တံခါးပြန်ဖွင့်ရင်း ...

"ဒါဖြင့် ... ဒါဖြင့် ကျွန်တော် ဒီမှာပဲ နေခဲ့ရဦးမှာပေါ့"

"ဟင့်အင်း ... ဘယ်ဟုတ်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



ညတန်ခူးက လုလင်ကို သနားတောင် သနားသွားမိပါသည်။ ကောင်လေးဟာ သူ့ကို ကင်မရာမဲင်းအဖြစ်သာ ခေါ်လာတာလို့ပဲ ယူဆနေတော့သည်။

"ဓာတ်ပုံရိုက်ခါနီးမှ ကင်မရာတွေ ဘာတွေ ပြန်ယူတော့ ကားထဲပဲ ထားခဲ့လေ၊ ခြံထဲရပ်ထားတာပဲဟာ၊ ကားသော့လည်း ခတ်ခဲ့မှာပဲ၊ ကင်မရာတွေ မပျောက်ပါဘူး"

"ပျောက်မှာစိုးလို့ မဟုတ်ပါဘူး"

"ဒါဖြင့် လာလေ၊ ဓာတ်ပုံမရိုက်ခင်အထိတော့ ဧည့်သည်ပေါ့"

"ဧည့်သည် ! သူတို့က ကျွန်တော့်ကို ဖိတ်ထားတာမှ မဟုတ်တာ"

"မဖိတ်လည်း ဘာဖြစ်လဲ၊ တို့ကိုဖိတ်တာပဲ၊ မင်းက တို့နဲ့ပါလာတဲ့ တို့ဧည့်သည်"

လုလင်က ခါးကိုခပ်လျော့လျော့ထောက်ရင်း ညတန်ခူးကို စိုက်ကြည့်နေပါသည်။ ညတန်ခူးက ခေါင်းကိုစောင်းငဲ့ရင်း ...

"လာလေ ... ဘာကြည့်နေတာလဲ"

"........."

"လုလင်ကို တို့က အဖော်အဖြစ်နဲ့လည်း ခေါ်လာတာပါ"

အဖော် ...။ ပြောသူက ပေါ့ပေါ့ပါးပါး ပြောလိုက်ပေမယ့် အဖော်ဆိုတဲ့ စကားလုံးလေးက လုလင် ရင်ထဲ ပွဲတင်





...တ်၍ နွေးနေပါသည်။ တကယ်တော့ ကိုယ်နဲ့လည်း လုံးဝမသိ...ဲ့ သူတစ်ယောက်ရဲ့ ဧည့်ခံပွဲထဲ ဘယ်သူက ဝင်ထိုင်ချင်ပါ့မလဲ။ ...သမဲ့ လုလင်သည် ညတန်ခူးကို ဆန့်ကျင်မငြင်းလိုကာ စားပွဲ...ရှိရာဆီ လိုက်ပါလာခဲ့ပါသည်။

"နောက်က မလိုက်နဲ့၊ ဘေးကလာလျှောက်၊ ယောကျ်ားလေးက နောက်ကလိုက်နေတာ ကြည့်မကောင်းပါဘူး"

ကြည့်မကောင်းရအောင် သူနဲ့ကိုယ်က ဘာမို့လဲ။ ...ာမှမဆိုင်လို့ နောက်ကလိုက်တာပေါ့။ သို့သော်လည်း ကဲ ... ...ါစေ။ လုလင်က ညတန်ခူးနှင့် ရင်ဘောင်တ...ူ၍ပြီး လျှောက် ...ိုက်ပါသည်။ ခုလို မ,နှင့်အတူ ယှဉ်လျှောက်နေရတာကိုလည်း ...ိုကော့ လက်မထောင်ပြီး တစ်စုံတစ်ယောက်က ကြွားမြှချင် ...လိုလို ဖြစ်နေပါသေးသည်။

သို့သော် တဖြည်းဖြည်းနှင့်မှ သူဟာ အသုံးချခံရပြီ ...ိုတာ လုလင် သိတော့တာပင်။ သူတို့နှစ်ယောက် ယှဉ်တွဲဝင် ...ာတာကို မွေးနေ့ပွဲတွင်း ရောက်နှင့်နေကြသော ...အားလုံး ...အားတသင့် ငေးကြည့်နေကြပါသည်။ တချို့က တချို့ကိုလှမ်း ...ရင်း တီးတိုး တီးတိုး။ တချို့ကတော့ ...ကျေးမှုတွေ ဘာ ...တွေတောင် သတိမထားမိနိုင်ဘဲ ပြူးပြူးပြဲပြဲ ငေးကြည့်နေတာ။

...ညတန်ခူးက သူများတွေ ဝိုင်းကြည့်လေ လုလင် ...ာက် ပိုပြီးတိုးကပ်လေ။ သူတို့နှစ်ယောက်ပုံစံက လက်ချင်းတွဲ ...ထားတာတစ်ခုကလွဲရင် အသစ်စက်စက် ချစ်သူစုံတွဲကလေးနှင့်



www.burmeseclassic.com

www.burmeseclassic.com



တောင် တူနေပါသည်။ လုလင်ကလည်း ခပ်ရှက်ရှက်မို့ မနေတတ် မထိုင်တတ်။

"ဟယ် ... တန်ခူး"

"နင် ..."

ဖြတ်သန်းလာတဲ့ မိန်းကလေး နှစ်ဦး သုံးဦးက လက်ညှိုးလေးညွှန်ရင်း စကားတွေကို ဆုံးအောင်မပြောဘဲ ဇဆေ ဇဝါကလေးတွေသာ အပြေရှာနေကြပါသည်။ ညတန်ခူး မျက်နှာက ပြုံးရွှင်ကြည်သာနေသည်။

"ဟဲ့ ... တန်ခူး၊ ဒီမှာထိုင်"

"အေး ... အေး"

ညတန်ခူးက မူယာ ညွှန်ပြတဲ့ စားပွဲမှာ ဝင်ထိုင်ခါနီး လုလင်ကို ကပ်ကပ်လေးပဲ မျက်လွှာဝင့်ကြည့်ကာ ...

"ထိုင်လေ ... လုလင်"

လုလင်က ဘာမှမပြောပဲ ခုံဆွဲထိုင်လိုက်ပါသည်။ ဘယ်ဘက်အေးမှာ ညတန်ခူးက ရှန်းလက်တောက်ပတဲ့ အပြုံးနှင့် ဝင်ထိုင်လိုက်သည်။ လုလင်က ညတန်ခူးကိုသာ အကဲခတ်နေမိသည်။

"တန်ခူး ... မိတ်ဆက်ပေးဦး"

"မိတ်ဆက်ပေးရမှာလား"

ညတန်ခူးက မူယာ့ကို ပြုံးဝင့်ဝင့်လေးနှင့် လှမ်းမေးလိုက်ပြီး လုလင်ဘက် လက်ဝါးလေး ဝှေ့ဝဲညွှန်ပြကာ ...





"လုလင်ပျို့တဲ့"

"ဩော် ... လုလင်ပျို့ဆိုတော့ ဓာတ်ပုံရိုက်တဲ့သူ ထင်တယ်"

"ဟုတ်တယ် ... နာမည်ကြီးဆိုတော့ လူတွေက သိနေကြပြီ လုလင်"

ညတန်ခူးက လုလင်ကို ပြုံးပြုံးလေး လှမ်းပြောလိုက်ပါသည်။ မ,ရဲ့အပြောအဆိုတွေ အမူအရာတွေ အပြုံးတွေဟာ ရှိရင်းစွဲ ရင်းနှီးမှုထက် ကန့်ကလျ မှုပိုနေတာ လုလင်ရိပ်မိပါသည်။

"ဒီလောက်လည်း မျက်လုံးကြီးတွေ ပြူးမနေပါနဲ့ မူယာရယ်၊ ငါက နင့်မွေးနေ့ပွဲမှာ သူငယ်ချင်းဟောင်းတွေနဲ့ အမှတ်တရ ဓာတ်ပုံရိုက်ချင်လို့ လုလင်ကို ချောဆွဲလာတာပါ"

မူယာက လုလင် မမြင်သာအောင် ကိုယ်ခန္ဓာကို စောင်းစောင်းလေးကွယ်ပြီး ညတန်ခူးကိုပဲကြည့်ကာ နှုတ်ခမ်းလှုပ်ရုံ လေသံဖျဖျနှင့် မျက်မှောင်ကိုကုတ်ရင်း ...

"ဟဲ့ ... ဒါပေမဲ့ ငါ ကိုလင်းဝင်းထူးလည်း ဖိတ်ထားတယ်လေ၊ နင့်ကို ပြောသားပဲ"

လင်းဝင်းထူးဟာ မူယာ့အစ်ကို သီဟဇော်နှင့် Same batch အတန်းတူ နှစ်တူမို့ မူယာနှင့်လည်း အစကတည်းက ခင်ပါသည်။

"အဲဒါ ဘာဖြစ်တုန်း"



www.burmeseclassic.com

www.burmeseclassic.com

"ငါက နင်တို့နှစ်ယောက် တွေ့တွေ့လာမယ်ထင်တာ၊ ဒါဖြင့် ကိုလင်းဝင်းထူးကကော လာဦးမှာလား"

"နင့်ကို သူ လာမယ်လို့ ပြောတာမဟုတ်လား"

"အင်း ... ဟုတ်တော့ ဟုတ်တယ်လေ၊ ဒါပေမဲ့ ..."

မှုယာ သိသလောက်ဖြင့် ဟိုးတုန်းကတည်းက လင်းဝင်းထူးဟာ ဘုရင်မတစ်ပါးလို ရေပန်းစားတဲ့ ညတန်ခူးကို အလွန်အင်မတန် တိုထွာတာ။ တစ်ပါးသူ စေ့စေ့ကြည့်တာတောင် မျက်နှာညိုချင်တာ။ သူ အသည်းအသန်လိုက်ကာ မမျှော်လင့်ဘဲ ရယူပိုင်ဆိုင်ထားရတဲ့ အဖိုးတန်ရတနာကို ရပ်ပျက်ဆင်းပျက် သဝန်တိုသူပါ။

"ဘာဖြစ်လဲဟယ်၊ ထားလိုက်ဇမ်းပါ မှုယာရယ်"

မှုယာသည် တစ်ခုခုတော့ တစ်ခုခုပဲလို့တော့ အကဲခတ်နိုင်ပေပြီ။ ဒီလှရှယ် ခပ်မိမိလေးဟာ အထူးရေပန်းစားကျော်ကြားလာတဲ့ "သမားတော်ကြီး ဒေါက်တာလင်းဝင်းထူး"ဆိုတဲ့ အဆင့်မျိုးကိုတော့ မီတဲ့သူ ဟုတ်လို့လား။ ညတန်ခူး မျက်နှာကို ကြည့်ရုံနှင့် ဒီကောင်လေးကို ရိုးရိုးရှင်းရှင်း ဆက်ဆံနေတာမဟုတ်ဘဲ ရင်ခုန်သံတွေ ပေးနေတာဆိုတာကိုလည်း ရိပ်မိသလိုလို ရှိနေပါသည်။

"လုလင် အမျိုးသားတွေအတွက် ဟိုဘက်မှာ ဝိုင်ရှိတယ်၊ သောက်ရင် ရတယ်"

"ဟင့်အင်း ... ကျွန်တော် မသောက်ချင်ပါဘူး၊ အချိုရည်ပဲသောက်မယ်"





လုလင် အဖြေကြောင့် ညတန်ခူးက စားပွဲပေါ်မှာပဲ အသင့်ရှိနေတဲ့ အအေးပုလင်းကို လှမ်းယူကာ စားပွဲပေါ်က ဖောက်တံနှင့် ဖောက်လိုက်ပါသည်။ ဖောက်လိုက်တဲ့ ကိုလာကို လုလင်ရှေ့က ဖန်ခွက်ထဲ တစ်ဝက်ငှဲ့ထည့်ပေးပြီး သူ့ဖန်ခွက်ထဲ တစ်ဝက်ထည့်သည်။

လုလင်သည် ညတန်ခူးနှင့် မွေးနေ့ရှင်တို့ရဲ့စကားတွေကို (တမင်တိုးတိုး ပြောကြတာမို့) လုံးစေ့ပတ်စေ့ မကြားသော်လည်း နီးနီးကပ်ကပ် ထိုင်နေတာမို့ တစ်စွန်းတစ်စတော့လည်း ကြားပါသည်။ ဒါကြောင့်လည်း သူ့ကို မ,အသုံးချနေပြီထင်သည် ဆိုတဲ့ အတွေးက ပိုပြီးခိုင်လုံလာသည်။ ဆရာဝန်နှင့် အဆင်မပြေတဲ့ မ,က ဒီပွဲကို သူ့ကိုခေါတ်ပုံရိုက်ဖို့ အကြောင်းပြပြီး တမင်တကာ ပါအောင်ခေါ်လာခဲ့ပုံပင်။

"ဘူဖေးယူစားရမှာ လုလင်၊ သွားယူစားတော့မလား"

"ဟင့်အင်း ... ကျွန်တော် မဆာသေးဘူး"

ထိုစဉ်တုန်းပဲ မွေးနေ့ခြံထဲကို ဒေါက်တာလင်းဝင်းထူး ရောက်လာတော့တာဖြစ်သည်။ ဝင်လာကတည်းက သူ့ရဲ့ ဖောက်စ်ဝက်ဂွန်းကားသံကြီးကို လုလင် သိသည်။ ညတန်ခူးက ဘာမှမဖြစ်သလိုနေ၍ သူလည်း ငြိမ်နေရပါသည်။ အမျိုးသားတစ်ယောက်က ညတန်ခူးဘေးက ဖြတ်လျှောက်ကာ လင်းဝင်းထူးထံ ဦးတည်သွားရင်း ...



www.burmeseclassic.com

www.burmeseclassic.com

"တန်ခူး ... ဟိုမှာ လင်းဝင်းထူး လာပြီ"

ညတန်ခူးက တုတ်တုတ်မလှုပ်ဘဲ မကြားချင်ယောင်ဆောင်နေတာကို လုလင်က ရိပ်မိစွာ အကဲခတ်နေမိသည်။ သိပြီ မ,။ ကျွန်တော် သိပြီ။ သေချာပြီ။ လုလင်က သက်ပြင်းတစ်ချက်ချကာ လင်းဝင်းထူး လာရာဘက် လှည့်ကြည့်လိုက်ပါသည်။ ဟိုတစ်နေ့က မ,ရဲ့လက်တစ်ဖက်ကို လက်ကောက်ဝတ်မှ ဆောင့်ဆွဲဆုပ်ညှစ်ပြီး "အခုပြန်ထိုင်စမ်း"လို့ မာရေကျောရေ အမိန့်ပေးခဲ့တဲ့ ဆရာဝန်သည် စားပွဲတစ်ခုရှိရာသို့ သူငယ်ချင်းနှစ်ယောက် ခြံရဲ့ကာ လျှောက်သွားနေရင်း ဒီဘက်ကို လည်ပင်းလိမ်၍ စောင်းငဲ့ကြည့်သွားပါသည်။

ယောက်သွားတဲ့ သူ့ဖန်ခွက်ထဲ နောက်ထပ် ကိုလာတစ်ပုလင်း ထပ်ဖောက်ကာ ဖြည်းဖြည်းချင်း လောင်းထည့်ဖြည့်ပေးနေသည့် ညတန်ခူးကို လုလင်က လက်ကာတားရင်း ...

"တော်ပြီ အစ်မ၊ ကျွန်တော် အဲဒီအအေးတွေ မကြိုက်ဘူး၊ ရေပဲ သောက်ချင်တာ"

"ရေသန့်ဘူးလည်းရှိတယ်၊ ဖောက်လိုက်မယ်"

"ဟင့်အင်း ... ရေသန့်ဘူးကြီးကလည်း မအေးဘူး၊ အရမ်းအေးတဲ့ ရေခဲရေ သောက်ချင်နေတာ"

"အိမ်ပေါ်တက်ပြီး ရေခဲသေတ္တာထဲက သွားယူသောက်ရအောင်"

လုလင်က ခေါင်းယမ်းလိုက်ရင်း ...



"ကျွန်တော်က အိမ်ရှင်နဲ့ သိတောင်မှ မသိတာ၊ အိမ်ပေါ်ထိတက်ဖို့ အခွင့်အရေး မရှိပါဘူး၊ ကျွန်တော့်ကို တကူးတက ဂရုစိုက်မနေပါနဲ့ အစ်မ၊ အစ်မကို ကျွန်တော် တစ်ခု မေးချင်တယ်"

"ဘာလဲ ... မေးလေ"

လုလင်က ညတန်ခူးကို စိုက်ကြည့်ရင်း ...

"အစ်မချစ်သူ အထင်လွဲအောင် ယောက်ယက်ခတ်အောင် အစ်မ ကျွန်တော့်ကို အသုံးချနေတာလား"

တိုးတိုးတိတ်အေးစက်တဲ့ လုလင်ရဲ့အသံကြောင့် ညတန်ခူးက အသည်းပင် အေးသွားရပါသည်။ လုလင်က ဆူးတစ်ချောင်းလို စူးမျက်စေတဲ့ အကြည့်နှင့် ညတန်ခူးကို နှစ်ဝင်အောင် စိုက်ကြည့်နေပါသည်။ ညတန်ခူးက မျက်ခုံးလေးကိုတွန့်ရင်း ...

"မင်း ဘာတွေပြောနေတာလဲ"

"ကျွန်တော် ဘာတွေပြောနေတာလဲ အစ်မ သိပါတယ်၊ အစ်မက ဟိုလူကို ယောက်ယက်ခတ်အောင် လုပ်နေပေမယ့် တကယ်တမ်း ယောက်ယက်ခတ်နေရတာက ကျွန်တော် ဖြစ်နေတယ်"

"ဟင် ... ဘာဖြစ်လို့လဲ"

ညတန်ခူးက လုလင်ကို အံ့အားတသင့်လေး ကြည့်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ကို မိန်းမတစ်ယောက်က ဒီလိုကိစ္စမျိုးမှာအသုံး ချနေတာကို ကျွန်တော် မခံစားနိုင်ဘူး အစ်မ၊ အထူးသဖြင့် အစ်မ့က ခုလိုအသုံးချနေတာကိုခံရတာ ကျွန်တော် တော် တော်ရှုတယ်၊ ကျွန်တော် လက်မခံနိုင်ဘူး"

"နေပါဦး၊ တို့က မင်းကို ဘာတွေအသုံးချနေလို့လဲ"

"အစ်မ အသိဆုံးပေါ့၊ အနည်းဆုံး အစ်မ နည်းနည်းလောက် ကြိုပြီး တောင်းဆိုတာမျိုးတော့ မလုပ်သင့်ဘူးလား၊ ကျွန် တော် ဘာမှမသိရဘဲနဲ့ ဟိုလူ့အမြင်မှာ ယောက်ျားချင်း ကျွန်တော့်ကို ပွဲလန့်တုန်း ဖျာဝင်ခင်းနေတဲ့ကောင်လို့ ယူဆမှာပေါ့"

နီမြန်းကာ သွေးရောင်လျှမ်းလာတဲ့ အသားဖြူဖြူ ကောင်လေးရဲ့ မျက်နှာပြင်ကို ညတန်ခူးက မျက်ခုံးလေးညှိပြီး ကြည့်နေပါသည်။ နင် ငါ့ကို စိတ်ဝင်စားသားနဲ့ မဟုတ်လား ကောင်လေးရဲ့။ ငါ့ကိုညာဖို့ မကြိုးစားစမ်းပါနဲ့။ ခတ်ပုံရိုက်ဖို့ လာခေါ်မယ်လို့ ပြောလိုက်တုန်းက နင် ပျော်သွားတာ ငါသိပါ တယ် လုလင်ပျိုရယ်။

"အစ်မ ... ကျွန်တော့်ကို ဒီလိုအသုံးချလို့ ရမယ်ထင်နေ တာ စိတ်မကောင်းပါဘူး၊ ကျွန်တော် အဲဒီစာရင်းထဲမှာ မပါဘူး အစ်မ"

"ယောတော် ... မင်းက လုံးဝဆတ်ဆတ်ထိ မခံပါလား တို့က ဘာတွေများ ကျူးလွန်မိတာမို့လို့လဲ"





"အစ်မကို ကျွန်တော်က ကျွန်တော့်စိတ်ထဲမှာ အလေး အနက်ထားပါတယ်၊ အစ်မကတော့ ကျွန်တော့်ကို ပေါ့ပျက် ပျက် သဘောထားတယ်ဆိုတာ သိရလို့ စိတ်မကောင်းတာ ပါ၊ ဒီလိုနေရာမျိုးမှာ ထည့်အသုံးချတယ်ဆိုတာ ဒီကောင့် ကို နည်းနည်းမှ ဂရုမစိုက်လို့ပေါ့၊ အစ်မ ကျွန်တော့်ဘက် က သေချာစဉ်းစားကြည့်လိုက်စမ်းပါ"

"ဟာ ... မင်း တော်တော်အတွေးခေါင်လွန်းတယ် လုလင်"

လုလင်က စိတ်မကောင်းတဲ့ မျက်ဝန်းများနှင့် ည တန်ခူးကို ကြည့်ရင်း ...

"ခုတလော အစ်မ ဖုန်းဆက်ခေါ်ပြောလာတာ၊ စကား စမြည်လာပြောတာတွေ၊ ကော်ဖီတစ်ကြိမ် ထွက်သောက်မိ တာ၊ ဒါတွေ အားလုံးကြောင့် ကျွန်တော့်ကို အစ်မ ခင်မင် လာတယ်လို့ ကျွန်တော်က ထင်နေတာပါ၊ ကျွန်တော်က အစ်မအတွက် အရေးမပါတာ၊ ကျွန်တော့်ကို မလေးစား တာတွေအတွက် ဘယ်လိုမှ သဘောမထားပါဘူး၊ ဒါပေမဲ့ ကျွန်တော် ဒီအလုပ်မျိုး မလုပ်နိုင်လို့ပါ"

လုလင်က ထိုင်ရာက ထရပ်လိုက်ပါသည်။

"အမယ်လေးဟယ် ... အဖြစ်သည်းလိုက်တာ"

"ဆောရီး အစ်မ၊ ကင်မရာအိတ်တွေ ဘာတွေ မနက်ဖြန် ဆိုင်ကိုအလာမှာသာ ထည့်ယူလာခဲ့ပေးပါတော့၊ ကျွန်တော် ပြန်နှင့်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



လုလင်သည် တကယ်ပင် စိတ်ထဲထိထိခိုက်ခိုက်နှင့် ထ,ထွက်လာခဲ့ပါသည်။ ဘေးပတ်ဝန်းကျင်က ကိုယ်မသိမကျွမ်းတဲ့ ဘယ်သူ့ကိုမှလဲ ဂရုစိုက်မနေတော့။ ထင်ချင်ရာထင်။ ဒီနေ ရာမျိုးမှာ မ,ကို တစ်ယောက်တည်း ထားရစ်ခဲ့လို့လည်း မ,မှာ ဘာအန္တရာယ်မှမှ မရှိနိုင်တာ။ ထင်သလိုလိုတော့ ရှိသား။

တကယ်လို့ မ,အဲသလို စဉ်းစားရင်တောင် သူ့ကိုတော့ ဖွင့်ပြီးကြိုပြောမယ် ထင်တာ။ အခုကိစ္စမှာ တကယ်ပဲ ခံတတ်ပုံရိုက်ဖို့ပဲ ထင်တာ။ ဩော် … မ, … မိ, …။ မ,ရဲ့ကြင်ယာ တော်လောင်းကြီးက ငါးရံ့ပြာလူး ဆတ်တွန့်တွန့်ဖြစ်ပြီး မ,ထံ ပြန်ကပ်လာတော့မှ ကျွန်တော့်ကို အသာကလေး ကန်ထုတ်လိုက် မလို့ပေါ့နော်။

"အဟက်"

လုလင်က မှောင်မည်းတဲ့ လမ်းသွယ်လေးထဲ လမ်း ကြီးထိပ်ရောက်အောင် လျှောက်လာရင်း ခေါင်းမော့ တစ်ချက်ရယ် မိသည်။ မ,စိတ်ဆိုးချင်လည်းဆိုးတော့။ အဲလိုပုံစံမျိုးတော့ အသုံး တော်မခံချင်လို့ပါ မ,ရယ်။ နဂိုကတည်းက မ,မှာ ဆိုင်သူရှိပြီး သားလို့ သိထားပြီး ကိုယ့်ဘာသာကိုယ် စွဲလမ်းရူးသွပ်မှုကိုနောက် ကျောဘက် ဖွက်ပို့ပြီး နေနိုင်ခဲ့သူပဲ။ မ,စိတ်ဆိုးသွားလို့ မခေါ် မပြောတော့ရင်လည်း နေပါစေ။

ရှိပါစေ မ,ရယ်။ မျှော်လင့်ချက်ကြီး ထားထားတာ မှ မဟုတ်တာ။ အဝေးကပဲ တိတ်ထိတ်ကလေး နေလိုက်မှာပါ။





"လုလင်"

နောက်ကပါလာတဲ့ ကားတစ်စီးရဲ့အသံက ကိုယ်နဲ့ း မှ စက်ရှိန်လျှော့သွားပြီး လှမ်းလည်းခေါ်လိုက်တာမို့ လုလင်က သမ်းဘေးကပ်ရပ်လိုက်ပါသည်။

"လုလင်"

ကားကလည်း သူ့နံဘေးကပ်ရပ်လိုက်ကာ ကားထဲ ဘ ညတန်ရှူးက သူ့ကို မော့မော့လေး ကြည့်လိုက်ရင်း …

"လာပါ၊ ကားပေါ်တက်ပါ၊ တို့ စိတ်မကောင်းအောင် မလုပ်ပါနဲ့ မောင်လေး"

နွမ်းလျတိုးဖျော့တဲ့ အသံလေးနှင့် မျက်နှာအိုအိုလေး ကို လုလင် ငြိမ်သက် အကဲခတ်နေမိပါသည်။

"မင်း သက်သက်အထင်လွဲတာပါ၊ တို့စိတ်မကောင်းဘူး၊ တို့ရဲ့သဘောရိုး အပြုအမူက အဲသလို ထင်စရာဖြစ်တယ် ဆိုတော့ တို့လည်း ရှက်မိတယ်၊ မင်းကို အိမ်ပြန်ပို့ပါ့မယ်၊ တို့ ခေါ်လာတာပါ၊ အန်တီ့ကိုလည်း ပြန်ပို့မယ်ပြောခဲ့ပြီးမှ ဒီလိုကြီး ပြန်မသွားနဲ့"

"အစ်မ တကူးတက လိုက်မပို့ပါနဲ့၊ ကျွန်တော့်အတွက် အရေးမကြီးပါဘူး"

"ဘာအရေးမကြီးဘူးလဲ၊ ကျွတ် …။ မင်းကြည့်ရတာ မင်း စိတ်ချည်းပဲ၊ နည်းနည်းလေးမှ အမှားမခံတဲ့ ကောင်လေး ပါလား၊ ကြောက်ဖို့ကောင်းလိုက်တာ၊ လာ … အရင်တက် ဦး"



www.burmeseclassic.com

www.burmeseclassic.com



လုလင်သည် ညတန်ခူးကို အားနာကာ တစ်ဖက်ကွေ့ပြီး ကားပေါ်တက်လိုက်ပါတော့သည်။ ညတန်ခူးက ကားကိုမောင်းထွက်လာရင်း ...

"မင်း သိထားဖို့က ဘယ်လိုအနေအထားဖြစ်သွားသွား တို့ မင်းကို သဘောရိုးနဲ့ ခေါ်လာတာ လုလင်၊ ခုတ်ပိုင်ရိုက်ဖို့လည်း ပါသလို ခါတိုင်း သူနဲ့သွားနေကျ ပွဲလမ်းတွေ အဖော်မပါဘဲ ကြောင်တက်တက် မသွားချင်တဲ့သဘောနဲ့ တို့ခင်တဲ့မင်းတဲ့ အခွင့်အရေးလည်း ယူမယ်မထင်ရကဲ့ သူတစ်ယောက်ကို အဖော်လုပ်ပြီး တက်ရောက်တာကလွဲလို့ ဘာမှမပိုဘူး"

ဟုတ်ရဲ့လား မ,ရယ်။

လုလင်က ညတန်ခူးကို လှည့်ကြည့်နေမိပါသည်။ ညတန်ခူး မျက်နှာလေးက မှုန်နေပါသည်။ မျက်ရည်တောင်ဝဲနေတယ် ထင်ရသည်။ လမ်းမီး ကားမီးရောင်တွေမှာ တလက်လက်တောက်ဖြာသွားတဲ့ မျက်လုံးတွေဟာ ငိုတော့မလို ရှိနေပါသည်။

ကိုယ်ကို လျှော့ချကာထိုင်ပြီး ပျင်းကြောရှည်တဲ့ပုံစံကြီးနှင့် လက်ပိုက်ပြီး ညတန်ခူးကို လှည့်ကြည့်ရင်းက သူမကိုဆွေးဆွေးနင့်နင့် ချစ်မြတ်နိုးလာပါသည်။ ဘယ်လိုနဖူးစာကကြောင့် မ,ကို မြင်မြင်ချင်း အရူးအမူး ချစ်ခဲ့မိပါလိမ့်။

"မင်း ... တို့ကို အဲသလို အထင်မလွဲနဲ့"





ညတန်ခူးက အသံတုန်တုန်နှင့် လှည့်အော်လိုက်ပါသည်။

"ဟုတ်ကဲ့"

လုလင်က ခပ်မြန်မြန် ဝန်ခံကတိပြုလိုက်ရင်း ...

"မ, စိတ်မကောင်း မဖြစ်ပါနဲ့တော့"

"ဖြစ်တယ်"

"မ, ... ကျွန်တော်က မ,ရဲ့ချစ်သူ သဝန်တိုအောင် မ,အယောင်ဆောင် တွဲပြတဲ့ ယောကျ်ားတစ်ယောက်ဘဝ မရောက်ချင်တာပါ"

"သူ သဝန်တိုတာ မတိုတာ တို့က ဂရုစိုက်နေလို့လား၊ မင်း မ,နောက်က လိုက်ကြည့်နေတာပဲ မဟုတ်လား၊ သူ ဘာလုပ်နေတယ်ဆိုတာ ခုလောက်ရှိ မင်းလည်းသိပြီးသားပေါ့ လုလင်ရယ်"

"ဟုတ်ကဲ့"

"အဲဒီလိုလူမျိုးကို သဝန်တိုလာအောင် အောက်ကျနောက်ကျလိုက်လုပ်နေရဦးမှာလား"

"ကျွန်တော် အဲဒီလိုပဲ ထင်လိုက်မိတာ၊ အဲဒီလူကို ကြည့်ရတာလည်း အတော်လေး စပ်ဖျဉ်းဖျဉ်း ဖြစ်သွားတဲ့ပုံစံပဲ၊ မ, အဲဒီလို ရည်ရွယ်တာလို့ ထင်လိုက်မိတာပါ"

"မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ရင် ကျွန်တော် တောင်းပန်ပါတယ် မ,"

အခြေအနေက ပြောင်းပြန် ပြောင်းလဲသွားပါသည်။ မကျေမနပ် ထ,ထွက်လာတဲ့ လုလင် မဟုတ်တော့ဘဲ အထင်လွဲ ခံရတာကို မကျေမနပ်ဖြစ်နေတဲ့ ညတန်ခူးကို တောင်းပန်နေရတဲ့ လုလင် ဖြစ်သွားရပါသည်။

"သူ့ဆီမှာ တို့ ဘယ်လိုနာကျင်ထားရတယ်ဆိုတာ သိသိ နဲ့ မင်းက တို့ကို လူပုံအလယ်မှာ ထားရစ်ခဲ့ပြီး ထွက်သွား တာမျိုး လုပ်ရက်တဲ့သူပဲနော်၊ မင်းက တကယ်တော့ တို့ မျှော်လင့်တဲ့ အဖော်ကောင်း မိတ်ဆွေကောင်း မပီသနိုင် ဘူး ထင်ပါတယ်"

"မဟုတ်ဘူး မ,၊ ကျွန်တော် အမြဲတမ်း မ,ရဲ့အဖော်ကောင်း မိတ်ဆွေကောင်း ဖြစ်နိုင်ပါတယ်"

"လုံးဝမယုံဘူး"

"ယုံပါ မ,၊ ကျွန်တော် တကယ် ပြောတာပါ၊ မ,စိတ်ထိ ခိုက်သွားရတဲ့အတွက် တောင်းပန်ပါတယ်"

"ဟင် ... မင်းက ခုန လူကြားထဲကပုံစံနဲ့ ခုပုံစံ တစ်မျိုး စီပါလား"

"အဲဒီတုန်းက ကျွန်တော် အသုံးချခံလိုက်ရတာ ထင်လို့ပါ"

"မင်းကို တကယ်ခင်ချင်တာတောင် ကြောက်သွားပါပြီ လုလင်ရယ်"



"မ, အဲလိုသဘောမထားပါနဲ့၊ မ,ကျွန်တော့်ကို အသုံးချ တာ မဟုတ်ဘူးဆိုရင် ရပြီ၊ ကျန်တာအားလုံး မ,ကို ကျွန် တော် လိုက်လျောပါ့မယ်၊ မ,စိတ်သဘောကျ နေပါ့မယ်"

မမျှော်လင့်ဘဲ လုလင်ရဲ့နှုတ်က ကတိကဝတ်စကား လှိုင်လှိုင်ထွက်ကျလာတော့ပြီ။ လုလင်သည် လှုပ်ရှားလွန်း စိတ်နှင့် ရင်ခုန်နှုန်းတွေ မြန်နေပါသည်။ မ,က သူ့ကို ဘယ်ခင်မင် သံယောဇဉ်ရှိတာဆိုရင် ပြီးပြီလေ၊ ပြီးပြီပေါ့။

"တော်ပါပြီကွာ"

"မ,"

"........."

"မ, ..."

"မခေါ်နဲ့ကွာ"

"မ, ကျွန်တော့်ကို ခွင့်လွှတ်ပါနော်"

"ဟင့်အင်း ... တို့စိတ်မကောင်းဖြစ်ရတာကို မမေ့နိုင်ဘူး၊ တကယ်တော့ မင်းက တို့လောက်တော့ ဘယ်လိုမှ မရင့် ကျက်နိုင်သေးတဲ့ လူရွယ်လေး တစ်ယောက်ပဲ"

"မ, မလုပ်ပါနဲ့၊ ကျွန်တော့်ကို မိတ်ဆွေဆက်လုပ်ပါ၊ ကျွန်တော် တစ်ခုပဲ သိချင်တာ"

"ဘာလဲ"

"မ,က မရဲ့ကြင်ယာတော်လောင်းကြီးကို ပြတ်နိုင်လို့လား ဟင်"

"အဲဒါ မင်းနဲ့ဘာဆိုင်လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"ပြောပြပါ မ,၊ ကျွန်တော် သိချင်နေလို့ပါ"

"ဘာလို့မပြတ်ရမှာလဲ၊ တို့ကို သူ့ထက်ချစ်နိုင်တဲ့သူ ရှိသေးတယ်ဆိုတာပါ သူ သိသွားစေချင်သေးတာ၊ တို့အပေါ် သူ့ထက် ချစ်ခင်ဖြောင့်မတ်နိုင်တဲ့ သူတစ်ယောက်ကိုလည်း မ,က တွေ့အောင်ရှာဦးမှာ လုလင်"

"တကယ်နော်"

"ဘာလို့ ညာပြောရမှာလဲ"

"ကျွန်တော့်ကိုလည်း မ,က တကယ်ခင်မင်နေတာပေါ့နော်"

ညတန်ရှူးက ကားမောင်းနေရင်းက လုလင်ဘက်ကို မျက်စောင်းတစ်ချက် ထိုးလိုက်ပါသည်။

"ဟုတ်လား မ,"

"မဟုတ်ဘူး"

"မ, ပြောင်းပြန်ပြောနေတာ ကျွန်တော် သိတယ်"

"အမယ် ...၊ မင်း တော်တော်အတင့်ရဲလာပါလားဟင်၊ အရင်တုန်းကတော့ ရေခဲတုံးမျက်နှာကြီးနဲ့ အေးတိအေးစက် လုပ်နေပြီး"

"ဟုတ်တယ်၊ အတင့်ရဲတယ်ဆိုလည်း ရဲတယ်ပေါ့၊ ကျွန်တော်က မိဖုရားဆိုင် ပြင်ဆင်နေကတည်းက ဆိုင်ရှင်ဟာ မိန်းမတစ်ယောက်ဖြစ်မယ်၊ ပြီးတော့ ဘယ်လိုမိန်းမတစ်ယောက်ဖြစ်မယ်ဆိုတာ မှန်းဆရင်း မျှော်လင့်တကြီး စောင့်နေခဲ့တာ၊ မ,မသိပါဘူး"



ညတန်ရှူးက ခေါင်းမော့ပြီး အသံမထွက်အောင် ရယ်မောလိုက်ပါသည်။ လုလင်သည် ရောက်ရာအရပ်မှ နောက်ဆက်ဖို့ စိတ်ကူးမရှိတော့။ မ,တကယ်ပဲ သူ့ဘဲကြီးကို စိတ်နာသွားတယ်ဆိုရင် ပြီးပြီလေ။ မ,ကို စိတ်ချမ်းသာအောင် တယုတယလေး ထားပေးချင်နေတဲ့ကောင်ပါ မ,ရယ်။ ကျွန်တော် ထွက်လာရာနောက်ကို ချက်ချင်း ထ,လိုက်လာတဲ့ မ,ရဲ့အတွင်းစိတ်ထဲမှာ ဟိုလူ့ထက် ကျွန်တော့်ကို အရေးပေးတဲ့စိတ် ရာခိုင်နှုန်း ရှိနေတယ်ဆိုရင် ကျေနပ်ပါတယ် မ,ရယ်။

မ,ကိုချစ်တယ်။ မ,သာ ရှေ့က ခံစားချက်တွေကို ပြောမယ်ဆိုရင် ကျွန်တော်က ရင်ကိုဖွင့်ပြီး မ,ကိုကြိုနေချင်သူပါ မ။

♥ ♣ ♥

www.burmeseclassic.com

www.burmeseclassic.com



## ၂

သူတို့နှစ်ဦးကြားက အဖြစ်အပျက်တို့ဟာ အင်မတန်မြန်ဆန်ခဲ့တော့သည်။ တာရာတို့ ဖွဲတို့သာမက ဖိုးခွားတို့ နေလင်းတို့ မောင်စိုးတို့ အိမ်စတူဒီယိုနှင့် ဆိုင်စတူဒီယိုကို တစ်လှည့်စီ အလှည့်ကျကူးနေရတဲ့ တပည့်ကလေးတွေပါ၊ မျက်လုံးတပြူးပြူးအံ့အားသင့်ကုန်ကြရပါသည်။စတူဒီယိုတပည့်တွေဆိုလျှင် တာရာတို့လောက်တောင် ဆိုင်နီးနားချင်းတွေနှင့် မခင်ရပေမယ့် မိဖုရားက လူတွေကိုတော့ ဆိုင်ရှင်ကစ,ပြီး ချော်မော်လုပ်တဲ့ ဝန်ထမ်းကလေးတွေအထိ အားလုံးကို ကောင်းကောင်းသိကြ မျက်မှန်းတန်းကြသည်။

မနက်ဆို အတူတူချိန်းပြီး လာတာကအစ၊ ဆိုင်ရောက်သည်နှင့် ဟိုဆိုင်နှင့် ဒီဆိုင် ဖုန်းပြောနေကြရပြန်တာအလယ်၊ နေ့လယ်တွေ ထွက်စားရ၊ ကော်ဖီထွက်သောက်ရတာတွေအဆုံး၊ ဆိုင်တွေပိတ်သိမ်းချိန်ပြီးရင် တစ်မျိုးချိန်းထွက်တတ်ကြတာက နိဂုံး။





ပထမပိုင်းတော့ ပိပိရိရိလေး ကိုယ့်ဆိုင်ကဝန်ထမ်းတွေကို ကိုယ်နိုင်အောင် ဖုံးဖိနိုင်ကာ နောက်တော့ တဖြည်းဖြည်းနှင့် မသိမသာ အစွန်းအစလေးတွေထွက်ကာ မသင်္ကာစရာဖြစ်သာရာက ရိပ်မိကုန်ရပါသည်။

"ကိုလု ... ကိုလုနဲ့ မိဖုရားနဲ့ ဘာဖြစ်လို့ ဒီလောက်တွဲနေတာလဲ"

"ဘယ်မှာတွဲလို့လဲ"

"ကျွန်တော် ခဏ ခဏ မြင်တယ် ကိုလုရာ၊ မသင်္ကာတာတော့ကြာပြီ၊ မနေ့က ညနေစောင်းက ကော်ဖီဆာကယ်လ်မှာ ကိုလုတို့နှစ်ယောက် ရှိနေတာ မဟုတ်လား"

"... ... ..."

"ကိုယ့်ညီတောင် ကိုယ်ညာပြောမနေပါနဲ့ ကိုလုရာ"

"မင်းကို ညာတော့ ညာပါ့မလားကွ၊ ညာတဲ့သဘောမဟုတ်ပါဘူး၊ မသိစေချင်တဲ့ သဘောပါ"

"ဘာလို့ မသိစေချင်တာလဲ"

"မင်းတို့က မိဖုရားက ကောင်မလေးတွေနဲ့ ခင်နေကြတာလေ၊ တော်ကြာ ပြောရင်း ဆိုရင်း အဲဒီကောင်မလေးတွေပါ သိကုန်တာ ဖြစ်မှာစိုးတယ်"

"သူတို့လည်း ခုလောက်ရှိ ရိပ်ရင်ရိပ်မိနေမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"သူတို့ဟာသူတို့ ရိပ်မိမိ ဘာဖြစ်ဖြစ် မင်းတို့ဆီကနေ ကွန့်ဖမ်းမိဖြစ်မသွားစေချင်လို့၊ မင်းလည်း သိပ်အာမချောင် နဲ့"

တာရာက ရှုံးသိုးသိုးနှင့် ...

"ကျွန်တော် ဘာမှအာမချောင်ဘူး၊ ကိုလုကသာ ဘယ်သူမှ ရိပ်မိမယ် မထင်ဘူးလုပ်နေ၊ ဘယ်သူမှ သံသယမဝင်ဘူး လို့ယူဆနေ၊ ကြီးကြီးတောင် ကျွန်တော့်ကို မေးနေတယ် ဒီကိစ္စနဲ့ ပတ်သက်ပြီးတော့"

"မေမေက ဘာဖြစ်လို့ မေးရတာလဲ"

"ကိုလု အိပ်ခန်းထဲက မညတန်ရှူး ဓာတ်ပုံတွေ အများကြီး တွေ့လို့ဆို"

လုလင်က ပြုံးမိပါသည်။

"ကိုလု ဘယ်လိုဖြစ်တာလဲ"

"ဘာကိုလဲ"

"မညတန်ရှူးနဲ့လေ၊ တကယ်လား"

"ဘာကို တကယ်လားလဲကွ၊ မင်းကလည်း"

"ဝေ့လည်လည် လုပ်မပစ်ပါနဲ့ ကိုလုရာ၊ သူ့မှာ ... ဆရာဝန်ကြီးရှိမှန်း ကိုလု သိရက်သားနဲ့ မဟုတ်လား ရှောတွေ ဖြစ်ကုန်တော့မှာပဲ ကိုလုရာ"

"ဟော့ကောင် ... အဲဒီဆရာဝန်နဲ့ကိစ္စက ပြီးသွားပြီ ... သွားပြီ၊ ပြည်ဖုံးကားချသွားပြီ"





"ဟုတ်လို့လား ကိုလုရာ၊ ခဏတဖြုတ် မတွေ့တာနဲ့ ကိုလု အမိုင်တွက်လိုက်တာလား၊ ဆိုင်ဖွင့်ကာစက တစ်လ ကို နှစ်ခါလောက် အဲဒီဆရာဝန်က အောက်ကစားသောက် ဆိုင်တွေဆီ မညတန်ရှူးနဲ့ လာထိုင်တတ်တယ်လေ၊ အခု မလာတာကြာပြီ၊ အဲဒါ ပြတ်သွားတာ ဟုတ်ရဲ့လား"

"ဟုတ်တယ်"

"သေချာလို့လား ကိုလုရာ"

"ဟော့ကောင် ... သူတို့ ပြဿနာတက်တာကိုက ငါ့ရှေ့ မှာ၊ သူတို့ကိစ္စက ပြီးဆုံးသွားပြီ"

"ကိုလု ဒီလူကြီးနဲ့ မညတန်ရှူးက ခြောက်နှစ်လောက်ချစ် ခဲ့တာတဲ့နော်၊ ကျွန်တော့်ကို သူ့တူမပြောပြပြီးပြီ၊ ခြောက် နှစ်သံယောဇဉ်နော်၊ ယူဖို့ရည်ရွယ်ထားတာ ဘာကိစ္စမို့ တကယ်ပြတ်ကြရမှာလဲ"

"ဟား ... မင်းကလည်း၊ ဒီလောက်နှစ်ကြာရင် တစ်ခါ တလေ ဘာမှပြဿနာမရှိဘဲနဲ့တောင် ပျင်းပြီးကွဲသွားတတ် ကြတာကွ၊ ရှင်းရှင်းပြောရရင် အဲဒီ ဝေါကြီးက နောက် ထပ် အသစ် အသစ်တွေနဲ့ ရှုပ်ယှက်ခတ်လာလို့ မ,က စိတ်ပျက်သွားတာ"

"ခဏ စိတ်ကောက်ကြတာဆိုရင် ကြားထဲက ကိုလုက တစ်ဝက်တစ်ပျက်ကြီးနဲ့ ဟာဖိုးလ်ကြီးနဲ့ ကျန်ခဲ့မှာစိုးလို့ ပြောတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"မင်း ပါးစပ်ပုပ်နဲ့ နမိတ်မရှိတာတွေ လာလာမပြောနဲ့ တာရာ၊ ငါ မ,နဲ့သက်ဆိုင်တဲ့ ကိစ္စတွေနဲ့ ပတ်သက်ရင် အ,မင်္ဂလာတွေ အ,ကျက်သရေတွေ မကြားချင် မမြင်ချင်ဘူး တာရာ"

"ကိုလုရဲ့မိဖုရားကြီးက အရမ်းမာနကြီးတာတဲ့၊ ကျောင်းတုန်းကလည်း ဘယ်သူဘယ်လောက်လိုက်လိုက် မရခဲ့ဘူးတဲ့၊ ဒီဆရာဝန်နဲ့ကျမှ ခပ်ရိုးရိုးအေးအေးနဲ့ စာအရမ်းတော်တာကို သိတာကြောင့် ပြန်စိတ်ဝင်စားတာတဲ့၊ ဟိုလူက စာမေးပွဲစစ်တိုင်း ပထမတဲ့၊ ဆယ်တန်းကတည်းက The whole Myanmar နံပါတ်ဖိုး ထွက်ခဲ့တာတဲ့ ...

စာလည်း တအားတော်၊ အရည်အချင်းလည်းရှိ ရှေ့မျှော်လင့်ချက်လည်း တအားတောက်ပတဲ့ အဲဒီလူကို အထင်ကြီးပြီး ပြန်တွဲခဲ့တာ၊ တခြားရည်းစားလည်း မထားခဲ့ဖူးဘူး၊ ဒီလူမှ ဒီလူတစ်ယောက်တည်းကိုပဲ စွဲစွဲမြဲမြဲ လာတာ နှစ်ပေါင်းပဲ မနည်းတော့ဘူး၊ အခု ဒီလူ အမေ အာစီပီ ပြန်လာရင် ယူဖို့ပဲ ဘာဖြစ်လို့ မယူဖြစ်သေးလဲ သာ မသိတာ"

"အေး ... အဲဒါ မင်းတို့သိဖို့ လိုအပ်နေသေးတဲ့ ကွက် လပ်ပေါ့ကွ၊ ဘာဖြစ်လို့ မယူတော့တာလဲ ငါသိတယ်လေ"

တာရာက တအံ့တသြနှင့် ...

"ဘာဖြစ်လို့"





"ဒီဆရာဝန်က သမားတော် ဖြစ်လာပြီးတော့ သူ့ကိုမိန်းမတွေ ဝိုင်းကပ်ကြ အရေးပေးကြတဲ့ဒဏ်ကို မခံနိုင်ဘူး တာရာ၊ ဟိုမိန်းကလေးနဲ့တွဲ ဒီဆရာဝန်မလေးနဲ့တွဲ၊ နည်းနည်းဘဝင်မြင့်သွားတယ်၊ မင်းတို့သိထားတဲ့ သတင်းတွေထဲက ရိုးသားအေးဆေးတယ်ဆိုတဲ့ သူ့ရဲ့ဂုဏ်ပုဒ်က ပျောက်ဆုံးသွားပြီ တာရာ ...

ဒီဆရာဝန်ကို သူ စာသင်ပေးနေတယ်ဆိုတဲ့ ဆရာဝန်မလေးနဲ့ တွဲတွဲပြီး ငါတောင် နှစ်ခါမြင်ဖူးပြီးပြီ၊ မ,အထင်ကြီးတဲ့ ဂုဏ်ပုဒ်က သူ့ဆီမှာ မရှိတော့ဘူးကွ၊ မရိုးသားတော့ဘူး၊ မအေးချမ်းတော့ဘူး၊ သူ့ကိုလည်း မ,က စိတ်ပျက်သွားပြီ၊ စိတ်ကုန်သွားပြီ၊ စိတ်ပြတ်သွားပြီ"

"ဒါပေမဲ့ ..."

တာရာက လုလင်ကိုလည်း လန့်သေး၍ ရုတ်တရက် အမေးမဆက်ရဲ။

"ပြော"

"ကိုလု ကျွန်တော်က စဉ်းစားကြည့်တာပါ၊ ခြောက်နှစ်လောက်ကြာတဲ့ သံယောဇဉ်ကို ပြတ်အပြီး ဘာမှမကြာသေးတဲ့ အချိန်မှာ နောက်ထပ်တစ်ယောက်ကို အမှန်တကယ်ပဲ ထပ်ချစ်နိုင်ပါ့မလား၊ မမြန်လွန်းဘူးလား ကိုလု"

"တာရာ ... မ, ငါ့ကို အမှန်တကယ် ထပ်ချစ်ချစ် မချစ်ချစ် အရေးမကြီးဘူး၊ ရှေ့လူကို သူ တကယ်ပြတ်တယ်ဆိုရင်ကို ငါ့အတွက် ပြည့်စုံတယ်၊ ဒါကိုပဲ ငါလိုအပ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှေ့လူကို သူ တကယ် မပြတ်ရင်ကော ..."လို့ တာရာ ဆက်မေးချင်သော်လည်း အတင်းအကျပ် အပျက်ကိုချည်း တည့်ချောင်ပိတ်မေးရာ ကျမည်စိုး၍ မမေးရဲပါ။ မဖြစ်နိုင်ဘူးလို့ မပြောနိုင်ပါဘူး။ စိတ်ဆိုးနေတဲ့အခိုက်မှာ နာကြည်းပြီး တကယ် ပြတ်တယ်ထင်ရင် ထင်နေမှာပေါ့။ အဲဒါက အပြီးပြတ်သွားတာ ဖြစ်နိုင်မလား။

နောက်ထပ်တစ်ယောက်ကို စဉ်းစားတယ်ဆိုတဲ့ အဆင့် မဟုတ်ဘဲ ပြန်ပြီးလက်ခံတွဲခုတ်နေတယ်ဆိုတဲ့ အဖြစ်အပျက် ကိုက ထူးဆန်းနေတာ၊ မယုံကြည်ချင်စရာကောင်းနေတာ။ ဒါကို ကိုလုက ဘာကြောင့်သတိမမူမိဘူးလဲ။

ဘယ်တုန်းကမှ ဟုတ်တိပတ်တိ ဖြစ်ဖြစ်မြောက် မြောက် ရည်းစားရယ်လို့ မထားဖူးခဲ့တဲ့ လုလင်အကြောင်းကို အားလုံးသိထားတဲ့သူမို့ ပထမဦးဆုံး ဓာတ်လမ်းမှာ အသည်းမကွဲ ရစေလိုတာပါ။ လုလင်ရဲ့ စိတ်သဘောထားကိုက ချစ်လုံးလုံး မုန်းလျှားလျှား မချစ်အလျဉ်း ချစ်အလျဉ်းဆိုတဲ့ အစွဲအလမ်းကြီး မယ့်ပုံစံပါ။

ရွယ်တူယောက်ျားလေးတွေနှင့် နှိုင်းစာလျှင် ကောင် မလေးကိစ္စကို သိပ်စိတ်မဝင်စားလှဘဲ သူ့မှာနှင့်သူ နေတဲ့သူပါ။ တော်ရုံတန်ရုံ အလှအပလောက်ကိုလည်း စာရင်းသွင်းတဲ့သူ မဟုတ်။ မိဖုရားကိုတော့ အကြီးအကျယ် အရှူးအမူး စွဲလမ်းပြီ ဆိုတာ တာရာ ရိပ်မိနေပါပြီ။





"အဲဒီတော့ မင်း ကန့်ကွက်ချင်သေးလား တာရာ"

"ကိုလု ... ကျွန်တော်က ညီပါ၊ ကိုလု အချစ်ရေးကိစ္စကို ကန့်ကွက်ခွင့်မရှိပါဘူး၊ ကျွန်တော့် စိတ်ထဲမှာ နည်းနည်း ထင့်လို့သာ သေချာစေချင်တာပါ၊ မညတန်ရူးက ကန့်ကွက် ရမယ့် မိန်းမစားမျိုးမှလည်း မဟုတ်တာ၊ ကိုလုနဲ့ တကယ်ပဲ အပြန်အလှန် တစ်ယောက်ကိုတစ်ယောက် သိပ်ချစ်သွားကြ ပြီဆိုရင် ဝမ်းသာရမှာပါ"

"ဝမ်းသာလိုက်တော့၊ အဲသလို ဖြစ်သွားပြီ၊ ငါ့ဘက်က တော့ ရာနှုန်းပြည့် ဖြစ်နေပြီ တာရာ၊ မ,အဖို့တော့ မင်း ပြောသလိုပဲ အချိန်ခပ်တိုတိုအတွင်းမှာ အပြောင်းအလဲ လုပ်ရမှာဖြစ်တဲ့အတွက် ပင်ပန်းဆင်းရဲမှုရှိရင် ရှိမယ်၊ မ, က ငါ့ကို ငါချစ်တာရဲ့ အပုံတစ်ရာပုံ တစ်ပုံပဲ ချစ်ပါစေ၊ လုံလောက်တယ် ...

အရင်လူထက် ချစ်လာအောင် ဆိုတာမျိုးတော့ ခချိန်မှာ လောဘတကြီးတွက်လို့ ဘယ်ရဦးမလဲကွာ၊ အချိန်ပေးရမှာပေါ့၊ အနိမ့်ဆုံး မှန်ကန်ချက်ကတော့ မ, အခု ဘယ်သူ့နားမှာမှ မရှိဘူး၊ ငါ့အနားမှာပဲရှိတယ်၊ ဒါကိုတော့ မင်းလည်း လက်ခံတယ် မဟုတ်လား"

တာရာက ခေါင်းညိတ်လိုက်ရပါသည်။

"ငါ့ရဲ့အနား ရောက်နေပြီးမှ ငါ့ကို ချစ်ချစ်မလာဘူးဆိုရင် တော့ ငါညံ့လို့ပေါ့ တာရာ၊ မ, ငါ့ကို အရင်လူထက် ချစ်



www.burmeseclassic.com

www.burmeseclassic.com



အောင် တစ်သက်လုံး လက်တွဲအောင် ဆိုတာမျိုးတွေ အတွက်တော့ ငါ အချိန်ယူ ကြိုးစားရမှာပေါ့"

တာရာက ခေါင်းတဆတ်ဆတ် ဆက်ညိတ်ရင်း ဘာမှထပ်မပြောတော့ပါ။ ပြောစရာလည်းမရှိ။ လုလင်ကိုကြောက်လည်းကြောက်သည်။ ချစ်လည်းချစ်သည်။ လုလင်လည်း တစ်ဦးတည်းသောသား၊ တာရာလည်း တစ်ဦးတည်းသောသားမို့ ငယ်ငယ်ကတည်းက သူ့အိမ်ကိုယ်အိမ်၊ ကိုယ့်အိမ်သူ့အိမ် ရင်းနှီးခဲ့ မယ့် လေးနှစ်ကြီးတဲ့ လုလင်ရဲ့ အနေမှန်ကန်လိမ္မာမှုကြောင့်ရော ပိုပြီးပြည့်စုံတဲ့ လုလင်တို့မိသားစုက သူတို့မိသားစုအပေါ် ထာဝရ ကြည့်ရှုပြုစုစောင့်ရှောက်ခဲ့တာကြောင့်ရော လုလင်ကို ရိုသေချစ် ကြောက်ရပါသည်။

အစ်ကိုလုပ်တဲ့သူ အချစ်ရေး အဆင်ပြေပါစေလို့ သာ နာနာလိုမ့်ဆုတောင်းပေးရုံ ရှိတော့တာပါ။ အစ်ကိုဖြစ်သူက တော့ ကာယကံရှင်မို့ မွန်နေတဲ့ အချစ်စိတ်နှင့်အတူ အခြေအနေ တို့ကို ရှင်းရှင်းပြတ်ပြတ် ထိုးထွင်းဆင်ခြင်နိုင်မည်ဟု တာရာက မထင်ပေ။ ဘေးလူဖြစ်တဲ့ တာရာ့အမြင်မှာတော့ လုလင်သည် ညတာန်ခူးကို အရူးအမူး ချစ်မက်စွဲလမ်းလျက်ရှိပြီး ညတာန်ခူးက တော့ ပေါ့ပေါ့ဆဆလို့ပဲ ထင်နေမိတာပါ။

"တာရာ ... မင်း အစ်ကို့ကို မင်း သေချာကြည့်နော် ကြည့်ထိန်းဦး"

ကြီးကြီး ဒေါ်ချယ်ရီကလည်း တစ်မျိုး။





"ကြီးကြီးကလည်း ကိုလုကို ကျွန်တော်က ထိန်းလို့ရမလား၊ ကြီးကြီးက အမေပဲ၊ ကိုယ်တိုင်ပြောပေါ့ဗျာ"

"ဟဲ့ ... ဘာပြောရမှန်းတောင် မသိတဲ့ဟာ၊ သူ့လည်းမေးလို့ ဘာမှမပြောဘူး၊ သူ မဟုတ်တာ ဘာမှမလုပ်ဘူး၊ မေမေ စိတ်အေးအေးထားပါ ဒါပဲပြောတာလေ။ ကြီးကြီး နည်းနည်းပါးပါး သိသမျှလေးကလည်း သားဆီကပဲ၊ ဒါကြောင့် သားပဲ ကြည့်ထိန်းဦး ပြောရတာ"

"မညတာန်ခူးက ဆွေကြီးမျိုးကြီး မိကောင်းဖခင်သမီး၊ ပညာလည်းတတ်၊ အဆင့်အတန်းလည်းမြင့်၊ ဂုဏ်သိက္ခာ လည်းရှိပါတယ်၊ ဘာမှပြောစရာရှိတဲ့ မိန်းမစားမျိုးမဟုတ် ပါဘူး ကြီးကြီး၊ ကိုလုနဲ့ တကယ်လက်ထပ်ဖြစ်သွားရင် ဝမ်းသာရမှာ၊ လက်မထပ်ဖြစ်ရင်သာ ..."

"လက်မထပ်ဖြစ်ရင် ဘာဖြစ်လဲ ! "

"လက်မထပ်ဖြစ်ရင် ကိုလု အသည်းကွဲရမှာပေါ့"

"ဟင် ... မင်းအစ်ကို့ကို အသည်းခွဲမယ့် မိန်းမစားမျိုး လား"

"အဲလို ကျွန်တော် မပြောပါဘူး၊ ကိုလုက အရူးအမူး အသေအလဲချစ်နေလို့ ဘေးကကြည့်ပြီး ရင်မောရတာပါ"

တာရာသည် ဝေ့လည်လည်တွေ လှည့်ပတ်ပြောရပါ သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်မှာဆိုရင်တော့ တာရာနှင့် ဖွဲ့ရယ်၊ ဟိုဘက် ဖိုးခွားတို့ရယ်ဟာ ညတန်ခူးနှင့် လုလင်ရဲ့ အပြုအမူတွေကို မ မသာ အာရုံစိုက်ထားရင်း ဒေါ်မာန်တာထ,ထ ဖြစ်ဖြစ်နေရပါသည်

"လုလင် ... မင်းလမ်းဆိုင်က စကွစ်ဒ်သုပ် သွားဝယ်ပေးပါ၊ မ,ထမင်းနဲ့ စားချင်လို့"၊ "လုလင် ... မ, ကီ သီးဖျော်ရည် သောက်ချင်တယ်"စသဖြင့် စင်တာနဲ့လည်း မနီး တဲ့နေရာတွေက စားဖွယ် သောက်ဖွယ်တွေကို ချက်ချင်းဖုန်းဆ သွားဝယ်ခိုင်းတာမျိုးကို ခိုင်းတယ်ဆိုပြီး လုလင်ရဲ့တပည့်တွေ မကျေနပ်နိုင်ချိန်မှာ လုလင်က သွားဝယ်ပေးရတာကို အင်မတ စိတ်ချမ်းသာနေတာဖြစ်သည်။

ညတန်ခူး ခိုင်းတာတစ်ခုခုကြောင့် လုလင် ကမ ကတန်း ထ,ထွက်သွားရပြီဆိုလျှင် တာရာ ဖွဲ့နှင့် တစ်ဖက်ဆို က ဖိုးခွား၊ နေလင်း၊ မောင်စိုးတို့ဟာ အချင်းချင်း ခေါင်းချ ပြေးဆိုင်ပြီး ညတန်ခူး အတင်းကို ပြောဖြစ်ပြီ။

"မိဖုရားက လုံးဝမမိုက်ဘူးဗျာ၊ ကိုလုကို လုံးဝစခန်းသွ နေတာ၊ ကိုလုကလည်းဗျာ၊ ကြည့်တော့ ရှုတည်တည် မထင်ရဘူးဗျာ"

"အေးကွာ ... အလုပ်ဖျက် အကိုင်ပျက်၊ လွန်လွန်းအားကြ တယ်၊ ဟိုဟာဝယ်ခိုင်း ဒီဟာခိုင်း ခိုင်းစရာလားကွ"

"ဟ ... ဒါတော့ မင်းတို့ဆရာက လုပ်တာကိုး"

"ကိုလုကကွာ ... အောက်တယ်"





"တာရာ မပြောတော့ဘူးလား၊ မင်း ..."

"ဟား ... ငါပဲ ခလုတ်တိုက်ကြ သိလား၊ အိမ်ကျတော့လည်း ကြီးကြီးက ပိကျိ ပိကျိနဲ့ ငါပဲ အပူရှာနေတယ်၊ ဒီကျတော့လည်း မင်းတို့ကအစ ငါ့ကို မပြောတော့ဘူးလား တဲ့၊ ငါပြောလို့ ရနိုင်မရနိုင် မင်းတို့ မမြင်ဘူးလား၊ မျက်စိပါသွားနဲ့"

"အေးကွာ ... ကျွတ်၊ တစ်ခါတစ်ခါများ သူ့ဆိုင်ကောင် တာကမထ လက်ယပ်လှမ်းခေါ်တဲ့ပုံစံက အထုပ်သယ်ပေး တဲ့ ဟိုကူလီကုလားလေးကို ခေါ်တာကျနေတာပဲ၊ ပြီးရင် သူ့ဆိုင်ကဟာတွေ ရိပ်မိမှာစိုးတော့ သူ့ဟာမတွေရှေ့မှာ ကိုလုကို စကားပြောတဲ့မျက်နှာက ခပ်တင်းတင်းတည်တည် နဲ့"

"ကွယ်ရာကျတော့ ဘာမျက်နှာ လုပ်ထားလဲမှ မသိတာ၊ လူတွေမမြင်ရင် ကိုလုကို နှုးနှပ်ချွဲပတ်နေမှာပေါ့၊ လူမြင် ကွင်းကျ သူက ခိုင်းထားတဲ့ကောင်ပါ ဆိုတာမျိုး"

"အဲဒါမျိုး မင်းအစ်ကိုက ဘာလို့လက်ခံသေးလဲ"

"ငါမေးပြီးပါပြီ မခံချင်လို့၊ သူ့ဆိုင်က ကောင်မလေးတွေ အရှိအသေတန်မှာစိုးလို့တဲ့၊ သူက ဟိုဆရာဝန်ဆီကနေ ကိုလုဆီ ရုတ်တရက် ပြောင်းလဲရတာမို့လို့၊ သူ့တပည့်မ တွေကို သူ မျက်နှာပူလို့ အဝေဖန်မခံချင်လို့ ဟန်ဆောင် ပြီး ဆက်ဆံရတာတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ကိုလုတော့ သွားပြီ"

"သူ့ဆိုင်က ကောင်မလေးတွေက ကိုလုကပဲ သူတို့အ
ကို ဖင်ပေါ်ပေါ်နဲ့ ခိုင်းတာလုပ်ပေးရင်း တစ်ဖက်သတ်
နေတယ် ထင်မှာ၊ ရနီး ရနီးနဲ့ လဒမျှော် မျှော်နေတယ်
အများထင်ရမယ့်ပုံစံ ချိုးနေတာကွ"

"အတိအလင်း ချစ်သူဖြစ်ပြီးပြီလား"

"မပြောတတ်ပါဘူးကွာ"

"ဟိုနေ့က ကားပါကင်မှာ ကိုလု အကျီကော်လာကို
က ဆွဲထုတ်ပေးနေတာလား ခေါက်ပေးနေတာလား မ
ပါဘူး၊ ငါကို သူတို့က မမြင်ပါဘူး၊ အဲဒီလို လုပ်ပေး
တဲ့မျက်နှာမျိုးကို ငါ မြင်ဖူးပြီးမှတော့ ချစ်သူ မဟုတ်
ဘူးဆိုရင်လည်း ယုံချင်စရာမရှိပါဘူး၊ ချစ်သူတွေဖြစ်နေ
ဆိုရင်လည်း မိဖုရား လက်ခံတာ မြန်လွန်းတယ်"

သူတို့အားလုံးရဲ့ တစ်သဘောတည်းမှာ မိဖုရားဆို
ရဲ့အရှင်သခင် ညတန်ခူးကို သူတို့ကိုယ်တိုင် အထင်တ
အရေးတယူ သဘောတကျ ရှိကြရပေမယ့် လုလင်နဲ့ ခုလိုပတ်သ
မှုရှိလာတဲ့ ကိစ္စမှာတော့ စိတ်ထဲ အင်တင်တင်နှင့် သိပ်ပြီးဘဝ
မကျနိုင်ဘဲ ဖြစ်နေကြတာဟာ ထူးခြားမှုတစ်ခုပင်။

♥ ♣ ♥



# ၆

ညတန်ခူးသည် ကားပါကင်ထဲ ကားကွေ့ဝင်လာကတည်းက စင်တာထဲ အဝင်တံခါးနားမှာပဲ ရပ်ထားတဲ့ ဖောက်စ်ဝက်ဂွန်ကို ကြိုမြင်သည်ဖြစ်၍ မဲ့ပြုံးကလေး ပြုံးလိုက်မိပါသည်။ သူ့မျက်နှာကို ရေနွေးနဲ့ပက်ခဲ့တဲ့ ရက်ကစ,ပြီး ရေတွက်လျှင် ရက်သုံးဆယ်, တစ်လမပြည့်သေးပါဘူး။

ညတန်ခူးကို သူကစ,ပြီး ဆက်သွယ်ချော့မော့မပြုလိုဘူး ဆိုရင်တောင် သူ့ရဲ့သိက္ခာဂုဏ်ဒြပ်ကြီးကို နည်းနည်းမေ့ပေါ့ခံရစရာ ကြုံလာဟဲ့အခါမှာတော့ "ကို့"လို လူမျိုးဟာ ငြိမ်နေပါ့မလား။

ညတန်ခူးက ကားကိုပါကင်ထိုးရပ်ပြီး ဘေးခုံက အိတ်တွေ ဖုန်းတွေ လှမ်းယူကာ တံခါးဖွင့် ဆင်းချိန်မှာပဲ ကားအနားကို လင်းဝင်းထူး ရောက်လာပါသည်။ ညတန်ခူးက တမင်တကာ တစ်ချက်မော့ကြည့်လိုက်ပြီး ကိုယ့်ဟာကိုယ် ကားလော့က

www.burmeseclassic.com

www.burmeseclassic.com



ထွက် ကားသော့ချ။ အိတ်ကိုလွယ်ပြီး မျက်နှာတင်းတင်းနှင့် ဖြတ်ထွက်သွားဖို့ပြင်သည်။

"တန်ခူး"

လင်းဝင်းထူးက တန်ခူးရှေ့ ခြေလှမ်းမညီ့နေရာမှ ပိတ်ရပ်လိုက်သည်။ တန်ခူးက ခပ်အေးအေး စိုက်ကြည့်လိုက်ပါသည်။

"မင်း ဘာတွေလုပ်နေတာလဲ"

လေသံကတင်းတင်း။ တန်ခူးက ရင်ထဲခံစားရသော်လည်း ခံစားရကြောင်း မျက်နှာ၌ မပေါ်လွင်စေပဲ ...

"ဘာကိုပြောတာလဲ မသိဘူး"

"အပိုတွေ လုပ်မနေစမ်းပါနဲ့ တန်ခူး၊ ဘာဖြစ်လို့ မင်း အသက်အရွယ် မင်းဂုဏ်သိက္ခာ မင်းအဆင့်အတန်းနဲ့ မအပ်စပ်တဲ့ အလုပ်တွေ လုပ်ချင်ရတာလဲ"

"ဘယ်အလုပ်တွေကို ရှင်က ကျွန်မအသက်အရွယ် ဂုဏ်သိက္ခာ အဆင့်အတန်းနဲ့ မအပ်စပ်ဘူးလို့ စွပ်စွဲနေတာလဲ"

"ကျွတ်"

လင်းဝင်းထူးက ကျွတ်ခနဲ စုပ်သတ်ကာ မျက်နှာကို တစ်ဖက်လွှဲလိုက်ပါသည်။ ဟိုးအရင်က ဆက်ဆံယုယခဲ့သည်တို့နှင့် တသီးတခြားဖြစ်အောင် ပြောင်းလဲနေသော ဆက်ဆံမှုကို ညတန်ခူး ရင်ထဲနာကျင်မိသည်။ သူရောက်လာတဲ့ ဂုဏ်ဒြပ်အဆင့်အညီ အထက်စီးဆန်လာတာကို လက်ခံပါသည်။ ကိုယ့်အပေါ် ...ည်းနည်းလေး ဘဝင်မြင့်ဆက်ဆံတာကိုလည်း လက်ခံနားလည် ...ပါသည်။

တစ်ခုပါပဲ။ သစ္စာမဲ့ချင်လာတာ။ ကုပ်ကတ်တွယ် ...တက်မလောက် အုံဝိုင်းလာတဲ့ အခွင့်အရေးပေးသူတို့အပေါ် ...က်လျောခြင်းနှင့် တုံ့ပြန်ကာ အပျော်သာယာမှုရှာချင်လာတာ။ ...ကို ဘယ်ဇနီးမယား၊ ဘယ်ချစ်သူရည်းစားမျိုးက အပြုံးမပျက် ...ည့်နေနိုင်မှာတဲ့လဲ ကိုရယ်။

"ငါက ယောကျ်ား၊ မင်း ယောကျ်ားတစ်ယောက်နဲ့ လာ နှိုင်းပြီး ပခုံးချင်းမတိုက်နဲ့ တန်ခူး၊ ငါ ပြောပြီးပြီ၊ မင်းကို ငါ သစ္စာမဖောက်သေးဘူးနော်"

"မဖောက်သေးဘူး !! ဟား ဟား ... မဖောက်သေးဘူး တဲ့လား သမားတော်ကြီးရဲ့၊ တစ်နေ့ ဖောက်ကောင်းဖောက် လာမယ့် အရိပ်အယောင် အငွေ့အသက်တွေ ပြထားပါလား၊ ကဲပါ ... ရှင့်ကို ကျွန်မ တောင်းပန်တဲ့ ဈာန်မြစ်တဲ့ အဆင့်က ပြီးဆုံးသွားပါပြီ၊ ရှင် လုပ်ချင်သလိုလုပ် နေချင်သလို နေနိုင်နေတာပဲ ...

အခု ရှင့်ကို ကျွန်မက ဘာပြောနေလို့လဲ၊ ဆန့်ကျင် နေလို့လား၊ ကန့်ကွက်နေလို့လား၊ ရှင် အခု ဘာကိုလာပြော နေတယ်ဆိုတာ နားမလည်ဘူး"

လင်းဝင်းထူး မျက်နှာက ဒေါသနှင့်နီရဲလာကာ...







www.burmeseclassic.com

www.burmeseclassic.com



"ငါ ဟိုတွဲ ဒီတွဲ တွဲတယ်ဆိုတာက ဆိုရှယ်လ်သဘောပဲ ငါက ဘယ်မိန်းမကိုမှ အခွင့်အရေးယူမယ့် ယောကျ်ားမျိုး လည်း မဟုတ်ဘူး"

"အဲဒီတော့"

"တောက်"

"ကို ဆိုလိုတာကို နားမလည်လို့ပါ၊ တည့်တည့်ပြောပါ ပြောတာကို နားထောင်နေတာပဲ၊ ဘာဖြစ်လို့ အချိန်ကြာ အောင် ဝှေ့နေတာလဲ"

"မင်း နားမလည်ဘူးဆိုတာ ဖြစ်မှမဖြစ်နိုင်တာ"

ညတန်ခူးက စိတ်မရှည်လှတော့တဲ့ အမူအရာလျ ကာ ...

"ကဲ ... ဒါဖြင့်လည်း ရှင်ပြောတာကို နားလည်ပါပြီ၊ ဒါ မို့လား"

"ညတန်ခူး"

ရှေ့တစ်လှမ်းပြင်လိုက်တဲ့ တန်ခူးက ပြန်ရပ်လိုက ရင်း လင်းဝင်းထူး မျက်နှာကို စေ့စေ့ကြည့်နေလိုက်ပါသည်။ ထဲမှာတော့ အကျေနပ်ကြီး ကျေနပ်လို့ပင်။ သူ့နှလုံးသားကို ခိုက်လို့ ဆိုရင်တော့ အတိုင်းထက် အလွန်ပင်။ အဲလိုမဟုတ် သူ့ဂုဏ်သိက္ခာကို ထိခိုက်စေလို့ ဆိုရင်လည်း ဘယ်လိုပဲဖြစ် ရောက်လာပြီး ဖြေရှင်းစကားဆိုတာ ရန်ထောင်တာတွေ ကျေနပ်လှပြီမို့ ညတန်ခူး အောင်မြင်တယ်လို့ ဆိုရမှာသာ။





"မင်း ယောကျ်ားတိုင်းကို မိန်းမတစ်ယောက်နား ကပ်နေ ရင်းနဲ့ ကာယကံမြောက် သစ္စာစောင့်ထိန်းနေမယ်လို့ ယုံ ကြည်နေလား"

"ဟင့်အင်း ... မယုံကြည်ဘူး၊ မယုံတဲ့ထဲမှာ ကိုလည်းပါ တယ်"

"ကိုယ့်ကို ထည့်ပြောမနေနဲ့၊ မင်း အရွဲ့တိုက်မနေနဲ့ တန်ခူး၊ မင်းပဲ ပွန်းပဲ့နစ်နာသွားမယ်"

"ကိုက ပူပန်သေးလို့လား"

"မင်း ဘာဖြစ်လို့ ထေ့ငေါ့နေတာလဲ၊ မင်းနဲ့ငါက ဘယ်လို ပတ်သက်လဲ မင်း အသိဆုံးပဲ"

"ဒါဆို ရှင် ... ရှူး ... ရှူးနဲ့ အဖျားဆွတ်နေတဲ့ အဲဒီ သင့် မခ္ချုသာဆိုတဲ့ ဆရာဝန်မကရော ဘယ်လိုပတ်သက်နေတာ လဲ"

"သူ့ကို ငါ စာသင်နေတယ်၊ သူ့မိဘတွေလည်း လူကြီး လူကောင်းမိသားစုတွေ၊ အထိုက်အလျောက် ရင်းနှီးဆက်ဆံ တွဲသွားတွဲလာမှုကို မင်း အမြင်မကျဉ်းနဲ့၊ ဆယ်ကျော်သက် အုပ်ထိန်းပုံမျိုး လာမလုပ်ပါနဲ့"

"ကောင်းပါပြီ၊ ရှင်လည်း ကျွန်မကို ဆယ်ကျော်သက် အုပ်ထိန်းပုံမျိုး လာမလုပ်ပါနဲ့"

"ငါကယောကျ်ား မင်းကမိန်းမ၊ ဒါကို နည်းနည်းသဘော ပေါက်ဦးကွ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ကို ရိုင်းရိုင်းပြောရရင် ယောက်ျားနဲ့မိန်းမ မဟုတ်တာမဲ့ တရား လွန်ကျူးမှားယွင်းမှု အသီးသီးဖြစ်ကြရင် ယောက်ျား ဆိုတော့ ဝန်ထုပ်ဝန်ပိုး ကင်းရှင်းသေးတယ်၊ မိန်းမဆိုတော့ ဝန်ထုပ်ဝန်ပိုးတောင် ကျန်ရစ်ခဲ့နိုင်တယ်လို့ ခွဲခြားပြီးပြော နေတာလား၊ ဒီမှာ ဦးလင်းဝင်းထူး ... ကျင့်ဝတ်သိက္ခာ ကိုယ်ကျင့်တရားမှာ လိင်ခွဲခြားမှု မရှိဘူး၊ ဒါကို ရှင်မြဲမြဲ မှတ်ထားပါ ...

ယောက်ျားမို့ အကျင့်ပျက်လို့ရတယ်၊ မိန်းမမို့အကျင့် ပျက်လို့ မရဘူးလို့ ပြောချင်တာဆိုရင် ဆက်မပြောပါနဲ့ ကျွန်မ လက်မခံဘူး၊ ယောက်ျားရဲ့နှလုံးသားက ခံစားတတ် သလို မိန်းမရဲ့နှလုံးသားကလည်း ခံစားတတ်တယ်၊ ရှင် သစ္စာမရှိရင် ကျွန်မ နာကျင်ရမှာဖြစ်သလို ကျွန်မသစ္စာမရှိ ရင်လည်း ရှင်နာကျင်ရမှာပါ၊ ဘာကြောင့် ရှင့်အတွက်ကျ မှ ရှင်မနာမကျင်ရအောင် အခွင့်အရေးထူးရစရာအကြောင်း ရှိရမှာလဲ"

မျက်လုံးအိမ်ထဲ မျက်ရည်တွေ ပြည့်လာပြီး နာကျင် ခါးသက်စွာပြောလိုက်တဲ့ ညတန်ခူးကို လင်းဝင်းထူးက ပခုံးနှစ် ဖက် ဆွဲကိုင်ကာ လှုပ်ယမ်းရင်း ...

"နစ်မွှန်းစရာရှိ မင်း နစ်မွှန်းမှာစိုးလို့ ပြောနေတာ"

"စေတနာအပြည့်ထားတဲ့ သဘောပေါ့နော်၊ ကျေးဇူးပါပဲ ကိုလင်းဝင်းထူး၊ ကျွန်မက အနစ်မွှန်းခံမယ့် မိန်းမထဲမှာ မပါပါဘူး"





"မင်းဟာမင်း ခံခံ မခံခံ၊ ဟိုကောင်က ကာလေကချေ"

"ဘယ်ကောင်လဲ"

"မင်းတွဲနေတဲ့ ကာလေကချေကောင်"

"ရှင်က ဘယ်လိုသိလဲ"

ညတန်ခူးက သရော်သောမဲ့ပြုံးနှင့် အရသာရှိရှိမေး သည်။ သူ့ရှေ့ကိုသွားတွဲမပြခဲ့ပါ။ မှုယာ့မွှေးနေ့ကလွဲရင် နောက်ပိုင်း တွေမှာ သူနဲ့ထိပ်တိုက်မဆုံပါ။ ထိပ်တိုက်တိုးအောင် ကြိုးစားရင် သည်း လုလင်က အအ,မှ မဟုတ်တာ ရိပ်မိမှာပေါ့။ လင်းဝင်း ထူးရဲ့ အပေါင်းအသင်း မိတ်ဆွေတွေရှိတတ်တဲ့ ကျက်စားတဲ့ အဝန်းအဝိုင်းလောက်ပဲ လူးလာဆန်ခတ် သရုပ်ပြနေတာပါ။

သူ့အသိအကျွမ်းတွေရဲ့ဆိုင်တွေရှိတဲ့ ပလာဇာတွေ၊ သူတို့ကျက်စားတတ်တဲ့ စားသောက်ဆိုင် ကော်ဖီဆိုင်တွေ၊ မကွာင်း လွှတ်နေရာလေးတွေမှာ လုလင်နဲ့တွဲကာ လမ်းသလားပြနေလိုက် ခြင်းဖြင့် အဲဒီအသိအကျွမ်း အပေါင်းအသင်းတို့က လင်းဝင်းထူး ကို သွားမပြောဘဲ မမေးဘဲ မနေ။

ဒီလောက်နှစ်ကြော်ရှည် တွဲလာတာမို့ နှစ်ဖက်အသိုင်း အဝိုင်းက အမျိုးတွေတင်မကဘဲ အပေါင်းအသင်းမိတ်ဆွေတွေ အားလုံး သိကြတာပဲ။ သူ့ထံသတင်းရောက်တော့ သူ အရှက် တကွဲ သိက္ခာကျရတာပေါ့။ ဒါကြောင့်လည်း ခုလို ဆတ်ဆတ် ဆန်ပြီး ရောက်လာတာပေါ့။ သူက မသိမသာလေး ကျိတ်ပုန်း ဆော် အော်ရောဝင်နေတာဖြစ်ပြီး တန်ခူးက သိသိသာသာ လူရှေ့



www.burmeseclassic.com

www.burmeseclassic.com



သူရှေ့ကွေ့ တွဲသွားပြလိုက်တာ။ အားလုံး သူ့အသိုင်းအဝိုင်းချည်းပင်။ ကိုယ့်အသိုင်းအဝိုင်းရှေ့မှာ လုလင်ကို လုံးဝမတွဲပါ။

"မသိဘဲနေပါမလား၊ မင်းကိုယ်မင်း လုံတယ်မထင်နဲ့"

"မထင်ပါဘူး၊ လုံတယ်ထင်လို့ လုပ်နေတာလည်းမဟုတ်ဘူး"

"ဒါဖြင့် ဘာလဲ၊ သူ့ကို မင်းလည်း သာယာနေတာလား"

"မသာယာပါဘူး၊ သူကသာ ကျွန်မကို အရူးအမူးချစ်မြတ်နိုးနေတာပါ၊ ရှင်ပြောသလိုဆိုရင် ကိုယ့်ဘက်ကမပါရင် ပြီးရောမဟုတ်လား"

"မင်းဘက်က မသာယာရင် မင်း ဘာဖြစ်လို့ သူ့ကိုတွဲနေသေးလဲ"

"အမှန်အတိုင်း ပြောရမှာလား ကို"

ညတန်ခူးက မျက်တောင်စာဖျပ်ဖျပ် ခတ်ရင်း ရစ်ဝဲတဲ့ မျက်ရည်ကိုသိမ်းကာ ...

"ဒါမှ တရားမယ်ထင်လို့၊ ရှင် ကျွန်မကို တစ်ရာပေးရင် ကျွန်မလည်း တစ်ရာပြန်ပေးနိုင်ပေမယ့် ရှင်က ကိုးဆယ်ပဲ ပေးရင် ကျွန်မကလည်း ကိုးဆယ်ပဲ ပေးချင်တာ၊ ကိုယ့်မှာ တကယ်ရှိနေတာက တစ်ရာဆိုတော့ တစ်ဆယ်ကို မလျှော့လျှော့အောင် နှုတ်ပစ်ရမှာပဲ"

"တောက်"





"ရှင်တောင် ရှင့်ရဲ့ဇူးကို အားနာကရုဏာသက်သေးတာပဲလေ၊ ကျွန်မလည်း လုလင်ကို သနားတယ်၊ သူ့ခမျာ ကျွန်မကို သိပ်ချစ်သိပ်မြတ်နိုးတာပဲ"

"အလကားကောင်ပဲဟာ၊ အချိန်တွေ ပိုနေမယ့်ကောင်စား၊ မင်းကို ပတ်ချွဲနပ်ချွဲ နှူးနေနိုင်မှာပေါ့"

သဝန်တိုတဲ့လေသံမို့ ညတန်ခူးက ရင်ထဲကျိတ်ပြီး ...တွေ ဝေနေပါသည်။

"လုလင်က အလကားကောင်လည်း မဟုတ်ဘူး၊ ကလေကချေလည်း မဟုတ်ဘူး"

"ဘာလို့ မဟုတ်ရမှာလဲ၊ ဆံပင်ကကုပ်ထောက်၊ လမ်းသရဲယောင်ယောင် ဂေါ်လီယောင်ယောင်"

"သူက ဓာတ်ပုံပညာရှင်တစ်ယောက်ပါ၊ ကိုယ်ပိုင်စတူဒီယိုနဲ့ အောင်မြင်တဲ့ ဓာတ်ပုံဆရာ၊ ဟဲန်းဒ်ဆက်ဆိုင်လည်း ဖွင့်ထားတယ်၊ သူ့အဖေလည်း ဂရိတ်စီးပွားရေးသမား။ ကျွန်မ ဆန္ဒရှိရင် လက်ထပ်ဖို့ ရွေးချယ်ရင်ရတဲ့ အဆင့်မှာ ရှိတယ်"

"ဘာ"

ထိုစကားက လင်းဝင်းထူးကို အထိနာစေကာ ဒေါသ ... ပေါက်ကွဲစေသည်။

"ဘာလဲ ... မင်းက ဒီကောင်ကို ရွေးချယ်တာလား"



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ကိုပြန်ပေးဖို့တန်ဖိုးကို တန်းညီအောင် နုတ်လိုက်
အထိပဲ ရည်ရွယ်ထားပါသေးတယ် ကို၊ နုတ်ဖို့နေရာမှာ
သူ့ကို သုံးထားတာ၊ ရှေ့ကိုအများကြီးတော့ ကြိုမပြောနိုင်
ပေမယ့် လောလောဆယ်ကတော့ သူ ကျွန်မကို ချစ်မြတ်နိုး
တာ ယုယုယယ ဂရုစိုက်တာ ခေါင်းပေါ်တင်ထားမတတ်
ဖူးဖူးမှုတ် 'ဥ'ထားတာကိုပဲ ခံယူကြည့်ရုံပါ"

"မင်းကို ခေါင်းပေါ်တင်ထားတဲ့ ယောကျ်ားမျိုးကို လိုချင်
ရင်တော့ အဲဒီယောကျ်ားမျိုးထဲမှာ ငါမပါတာ မင်းနားလည်
ထားဦး တန်ခူး"

"ကျွန်မကလည်း ရှင့်ကို ခေါင်းပေါ်တင်ထားရမယ်လို့
မတောင်းဆိုပါဘူး၊ ဒါပေမဲ့ ခေါင်းပေါ်တင်ထားတဲ့သူလည်း
ရှိတယ်ဆိုတာပဲ သိအောင်ပြောပြတာ"

"ဒီတော့ ငါက ဘာလုပ်ရမှာလဲ"

"လုပ်ချင်တာလုပ်ပေါ့၊ ရှင့်မှာ အသိဉာဏ်ရှိတာပဲ၊ ဒါပေမဲ့
ကိုယ်ချင်းစာတရားတော့ထားပါ ကို၊ တူညီတဲ့တန်ပြန်
သက်ရောက်မှုကို ရှင် ရမယ်ဆိုတာ သိရင်ပြီးတာပါပဲ"

"မင်းက ကိုယ့်ကို ခြိမ်းခြောက်နေတာလား တန်ခူး"

"ရှင် ထင်ချင်သလို ထင်နိုင်ပါတယ်၊ သေချာတစ်ခု
တော့ ရှင့်ဘေးမှာ သင့်မဇ္ဈူသာ မရှိတော့ရင် ကျွန်မဘေး
မှာလည်း လုလင်ဆိုတာ လုံးဝမရှိတော့ဘူး"



"အဲဒီလို တန်ပြန်အကျပ်ကိုင်တဲ့နည်းနဲ့ မင်း ကိုယ့်ကိုချုပ်
နှောင်ဖို့ စဉ်းစားနေရင်တော့ မှားသွားမယ် တန်ခူး၊ ကိုယ်
က အကျပ်ကိုင်တာ ချောင်ပိတ်တာတွေကို အမုန်းဆုံးလူ
မျိုးပဲ၊ ကိုယ့်စိတ်ထဲမှာ ရှူးကို ဖယ်ထုတ်ပစ်ဖို့ စိတ်ကူးရှိ
လာရင်တောင် မင်း အကျပ်ကိုင်တာ ခြိမ်းခြောက်တာကို
ကြောက်လို့လို့ အထင်ခံရမှာစိုးလို့ ကိုယ်နောက်တွန့်သွား
လိမ့်မယ်နော်"

"အဟင်း ... ရှင့်သဘောပါ၊ ကဲ ... လမ်းဖယ်ပါ ကို"

လင်းဝင်းထူးက ခါးထောက်ရပ်နေရာမှ မဖယ်ပါ။
တန်ခူးကို ဒေါသအလျှံတညီးညီးနှင့် အသည်းတယားယား
ကြည့်နေဆဲပင်။ ခုလို တစ်ယောက်ယောက် ထ,ကောက်တွဲ
...က်မည် လုံးဝမထင်၍ ယမ်းပုံမီးကျ ဖြစ်ရပါသည်။ တွဲတဲ့ကောင်
...လေးကလည်း သူ့ထက် လေးနှစ် ငါးနှစ် ငယ်နိုင်တဲ့ လင်း
...င်းထူးထက်ဆို ဆယ်နှစ်လောက် ငယ်ရွယ်နိုင်တဲ့ ခေတ်လူငယ်
...လေး။

ပုံသဏ္ဌာန်က ခုခေတ်ဒီဇိုင်း။ ခပ်မိမိ။ ဘယ်သူ့ကိုမှ
...မစိုက်တဲ့ပုံပန်းဖမ်းထားတဲ့ မှုန်တေတေ ဂျစ်ပေပေရုပ်။ အလကား
...ကောင်။ ကြာကူရီ။ လင်းဝင်းထူးက ဒေါသတကြီး နှစ်နှစ်နာနာ
...ဖွဲ့တွေးနေမိပါသည်။

"ပွမ် ... ပွမ် ... ပွမ်"

www.burmeseclassic.com

www.burmeseclassic.com



ဟွန်းသံကျယ်ကျယ်ကြီး သုံးချက်ဆင့်ကြောင့် ဟွန်းသံထွက်လာရာကားဆီ နှစ်ယောက်လုံး အာရုံစိုက်ကြည့်လိုက်မိပါသည်။ အရှိန်နှင့်မောင်းခွင့်မရှိတဲ့ ကားပါကင်ဧရိယာထဲ ဆူဇူကီးဖိုးဝီးဒရိုက်ဗ် အနက်ရောင်က တိုင်လုံးတွေကို ကွေ့ကာ ပန်းကာ အရှိန်နှင့် မောင်းလာပုံက ကမူးရှူးထိုး ဆန်နေပါသည်။

"ရှင် မြန်မြန်ဖယ်တော့၊ ကျွန်မ သွားတော့မယ်"

ညတန်ခူးကလည်း အလောသုံးဆယ် ရှောင်ထွက်သွားလိုဟန် ရှေ့တိုးလိုက်သဖြင့် ...

"အဲဒါ ဘယ်သူလဲ"

"အဲဒါ လုလင်လေ"

လင်းဝင်းထူးက မျက်နှာမဲ့ပျက်ကာ ...

"ဒီကောင်လာတာနဲ့ မင်းက ဘာဖြစ်နေရတာလဲ"

"လုလင်က ကျွန်မနဲ့ပတ်သက်ရင် အရမ်းစိတ်လှုပ်ရှားသွေးဆူလွယ်တယ် ကို"

"အဲဒါ ဘာလုပ်ရမှာလဲ၊ လဲသေလိုက်ပေါ့"

"ပြဿနာတက်လိမ့်မယ်၊ သူက ကျွန်မနဲ့ပတ်သက်ရင် ရူးသွပ်နေသလိုကို ဖြစ်နေတာ၊ ရှင် ရှောင်ထွက်သွားလိုက်ရင် ကောင်းမယ်"

"ဒီကောင့်ကို ငါက ရှောင်ပေးရအောင် သူကဘာ ငါကဘာလဲ ... ဟင်၊ မင်း ဘယ်လိုပြောလိုက်တာလဲ"

ညတန်ခူးက လင်းဝင်းထူးကို ပြုံးမဲ့မဲ့ကြည့်ရင်း ...





"လုလင်က ကျွန်မအတွက်ဆိုရင် မိုးကိုလည်း ဒူးနဲ့ပြေးတိုက်မယ့်သူ၊ ချောက်ကမ်းပါးလည်း ခုန်ဆင်းမယ့်သူ"

"ဟောက်ရှူးပေါ့"

လင်းဝင်းထူးက ပစ်ပစ်နှစ်နှစ် ပြောလိုက်ပါသည်။

လုလင်သည် ကားချိုးဝင်လိုက်ကတည်းက အကျင့်ရနေတဲ့ မျက်စိတို့က မ,ရဲ့ကားရပ်နေကျ နေရာလေးမှာ မ,ကားကို အရင်လှမ်းမြင်သည်။ ကားကတစ်ဆင့် ဘေးမှာ မ,။ မ,ရဲ့ဘေးမှာ ဟိုဆံရာဝန်။ အဆင့်ဆင့် မြင်လိုက်သောအခါ ယောက်ယက်ခတ် ပြာနှမ်းသွားတာဖြစ်သည်။

ဘာသဘောလဲ။ သူတို့ချင်း ပြန်တွေ့နေကြတာလား။ နောက်လူပီပီ အားငယ်တဲ့အတွေးကို အရင်တွေးမိကာ မှုန်ထူတဲ့စိတ်က ငယ်ထိပ်ကပ်ကာ ကားကိုတောင့်အရှိန်မြင့် ဝင်လာမိပါသည်။ မောင်းလာရင်းကလည်း မ,ထံ တုရစပ်ကြည့်လာတာ။ မ,ရဲ့မျက်နှာရိပ် မျက်နှာကဲက သူ့အတွက် အရေးကြီးပါသည်။

မ,မျက်နှာ ရွှင်ပြုံး ကြည်သာနေလား၊ မ,စိတ်အနှောင့်အယှက် ဖြစ်နေလား။ မ,သူ့ကို လိုအပ်နေသလား။ မ,သူ့ကို ရောက်မလာစေချင်ဘူးလား။ ဒါတွေကို ရင်တမမတွေးကာ ချွေးတွေတောင် ပြန်လာတာ။ သူရပ်တဲ့နေရာဆီ ကွေ့အဝင် မ,တို့ရှေ့ကအဖြတ် မ,သူ့ကို လှမ်းကြည့်လိုက်တဲ့ မျက်ဝန်းကလေးက စိတ်တွေလည်းကျဉ်းကျပ်၊ စိုးရိမ်မကင်းလည်းဖြစ်၊ သူ့ကိုမလိုလားမှုမရှိဘဲ အားကိုးအားထား မျှော်ကြည့်ပုံလေးပဲလို့ သူ့ဘာသာ



www.burmeseclassic.com

www.burmeseclassic.com



သူ သေချာစွာ ကားပေါ်ကနေ ရပ်ရပ်ချင်း ခုန်ဆင်းပြီး တံခါး ပိတ်နိုင်ဘဲ အပြေးပင် ကပ်သွားလိုက်သည်။

သူ့ဟာသူ အချစ်ဦးမကလို့ အရင်လူမကလို့ ဘာ အဖြစ်ဖြစ် အခုလောလောဆယ် မ, သူ့ကိုအလိုမရှိဘူးဆို ပြီးတာပဲ။

"လုလင်"

**လုလင်က** ညတန်ခူးနံ့သော ဝင်ရပ်လိုက်ပါသည် မ,ရဲ့အသံ**တုန်တုန်ကလေး**ကြောင့် လူက သွေးတွေပိုပြီး ဆူ လာသလိုလို။ **ခင်ဗျားကြီး**ကို ပြဿနာမလုပ်ချင်ပါဘူးဗျာ၊ မတ သာလို့ပါ။

"မ, မဝင်သေးဘူးလား"

"ဝင်တော့မလို့ပဲ လုလင်"

**တွေ့လား။**

**ဒီလူနဲ့သာ** ဆက်တွေ့ချင်နေသေးရင် လုလင်ဝင်နှ ခဏနေ မ,ဝင်ခဲ့မယ်**ဆိုတာ**မျိုး ပြောမှာပေါ့။

လုလင်က သူ့ကို ခါးနှစ်ဖက်ထောက်ပြီး စိတ်ဖျ အထင်သေးသလို **ကြည့်**နေသော လင်းဝင်းထူးကို စိုက်ကြည့်လို ပါသည်။ ဂျင်းတဲလ်မဲင်းပုံစံအပြည့်နှင့် လင်းဝင်းထူးဟာ ဖျ အဆင့်မြင့်နေသည်။

ခပ်ဗျာရုပ်ကြီးကိုက ရစ်မယ့်ရုပ်ကြီး။ မိန်းမတွေ သူတို့အပေါ်ကျတော့ရစ်ပြီး ကိုယ်တိုင်ကျတော့ ထင်ရာလုပ်ကြ





ခင်ဗျားကြီးတို့လို ဘဲကြီးမျိုးတွေကို ကြာကြာရင်မခုန်ပါဘူး ဒေါက်တာကြီးရဲ့။ သူတို့ကို အမှန်တကယ် အရူးအမူးချစ်မယ့် ယောကျ်ားမျိုးကိုသာ အလိုရှိတာဗျ။

"ဒါဆို လာလေ"

ညတန်ခူးက လင်းဝင်းထူးကို မျက်ခုံးပင့်ပြီး သူတို့နှစ်ယောက်သာ နားလည်မယ့် ရိသဲ့ရိသဲ့ အပြုံးလေး မသိမသာ နှုတ်ခမ်းပေါ်ချိတ်ကာ တွေ့ပြီးထွက်လိုက်ပါသည်။ လုလင်ကလည်း လင်းဝင်းထူးကို တစ်ချက်ကြည့်ပြီး ညတန်ခူးနောက်က လိုက်ခဲ့သည်။

လင်းဝင်းထူးသည် တကယ်တော့ တစ်သက်နဲ့တစ်ကိုယ် ရန်ဖြစ်ဖူးသူလည်း မဟုတ်၍ ကိုယ့်ထက်ဆယ်နှစ်ငယ်တဲ့ လူငယ်တစ်ယောက်နှင့် ရန်ဖက်ဖြစ်ရမှာမျိုးကို ရှက်လည်းရှက် ကြောက်လည်းကြောက်တာ **အမှန်**ပေ။ ကျော်မကောင်း ကြားမကောင်း သမားတော်ကြီး ဖြစ်ကာမှ မိန်းမတစ်ယောက်ကိစ္စအတွက် နှင့် **လူငယ်တစ်ယောက်**နှင့် ရန်ဖြစ်ထိုးကြိတ်ကြရတယ်**ဆို**တာ လည်း သူ့ဂုဏ်သိက္ခာအတွက် နည်းနည်းမှ မသင့်တော်။

ဒီတော့ တစ်ကိုယ်လုံး ဒေါသတွေ ပြည့်နှက်နေပေမယ့် ဘာစကားမှ မစ,လိုက်ဘဲ ဒီအတိုင်း မိုးတိုးမတ်တတ်ကြီး ကျန်ရစ်ခဲ့ပါသည်။

"မ"

"ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com

"မ,ရဲ့လူကြီးက ဘာကြီးလဲ၊ သူ့ရှေ့က ဒီလိုတွဲထွက်လ
တာတောင် ကျွန်တော့်ကို တစ်ချက်လောက် လှမ်းထိုးဆေ
မရပါလား"

"သူလား ရန်ဖြစ်မှာ"

"ကြောက်လို့လား"

"သူ့ဂုဏ်သိက္ခာတွေ ထိပါးပွန်းပဲ့မှာစိုးလို့ ဖြစ်မှာပေါ့"

"အခု သူနဲ့ မ,က ဘာရပ်လုပ်နေတာလဲ"

"ကားပေါ်ကဆင်းတော့ သူ အနားရောက်လာတယ်လေ
မြင်တဲ့အတိုင်းပဲ"

"ဘာတွေ ပြောနေတာလဲ"

"မင်းနဲ့တွဲနေတာ သိသွားတယ်"

"အောင်မာ"

လုလင်ရဲ့ရေရွတ်သံကြောင့် ညတန်ခူးက ဟန်ဆော
မှုမပါသော ချစ်စနိုးပြုံးလေး ပြုံးတုံ့မိပါသည်။ ဒီကောင်လေးဟာ
တစ်ခါတစ်ရံ ကလေးတစ်ယောက်လိုပင်။

"တွဲတော့ ဘာဖြစ်လဲ၊ ကိုယ့်စိတ် ကိုယ့်သဘောပဲဟာ၊ မ
ကို လာရစ်နေတာပေါ့"

"အင်း"

"မ,က ဘာပြောလိုက်လဲ"

"မ,ကိစ္စဟာ မ,သဘောပဲလို့ပေါ့"

"ကောင်းတယ်၊ ဒီတော့ သူ ဘာပြောလဲ"





"ဘာပြောရမလဲ လုလင်ရယ်၊ မင်းနဲ့မတွဲဖို့ ပြောတာပေါ့၊
မင်းက ယောကျာ်းတစ်ယောက်တဲ့၊ အခွင့်အရေးရသလိုယူ
သွားလိမ့်မယ်တဲ့"

"ဟာ ... ကြည့်စမ်း၊ ယောကျာ်းချင်း တော်တော်ကုန်း
တိုက်တာပဲ"

"အဟင်း ဟင်း"

ညတန်ခူးသည် မီးခဲကိုင်မိသလို ရှစ်ထ,နေသော
လုလင်ကို ရယ်မောနေမိသည်။

"မ"

"အင်း"

မာတ်လှေကားထဲမှာ လုလင်က မ,ကျောကပ်ရပ်
နေတဲ့ နံရံဆီ လက်လှမ်းထောက်ကာ မနှင့် မျက်နှာချင်းတည့်
တည့်ဆိုင်ရင်း ...

"မ, သူ့ကို တကယ်ပြတ်ရဲ့လားဟင်"

"မပြတ်ရင် ခုလောက်ဆို သူ့နောက်ကို လွှမ်းပြီးပါသွားပြီ
ပေါ့၊ မတွေ့ဆုံရ စကားမပြောရတာ တစ်လနီးပါးရှိပြီပဲ"

"ဒီလေသံကိုက လွမ်းနေ့ပါနေတယ်"

"အဟင်း ဟင် ... လုလင်ရယ်၊ သိပ်ဝေးမနေစမ်းပါနဲ့၊ မ,
အခု ဘယ်သူ့နားမှာလဲ ဆိုတာကိုပဲ မင်းစဉ်းစားလိုက်"

လုလင်သည် ကြည်နူးစိတ်နှင့် မျက်ရည်တောင်
လည်သွားပါသည်။

www.burmeseclassic.com



"မ ...၊ မ,ကို အရမ်းချစ်တယ်"

လုလင်ရဲ့အကြည့်သည် ဆူးလေးတစ်ချောင်းနှယ် ညတန်ခူးရဲ့ရင်ထဲ လာစိုက်နေပါသည်။ ညတန်ခူးက ခံစားချက်တွေ ပြင်းပြလေးနက်လှတဲ့ လုလင်ရဲ့မျက်ဝန်းများနှင့် ရင်ဆိုင်မကြည့်ရဲတော့ဘဲ မျက်လွှာချရင်း ...

"လုလင် ... မ,နောက်က နံရံကိုထောက်ထားတဲ့လက်ကို ဖယ်ပေးပါ"

"ဘာဖြစ်လို့လဲ မ,ရယ်"

"ခုနေ ဓာတ်လှေကားပွင့်သွားရင် လူတွေမြင်ကုန်မယ် ဣန္ဒြေမရသလိုပဲ၊ လုလင်က လိမ္မာပါတယ်ကွယ်"

"မလိမ္မာပါဘူး"

"မ,အတွက်ဆိုရင် ငဲ့ညှာတတ်ပြီးသား မဟုတ်လား"

လုလင်က နှာခေါင်းကို ရှုံ့ပစ်ရင်း ...

"ဟွန်း"

ထောက်ထားတဲ့လက်ကို ဖယ်ပစ်လိုက်ရင်း မျက်နှာချင်းဆိုင်နံရံသို့ နောက်ဆုတ်ကာ ကျောမှီထားလိုက်ပါသည်။

"မ, ကျွန်တော့်ကို မြန်မြန်အဖြေပေးတော့၊ ကျွန်တော် မ,ကို စိတ်မချတော့ဘူး၊ ဒီလူကြီး ခဏခဏရောက်ရောက်လာတော့မှာ သိနေပြီ၊ တော်ကြာ မ,ပြန်ပါသွားမယ်"

"ဘာဖြစ်လို့ ပါရမှာလဲ ... အမယ်လေး"





"မ,ရဲ့အချစ်ဦးကြီးဟာကို၊ သံယောဇဉ်တွေလည်း နှစ်တွေရှည်ခဲ့တယ်၊ မ, ကျွန်တော့်ကို ထားခဲ့ရင် ဘယ်လိုလုပ်မလဲ"

ညတန်ခူးက မျက်လုံးထောင့်ကပ်ကာ မျက်စောင်းထိုးရင်း ...

"ဟွန်း ... သူ့ပဲ ထားခဲ့ရဦးမယ်တဲ့"

"ဟုတ်တယ်လေ၊ ထားခဲ့လို့တော့ မရတော့ဘူး"

"ဘာလို့ မရတာလဲ"

"မ, ကျွန်တော့်ကို အရမ်းပြုစားပြီးနေပြီ၊ မ, သိသိမသိသိ ကျွန်မှော်က မ,ရဲ့နှောင်အိမ်မှာ ငြိနေပြီ၊ မ,အချေဖြေပေးပါဗျာ"

"အိုး ... စဉ်းစားရဦးမှာပေါ့"

ဓာတ်လှေကားတံခါး ပွင့်သွား၍ နှစ်ယောက်သား ထွက်လိုက်ပြီးလျှင် လုလင်က ဆိုင်ခန်းဘက် လျှောက်လို့မရအောင် ညတန်ခူးရှေ့က ကာပြီးရပ်ထားရင်း ...

"မ,"

"ဘာလဲကွာ၊ ရုပ်ပျက်ဆင်းပျက် မလုပ်နဲ့လေ"

"မ, ... မ,စိတ် ပြန်မလည်ဘူးလို့ ကျွန်တော်မယုံဘူး"

"မယုံလည်းနေ"

"တောက် ... ဒီလူ ဂြိုဟ်လာမွှေလို့ ဒီနေ့အဖို့ လုံးဝ Mood ပျက်ပြီဗျာ၊ ဘာကိစ္စလာမှန်းကို မသိဘူး၊ လမ်းမှာကားတိုက်ပါစေဗျာ"

"ဟဲ့ ... ဒီစကားကို ပယ်ဖျက်စမ်း"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ ပယ်ဖျက်ရမှာလဲ"

"ဥုဖွလုပ်လိုက်"

"မလုပ်ဘူး၊ မ,က စိုးရိမ်ပူပန်နေတာပေါ့၊ တွေ့လား မ,သံယောဇဉ်မှ မပြတ်တာ၊ ဒီလူကို ချစ်နေသေးတာ မဟုတ်လား"

"ဘာမှမဆိုင်ဘူး၊ မင်းဆီက ကြမ်းတမ်းတဲ့စကားတွေ ထွက်တာ မကြိုက်လို့၊ ပြောမိတာ ဘွာခတ်ပါတယ်လို့ ခုချက်ချင်းပြော"

လုလင်က ညတန်ခူးကို စူးစူးလေးကြည့်နေရင်းက သက်ပြင်းတစ်ရှိုက်နှင့် ...

"ပြောမိတာ ဘွာခတ်ပါတယ်"

ညတန်ခူး မျက်နှာက ကြည်လင်ကာ ...

"လုလင်က လိမ္မာသားပဲ၊ အဲသလို မ,စကား နားထောင်တာကို အရမ်းကြိုက်တယ်"

"ဘာလဲ ... ကြိုက်တယ်ဆိုတာ၊ ကျွတ် ... ချစ်တယ်လို့ ပြောပါ မ,ရာ"

"ခပ်မြန်မြန် အဖြေပေးရမယ် ... ဟုတ်လား"

"မ,က ကျွန်တော့်ကို ခပ်မြန်မြန်ပဲ သံယောဇဉ်တွယ်သွားတာဆို၊ လိုအပ်တယ်ဆို၊ အဖော်ဆို၊ မ,ခေါင်းညိတ်လိုက်ဖို့ တရားဝင်ဖြစ်ဖို့ လိုအပ်နေတာ တစ်ခုကလွဲရင် မ,နဲ့ကျွန်တော့်ကို အားလုံးက ချစ်သူထင်နေကြပြီ"





"တိုးတိုးပြောစမ်းပါကွာ"

"တိုးတိုးပြောလို့ မရတော့ဘူး၊ ဒီမနက် မ,ဆီ ဒီလူရောက်လာတာတွေ့လို့ သွေးတွေဆူပွက်နေပြီ၊ မရဘူးနော် မ,၊ မ,ကျွန်တော့်ကို လှည့်စားဖို့လည်း မကြံနဲ့၊ အခု မ,ဆိုင်ကိုသွား၊ ကျွန်တော်လည်း ဆိုင်ကိုသွားမယ်၊ နေ့လယ်ကျ အပြင်မှာ ထမင်းထွက်စားမယ်၊ စားရင်းနဲ့ ကျွန်တော့်ကို အဖြေပေး။ အချိန်တိုတောင်းတယ်လို့ ပြောလို့ရပေမယ့် ခံစားချက်က အရမ်းနက်ရှိုင်းပါတယ် မ,ရယ်၊ အဲဒါ မ,လည်းသိပါတယ်၊ ကျွန်တော့်ကို နည်းနည်းကလေးတောင် စိတ်ဝင်စားမှု မရှိဘဲနဲ့တော့ မ,ခုလို ရင်းရင်းနှီးနှီးနေခွင့် ဘယ်ပေးမလဲ၊ ဟုတ်တယ် မဟုတ်လားဟင် မ,"

ညတန်ခူးက လုလင်ကို ကရုဏာနှင့် ပြုံးပြလိုက်မိပါသည်။

♥ ♣ ♥



www.burmeseclassic.com

www.burmeseclassic.com



# ၇

"တန်ခူး … နင် ဘာတွေလုပ်နေတာလဲ"

ညတ်ခန်ရူးက ဖုန်းကို နားမှခဏခွာကာ …

"နားတွေအူလိုက်တာ မူယာရယ်"

"ငါ မွေးနေ့ကတည်းက သိပ်သဘောတွေ့တာ မဟုတ်ဘူး နော် တန်ခူး၊ ကောင်လေးက မာရေကျောရေပုံနဲ့ ထ,ထွက်သွားတာကို နင် ကောက်ခနဲ နောက်ကပါသွားတာ လုံးဝ ကျေနပ်တာ မဟုတ်ဘူး၊ အားလုံး အကဲခတ်နေကြတာ၊ ကိုလင်းဝင်းထူးကြီးကလည်း ငုတ်တုတ်နဲ့"

"ဒါ ငါ့အကြောင်းနဲ့ ငါပါ မူယာရယ်"

"နောက်ပိုင်းလည်း ငါ့ကို ဟိုလူလာပြော ဒီလူလာမေးနဲ့ နားတောင်မဆန့်ဘူး၊ ဘာဖြစ်လို့ ဒီအသိုင်းအဝန်းထဲကလူတွေချည်း တစ်ယောက်ပြီးတစ်ယောက် တွေ့လိုက်ကြ မြင်လိုက်ကြ ဖြစ်နေပါလိမ့်လို့ တွေးနေတာ၊ တကယ်တမ်း





နင် ချာတိတ်တစ်ယောက်နဲ့ တွဲနေရင် ဒီအသိုင်းအဝိုင်းရဲ့ လူမြင်ကွင်းက တတ်နိုင်သမျှ ရှောင်ရမှာပေါ့၊ နင်လည်း မိဖုရားရတနာတိုက်က ညတန်ခူးပဲဟာယ်၊ အပေအတေမှ မဟုတ်တာ၊ ကိုယ့်ဂုဏ်သိက္ခာ ထောက်ဦးမှပေါ့ …

အခုဟာက လူသိတွေချည်း တွေ့နေ မြင်နေတော့ ငါ နားလည်လာတာက နင် တမင်လိုက်တွဲပြနေတာလို့ပဲ၊ မမြင်,မြင်အောင် လူတွေ မသိ,သိအောင် မပြော,ပြောအောင် လုပ်နေတာ ဟုတ်တယ်မို့လား၊ ဒါမှလည်း ကိုလင်းဝင်းထူး နားထဲပေါက်မယ်၊ သူ မြင်အောင်ပြဖို့က တော့ ဆေးရုံနဲ့ဆေးခန်းပဲ ကူးတာများတဲ့ သူ့ကို နင်မြင်အောင် ဖြတ်လျှောက်ပြနေဖို့ မလွယ်ဘူးကိုး၊ ဟုတ်တယ် မို့လား တန်ခူး"

"ဟင်း … ဟင်း … ဟင်း"

ညတန်ခူးက ဉာဏ်ကြီးရှင် မူယာ့ကို ဝန့်လည်း ခံ၊ ငြင်းလည်းမငြင်းပဲ တသောသော ရယ်မောနေလိုက်ပါသည်။

"ရယ်မနေနဲ့ မိန်းမ၊ အခု ကိုလင်းဝင်းထူးကပါ ပြောလာပြီ၊ နင် ဘာဖြစ်လို့ ထင်ရာတွေ ဖွက်တရွတ် လုပ်နေတာလဲ"

"နင် ငါ့သူငယ်ချင်းပဲဟာယ်၊ ငါ့အကြောင်း သိပါတယ်"

"နင် ကိုလင်းဝင်းထူးကို ရွဲ့ပြီး Lesson ပေးဖို့ ကြံနေတာ မျိုးလေ၊ ဒါတွေက ချိုင်းလ်ပလေးတွေလေ တန်ခူး၊ နင့် အရွယ်နဲ့ လုပ်စရာလား"



www.burmeseclassic.com

www.burmeseclassic.com



"နင် ခံစားရတာ မဟုတ်တော့ နင် ကိုယ်ချင်းမစာနိုင်ပါဘူး မှယာရဲ့"

"နင့်လောက် ခံစားမကြည့်တတ်ပေမယ့် တွေးနိုင် မှန်းနိုင်ပါတယ် တန်ခူးရယ်၊ နင့်ခံစားချက်နဲ့နင်ရှိမှာ သိတာပေါ့၊ ဒါပေမဲ့ ဒါတွေက သဘာဝတွေပါ၊ ပြည့်စုံမြင့်မားလာတဲ့ ယောကျ်ားတွေကို မိန်းမတွေက ပူးကြကပ်ကြတာလည်း ဖြစ်တတ်တဲ့ သဘာဝပဲ၊ အဲဒီယောကျ်ားကလည်း သူ့ကို ဒီလောက် မိန်းမတွေ ဝိုင်းဖူးဖူးမှုတ်မှတော့ နည်းနည်းပါးပါး သာယာစိတ်ကစားမှုရှိမှာ ဖြစ်တတ်တဲ့ သဘောပဲလေ၊ ကိုယ့်ဆီကနေ ပစ်ခွာပြီး ယိမ်းယိုင်ပျော့ပါမသွားဘူးဆိုရင် ပြီးနေတာပဲ"

"အဲဒါကို မှန်းတာလေ"

"မှန်းမနေနဲ့၊ နောက်ဆုံးတစ်နေ့ကျ ကိုလင်းဝင်းထူးက နင့်ကိုပဲ လက်ထပ်မှာလို့ နင် မထင်ဘူးလား၊ နားမလည်ဘူးလား"

"ဖြစ်နိုင်ပါတယ် မှယာ၊ ဘေးမှာ ဝိုင်းဝိုင်းလည် ဖူးဖူးမှုတ်ခံရတယ်ဆိုတာ သူတို့ယောကျ်ားတွေမှလား၊ ငါတို့မိန်းမတွေမှာလည်း ရှိတာပဲလေ၊ မိန်းမတွေ ဒါကိုသာယာရင်ကော သူတို့ယောကျ်ားတွေ ခွင့်လွှတ်နိုင်လား၊ ဘာမှမပြောဘဲ ဇစ်နေ့ ငါနဲ့လက်ထပ်ရင် ပြီးတာပဲလို့ သဘောထားပေးနိုင်လို့လား ..."





အဲဒါကိုမှန်းတာ၊ ပြီးတော့ ရှိသေးတာတွေ အများကြီးကို နင် ဘာမှမသိပါဘူး မှယာ၊ ငါပဲသိတာ၊ ငါပဲခံစားရတာ၊ ငါပဲနာကျင်ရတာပါ"

"ဘာတွေလဲ"

"ကျွတ် ...၊ ပြောရတာ သူ့ကိုယ်စား ရှက်ပါတယ်ဟယ်၊ အင်္ဂလန်က ပြန်လာကတည်းက 'ကို'က အရင်တုန်းက လင်းဝင်းထူး မဟုတ်တော့ဘူး မှယာ၊ အရှမ်းကို ဘဝင်မြင့်လာတယ်၊ သူ့ကိုယ်သူ တစ်စုံတစ်ယောက်ဆိုပြီး သွေးနားထင်ရောက်လာတယ်၊ အထက်စီး ဆန်လာတယ်၊ မောက်မာလာတယ် ...

ဟိုးအရင်က ငါတို့ရှေ့ကိုလာရင် စကားပြောရင် လက်လေးနှစ်ဖက် နောက်ပို့ပြီး ကိုယ်လေးယို့ယို့ ယို့ယို့နဲ့ မျက်မှန်လေး မ,မ,တင်ပြီး ပြုံးပြုံးလေး စကားပြောတတ်တဲ့ လင်းဝင်းထူး မဟုတ်တော့ဘူး မှယာ"

"ဒါတော့ တန်ခူးရယ်၊ လူဆိုတာ ကိုယ်ရောက်လာတဲ့ အဆင့်နဲ့အညီ စိတ်ထားရော အပြုအမူပါ ပြောင်းလဲလာစမြဲပဲလေ၊ အဆင့်ကမြင့်လာပြီး လူက ဒီအဆင့်နဲ့လိုက်လျောညီထွေတဲ့ အပြုအမူ ပြောင်းလဲကပ်မပါလာရင်လည်း တစ်မျိုးအထင်သေးခံရတာပဲလေ"

"အဲ့ဒါကလည်း တစ်ပိုင်းပါ၊ ငါကလည်း အရှိသေ အလေးစားခံချင်လွန်းလို့ မဟုတ်ပါဘူး မှယာ၊ ဒါပေမဲ့ ငါချစ်သူ



www.burmeseclassic.com

www.burmeseclassic.com



က ငါ့ကို ခပ်တင်းတင်းနဲ့ ဆက်ဆံပြီး အရေးမပေးတော့တာကို သူ ပြန်ရောက်လာကတည်းက ခံစားရတာ၊ ငါ့ယောက်ျားဖြစ်သွားရင်တော့ မျက်နှာရိပ် မျက်နှာကဲကြည့်ပြီး ပိုတောင် ကြောက်ရဦးမယ်၊ ချစ်တယ် မြတ်နိုးတယ်ဆိုတဲ့ တယုတယ အမူအရာဆိုတာ လုံးဝမရှိတော့တာ သူ့တပည့် သူ့အောက်က သူလုပ်သမျှ ပြောသမျှ စောဒကမတက် ငုံ့ခံရမယ့် လေမျိုး အချိုးမျိုး ဆက်ဆံခံရတာ ကသိကအောက် ဖြစ်နေရတာ ကြာပြီဟ၊ ငါ ကိုယ့်ချစ်လွန်းလို့သာ တောက်လျှောက် သည်းခံနေတာ”

“ငါလည်း နင်ပြောတာတွေ သဘောပေါက်ပါတယ်ဟယ် ဒါပေမဲ့ ...”

“အဲဒီကောင်မလေးကိစ္စဆိုရင် သူက ငါ့ကို လာမပြောနဲ့ လာမဝေဖန်နဲ့၊ သူ ဖောက်ပြန်နေတာ မဟုတ်တဲ့အတွက် တွဲချင်တွဲမယ်၊ ခွာချင်ခွာမယ်၊ ငါက သူ ဒီကောင်မလေးကို ခွာချိန်အထိ ဘာမှမပြောဘဲ ပါးစပ်ပိတ်ပြီး စောင့်ဆိုတဲ့ အချိုး”

“ငါ့အစ်ကိုလည်း ကိုလင်းဝင်းထူးကို ဝေဖန်ပါတယ် ပြောပါတယ်၊ သူက သူနဲ့ သင့်မြတ်သူသာ ဘာမှမဟုတ်ဘူးတဲ့”

“ဘာမှမဟုတ်တဲ့ မိန်းမတစ်ယောက်နဲ့ ပတ်သက်ပြီး ငါ့ကိုမာရေကျောရေ ဆက်ဆံတယ်၊ ဘာမှမဟုတ်တဲ့ မိန်း





တစ်ယောက်ကို ပြုံးပြပြီး ခေါင်းညွှတ်ပြီး မနှုတ်ဆက်လို့ ငါ့ကို ရိုင်းတယ်လို့ ပြောတယ်၊ ဒီတော့ ငါ့အဆင့်ကကော ဘာလဲ၊ ငါလည်း လမ်းဘေးက အစုတ်အပဲ့ မဟုတ်ဘူး၊ သူ ငါ့ကို ပေါက်ပွလွှတ်ပဲစား ဆက်ဆံလို့ မရဘူး မှုယာရဲ ...

ပြောရရင် ... သူက အောက်ခြေလွတ်လာတယ်၊ သူ့ဘဝက အရင်ကဘာမို့လဲ၊ ချည်ပုဆိုးလေးနဲ့ အမ်မ်ဘီဘီအက်စ် ဆရာဝန်လေး၊ အဲဒီကတစ်ဆင့် ကုန်းရုန်းစာကျက်ပြီး ဖြစ်လာတဲ့ အမ်မ်အက်စ်စီဆရာဝန်လေးကို ငါက ချစ်ထားတာပါ၊ ဘတ်စ်ကားပေါ်က တိုးဆင်းလာတဲ့ ဆရာဝန်လေးကို ရွေးချယ်ထားတဲ့သူပါဟ ...!

အင်္ဂလန်ကပြန်လာပြီးမှ ခုမှ ဇောက်ချ်ဝက်ငွန်ဖွတ်ချက်လေးတစ်စင်း ခြစ်ကုတ်ပြီး ဝယ်နိုင်ရုံရှိသေးတာတောင် ဘယ်လောက် လေသံဟန်ပန် ပြောင်းသွားလဲ၊ သူများမာစီဒီးစ်ဝယ်စီးနိုင်ပြီဆိုရင် သူ့မိန်းမဖြစ်မယ့်သူတော့ ကိုယ့်ကျင်းလေး ကိုယ်ကြိုတူးထားရုံပဲ၊ ဒါတွေ သူ့ကို နင်စကားပြန်ပေါက်အောင် ပြောလိုက်စမ်းပါ မှုယာ ...

သူ့ကိုချစ်စိတ်ကလည်း ရှိသေးတော့ မျက်နှာချင်းဆိုင် လက်ညှိုးငေါက်ငေါက်ထိုးပြီး ဒီစကားမျိုးတွေ ပြောမထွက်ရက်သေးဘူး၊ သိပ်ပြောချင်နေတာ၊ နင်နဲ့ နင့်အစ်ကိုပြောလိုက်စမ်းပါ၊ သူ့ဂုဏ်ဒြပ်နဲ့ညီအောင် အဆင့်ကိုမြှင့်



www.burmeseclassic.com

www.burmeseclassic.com

ချင်တာနဲ့ ငါ့ကို ခပ်နိမ်နိမ် ဖိနှိပ်ဆက်ဆံလာတာနဲ့ တခြားစီပါ"

"ဘာပဲဖြစ်ဖြစ်ပါ တန်ခူးရယ်၊ ဒါတွေလည်း ငါပြောပြမှာပါ၊ ဒါပေမဲ့ တစ်နေ့ နင်နဲ့ သူနဲ့ဟာ ပြန်လက်တွဲပေါင်းစည်းရမှာပဲလေ၊ ဟိုကောင်လေးကို နင် ကောက်တွဲထားတဲ့ လုပ်ရပ်ကတော့ မှားပါတယ် သူငယ်ချင်းရယ်"

"လုပ်ရပ်တစ်ခုအနေနဲ့ မှားပေမယ့် သူနဲ့ငါကြားမှာတော့ မမှားဘူး၊ သူ ဒီလိုလုပ်ရင် ငါဒီလိုပြန်ကိုလုပ်မှာပဲ၊ မိန်းမဖြစ်လို့ နစ်နာမှုတွေ ဘာတွေ လာမပြောနဲ့၊ မလုပ်မိရင် ငါကိုယ်ငါ မကျေနပ်တဲ့စိတ်နဲ့ ရူးလိမ့်မယ်"

"နင်တို့ချင်း ပြိုင်ယှဉ်တဲ့စိတ်က မှားတော့ပါပြီ၊ ဟိုကောင်လေးဖက်ရော နင် ထည့်မတွက်တော့ဘူးလား၊ ကောင်လေးလည်း နင်ပြောသလို အစုတ်အပေ မဟုတ်ဘူး၊ ကလေကဝ မဟုတ်ဘူးနော် တန်ခူး၊ ငါ စုံစမ်းပြီးပြီ၊ သူ့အဖေ ဦးမင်းပျို့ ဆိုတာ မင်းပျို့ထရိတ်ဒင်းလေ၊ ဂရိတ်လုပ်ငန်းရှင်ပဲနော်"

"ငါ သိပါတယ်"

"သူ့ဘက်ကလည်း နင်တွေးပေးဦးလေ၊ တစ်နေ့ နင်ထားခဲ့မှာဆိုရင် သိပ်ဒုက္ခမပေးနဲ့ပေါ့ဟာ"

ညတန်ခူးက လုလင်ရဲ့မျက်နှာလေးကို မြင်ယောင်မိသည်။ လုလင်ဟာ ချစ်စရာ ခင်စရာကောင်းတဲ့ ကောင်လေး





တစ်ယောက်ပင်။ သူ့ကို အသုံးချမိတာကလည်း ကိုယ့်အနားမှာ ဝိုင်းဝိုင်းလည်နေပါတယ် ဘယ်လိုပြောပြော ခပ်လှမ်းလှမ်းက စောင့်စားမျှော်လင့်နေကြတာ၊ ငြင်းထားတဲ့ကြားက အဖြေထပ်တောင်းထားတာတွေ ရှိပေမယ့် နေ့စဉ်နဲ့အမျှ အနားမှာ တတွဲတွဲ ကပ်ကပ် ရှိနေနိုင်တာကို စဉ်းစားတော့ လက်ချိုးရေလို့ မရ။

လူတိုင်းမှာ သူ့ကိစ္စနဲ့သူ သူ့အလုပ်နဲ့သူလည်း ရှိကြသေးတာ။

ပြီးတော့ ရွယ်တူတန်းတူထဲကဆိုရင်ပဲ သုံးဆယ်အရွယ် ရှိကြပြီ၊ ဒီထက်နည်းနည်းကြီးတာနဲ့ဆိုတော့ အရွယ်ရဲ့ သက်သိက္ခာအားဖြင့် အရှုံးအမူး ဖွတ်တစ်ရွတ်ဆန်ဆန်ဆိုတဲ့လူမျိုး ရှားနေပြန်ပါရော။

လုလင်ကျတော့ နေ့စဉ်နဲ့အမျှ နီးနီးနားနား တွေ့မြင်နေရကာ အလွယ်တကူ ခေါ်ယူအသုံးပြုလို့ ရနိုင်တာ၊ လူကလည်း ငယ်သလို အသည်းအမည်း အရူးအမူးကလည်း ဆန့်တာကြောင့် တန်ခူးကသာ ကြည်ဖြူရင် အရင်လူတွေ ဘာညာတွေ ရှုမစိုက်ဘူးဆိုတဲ့ ဖွတ်ကျကျပုံစံရှိတာ၊ လင်းဝင်းထူး မြင်အောင်ဖို့လည်း အခြေအနေ အဆင့်အတန်း မနိမ့်တာ၊ ဟိုးအရင်ကလည်းက ဆိုင်ကကောင်မလေးတွေထဲက ...

"ဟိုဓာတ်ပုံဆရာက မမကို အရမ်းကြွေတာတဲ့၊ သမီးတို့လည်း သူ ခိုး,ခိုးကြည့်နေတာအမြဲမြင်တယ် သိလား မမ၊ တစ်ခါ တစ်ခါ သူ စတူဒီယိုခန်းထဲက ပန်းအိုးပန်းခင်



www.burmeseclassic.com

www.burmeseclassic.com



ကြီးတွေနဲ့ကွယ်ပြီး ခတ်ပုံတောင် ခိုးခိုးရိုက်နေလား ထင်တယ်။ ဒီဘက်က ဟန်းဆက်ဆိုင်လည်း သူပဲ၊ သူ့ညီနဲ့ သူ့ငယ်ချင်းတွေ ထိုင်တာ ...

သူတို့ဆီကလည်း အစ်အစ်ကြည့်တာ ဟုတ်တယ်၊ အဲဒီအစ်ကိုကြီးက မမတာန်ရူးကို အသေကြွေတာတဲ့၊ တအားကို နိုက်တာတဲ့၊ ရည်းစားလည်း မရှိဘူးတဲ့ မဲမရဲ့"

အမြဲကြားကြားနေခဲ့ရတဲ့ အဲဒီစကားမျိုးတွေကြောင့်လည်း ပါဝင်ကာ လုလင်ကို ရွေးချယ်အသုံးချမိတာပါ၊ သူ့ကို လုလင် တကယ့်ကို အရူးအမူး အသည်းအသန်ချစ်တာ သိရတော့ လုလင်ကို ကြင်နာကရုဏာသက်မိသားပင်။

"နင် ခေါင်းအေးအေး စဉ်းစားပေါ့ဟာ၊ ကဲ ... ဒါပဲ၊ သြော် ... အရေးကြီးတာကို မေ့ပြီ၊ ငါ့အစ်ကို မင်္ဂလာဆောင်က အခုဆန်းဒေးနော်၊ ဖိတ်စာကို ဟိုးမွေးနေ့ကတည်းက ပေးထားလို့ မေ့နေမှာစိုးလို့ ထပ်သတိပေးတာ၊ နင်စိတ်တော့ မတိုနဲ့ဦး၊ ကိုလင်းဝင်းထူးက နင့်ကို စိတ်တိုပြီး ငါ့အစ်ကိုကို ပြောနေတယ်၊ မင်္ဂလာဆောင်ကို ရှူးနဲ့တွဲပြီး လာမယ်တဲ့"

"ဘာ"

"အဲ ... အဲဒါ နင်သိအောင် ငါက ကြိုပြောပေးတာ၊ သိပ်တော့မပေါက်ကွဲနဲ့ဟာ၊ သူလည်း ဟိုနေ့ကကိစ္စနဲ့ ဒေါသအလျှောက် ပြောတာပေါ့ဟ"





"ဒီအကြောင်း ငါ့ကို ကြိုအသိပေးတဲ့အတွက် ကျေးဇူးအံ့ရမ်းတင်တယ် မှယာ၊ နင် မပြောခဲ့ရင် ငါ ပိုဒေါသဖြစ်ရမှာ ကြိုသိတော့ ကြိုစီစဉ်နိုင်တာပေါ့"

"လျှောက်လုပ်မနေနဲ့ ဦး၊ စိတ်လျှော့စမ်းပါဟာ"

"အေးပါ၊ ဒါပဲ"

♥ ♣ ♥



www.burmeseclassic.com

www.burmeseclassic.com



"မလိုက်ချင်ပါဘူးဗျာ ... မ,ကလည်း"

ရှုံ့မဲ့နေတဲ့ လုလင့်ကို ညတန်ခူးက မျက်စောင်း ... ရွှယ်ရင်း ...

"အဖော်မရှိလို့ ခေါ်တဲ့ဟာကို ဘာလို့မလိုက်ချင်ရတာလဲ ... မင်း မလိုက်ရင် ဘယ်သူ့ကို ခေါ်သွားရမလဲ"

"တနင်္ဂနွေမှာ ကျွန်တော်လည်း မင်္ဂလာဆောင်တစ် ... ခုတ်ပုံရိုက်စရာရှိတယ်၊ မင်္ဂလာဆောင်တွေ မရိုက်ချင် ... မယ့် ငြင်းမရတဲ့ လူရင်းမို့လို့ လက်ခံထားတာ ရှိသေးတယ် ... ဗျ"

"ဘယ်အချိန်လဲ"

"တဲန်းတူတွဲလ်ဖ်"

"အဟား ဟား ... အဲဒါဆိုရင် ရတယ်၊ အချိန်လွဲတယ် ... မ,ခေါ်တဲ့ မင်္ဂလာဆောင်က ညနေမှပါ လုလင်ရဲ၊ လုလင် ... လိုက်မပေးရင် အဖော်မရှိဘူး၊ အိမ်မှာ ကြီးကြီးကလည် ... တော်ရုံတန်ရုံပွဲလမ်း မလိုက်ဘူး လုလင်ရဲ့"





"မိန်းကလေးသူငယ်ချင်းတွေ မရှိတော့ဘူးလား"

"မရှိတော့ဘူး"

"ဟွန်း"

"မ,နဲ့လိုက်မယ် မဟုတ်လား"

"ကျွတ် ... မ,ကလည်း၊ မ,နဲ့လိုက်ချင်တာပေါ့၊ မလိုက်ချင်တာက အဲဒီလမ်းကို၊ ကြုံကြုံဖန်ဖန် မ,ရာ၊ မ,ရဲ့ဘဲဟောင်းရဲ့ သူငယ်ချင်း မင်္ဂလာဆောင်ကို ကျွန်တော်က လိုက်စရာလား၊ တကယ်ပဲ"

"မလိုက်လည်းနေ"

လုလင်က ညတန်ခူးကို စူးစိုက်ကြည့်ရင်း ...

"မ,မသွားတော့ဘူးလား"

"မသွားလို့တော့ မဖြစ်ဘူးလေ၊ အချစ်ဆုံးသူငယ်ချင်း မူယာရဲ့အစ်ကို ဖြစ်နေတယ်၊ အခုက ဒေါက်တာလင်းဝင်းထူးရဲ့သူငယ်ချင်း ဒေါက်တာပြည့်စိုးရဲ့ မင်္ဂလာဆောင်ကို သွားမှာမဟုတ်ဘူး၊ မ,သူငယ်ချင်း မူယာရဲ့အစ်ကို ကိုပြည့်စိုး မင်္ဂလာဆောင်ကိုသွားမှာ၊ ကွာတယ်နော်၊ သဘောပေါက်ပါ၊ ဟိုလူကြီးနဲ့ ဘာမှကို မပတ်သက်ဘူး၊ အင်း ... ဒါပေမဲ့"

ညတန်ခူးက စကားရပ်ထား၍ လုလင်က အတင်း ... ချက်နှာကို လိုက်ကြည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ ... ဘာဖြစ်လဲ"

"ဒါပေမဲ့ မ,တစ်ယောက်တည်းသွားရင်တော့ ဒေါက်တာလင်းဝင်းထူးက မ,နားကို လာစောင့်မှာ အမှန်ပဲလေ၊ သူ့မှာ ဒီလောက်ပြောစရာတွေ ရှိနေတာ၊ အဲဒီကျ လူရှေ့သူရှေ့ ... အင်း ... စိတ်ရှုပ်ပါတယ်"

"မ,"

"ဘာလဲ"

"မသွားနဲ့ပေါ့ မ,ရာ နော် ... လိမ္မာသားနဲ့၊ ဒီကြားထဲ လက်ဖွဲ့သွားဖွဲ့လိုက်ပေါ့"

"အောင်မယ် ... မရပါဘူး၊ မူယာအစ်ကို ဖြစ်နေတဲ့ဟာကို၊ ဒီလိုလုပ်လို့ လုံးဝမရဘူး"

"မမူယာကို ပြောပေါ့၊ ဟိုလူကြီး လာကပ်မှာစိုးလို့ မလာဘူးလို့"

ညတန်ခူးက ခေါင်းယမ်းလိုက်ရင်း ...

"မလာဖို့ ဆက်မပြောနဲ့တော့ လုလင်၊ ရှောင်တဲ့နည်းကနည်းမှား၊ နောင်ကို တစ်သက်လုံး တို့က သူရှိမယ့်အရပ်ကို ရှောင်နေရမှာလား"

"ရှောင်ပေါ့"

"မရှောင်နိုင်ပါဘူး၊ ကိုယ်သွားချင်တဲ့ဆီ သွားမှာပေါ့၊ တစ်ခါရှောင်ပြီးရင် အကျင့်ပါပြီး နောင်လည်း အခါခါ ရှောင်ရတော့မှာ၊ သွားကိုသွားမယ်၊ အဖော်စဉ်စားလို့မရလို့





ဒီလောက် ခေါ်နေတာပါနော်၊ တစ်ယောက်ယောက်ရှိရင် ဒီလောက်ငြင်းနေတဲ့သူကို ခေါ်ကိုခေါ်မနေတော့ဘူး စိတ်တိုတယ်"

လုလင်က မ,ရဲ့နှုတ်ခမ်းစူစူလေးနှင့် စိတ်ကောက်တဲ့ ...ပ်လေးကို ချစ်စနိုးနှင့် အသည်းတယားယား ကြည့်နေမိသည်။ ...အားကြီး ကြိုးဖက်ပြီး ဖျစ်ညှစ်ထားလိုက်ချင်တော့တာပဲ။ ဆံပင် ...ကလေးအောက်မှာ ထင်းရှင်းဖြီး ပေါ်လွင်နေတဲ့ လည်တိုင်ဖြူ ...ယ်လေးကိုလည်း အရမ်းကိုက်ပစ်ချင်တော့တာပါပဲ။

"ဘာကြည့်နေတာလဲ၊ မကြည့်ပါနဲ့၊ အလိုလိုက်ချင်ထာလည်း မဟုတ်ဘဲနဲ့၊ လူကိုအနားတကပ်ကပ်နဲ့ အခွင့်အရေးယူနေတယ်"

"မ, အဲလိုမပြောပါနဲ့ မ"

"ဟုတ်တာပဲဟာ၊ ဘာဖြစ်လို့ မပြောရမှာလဲ"

"ဟုတ်မှ မဟုတ်တာဗျ၊ မ,အလိုကို ကျွန်တော် လိုက်သားပဲ၊ အခွင့်အရေးကော ဘာများယူလို့လဲ"

"တို့နားနေနေတာကိုက အခွင့်အရေးယူတာပဲလေ"

"မ,နား နေနေတာက မ,ခွင့်ပြုလို့ပါ"

"ဒါဖြင့် ခွင့်မပြုတော့ဘူး"

"ဟာ"

ခပ်ဆောင့်ဆောင့် ပြောလိုက်တဲ့အတွက် တကယ် ...နဲ့သွားသော်လည်း ပြောရုံသာပြောပြီး ထ,ထွက်သွားတာမျိုး



www.burmeseclassic.com

www.burmeseclassic.com



တော့ မရှိတာမို့ လုလင်က သက်ပြင်းချလိုက်မိပါသည်။ ဟိုး ငယ်ငယ်က သူငယ်ချင်းတွေထဲက အသက်ကြီးကြီး အစ်မကြီးနှင့် ကြိုက်တဲ့သူတွေပြောကြတော့ ကိုယ်ကအငယ်မို့ ဆိုးလို့လည်း အလိုလိုက်လည်းခံရ မကျေနပ်ရင် ကိုယ်ကပဲ စိတ်ကောက်ပ လိုက်ပြီး မသွားဘဲ မတွေ့ဘဲ နေလိုက်ရင် မမကြီးတွေက လက် ဆောင်တွေဝယ်ပေး မုန့်ဖိုးတွေပေးလုပ်ပြီး ချော့မော့တတ်တ တဲ့။

ဘယ်မှာလဲ ... ဟုတ်မှ မဟုတ်တာ။ အလကားပါ ခုချိန်ထိ လုလင်ကပဲ ညတန်ခူးကို လိုက်လျှောနေရကာ ကိုယ် ချည်း အပေါက်ခံရ စိတ်ကောက်ခံရ။ ကိုယ်ကပဲ ချော့ချော့ မော့ လုပ်နေရတာပါ။

"ဟုတ်တယ်လေ၊ ကိုယ်ကပဲ သူ့ကို အနားနေအောင် လမ်းဖွင့်ပေးထားမိသလိုလို ဖြစ်နေပြီ၊ သူ့ဟာသူ အတင်း အနားရောက်လာပြီးတော့"

မ,ဘယ်လိုပြောပြော ကျေနပ်ပါသည်။ တကယ် တော့ ရှောင်ဖယ်ဖယ်နေခဲ့တယ်ဆိုတာ ကိုယ့်ကိုယ်ကိုယ် လုလင် အသိဆုံးပါပဲ။ ဟိုဆိုင်ကလေးထဲမှာ "မ,ကိုကူပါဦး"လို့ မပြော ရင်၊ ပြဿနာကြောင့် သူ ရှက်မှာစိုးပြီး တမင်ရှောင်ပေးခဲ့ လုလင်ကို ကားပါကင်မှာ တမင်တကာ တကူးတကစောင့်ပြီး မ,စကားမပြောခဲ့ရင် ခုလောက်ထိတောင် ရင်းနှီးလာစရာအကြောင်း မရှိပါ။





တကယ်တမ်း အနားကို တိုးကပ်ဝင်လာတဲ့သူက ပေါ မ,ရယ်။ မ,က ဝန်မခံချင်တော့လည်း တကူးတက ဖွင့် ပြောမနေတော့ပါဘူး။

"တော်ပြီ ... ဒါဆိုလည်း ရှင်လည်း ရှင့်ဟာရှင်နေ၊ ကျုပ် လည်း ကျုပ်ဟာကျုပ် နေမယ်"

ဟော ... တစ်ဆင့်တက်လာပြန်ပြီ။ ဘယ်အထိ စိတ်ကောက်တော့မယ်ဆိုတာ မသိ။ လုလင်က ခပ်မြန်မြန်ပဲ ကိုယ့်ဘက်ကလျှော့ဖို့ စိတ်ကူးကာ လျှော့ရင်းနဲ့လည်း အခွင့်အရေး သားများ ရလိုရငြား ...

"မ, ကျွန်တော့်ကို ချစ်တယ်ဆိုရင် ကျွန်တော် လိုက်ခဲ့မယ် လေ"

"အမယ်လေးနော် ... ရှင် နစ်နာနေပါဦးမယ် လုလင်ရယ်၊ အခွင့်အရေး မယူတတ်ပေလို့နော်"

"မ,အဲဒါ အခွင့်အရေးယူတာ မဟုတ်ဘူးနော်၊ ထပ်ခါ ထပ်ခါပြောရင်း မ,စိတ်ထဲ စွဲသွားဦးမယ်၊ ကျွန်တော်အခွင့် အရေးသမားလည်း မဟုတ်ဘူး၊ ဒါပေမဲ့ မ,နဲ့ ဒေါက်တာ လင်းဝင်းထူး တကယ်ပြတ်ပြီဆိုရင်တော့ မ,အချစ်ကို ကျွန်တော် လိုချင်တာပေါ့၊ မ,နဲ့ သူနဲ့ ချစ်သူတွေဆိုတာ သိနေတော့ ကျွန်တော် မ,ကို စေ့စေ့တောင် မကြည့်မိအောင် ခပ်စိမ်းစိမ်း နေခဲ့တာပဲ မဟုတ်လား မ, ...



www.burmeseclassic.com

www.burmeseclassic.com



အခု ကျွန်တော် မ,အနားမှာ နေတယ်ဆိုတာက မ,နဲ့ သူနဲ့ ကျွန်တော့်ရှေ့မှာတင် ပြဿနာဖြစ်ကြပြီး မ,ကလည်း သူ့ကိုပြတ်တယ် ဆိုလို့ပါ၊ နို့မို့ရင် ချစ်နေကြတဲ့ ချစ်သူကြားထဲ ကျွန်တော် ကြားမဝင်ပါဘူး မ,ရယ်၊ ကျွန်တော် အဲသလို မရိုင်းပါဘူး၊ မနှောင့်ယှက်တတ်ပါဘူး၊ မ,အချစ်ကို လိုချင်တယ် ဆိုတာကလည်း အခွင့်အရေးယူတဲ့သဘော မဟုတ်ပါဘူး၊ ကျွန်တော် မ,ကိုချစ်လွန်းလို့ပါ"

ညတန်ခူးက ခေါင်းခပ်ငုံ့ငုံ့လေးနှင့် ခပ်တိုးတိုးပြောပြနေရှာ့ လုလင်ကို ငုံ့ကြည့်နေမိရင်း စိတ်ထဲမှာ တော်တော်လေးသနားနေမိပါသည်။ လုလင်ရဲ့ပုံစံဟာ ကိုယ့်ကို တကယ်စွဲလမ်းနေရှာတာဆိုတာကို သေချာနေမိကာ ဂရုဏာမသက်ဘဲ မနေနိုင်ပါ။ ဘယ်လိုပင်ဖြစ်စေ ဝန်ခံရရင် ညတန်ခူး ရင်ထဲလည်း တစ်ခါတစ်ရံမှာ လှုပ်ရှားသွားရတတ်ပါသည်။

သူ့မှာ ဟန်ဆောင်မှုမရှိ။ သူ့အတွက်လည်း တစ်ကွက်မချန်။ အောက်ကျတယ်လည်းမတွေး။ သူ့ရင်ထဲရှိသမျှကို ဘွင်းဘွင်းရှင်းရှင်းကြီး ဖော်ပြထားကာ တန်ခူးရဲ့မျက်နှာကို အရိပ်တကြည့်ကြည့် လုပ်နေရှာတာပါ။

"ဘယ်လိုပြောပြော ကျွန်တော်က နောက်လူပါ၊ အဲဒါကြောင့် မ,သူ့ကို တကယ်ပြတ်ပါ့မလားဆိုတာ အမြဲစိုးရိမ်နေတယ်၊ ဘယ်တော့ စိတ်ပြန်လည်သွားမှာမလဲဆိုတာကိုပဲ အမြဲထင့်ထင့် တွေးနေမိတယ်၊ ဒါကြောင့် ကျွန်တော် စိတ်အေးရမယ့်အဖြေကို မြန်မြန်လိုချင်နေတာပါ ...





အခု ကျွန်တော် လိုက်ဖို့ဝန်လေးနေတာကလည်း ဒေါက်တာလင်းဝင်းထူးကို မျက်နှာပူနေလို့ပါ၊ ကျွန်တော့်နေရာကနေ မ,စဉ်းစားကြည့်ပါဦး၊ မ,ကိုတွဲပြီး သူ့ရှေ့မှာ ကျွန်တော်က သွားဝင့်ကြွားနေသလိုကြီး တမင်သွားကလိပြနေသလိုကြီး မဖြစ်ဘူးလား၊ မ,ကျွန်တော့်ကို သူရှိတဲ့နေရာ ခေါ်သွားတိုင်း ကျွန်တော့်ရင်ထဲမှာ ဘယ်လိုခံစားရလဲ မ,သိလား"

"......... ."

ညတန်ခူးက မဖြေဘဲ စိတ်မကောင်းဖြစ်မိကာ ငြိမ်နေပါသည်။

"သူ သဝန်တိုပြီး မ,ဆီပြန်လည်လာအောင် ပြန်ရောက်လာအောင် မ,တမင်တကာ သွားလုပ်ပြတာလို့ပဲ တွေးမိတယ်၊ သူနဲ့ မ,မပြေလည်ခင် တစ်ခဏအတွင်းပဲ ကျွန်တော်ကို ရုပ်ပြအဖြစ် မ,ခဏခေါ်သုံးတာလို့ပဲ ထင်ထင်လာမိတယ်၊ အဲဒါကြောင့် ဝမ်းနည်းမိတယ်၊ မ,ကို ကျွန်တော် ကိုယ့်ကိုယ်ကိုယ် အံ့အားသင့်ရလောက်အောင် အသက်လောက်ကို ချစ်တာပါ၊ မ,ကသာ ကျွန်တော့်ကို တကယ်ချစ်ရင် ကျွန်တော်ဘာကိုမဆို လုပ်နိုင်တယ်၊ မ,ခိုင်းတာအားလုံး လုပ်နိုင်တယ်၊ စိတ်ချမ်းသာအောင်လည်း ထား



www.burmeseclassic.com

www.burmeseclassic.com

နိုင်တယ်၊ ကျွန်တော် လူကြမ်းဖြစ်သွားလည်း ရပါတယ်
မ,ရယ်"

နှစ်ယောက်အကြား တစ်ခဏ တိတ်ဆိတ်သွားပါသည်။ မ,တို့လမ်းထဲ ချိုးမဝင်ခင် ရေကန်ငယ်ကို ပတ်ထားတဲ့ ကန်ပတ်လမ်းသွယ်မှာ ကားနှစ်စင်း ရှေ့ဆင့်နောက်ဆင့်ရပ်လျက် မ,ရဲ့ကားထဲ လုလင်က ပြောင်းရွှေ့ထိုင်ကာ စကားပြောနေခြင်းပါ။ ဆိုင်အပြန်တွေမှာ မ,ရဲ့ကားနောက်က လုလင်ကားက ဝ လာမြဲဖြစ်ပြီး တစ်ပတ်တစ်ကြိမ်လောက်တော့ တစ်ခုခုသွား ဖြစ်သေးကာ ကျန်ရက်တွေမှာတော့ မ,အိပ်မရောက်ခင် ဒီနေရာ လေးမှာ ကားရပ်ပြီး စကားပြောဆိုဖြစ်နေကျ။

တကယ်တော့ မ,ရဲ့အိမ်နဲ့ အလွန်နီးကပ်နေပြီဖြစ် တဲ့အတွက် မ,ဘက်ကသာ ဆန္ဒရှိရင် (ပြီးတော့ အိမ်ကိုလည်းမှီ ရင်ပေါ့)အိမ်ကိုလိုက်ပါပြီး ခြံထဲမှာ ဧည့်ခန်းမှာ အစရှိသဖြင့် စကားထိုင်ပြောနိုင်မှာ ဖြစ်သော်လည်း မ,က တစ်ကြိမ်တစ်ခါ လုလင်ကို သူ့အိမ်သို့ ဖိတ်ခေါ်ခြင်းမပြုဖူးတဲ့အတွက် အနည်း မိတ်ဆွေတစ်ယောက်အဖြစ်တောင် အိမ်ကို ဝင်ထွက်ခွင့်မရှိဘူး နားလည်ရပါသည်။ တွေးရင်း သက်ပြင်းမောတစ်ချက် ထုတ်မိလျက် လုလင်က ကားတံခါးဖွင့်ဆဲင်းလိုက်ရင်း ...

"ကျွန်တော် သွားတော့မယ် မ,၊ မင်္ဂလာဆောင်ကို လိုက် ခဲ့ပါ့မယ်၊ နက်ဖြန်ဖြစ်ဖြစ် မ,ဖုန်းထပ်ဆက်လိုက်ဦး ဘယ်လိုသွားမလဲ ချိန်းပေါ့"





လုလင်က ကားပေါ်က ဆင်းသွားပါသည်။ နောက် နားကပ်ရပ်ထားတဲ့ သူ့ကားပေါ်တက်လိုက်တဲ့ လုလင်ကို နောက် ကြည့်မှန်မှ ကြည့်မိရင်း ပထမဆုံးတစ်ကြိမ်အဖြစ် ညတန်ခူး ဝမ်းနည်းကြေကွဲသလို ခံစားမိလေသည်။ သူ့အပေါ် ညတန်ခူး မတရားမိပါ။

တန်ခူးက ချက်ချင်းပဲ ဖုန်းလေးထုတ်ကာ မက်ဆေ့ချ် စာလုံးတွေ တတောက်တောက် နှိပ်လိုက်ရင်း လုလင်ရဲ့ဖုန်းထဲ ပို့ လိုက်ပါသည်။

"Thanks"

လုလင်က ကားထွက်ဖို့ ပြင်ပြီးမှ မက်ဆေ့ချ်ရောက် လာပုံရကာ ကားစက်ကို ပြန်သတ်လိုက်ပါသည်။ မကြာခင်မှာပဲ ညတန်ခူးရဲ့ဖုန်းမှာ မက်ဆေ့ချ်ဝင်ကြောင်း Alarm ဝင်လာ၍ ညတန်ခူးက ဖွင့်ကြည့်လိုက်ပါသည်။

"Not necessary"

တန်ခူးက ပြုံးရင်း တတောက်တောက် ရိုက်ပြန် သည်။

"Sunday,
3:15 PM,
I'll come.
Yours.
Ma."


www.burmeseclassic.com

www.burmeseclassic.com



တန်ခူး ပို့လိုက်ပြီး မကြာခင် လုလင်ထံကနေ ပြ
ဝင်လာပြန်၍ တန်ခူးမှာ အပြုံးလေးကို မရပ်တန့်နိုင်။ ပြုံးပြုံးလေ
ဖွင့်ဖတ်မိသည်။

"What do you mean 'Yours' ? "

အဲဒီနောက်တော့ မက်ဆေ့ချ်လေးတွေဟာ အပြ
အလှန် Alarm သံမြည်ကာ တစ်ဖက်နှင့်တစ်ဖက် ပြေးလွှားနေ
ပါတော့သည်။

"Thi buu"

"Am I really yours ?"

"Inn"

"I don't need 'Inn', I need 'chit tal'."

"Nout hma naw !"

"Ma Ya buu. Right now"

ညတန်ခူးသည် နောက်ကြည့်မှန်မှတစ်ဆင့် လှ
မြင်နေရတဲ့ လုလင်ပုံစံလေးကို ရင်ခုန်ခုန်ကြားက လှမ်းလှမ်းကြည့်
မိသည်။ စတီယာရင်ပေါ် လက်ပိုက်တင် မေးပြန်တင်ကာ တန်
မက်ဆေ့ချ်ရိုက်နေတာကို ငေးကြည့် စောင့်ဆိုင်းနေတဲ့ ပုံလေး
လည်းကောင်း၊ မျက်တောင်ရှည်လေးတွေ စင်းကျအောင် ငုံ
မက်ဆေ့ချ်ရိုက်နေတဲ့ ပုံလေးကိုလည်းကောင်း ချစ်စနိုးလေး လှ
ကြည့်နေမိတဲ့ တန်ခူးရဲ့ရင်တွေ ပွနွေးတုန်ယင်ခဲ့ပါသည်။





ဘာဖြစ်တာပါလဲ။ ဘာကြောင့် ဤရင်က လှိုက်ဖြာ
နွေးရပါသလဲ။ အသိစိတ်နဲ့ ဆိုတာထက် လက်ချောင်းလေးတွေ
အလိုအလျောက် မသိစိတ်နှင့် စာလုံးလေးတွေကို နှိပ်နေမိ
တော့သည်။

"Right now what ?"

အင်္ဂလိပ်စာအစစ်မဟုတ်တဲ့ အကျိုးအပဲ့ Language
တို့အပြတ်ကလေးတွေနှင့် ကလေးငယ်တွေအလား ကြည်နူး
ခုန်သော အပြုံးကလေးတွေနှင့် ကမန်းကတန်း အမြန်အလှန်
နေမိကြတာပါ။

"Who is in your heart now ?"

" 'U' "

"Me ?"

"Inn"

"Do you mean you love me ?"

"I think"

"I don't want ... 'I think' "

"What do you want ?"

"The words, 'Chit Tal' "

"I give you"

"You give me ? Really ?"

"Inn"



www.burmeseclassic.com

www.burmeseclassic.com



"Don't Inn"

"Yes"

"Don't 'yes.' "

"Inn = Yes = Agree."

"You agree what ? "

"Your words."

"Which ? "

" 'Chit tal' "

"Ma ...

Chit tal lar ? "

"I think"

"Ma,

Chit lar ? "

"May be ... Inn ..."

ရှေ့ကားနှင့် နောက်ကား အပြန်အလှန်ပို့နေကြ မက်ဆေ့ချ်လေးတွေထဲမှာ နှစ်ဦးလုံး ပျော်ဝင်နေမိကာ အပြင် မှောင်သွားခဲ့တာကိုတောင် သတိမပြုမိခဲ့ပါ။

♥ ♣ ♥





## ၈

မင်္ဂလာပွဲမှာ ဒေါက်တာလင်းဝင်းထူးကိုလည်း မိန်းမ ငယ်တစ်ယောက်နှင့်တွဲကာ မြင်ခဲ့ရပါသည်။ ညတန်ခူးနှင့် လုလင် ကို ဒေါက်တာလင်းဝင်းထူးက လှမ်းကြည့်နေသလို ဒေါက်တာ လင်းဝင်းထူးတို့ ထိုင်နေရာ စားပွဲဆီလည်း ညတန်ခူး မသိမသာ လှမ်းလှမ်းကြည့်တာ လုလင် မြင်သည်။ လှမ်းကြည့်တဲ့ မ,ရဲ့ မျက်ဝန်းတွေ ဆွေးမြည့်ယောင်သမ်းနေတာလည်း ရိပ်မိပါသည်။

ဒီအတွက် လုလင် ရင်မှာလည်း ကသိကအောက် ဖြစ်ကျင်ရသည်။ ဒီလိုခံစားရမယ်ဆိုတာလည်း အစောကြီးတည်း က ကြိုသိပြီးသားပင်။ အသိုင်းအဝိုင်းက မ,တို့ဘက် အသိုင်း အဝိုင်းမို့ "ညတန်ခူး"ကို သိသူတချို့ လှမ်းကြည့်ကာ တအံ့တသြ အကဲခတ် ကြည့်ရှုကြတာကိုလည်း ရင်ဆိုင်ရပါသည်။ ဒါကိုလည်း မျှော်လင့်ပြီးသား။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကျဉ်းကျပ် ဆင်းရဲခဲ့ရတဲ့ မင်္ဂလာပွဲက အချိန်စေ့တော့လည်း ပြီးဆုံးသွားတာပါပင်။ အပြန်လမ်းကျရှုတော့ ညှတန်ရှူးထံက အသံတိတ်နေသည်။

"မ,"

"……… ",

"မ, စိတ်မကောင်း ဖြစ်နေတာလား"

"ဘာဆိုင်လို့လဲ၊ ထိုင်တဲ့နေရာက တီးဝိုင်းနဲ့နီးနေတော့ နားတွေအူပြီး ခေါင်းကိုက်လာလို့ပါ၊ ဘာကိုစိတ်မကောင်း ဖြစ်ရမှာလဲ"

စိတ်မရှည်လှသောအသံဖြစ်၍ လုလင် မျက်နှာက ပျက်သွားရပါသည်။

"မ,မျက်နှာမကောင်းလို့ မေးကြည့်တာပါ"

"ခေါင်းကိုက်နေတာပါဆို"

"အင်းပါ၊ ဘယ်သူကကော ငြင်းနေလို့လဲ၊ မ,ဘာကိုစိတ်တိုနေတာလဲ၊ ဘာဖြစ်လို့ ကျွန်တော့်ကို စကားကောင်းကောင်း မပြောတာလဲဟင်"

ရင်နာပြီး ငြိမ်သက်သက်လေး စဉ်းစားခန်းဝင်နေချိန်မှာ အမေးအမြန်းထူနေတော့ စိတ်တိုပြီပေါ့။ စကားကောင်းကောင်း ပြောနိုင်ပါ့မလား။ လူကို အရိပ်တကြည့်ကြည့်နှင့် နည်းနည်းလေး အမှုအရာပြောင်းတာနှင့် ပျာယာခတ်တတ်တဲ့ လူ့ကြောင့်လည်းတစ်ခက်။ အိမ်အမြန်ပြန်ရောက်ပြီး အိပ်ရာထဲ ထိုး





သုံ့ဝင်ပစ်လိုက်ချင်ပြီမို့ ကားကိုသာ တရိပ်ရိပ်နှင့် ခပ်မြန်မြန်မောင်းနေမိပါသည်။

အပျက်အပျက်နှင့် နှာခေါင်းသွေးထွက် ဆိုတာလို အဖြည်းဖြည်း ရက်တွေကြာလာတာနှင့်အမျှ လင်းဝင်းထူးနှင့် ညူကြားက ဆက်ဆံပတ်သက်မှုက ကျဲတောက်အေးစက်သွားပြီ ထားပင် သံသယ ဝင်လာမိပါသည်။ ရှူးကိုခေါ်ခဲ့မယ် ဆိုတဲ့ အတိုင်း သူကလည်းထိုဆရာဝန်မလေးနှင့်။ ကိုယ်ကလည်း လုလင်နှင့်။

တိတ်တဆိတ် လှမ်းနိုး အကဲခတ်နေမိကြတဲ့ သူတို့ကို လုလင်နှင့် ရှူးကလည်း အသီးသီး အရိပ်တကြည့်ကြည့် အကဲခတ်နေကြသည်။ "ကို့"စိတ်ထဲမှာ တန်ရှူးကို သံယောဇဉ်အနံကာ မုန်းနေပြီလို့ တန်ရှူး မထင်ပါ။ သူ့ကို ချုပ်ချယ်ရကောင်းလား ချုပ်ချယ်မရတော့ အရွဲ့တိုက်ရကောင်းလားလို့ တိတ်နှာနေတာ ဖြစ်မှာပင်။

တကယ်တော့ "ကို"ဟာ အနည်းငယ် အတ္တကြီးချင်တဲ့ မဟာဗိုဝါဒသမားဆိုတာ တန်ရှူး ရိပ်မိရိပ်မိလာသည်။ သူ့အတော်များ … သူ့ဆန္ဒနှင့်သူ လုပ်တာကိုင်တာတွေကို ချစ်သူကနီးက ဝင်မစွက်နဲ့။ သူ့ဟာနဲ့သူ ကြည့်လုပ်မည်။ သူ့စကားနားထောင်။ သူ့လက်အောက်နေ။ သူဟာ ကြီးမြတ်တဲ့ တစ်စုံတစ်ယောက်။ လူတော်တစ်ယောက်။ သူ့လောက် တန်ရှူးက မသိမတတ်သေးတော့။ သူထားရာနေ စေရာသွား။



www.burmeseclassic.com

www.burmeseclassic.com



ဤစရိုက်မှာ ဟိုတုန်းက သူ မမြင့်မားစဉ်တုန်းက သိပ်မသိသာပဲ သူမြင့်မားလာတော့ သိသာပေါ်လွင်လာသည်။ ရှေ့လျှောက်ကိုလည်း ဒီထက်ပေါ်လွင်လာဦးမှာ။ အင်္ဂလန်ကပြန် မလာခင်ကတည်းက အိမ်မေးလ်မှာ ဖုန်းထဲမှာကတည်းက လေသံ တွေက တစိမ့်စိမ့် တဖြည်းဖြည်း ပြောင်းလာနေခဲ့တာ။

သူနေပုံထိုင်ပုံကို ချုပ်ချယ်စွက်ဖက်ရကောင်းလား လို့ နောင်ကို မချုပ်ချယ်အောင် မစွက်ဖက်အောင် တမင်တကာ နားမထောင်ပဲ အရွဲ့တိုက်နေတာ ဖြစ်နိုင်သည်။ ဒါကို တန်ခူးက လည်း ပြန်အရွဲ့တိုက်ရင်းတိုက်ရင်း မတော်တဆ အပျက်အပျက် နဲ့ ...။

"မ, ... မ, နေမကောင်းရင် ကျွန်တော့်ကို လမ်းမှာပဲချ ခဲ့ပါ"

ညတန်ခူးသည် သူပြောတဲ့အတိုင်း တိုက်ပုံအဖြူ လေး ဝတ်လာတဲ့ လုလင်ကို ငဲ့ကြည့်ရင်း ...

"ဟင့်အင်း ... ဘယ်ဖြစ်မလဲ၊ လုလင် ဒီပုံကြီးနဲ့ကားငှား ရ ပြုရ ဖြစ်နေမှာပေါ့"

ပိုးပုဆိုးကို ခပ်ရှည်ရှည်ချဝတ်ထားပြီး တိုက်ပုံနဲ့ ဆံပင်က ပခုံးကိုကျော်လွန်လှိုင်းထနေတဲ့ ပုံစံနဲ့ လုလင်ရဲ့အသွင် က ဘယ်လိုလေးမှန်း မသိပါ။ သူ့ကို ဒီလိုပြောတော့ ခပ်ရှက် ရှက် သဘောတကျနှင့် ရယ်နေသေးကာ ...

"ရပါတယ်၊ ကျွန်တော် မရှက်ပါဘူး"





"အိမ်အထိပဲ ပို့မယ်၊ သူဖြင့် တိုက်ပုံနဲ့ ပုဆိုးနဲ့ လမ်းလျှောက် ရတာ ရှက်နေပြီးတော့၊ ခလုတ်တိုက်မတတ်ပဲ၊ တိုက်ပုံ တစ်ခါမှ မဝတ်ဖူးဘူးလား"

"ဟင့်အင်း၊ လူကြီးလူကောင်း လုပ်စရာလမ်းမှ မရှိဘဲ၊ ဒါအဖေ့တိုက်ပုံ၊ ဖေဖေကပိန်တော့ ကျွန်တော်နဲ့တော်နေ တာ"

"အင်း ... နောက်တစ်ခါလည်း လုလင်ကို ဒီလိုခေါ်ခေါ် မသွားတော့ပါဘူးလေ"

"ဒီနေ့တောင် ပွဲထဲမှာ အသိတွေ အများကြီးတွေ့တယ်၊ ကျွန်တော့်အသိတွေတော့ မဟုတ်ဘူး၊ ဖေဖေတို့ မေမေတို့ အသိတွေလေ၊ ကျွန်တော့်စိတ်ထဲမှာ လူတော်တော်များများ မ,နဲ့ကျွန်တော့်ကို ဝိုင်းကြည့်နေသလိုပဲ၊ ကျွန်တော်ပဲထင် လို့လား၊ တကယ်ပဲ ကြည့်ကြတာလားတော့ မသိဘူး"

"ဟုတ်တယ် ... ကြည့်ကြတယ်၊ ခုန လုလင်ပြောတဲ့ လုလင်အဖေအမေရဲ့ မိတ်ဆွေတွေကတစ်ဝက်၊ မ,နဲ့မိဘ ဆွေမျိုးတွေရဲ့အသိတွေက တစ်ဝက်ဖြစ်မှာပေါ့"

"ကျွန်တော်ကတော့ ဘယ်သူကြည့်ကြည့်၊ ဘယ်သူမြင်မြင် ဘာစိတ်အနှောင့်အယှက်မှ မဖြစ်ပါဘူး"

တန်ခူးက လုလင်အတိုင်း လိုက်မပြောနိုင်ပါ။ တန်ခူးကတော့ ကိုယ်စိတ်လိုက်မာန်ပါ လုပ်နေမိသမျှကို သိကြ မြင်ကြတဲ့သူတွေ များလာလေလေ စိတ်အနှောင့်အယှက် ပိုဖြစ် သာလေမို့ပင်။



www.burmeseclassic.com

www.burmeseclassic.com



တန်ခူးက သက်ပြင်းတစ်ချက် ခိုးရှိုက်ရင်း လုလင်တို့ခြံရှေ့ကားကို ရပ်လိုက်ပါသည်။ လုလင်ကို လှည့်ကြည့်ရင်း

"ခြံထဲထိ မဝင်တော့ဘူး လုလင်"

"ရတယ် မ,၊ အိမ်ရောက်ရင် နားလိုက်နော်"

"အင်း ... ဒီနေ့အတွက် ကျေးဇူးပဲ လုလင်၊ အစစအရာရာအတွက် အားလုံးအတွက်ပါ၊ ကျေးဇူးတင်ပါတယ်"

ညတန်ခူးရဲ့ ခပ်တိုးတိုး ကျေးဇူးစကားက လုလင်ကို တစ်ချက် ငိုင်သွားစေပါသည်။

"မ,"

"အင်း ..."

"ချစ်တယ်နော်"

"အင် ... ဘာလဲ၊ လူကို အငိုက်ဖမ်းပြီးတော့"

"မ,ပြောပြီးပြီလေ"

"ဘယ်တုန်းက ပြောလို့လဲ ... ဟွန်း"

"မနေ့ကလေ"

"မနေ့က ! ၊ ဘယ်မနေ့ကလဲ ! "

"မ,နော် ... မ, လူကို တော်တော်စားတယ်ဗျာ၊ ဘာလဲ ကျွန်တော်က အရူးလုပ်လို့ကောင်းလား၊ ဟုတ်လား"

"ဘယ်မှာ အရူးလုပ်မိလို့လဲ၊ မ, မင်းကို ဘာပြောမိလို့လဲ"

လုလင်က ဝှူးခနဲ လေပူမှုတ်ထုတ်ရင်း ခေါင်းထဲ အသာယမ်းကာ ကားတံခါးဖွင့် ဆင်းလိုက်ပါသည်။





"မနေ့ညနေက မက်ဆေ့ချ်ထဲမှာ မ,ပြောပြီးပြီ၊ ကျွန်တော့်ကို **ချစ်နေမယ်တဲ့**"

"ဟင် ... မပြောမိပါဘူး"

"မ, ရှူးချင်ယောင်မဆောင်နဲ့၊ မနေ့ကညတုန်းက မ,ပို့ထားတဲ့ မက်ဆေ့ချ်တွေကို အပြန်ပြန် အလှန်လှန် အခေါက်တစ်ရာလောက် ပြန်ပြန်ဖွင့်ကြည့်လို့ ဖုန်းတောင် ရှေ့ဆက်မရွှေ့ဘဲ ကပ်သွားတယ်၊ ပါဝါပြန်အောဖ်ပြီး ပြန်ဖွင့်ရတယ်၊ မ, ကျွန်တော့်ကို ချစ်တယ်လို့ ပြောပြီးသား၊ အရူးမလုပ်ပါနဲ့ မ,ရယ်နော်၊ အသည်းက နုနုလေးမို့လို့ တောင်းပန်တာပါ"

'လုလင်က အတည်လိုလို နောက်တာလိုလို တိုးအက်အက်ကလေး ငုံ့ပြောကာ တန်ခူးကို လက်ပြပြီး ခြံတံခါးဖွင့်ဝင်ရင်း ...

"နားလိုက်နော် မ,၊ ခေါင်းအရမ်းကိုက်ရင် ဆေးသောက်ဦး"

ညတန်ခူးသည် ဘာမှလှည့်မပြောတော့ဘဲ ကားကို မောင်းထွက်လာခဲ့ပါသည်။ မနေ့ကတုန်းက သူက ဖျတ်ခနဲ ကိုယ်က ဖျတ်ခနဲ စဉ်းစားချိန်တောင် မယူဘဲ ချက်ချင်းမြန်မြန် အပြန်အလှန်ပို့ခဲ့ကြတဲ့ မက်ဆေ့ချ်တွေကို လမ်းခွဲလာကတည်းက တန်ခူးက တစ်ခုပြီးတစ်ခုနှိပ်ကာ Delete လုပ်လာပါသည်။

တန်ခူးရဲ့ဟန်းဒ်ဖုန်းကို တစ်ခါတစ်ရံ ကြီးကြီးကသည်း ကောက်ယူဆက်ချဝ်ဆက်တာ။ မက်ဆေ့ချ်ဘောက်စ်ကို



www.burmeseclassic.com

www.burmeseclassic.com



လည်းဖွင့်ကာ ရွှေဈေး ငွေဈေး ပေါက်ဈေးတွေ ပို့ထားတာတွေ ဖွင့်ကြည့်တတ်တာ။ ဒါကြောင့် ကြီးကြီး တွေ့မှာစိုးပြီး အားလုံး ဖျက်ပစ်လိုက်တာ။ ပြန်လည်းမစစ်မိ မကြည့်မိ။ In box ရော Sent box ရော Empty ဖြစ်သွားတဲ့အထိ အားလုံးဖျက်ချလိုက် ပါသည်။

အပြန်အလှန် ပို့နေစဉ်ကတော့ ဖျော်လည်းဖျော် ရင်လည်းခုန်၊ မြူးထူးနေပြီး ရယ်ရင်းမောရင်း ဖျတ်ခနဲ ဖျတ်ခနဲ မြန်မြန်ပို့နေတာ။ မောင်လာတော့မှ 'Bye'လို့ နှုတ်ဆက်ဖြတ်ချ ပြီး ကားမောင်းထွက်လာခဲ့တာလေ။ အပျော်သဘောနှင့် မထိတထိ ရိသဲ့သဲ့လေးတွေတော့ ရေးမိပို့မိတာ သတိရသည်။ လုံးစေ့ပတ်စေ့ မမှတ်မိတော့ပါ။

ပြဿနာပါပဲ။

မထိတထိတွေထဲမှာ အောင်လေးက သူ့ကိုချစ်တယ် လို့ တကယ်ယူဆသွားတာလား။ တမင် အပိုင်ချည်တုပ်ပြောနေ တာလား။ ဒါမှမဟုတ် နောက်သွားတာလား။ သေချာတာကတော့ တန်ခူး လုပ်နေတဲ့လုပ်ရပ် အစွဲ့တိုက်ဓာတ်လမ်းကို ရှေ့မတိုးရင် ကောင်းလိမ့်မည် ဆိုတာပင်။

အိမ်ပြန်ရောက်၍ ဂိုဒေါင်မှာ ကားသိမ်းပြီး အိမ်ပေါ် တက်လာတယ်ဆိုလျှင် ဧည့်ခန်းမှာ လက်ပိုက်ထိုင်နေသော ကြီးကြီး ကို ရင်ဆိုင်လိုက်ရပါသည်။ ကြီးကြီးပုံစံက သာမန်မဟုတ်တာမို့ တန်ခူးက စိတ်ပူသွားပြီး ...





"ကြီးကြီး ... ဘာဖြစ်လို့လဲ"

"တန်ခူး ... ဒီမင်္ဂလာဆောင်ကို ညည်း အခု ဘယ်သူနဲ့ သွားတာလဲ"

"ရှင်"

"ကြီးကြီး မေးတာ ဖြေဦး"

"အသိတစ်ယောက်နဲ့ ကြီးကြီး"

"ဘယ်ကအသိလဲ"

"ဟို ... ဆိုင်နီးနားချင်းပါ၊ သူ့ကိုလည်း ဖိတ်တာနဲ့ တူတူသွားလိုက်တာ"

တန်ခူးက အကျယ်အကျယ် မဖြစ်လို၍ ကြီးကြီးကို ညာလိုက်မိပါသည်။

"ယောကျ်ားလေးဆို"

"ဟုတ် ...၊ ချာတိတ်ပါ၊ ချစ်ချစ်တို့သာသာမို့ ခင်နေတာ ပါ"

ညတန်ခူးက ဆိုင်အတူလိုက်ထိုင်နေကျ အတူနေ အမဝမ်းကွဲ ချစ်ချစ်ကို ဆွဲထည့်လိုက်ပါသည်။ တကယ်တော့ ချစ်ချစ်က ခုမှ အသက်နှစ်ဆယ်ကျော်ရုံ ရှိသေးတာပါ။ လုလင် က အစိတ်ဆိုပေမယ့် အရေးမပါပါဘူးဆိုတဲ့ အဓိပ္ပာယ်သက်ရောက် စေ၍ မတိမ်းမယိမ်းလို ယှဉ်ပြောလိုက်တာပင်။

"ကြီးကြီး ချစ်ချစ်ကို ခုပဲမေးကြည့်နေတာ တန်ခူး၊ ဘယ် က ချစ်ချစ်အရွယ်ရမှာလဲ၊ အသက်က အစိတ်ကျော်ပြီဆို၊



www.burmeseclassic.com

www.burmeseclassic.com



ဆံပင်ကလည်း ပေ့ာသလောက်ဆို၊ မိုဒယ်လ်တွေမာတ်ပုံရိုက်နေတဲ့ မာတ်ပုံဆရာဆို၊ ကြီးကြီးက မနက်ဆို ဆိုင်လာဖွင့်ပေးရုံပဲ၊ ပြီးရင် ညည်းလာတာနဲ့ ပြန်တာဆိုတော့ ဆိုင်နီးနားချင်းတွေ သိပ်မသိဘူး ...

ဒီကောင်လေးဆို မြင်ကိုမမြင်ဖူးဘူး၊ ကြီးကြီးရောက်တိုင်းလည်း သူ့ဆိုင်မဖွင့်သေးတာချည်းပဲ မြင်ဖူးတယ်၊ ဘာဖြစ်လို့ တွဲသွားတဲ့အဆင့်ထိ ရင်းနှီးနေတာလဲ တန်ခူး"

"ကျွတ် ... ကြီးကြီးကလည်း၊ တန်ခူးအသက် သုံးဆယ်ပါ၊ ဆင်ခြင်ဆုံးဖြတ်နိုင်တဲ့ အရွယ်ပါ၊ အခု ဘယ်သူက ဘာလှမ်းပြောတာလဲ၊ တန်ခူးတောင် ပြန်မရောက်သေးဘူး"

"နှစ်ယောက်တောင်၊ အဲဒီမဂ်လာဆောင်ကို လာကြတာချည်းပဲ၊ ညည်းအဖေညီမဝမ်းကွဲ မသီဂီရယ်၊ ဒေါ်ခင်စောလဲ့ရယ်၊ ညည်းအဒေါ်ကဆိုရင် ဒီကောင်နဲ့ ညည်းကို တွဲမြင်တာ နှစ်ကြိမ်ရှိပြီတဲ့၊ အရမ်းလည်း ရင်းနှီးတဲ့ ဆက်ဆံရေးတဲ့၊ ပြီးတော့ လင်းဝင်းထူးကလည်း နောက်တစ်ယောက်နဲ့ တွဲလာတယ်ဆို၊ ညည်းတို့ချင်း ဘာဖြစ်နေတာလဲ၊ သူခြေလှမ်းပျက်တာလား ညည်းခြေလှမ်းပျက်တာလား"

ညတန်ခူးသည် အောင့်အည်းမထားလိုတော့ကာ—

"သူ ပျက်တာ"

"ဒီတော့ ညည်းကကော"

"တန်ခူးက သူပြန်ခံစားရအောင် အရွဲ့တိုက်တာ"



ရှင်းရော။ အမှန်ပဲလေ။ လိမ်ညာနေလို့လည်း ကြာကြာလုံမယ့်ပုံမှ မပေါ်တာ။ ကြီးကြီးက ဆိုင်ကိုရောက်ရောက်နေသူပဲ။

တစ်နေ့မပေါ် တစ်နေ့ပေါ်မှာပင်။

"ဘာ ... ဘာ၊ အရွဲ့တိုက်တာ ... ဘုရား ... ဘုရား"

ကြီးကြီးက သူ့ရင်ဘတ်သူ တဖြန်းဖြန်းပုတ်လိုက်ပါသည်။

"မိုက်လှချည်လား၊ ဒီကိစ္စက တစ်ပြန်တစ်စီး အရွဲ့တိုက်နေစရာလား၊ လင်းဝင်းထူး သစ္စာမဲ့တာ ဖောက်ပြန်တာ လုံးဝသေချာလို့ ညည်း မခံချင်ရင် လမ်းခွဲလိုက်၊ ရှေ့ဆက်မယုံကြည်ရဘူးဆိုရင် ဖြတ်လိုက် ရတယ်၊ ညည်းက လူရွယ်လေးတစ်ယောက် ပြန်ကောက်တွဲပြီး ရွဲ့ရတယ်လို့ မိတန်ခူးရယ် ...

မှုယာ့အစ်ကိုဆိုတော့ ဆရာဝန်အသိုင်းအဝိုင်း၊ ဒီတော့ ညည်းအဖေမိတ်ဆွေတွေ လူသိတွေ ဘယ်လောက်တောင် ပါလိုက်မလဲဟင်၊ ဖအေပါ ရောသိက္ခာကျမယ်၊ မဖြစ်ဘူး၊ ညည်းအဖေကို ငါ တိုင်ရလိမ့်မယ်"

"မတိုင်ပါနဲ့ ကြီးကြီး"

ညတန်ခူးရဲ့ဖေဖေသည် အင်္ဂလန်မှာ စိတ္တဇအထူးကုဆရာဝန်အဖြစ် တာဝန်ထမ်းဆောင်ကာ အင်္ဂလန်မှာပဲနေတာ ကြာခဲ့ပါပြီ။ တန်ခူး ဆယ့်ငါးနှစ်သမီးအရွယ်မှာ မေမေဆုံးပြီးက

www.burmeseclassic.com

www.burmeseclassic.com



ဝှာည်းက တန်ခူးက ကြီးကြီး အုပ်ထိန်းမှုအောက်ပဲ နေလာခဲ့တာပါ။ ဖေဖေကတော့ သုံးနှစ်မှတစ်ကြိမ်လောက်သာ အလည်သုံးပတ် ပြန်လာနိုင်ကာ "ကို့"ကိုတော့ သိရှိလက်ခံထားပြီး "ကို"အင်္ဂလန်ရောက်တော့လည်း ဖေဖေက လိုအပ်တာ ကူညီခဲ့တာမို့ ရင်းနှီးမှု ရှိပြီးသားပင်။

"မတိုင်လို့ ဘယ်ဖြစ်မလဲ။ ငယ်ငယ်က ရည်းစားသနာကိစ္စ စိတ်မဝင်စားဘဲ စိတ်အေးခဲ့ရသားနဲ့ အသက်ကြီးသုံးဆယ် ရောက်မှ ရှက်စရာကောင်းတာ လုပ်နေတယ်၊ ဒါကြောင့် လင်းဝင်းထူး ပြန်ရောက်ကတည်းက မြန်မြန်ယူကြတော့ လေဆိုတာကိုလည်း အိအနဲ့"

"ဒါက သူကစ,ပြောမှ ရမှာလေ ကြီးကြီးရဲ့"

ညတန်ခူးက ငိုသံပါနှင့် အော်လိုက်ပါသည်။

"ဘာလဲ ... သူက မယူတော့ဘူးတဲ့လား၊ အင်္ဂလန်က ပြန်လာမှ လေသံပြောင်းတာလား၊ ဒါဆိုရင် သူ့အမေဆီ ငါ ကိုယ်တိုင် ဖုန်းဆက်ပြောပြီး လမ်းခွဲဖို့ စီစဉ်လိုက်ရုံပဲ၊ တော်ကြာ သူ့သားအကြောင်း သူ မသိဘဲ ညည်းကိုအထင်လွဲ အထင်သေးနေမှာပေါ့"

"ကိုက သစ္စာမဲ့တယ် ဖောက်ပြန်တယ်ရယ်လို့လည်း မဟုတ်ပါဘူး ကြီးကြီးရယ်၊ သူ စာသင်ပေးနေတဲ့ ဆရာဝန်မ အငယ်လေးနဲ့ တန်ခူးက မျက်စိနောက်တာပါ၊ သူကငြင်းပါတယ်"





တကယ်တမ်းတော့လည်း လင်းဝင်းထူးဘက်က တန်ခူးက ကာကာကွယ်ကွယ် ပြောမိရပြန်သည်။ နို့မို့ ကိုယ့်ထက် ဆောင် စိတ်မြန် စိတ်ကြီးတဲ့ ကြီးကြီးက ကို့အမေထံ ဖုန်းခိုင်းဆို ဆက် ဖျက်ပစ်မှ တစ်မျိုးတစ်မည် ပြဿနာကြီးထွားဦးမည်။

"ညည်းက မျက်စိနောက်ရုံနဲ့ အရွဲ့ကောက်တိုက်စရာလား မိတန်ခူး၊ ရှင်းရှင်းပြောစမ်း၊ ညည်းအထင်လွဲတာလား၊ သူ တကယ်သစ္စာမဲ့တာလား"

တန်ခူးသည် သက်ပြင်းမှုတ်ထုတ်မိကာ ...

"မသိတော့ဘူး ကြီးကြီး၊ ဘာမှမသေချာဘူး"

"ဘာပဲဖြစ်ဖြစ် ညည်းတော့ ဒီကောင့်ကို ဆက်မတွဲနဲ့၊ ကိုယ်ကြိုက်လို့လည်း မဟုတ်ဘဲနဲ့ လူအထင်သေးခံရဦးမယ်၊ အမိပှာယ်မရှိတာ၊ တော်ကြာ ဟိုကအခွင့်အရေးယူမှာပေါ့၊ ယောက်ျားတွေ ဘာများမှတ်နေလဲ"

အင်း ...။ သူ့ခမျာ အခွင့်အရေး မယူတတ်ရှာပါ ကြီးကြီးရယ်လို့ စိတ်ထဲကပဲ ဖြေရှင်းမိသည်။ ကြီးကြီးမပြောည်း လုလင်ကို သနားငဲ့ညှာလာမိတဲ့စိတ်ကြောင့် ရပ်တန်းကရပ် တန်ခူး ကိုယ်တိုင် စဉ်းစားလာတာပါ။

"ကြီးကြီး ... တန်ခူး ဆက်မတွဲတော့ပါဘူး၊ တကယ်ပါ"

♥ ♣ ♥



www.burmeseclassic.com

www.burmeseclassic.com



## ၉

"ကြီးကြီးနဲ့ ဗိုလ်ချုပ်ဈေးမှာတွေ့လို့ စကားပြောရင်း
သိရတာ၊ စိတ်ထဲက ထင်တော့ထင်သား၊ ခုတလော အိ
မှာ လင်းဝင်းကို တန်ခူးနဲ့ပတ်သက်ပြီး တစ်ခုခုမေး
သူ ပြန်ဖြေပုံက မလုံမလဲနဲ့၊ ဘာဖြစ်ပါလိမ့်ထင်တာ၊ ပြ
တော့ ဟိုတစ်ခါ မမ တန်ခူးဆိုင်မှာ အမ်မ်ဒီမိန်းမ
လော့ကက်ဝယ်တာ လိုက်လာတဲ့အကြောင်းလည်း လင်း
က သိမနေဘူး၊ တန်ခူးတို့ချင်း ပုံမှန်အဆက်အသွယ်ရှိ
ရင် အလိုအလျှောက် စကားထဲပါပြီး ပြောဖြစ်မှာပဲ၊
မှာပဲလေ ...

အဲဒါနဲ့ လင်းဝင်းကို သံသယဝင်လို့ မေးမေးနေ
မပွင့်တပွင့် လုပ်နေတယ်လေ၊ ဘာမှမဖြစ်ပါဘူးချည်
နေတာ၊ ကြီးကြီးနဲ့ ဗိုလ်ချုပ်ဈေးမှာတွေ့မှပဲ ကြီးကြီး
ပြလို့ သိရတော့တယ်"





တန်ခူးသည် ဆိုင်အထိရောက်လာတဲ့ ကို့အစ်မ
င်းနှင်းထူးရဲ့စကားတွေကို ငြိမ်ပြီးနားထောင်နေလိုက်ပါသည်။
အစ်မတွေဖြစ်တဲ့ မမနှင်း မမသင်းတို့ဟာ အိမ်ထောင်သည်
နဆိုင်ရာ ရုံးအရာရှိတွေပါ။ ကို့ရဲ့မိဘပါ အပါအဝင် ဆက်ဆံ
နှင့် စိတ်သဘောထားတွေ ပြေပြစ်ကောင်းမွန်ကြပါသည်။

အထူးသဖြင့် ကို့ရဲ့အမေ၊ အစ်မနှစ်ယောက်တို့ဟာ
န်ခူးကို လိုလိုလားလား ရှိကြတာပါ။ သူတို့သား သူတို့မောင်
ဝမ်းမြောက်ဝမ်းသာ သဘောတူကြတာပါ။

"ကြီးကြီး ကြည့်ရတာ လင်းဝင်းကို စိတ်များခုနေလား"

တန်ခူးလေးက သက်ပြင်းလေးရှိုက်ရင်း ...

"စိတ်တော့ ခုတယ်တော့ ဟုတ်မယ်မထင်ပါဘူး၊ ဒါပေမဲ့
ကြီးကြီးလည်း ဟိုကကြား ဒီကကြားနဲ့ဆိုတော့ ..."

"ဒါပေါ့လေ လူကြီးသူမတွေက ရှုပ်ရှုပ်ယှက်ယှက်တွေ
ဘယ်သဘောကျမလဲ၊ မနေ့က လင်းဝင်းကို မေမေရော
မမတို့ပါ အားလုံးဝိုင်းပြောကြတယ်လေ"

တန်ခူးက ပြုံးရင်း ...

"မမနှင်းတို့က ဘာပြောတာလဲဟင်"

"ဘာပြောရမလဲ တန်ခူးရဲ့၊ ဒီ ဇူးဇူးဆိုတဲ့ ကောင်မလေး
ကို မမတို့လည်း သိပါတယ်၊ သူ့မိဘတွေအနေအထားနဲ့
ငြင်းမကောင်းတော့ စာပြပေးပါဆိုလို့ ပြပေးနေရတာမျိုး
ပါ၊ ဒါကို လိုအပ်တာထက် ပိုရင်းနှီးရကောင်းလား တွဲတဲ့



www.burmeseclassic.com

www.burmeseclassic.com



သွားသွားပြုရကောင်းလားပေါ့၊ ကိုယ့်ဂုဏ်သိက္ခာနဲ့အညီ နေရမှာပေါ့၊ လူအများ အထင်အမြင်လွဲအောင် မလုပ်ရဘူး လေ ...

ကိုယ်က ဘာပုမဖြစ်ဘူး၊ ဘာမှမဟုတ်ဘူးဆိုတိုင်း မပြီးဘူး၊ တန်ခူးနဲ့က တရားဝင်စေ့စပ်ကြောင်းလမ်းထား တွေ ဘာတွေသာ မလုပ်ပေမယ့် နှစ်ဖက်မိဘ သိရှိပြီး တွေ့ဆုံပြီး အသိအမှတ်ပြုထားကြတာပဲ၊ တစ်မျက်နှာက နှစ်မျက်နှာ မပြောင်းရပါဘူး”

“မမနှင်းတို့က ဒီသဘောရှိပေမယ့် ကိုကကျတော့”

“အို ... သူလည်း ဘာမှကို မဟုတ်ဘူး၊ မလည်ရှုပ်သ သက်ပဲ၊ တစ်သက်နဲ့တစ်ကိုယ် ဆရာဝန်ဘွဲ့ရပြီးတဲ့အ ဘယ်မိန်းကလေးနဲ့မှ တရင်းတနှီး ရှိခဲ့တာမဟုတ်ဘူး ထရစ်ပ်တူတူသွားတဲ့ သူငယ်ချင်း မိန်းကလေးတွေနဲ့တော တခြားကောင်လေးတွေလောက် သူက လုံးလုံးထွေးထွေး ပေါင်းတာ မဟုတ်ဘူးလေ တန်ခူးရဲ့ ...

သူကိုက တရင်းတနှီး မနေတတ်တာ၊ အအေး မသိရင် ဘဝင်မြင့်တယ်လိုလိုပေါ့၊ အဲဒီလိုလည်းတာလည်း မဟုတ်ပဲနဲ့ အခု ဖူးဖူးနဲ့က ကောင်မလေးက ကလေး တအားဗိုလ်ကျ ဆိုးနွဲ့တော့ မငြင်းတတ် မရှောင်တတ် ခုလိုဖြစ်နေတာ”

“သူ သံယောဇဉ်ဖြစ်ရင်လည်း ဖြစ်နေမှာပေါ့ မမနှင်းရယ်”





“အို ... မဖြစ်ပါဘူး မေးပြီးပါပြီ၊ သူက အားနာပြီးလိုက် လျှောပြီး တွဲနေတာမျိုးကို အချိန်မရွေး နောက်ဆုတ်လို့ရ တယ် ထင်နေတာ၊ မလည်ဘဲနဲ့ သူ့ကိုယ်သူ လည်တယ် ထင်နေတယ်လေ၊ မမတို့ ပြောလိုက်တယ်၊ နောက်ကျ ဘယ်လိုမှ ကိုယ့်ဘက်က ခြေလှမ်းပြန်ဆုတ်လို့ မရတာမျိုး ဖြစ်မယ်လို့ ...

ကောင်မလေးကိုလည်း ခင်ပါတယ်၊ အိမ်မှာဝင်ထွက် ပြီး စာလာသင်နေတာကိုး၊ ဒါပေမဲ့ ခင်မင်တာက ခင်မင် တာပဲလေ၊ ကိုယ့်ယောက်မလောင်းကတော့ တန်ခူးပဲဟာ၊ လက်ခံထားပြီးသားဟာ”

“သူက တန်ခူး တားပေမယ့် မရပ်ဘူး မမနှင်း၊ သူ့လူမှု ရေးကို ဝင်မစွက်နဲ့လို့ ပြောတယ်”

“ဘယ်ရမလဲ၊ သူငယ်ချင်းလောက်ဆိုရင်တော့ ဝင်မစွက် နဲ့ပြောလို့ ရတာပေါ့၊ ကိုယ့်ဇနီးဖြစ်မယ့် သူကတော့ စွက် မှာပေါ့၊ ဘဝတစ်ခြမ်းစီလဲပြီး ပိုင်ကြရမှာပဲလေ၊ တန်ခူး ဘာမှအထင်မလွဲနဲ့၊ သူ့စိတ်ရင်းထဲလည်း တန်ခူးစိုးရိမ် သလို လုံးဝမဟုတ်ဘူး၊ မမနှင်းတို့ကလည်း လက်မခံဘူး၊ ဒီလောက် သံယောဇဉ်ကြီးပြီးသားဟာကို၊ နေနဲ့လ ရွှေနဲ့မြ ဖြစ်နေတဲ့ အနေအထားကို ဖျက်စရာလား”

မမနှင်း စကားတွေ သဘောထားတွေက အားရဖို့ ကောင်းလှပေမယ့် သူ့မောင်ကကျတော့ အဲဒီအတိုင်း တစ်သဘော တည်း ဖြစ်ပါ့မလား။ တန်ခူးက သက်ပြင်းချမိပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီကောင်မလေးနဲ့ဆိုလည်း နေနဲ့လပါပဲ မမနှင်းရယ် ဆရာဝန်ချင်းချင်းမို့ ပိုတောင်လိုက်ဖက်ဦးမှာပါ"

"ဒီလိုမပြောပါနဲ့ တန်ခူးရဲ့၊ တန်ခူး ရှိပြီးသားဟာကို တခြားတစ်ယောက် မမတို့က လက်သင့်မခံပါဘူး"

"မမနှင်းတို့ လက်သင့်မခံပေမယ့် ကာယကံရှင်ဖြစ်တဲ့ ကို့က ..."

"ပြောပြီကော မလည်ရှုပ်ပါဆို တန်ခူးရယ်၊ မရှောင်တာ တာပါ၊ တကယ်တော့ သူ့ကိုယ်သူ အဟုတ်ထင်နေတာ လင်းဝင်းက အရိုးအ,အပါ၊ တစ်ခုပဲရှိတယ် တန်ခူးရယ်"

နှင်းနှင်းထူးက တန်ခူး လက်ဖျားကို ဆုပ်ကိုင်လိုက်ကာ ...

"လင်းဝင်းက ပြောတယ်"

"ဟုတ်"

"တန်ခူးလည်း ကောင်လေးတစ်ယောက်နဲ့ တွဲနေတယ်တဲ့"

တန်ခူးက ဘာမှမပြောဘဲ မျက်လွှာချထားလိုက်သည်။ အဲဒီကောင်လေးဟာ အခုကိုပဲ သူ့ဆိုင်ရှိရာကနေ မျှော်ပြီး မီးခဲဖင်ခုထိုင်မိသလို ရွစိရွစိ ယောက်ယက်ခတ်နေပြီ။ တန်ခူးရဲ့ဆိုင်ဘက်ကို လှမ်းအကဲခတ်လို့မဆုံး ဖြစ်နေပြီ။

"သူ့ကိုရွဲ့ပြီး တွဲတယ်ပေါ့၊ လှပုံအလယ်လည်း ခေါ်လာတယ်၊ သူ့အသိုင်းအဝိုင်းထဲလည်း မြင်အောင်လျှောက်ပြတယ်တဲ့"





"သူပြောတာ မှန်ပါတယ် မမနှင်း၊ တန်ခူး အဲသလိုလုပ်မိတယ်"

"မလုပ်ပါနဲ့ တန်ခူးရယ်၊ တောင်းပန်ပါတယ်၊ ရပ်လိုက်ပါနော်၊ ဘာမှမဟုတ်ကြဘဲနဲ့ အပျက်ပျက်နဲ့ နှာခေါင်းသွေးထွက် ဆိုတာလို ပြဿနာကြီးသွားကုန်မှာပေါ့၊ မမနှင်း တန်ခူး လုပ်ရပ်ကို မိန်းမချင်း ကိုယ်ချင်းစာပါတယ်၊ မခံချင်စိတ်နဲ့ အသည်းနာနာနဲ့ အရွဲ့တိုက်မိတာမျိုး ဖြစ်တတ်ပါတယ် ...

အပြစ်မတင်ပါဘူး တန်ခူးရယ်၊ ရှေ့မဆက်ဘဲ ရပ်ဝစ်ဖို့သာ တောင်းပန်တာပါ၊ တန်ခူးရဲ့ဂုဏ်သိက္ခာကြီးမြတ်မှုနဲ့ မအပ်စပ်တဲ့ကိစ္စမို့ပါ၊ လင်းဝင်းကို တခြားအပြစ်ဒဏ်ခတ်ချင်တာ ခတ်ပေါ့"

ကို့အစ်မဟာ စကားပြော တော်လှပါသည်။

"ပြီးတော့ လင်းဝင်း ပြောပုံအရဆိုရင် ကလေကချေကောင်လေးဆို"

"အဲသလို ကလေကချေကြီးတော့ မဟုတ်ပါဘူး မမနှင်းရယ်၊ ခေတ်လူငယ်မို့ သူက တမင် တန်ခူးနားအောင် ဖိနှိပ် ပြောနေတာပါ"

ဘာပဲဖြစ်ဖြစ် တန်ခူးက နည်းနည်းတော့ ခုခံဖြေရှင်းလိုက်မိပါသည်။ လုလင်ဟာ မျက်နှာမှန်တတေ စွကောက်ကောက်လေးနှင့် ခြားနားတဲ့ အတွင်းစိတ်ဖြောင့်ဖြောင့်ရှင်းရှင်း



www.burmeseclassic.com

www.burmeseclassic.com



အေးအေးချမ်းချမ်းလေး ရှိသူပါ။ အောက်တန်းမကျပါ။ ကလေ ကချေလည်း မဲဆန်ပါ။ သူ့အရွယ်နဲ့သူ သိက္ခာရှိ[illegible]

"မမနှင်းတို့ စိုးရိမ်တာက တန်ခူးက ဘာမှမဟုတ်ဘဲနဲ့ သူက တန်ခူးအပေါ် အမြတ်ထုတ်သွားဦးမယ်"

ခုအတိုင်းကတော့ လုလင်ဟာ တန်ခူးနှင့် လင်းဝင်း ထူး ကြားက အရွဲ့ပြိုင်နေတဲ့ပြဿနာမှာ အမြတ်ထုတ်ဖို့နေနေ သာသာ အရှုံးသာ မဆီမဆိုင် ပေါ်ရမယ့်သူပါ။

"တန်ခူးကို အမြစ်တင်တာ မဟုတ်ပါဘူး တန်ခူး၊ တန်ခူး ဘယ်လိုခံစားရလို့ လုပ်တယ်ဆိုတာ မိန်းမချင်း မမနှင်းတို့ မသိဘဲနေမလား၊ လင်းဝင်းကိုလည်း ပြောပစ်တယ်၊ ငါ ဆိုရင်လည်း ဒီလိုပဲ လုပ်မိမှာပဲလို့လေ၊ ဒါပေမဲ့ ပြဿနာ က ဒီထက်ဒီ ကြီးထွားရှုပ်လျားပြီး ဘာမဟုတ်တာလေး နဲ့ ရင်ကွဲကြရမှာစိုးလို့ပါ ...

ဒူးဒူးကိုလည်း မမနှင်းကိုယ်တိုင် စောင်းပါးရိပ်ခြည် သတိပေးဦးမှာပါ၊ ဒါနဲ့မှ မရရင်လည်း ရှင်းရှင်းဖွင့်ပြောရ မှာပဲ တန်ခူး၊ သူ့မျက်နှာထက် တန်ခူးမျက်နှာကို ပိုပြီး ထောက်ရမှာလေ"

"မမနှင်းကို ကျေးဇူးအရမ်းတင်ပါတယ်၊ အန်တီတို့ မမသင်း တို့ကိုလည်း ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ ... ကိုက ..."

"အို ... ဘာမှထွေထွေရာရာ တွေးမနေနဲ့ တန်ခူး၊ အခု တန်ခူးက ပြန်ရွဲ့တော့ သူကိုယ်တိုင် မျက်လုံးမျက်ဆန်ပြူး





နေပြီလေ၊ ယောက်ျားတွေများ သူတို့ခံစားရရင်တော့ သိပ် နာတတ်တာ မဟုတ်လား၊ အသည်းကွဲခတ်နေတယ်၊ မမ ကြားကပြောစရာ မလိုပါဘူး၊ သူကိုယ်တိုင် တန်ခူးကိုဆက် သွယ်လာမှာပါ၊ အဲဒီကျ ပြောချင်တာ ပြောပစ်လိုက်ပေါ့ ...

အဓိက မမနှင်း ပြောချင်တာက အရေးအကြီးဆုံး က ကိုယ့်ချစ်သူချင်း ပြေလည်ဖို့လေ၊ ဟုတ်တယ် မဟုတ် လား၊ လင်းဝင်းရော တန်ခူးရော အရွဲ့တိုက်တာတွေ ရပ် တန်းကရပ်ကြဖို့ပဲ၊ ဒါမှ စိတ်ချမ်းသာကြရမှာ၊ ဘာပဲဖြစ် ဖြစ် လင်းဝင်းကစ, အနေအထိုင် မတတ်တာလေ၊ သူ တန်ခူးကို ပြန်ချော့ရမှာပေါ့၊ ဟုတ်တယ် မဟုတ်လား၊ အဲဒီအခါကျရင် ပြေလည်လိုက်ပါ တန်ခူးရယ် နော်"

"... ... ..."

"နော်"

"ဟုတ်ကဲ့"

"ကဲ ... ကဲ ... မမနှင်း သွားမယ်၊ ရုံးကနေ ခဏထွက်လာ တာလေ"

နှင်းနှင်းထူး ထွက်သွားသည်နှင့် တန်ခူးက ဆိုဖာ [illegible]ညီမှထ,ရင်း ကောင်တာနောက်မှာ ပြန်ထိုင်ဖို့ဝင်ရင်း လုလင်ရဲ့ [illegible]င်ကို မသိမသာ လှမ်းကြည့်လိုက်ပါသည်။ ထင်တဲ့အတိုင်း [illegible]ပင်အတုမြင့်မြင့်ကြီးတွေနောက်ကွယ်မှာ ရှိနေသည်။ တစ်ချိန် [illegible] အရိပ်တကြည့်ကြည့်နေပုံပင်။



www.burmeseclassic.com

www.burmeseclassic.com



"တီ ... တီ ... တီ"

ဟော ... လာပြီ ...။

တန်ခူးက ကောင်တာနောက် စင်မထိုင်သေးဘဲ ဆိုင်ခန်းတံခါးပေါက်ဝသို့ လျှောက်လာခဲ့ရင်း ဖုန်းဖွင့်လိုက်ပါသည်။ ကောင်တာနောက်မှာတော့ တူမဝမ်းကွဲလေးရော ဝန်ထမ်းမလေးတွေရော တန်စီရပ်နေကြတာလေ။ ဖုန်းပြောဖို့ ဘယ်လွယ်မလဲ။ တစ်လုံးမကျန် ကြားရနိုင်တာပင်။

"ပြော"

"မ,"

"အင်း ... ပြော"

"ခုန အမျိုးသမီးက ဘယ်သူလဲ"

"ညွှန့်သည်ပေါ့၊ ဘာလုပ်ဖို့ မေးရတာလဲ"

တန်ခူးလေသံက ခပ်တင်းတင်းမို့ လုလင်ဘက်က အသံခဏတိတ်သွားပါသည်။

"မ, စိတ်ဆိုးနေတာလား"

"သြော် ... မဆိုးပါဘူး၊ လုလင်က မဆီမဆိုင် လိုက်မေးနေလို့၊ ကဲ ... ပြော၊ ဘာပြောမှာလဲ"

"အဲဒါ ဒေါက်တာလင်းဝင်းထူးနဲ့ အစ်မတို့ ဘာတို့ အမျိုးတော်တာလား"

ကြည့်စမ်း။ သင်းကလည်း တန်းခနဲကို ရိပ်မိသိရှိနေပြန်သည်။





"အင်း ... ဟုတ်တယ်၊ သူ့အစ်မလေ၊ လုလင် ဘယ်လို လုပ်သိလဲ"

"ဟား ... ရုပ်ကြီးက ဒီလောက်ဆင်တူနေတာကို၊ တစ်စက်ရုံထဲကထုတ်တဲ့ Product တွေမှန်း ဒီလောက်သိသာတာ"

"အဟင်းဟင်း ...၊ ကဲ ... ဒီတော့ ဘာပြောမလို့လဲ"

"ဘာတွေလာပြောနေတာလဲ အကြာကြီးပဲ"

"သြော် ... ဒီလိုပါပဲ၊ ဟိုရောက် ဒီရောက်ပေါ့"

"သူ့မောင်နဲ့ ပြန်ကြည်ဖို့ ကြားကနေ Negotiate လာလုပ်နေတာ မဟုတ်လား"

"အင်း ... ဟုတ်တယ်"

"မ, ဘာပြန်ပြောလိုက်လဲဟင်"

"နားထောင်နေတာပေါ့၊ အင်း ... အင်းပေါ့"

"ဟာ ... မ,ကလည်း အင်း,အင်းဆိုတော့ သဘောတူလက်ခံတဲ့အဓိပ္ပာယ် ဖြစ်သွားမှာပေါ့"

"သြော် ... မဟုတ်ပါဘူး လုလင်ရယ်၊ အလိုက်အထိုက်ပေါ့"

"မ,ကလည်း၊ ကျွန်မနဲ့သူနဲ့က ဇာတ်လမ်းပြီးဆုံးသွားပါပြီလို့ ပြောလိုက်ပေါ့၊ အလိုက်အထိုက် လုပ်မနေနဲ့တော့လေ"

"ကဲ ... လုလင်ရယ်၊ မ,ဘာလုပ်ရမလဲ မ,သိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... မ,ကလည်း၊ မ, ဒီလို အေးအေးဆေးဆေးလုပ်နေရင် ဒေါက်တာလင်းဝင်းထူးနဲ့တော့ ဇာတ်လမ်းပြန်ဆက်သွားတော့မှာပဲ"

လုလင်လေသံက စိုးရိမ်တကြီး ကမ္ဘာရှုံးထိုးနှင့် ဒေါသလည်းပါနေရာ တန်ခူးက ...

"လုလင် ... မ,ဘဝနဲ့ ပတ်သက်တဲ့ကိစ္စတွေ ပြဿနာတွေ ရွေ့ရေးတွေ မ,စိတ်တိုင်းကျ မ,ကိုယ့်ဟာကိုယ် ဆုံးဖြတ်မှာပါ"

သူကို ကြင်နာသနားမိပေမယ့် ရှင်းရှင်းသိအောင် တန်ခူးက ခပ်ပြတ်ပြတ်ပဲ ပြောလိုက်ပါသည်။ အသံပြန်ထွက်မလာဘဲ တိတ်နေ၍ တန်ခူးက လုလင်ရဲ့ဆိုင်ဘက် မသိမသာ ရဝ ကြည့်လိုက်လျှင် ဖုန်းကိုနားမှာကပ်ရင်းပဲ အံ့အားတသင့် စိတ်မကောင်းဖြစ်နေတဲ့ရုပ်နှင့် သူ့ဆိုင်ထဲကနေ တရွေ့ရွေ့ ဖြည်းဖြည်း ထွက်လာနေတဲ့ လုလင်ကို မြင်လိုက်ရ၍ လုလင်ရှိရာဘက် ကျောခိုင်းလိုက်ရင်း ...

"လုလင် ... တို့ဆီမလာနဲ့လေ၊ ပြောစရာရှိတာ ကိုယ့်ဆိုင်ကနေကိုယ် ဖုန်းနဲ့ပြော"

တန်ခူးလက်ထဲလည်းဖုန်း၊ လုလင်လက်ထဲလည်းဖုန်း။ ဒါကိုမြင်ရင် တခြားလူတွေ မသိတောင် ကိုယ့်ဆိုင်နဲ့သူ့ဆိုင်က တပည့်တပန်း ဝန်ထမ်းတွေကတော့ အနည်းနဲ့အများ ရိပ်မိလာတော့မှာပင်။ တန်ခူးက စိတ်ရှုပ်ရှုပ်နှင့် ...





"လုလင်"

"... ... ..."

"လုလင် ... မင်း ဘာဖြစ်နေတာလဲ၊ တို့ကို စိတ်အနှောင့်အယှက်ဖြစ်အောင် မလုပ်စမ်းပါနဲ့"

"ကျွန်တော် မ,ကို ဘာလုပ်မိလို့လဲ၊ မ,ကသာ ကျွန်တော့်ကို စိတ်ဆင်းရဲအောင် ရင်ကွဲအောင် ပြောနေတာမဟုတ်ဘူးလား"

"ဘာများပြောမိလို့ ရှင်က ရင်ကွဲနေရတာလဲ"

"မ,ရွေ့ရေးကို မ,စိတ်တိုင်းကျ မ,ဟာမ, ဆုံးဖြတ်မယ်ဟုတ်လား"

"ဟုတ်တယ်လေ၊ ကိုယ့်ရွေ့ရေး ဘယ်သူ့ကို ဆုံးဖြတ်ခွင့်ပေးနေရဦးမှာလဲ"

စိတ်တိုသံပေါက်နေတဲ့ ညတန်ခူးရဲ့လေသံကြောင့် လုလင်ရင်ထဲ တစစ်စစ် နာနေပါသည်။ သူနဲ့ဖုန်းပြောနေမှန်းသူများသိမှာစိုးလို့ ကျောပေးထားလိုက်တာဆိုတာ။ မ,အဲ့သလောက်တောင်လူသိမခံချင်မှန်း သူ သေချာတောင် မသိခဲ့။ သို့ပေမဲ့ မ, ဆန္ဒပါလေ၊ လုလင် ရွေ့ဆက်မလျှောက်ဘဲ နောက်ပြန်လှည့်လျှောက်ခဲ့ပါသည်။

"မ, ကျွန်တော့်ကိုရော ထည့်မစဉ်းစားဘူးလားဟင်"

"ဘာကို စဉ်းစားရမှာလဲ လုလင်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်လည်း မ,ဘဝထဲမှာ တစ်စိတ်တစ်ပိုင်း သက်ဆိုင်နေပြီလေ၊ ကျွန်တော့်ကို ထည့်စဉ်းစားရမှာပေါ့၊ ကျွန်တော်လည်း မ,ချစ်သူပဲ၊ မ,အစားထိုးတာပဲဖြစ်ဖြစ် ဘာဖြစ်ဖြစ်"

"ဘာဖြစ်လို့ မင်းက တို့ချစ်သူ ဖြစ်ရမှာလဲ"

"မ, ..."

လုလင် အသံက ကျယ်သွား၍ ဟိန်းဒ်ဆက်ဆိုင်ထဲက တာရာနှင့် ဖွဲ့တို့က လန့်ပြီးလှည့်ကြည့်ကြသည်။ လုလင်သည် ဆိုင်နှင့်ဝေးရာသို့ ဒေါမာန်ပါပါ လျှောက်သွားလိုက်ပြီး ခပ်ဝေးဝေးရောက်မှ အသံကိုမထိန်းဘဲ ...

"မ, ဘာပြောလိုက်တာလဲ"

"မင်းကကော ဘာတွေပြောနေတာလဲ"

"မ,နော် ... ကျွန်တော့်ကို အရူးလာမလုပ်နဲ့၊ မ,ကိုအရမ်းချစ်ပေမယ့် အလွယ်တကူလေးတော့ အရူးလုပ်ခံမယ့်ကောင်မဟုတ်ဘူး မ,၊ တခြားကိစ္စတွေနဲ့ပတ်သက်ပြီး မ,ကြိုက်သလို ကျွန်တော့်ကိုလုပ်၊ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့တော့ မလုပ်ပါနဲ့ မ,၊ မ, ကျွန်တော့်ကို ချစ်တယ်လို့ အဖြေပေးပြီးပြီ"

"တစ်ခွန်းမှ မပြောဖူးပါဘူး လုလင်ရယ်၊ တို့ကို မချည်မတုပ်ပါနဲ့"





"ပါးစပ်က မပြောဖူးပေမယ့် ဖုန်းထဲက မက်ဆေ့ချ်နဲ့ပြောပြီးပြီလေ၊ ချစ်လားဆိုတော့ အင်းလို့ မ,ဖြေတယ်၊ ချစ်တယ်တို့ မေဘီတို့ အိုင်သင့်ခ်တို့ မ,ကိုယ်တိုင် ပို့ထားတာပဲ၊ အဲဒါ ဘာလဲ၊ ဘာတွေလဲ"

ညတန်ရှူးသည် ခေါင်းနားပန်းကြီးကာ အကျပ်ရိုက်သွားပါသည်။ ဒုက္ခပဲ၊ ဒါဟာ ပြဿနာပဲ။

"လုလင် ... အဲဒီတုန်းက မင်းနဲ့ မ,နဲ့ ဆော့ပြီး နောက်ပြောင်ရိုက်ပို့ခဲ့ကြတာ၊ မ,အတိအကျ မမှတ်မိပေမယ့် ပို့ကောင်းပို့မိမယ်၊ ဆောရီးပါ လုလင်ရယ်၊ မင်းကိုပြန်စ,တာလည်းပါတယ်၊ ပြီးတော့ ..."

"ဘာ ...၊ စ,တာ ! ဆောရီးပဲ ဟုတ်လား၊ အဲလိုဖြေလို့ရလား၊ ချစ်လားဆိုတာကို 'အင်း'လို့ဖြေတာက စ,တာဟုတ်လား၊ ဆောရီးတဲ့လား၊ မ, ခင်ဗျား ကျွန်တော့်ကို ဘာထင်လို့လဲ၊ စ,စရာလား"

"လုလင် ... မောင်လေး၊ မင်းအသံက အရမ်းကျယ်တာပဲ၊ စိတ်လျှော့ပြီး ခေါင်းအေးအေး ထားလိုက်စမ်းပါ၊ ဟုတ်ပါတယ်၊ မ,ကမင်းကို စိတ်ညစ်နေတဲ့အချိန်မှာ ခင်မင်တဲ့သဘောနဲ့ ပျော်ရအောင် စ,မိ ..."

"တော်တော့ဗျာ"

"ဒီတော့ ဘာပဲဖြစ်ဖြစ် အဲဒီ မက်ဆေ့ချ်တွေကို မင်း Delete လုပ်ပစ်လိုက်၊ ဖျက်ပစ်လိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဗျ ... ဖျက်ပစ်ရမယ် !"

လုလင်သည် တစ်ကိုယ်လုံး ထူပူလာကာ လက်များတွေကတော့ အေးစက်လာသည်။

"မ, ... မမှုယာ မွေးနေ့ပွဲကနေ ကျွန်တော် ထ,ပြန်လာတုန်းက ကျွန်တော့်ကို မ,အသုံးမချပါနဲ့၊ အသုံးချတာမခံနိုင်ပါဘူးလို့ပြောပြီး ကျွန်တော် ရှောင်ဖို့ကြိုးစားခဲ့တာခင်ဗျား သိပါတယ်၊ အစားထိုးလို့ ရပါတယ် မ,၊ အရွဲ့တိုက်ဖို့ ခဏရုပ်ပြကောက်တွဲတာ မခံချင်လို့ပါဆိုတာမ, ကောင်းကောင်းသိပါတယ်၊ မ,က ဒေါက်တာလင်းဝင်းထူးကို လုံးဝပြီးပြတ်ပါတယ်ဆိုလို့ မယုံ့ရဲယုံ့ရဲ ကြားထဲက ကျွန်တော် ကြည်နူးဝမ်းသာခဲ့ရတာပါ ...

မ, ကျွန်တော့်ကို အခုလည်း စ,နေတာလား၊ ဒါမှမဟုတ် စိတ်စမ်းနေတာလား၊ ဖုန်းနဲ့ပြောရတာ အားမရဘူးဗျာ၊ မျက်နှာချင်းဆိုင်ပဲ ပြောချင်တယ်၊ ဒါမှပြောနေတဲ့ မ,ရဲ့မျက်နှာကို မြင်ရရင် ယုံရမလား မယုံရဘူးလားကျွန်တော် ဝေခွဲလို့ရနိုင်မှာ၊ အခု ကျွန်တော်လာခဲ့မယ် မ, နော်"

"လုလင်"

"မ,ကို အခုတွေ့ချင်တယ်၊ ဟိုလူ့အစ်မ ဘာတွေပြောသွားလို့ မ,ဒီလိုပြောင်းလဲသွားရတာလဲ"





ညတန်ခူးသည် အတော်ကို ထူပူခေါင်းနားပန်းကြီးလာပါသည်။ ကိုယ့်ကိုယ်ကိုယ် ဒေါသလည်းဖြစ် လုပ်မိသမျှကိုနောင်တလည်းရ၊ လုလင်ကိုလည်းသနား၊ အဖြစ်အပျက်ကိုလည်းစိတ်ညစ်၊ ရှေ့အတွက်ကိုလည်း စိုးရိမ်ကြောက်လန့်လာပါသည်။ လုလင်ကို ဒီတိုင်းကြီး အစိမ်းဖြတ်နှင့်တော့ ခါချထားခဲ့လို့ မရနိုင်ပြီ။ အသံလေးတုန်တုန်နှင့် ညတန်ခူးက ...

"နောက်တော့မှတွေ့ပါ လုလင်၊ အခု မ,အရမ်းခေါင်းတွေပူ သွေးတွေဆူနေတယ်၊ မ,ရူးမလိုဖြစ်နေပြီ၊ ဦးနှောက်တွေခြောက်နေပြီ၊ အခုလာမတွေ့နဲ့ဦး၊ ဟိုတာစ်ခါလို မ,နေမကောင်းဖြစ်သွားလိမ့်မယ်"

"ကျွန်တော် သိတယ်၊ ဟိုအမျိုးသမီး ပြောသွားတာတွေနဲ့ မ,ခေါင်းတွေပူပြီး ကျန်ခဲ့လို့ မ,နိုင်တဲ့ ကျွန်တော့်ကို ဖိရစ်နေတာ၊ ဟုတ်တယ် မဟုတ်လား၊ ဒါ ထွက်ပေါက်မှ မဟုတ်တာ မ,ဖြေရှင်းလိုက်ရမယ့် နည်းလမ်းမှမဟုတ်တာ၊ မ, ဒီစကားတွေအားလုံးကို စိတ်ညစ်ညစ်နဲ့ လျှောက်ပြောတာ မဟုတ်လား"

"အင်းပါ လုလင်ရယ်၊ ဟုတ်ပါတယ်"

ညတန်ခူးသည် စိတ်ညစ်ညစ်နှင့် သက်ပြင်းရှည်ကြီးမှုတ်ထုတ်ရင်း ပြောလိုက်ရပါသည်။ ဒုက္ခပဲ၊ ကျွံမိတဲ့ ခြေတစ်လှမ်းကို ကိုယ်ထင်သလို အလွယ်ကလေး ပြန်နုတ်လို့မရပါလား။ ဒီကြားထဲမှာ လုလင်ကို ပက်ပက်စက်စက် ပြောမထွက်ဘဲ အကြော



www.burmeseclassic.com

www.burmeseclassic.com



သနားကရုဏာသက်ပြီး ကြင်နာစိတ်ဖြစ်ထွန်းနေရတာကလည်း တစ်ပြဿနာပင်။

"မ, ... မ,စိတ်ညစ်စရာရှိတာတွေ အားလုံးကို ဖြေရှင်းပေးမယ်၊ တစ်ဖက်မှာ စိတ်ညစ်ရတာနဲ့တော့ ကျွန်တော့်ကို ပြဿနာမရှာပါနဲ့နော် မ,၊ ဒါအဖြေမဟုတ်ပါဘူး၊ မ,ဖြစ်ချင်တာ အားလုံးကို ကျွန်တော့်ကို ပွင့်ပွင့်လင်းလင်း ဖွင့်ပြောပါ၊ ကျွန်တော် လုပ်ပေးမယ်"

နင်ရှောင်ပေး ... လို့ ပြောလိုက်ရင်ကော မင်းက ရှောင်ပေးမှာမို့လို့လား လုလင်ရယ်။ ညတန်ခူးသည် လုလင်ကို အားလည်းနာ သနားလည်းသနားမိပေမယ့် နေမြင့်လေ အရှူးရှင်လေ ဆိုတာမျိုး ထပ်ဖြစ်မလာအောင်တော့ ရေစုန်မျှောထားလို့ မရတော့ဘူးဆိုတာ တွေးနေမိပါသည်။ လျှာရှည်တာ၊ ထွင်တာလေ။

ကိုယ့်ကို တအားကြွေနေတဲ့ ကောင်ကလေးပဲဆိုတာ ရိပ်မိသိရှိလို့ "ကို"ဆတ်ဆတ်ခါရုံကလေး တွဲပြမိတာ ခုတော့ ပြဿနာတွင်းထဲ နစ်လေပြီ။ ဆူးကလေး စူးမိလေပြီ။

ဒါကို ဘယ်နည်းနှင့် ဖြေရှင်းရှောင်ဖယ် ခြေလှမ်းရပ်ရမယ်ဆိုတာ ခေါင်းအေးအေးနှင့် အကြံယူရပါတော့မည် ဆောရီးပါ လုလင်ရယ်။ တို့ရင်ထဲမှာ လုံးဝမကောင်းပါဘူး။

"ခုလောလောဆယ်တော့ မ,ဖုန်းချလိုက်ဦးမယ် လုလင် ဒီနေ့လည်း ထပ်မဆက်နဲ့တော့"





"ညကျရင်တော့ ဆက်မယ်လေ မ,၊ နက်ဖြန် ဆိုင်ကိုတန်းမလာနဲ့၊ ပါကင်မှာ ကျွန်တော့်ကိုစောင့်ဦး၊ နော် ... မ",

"အင်း ... အင်း"

"မ, ကျွန်တော့်ကို တကယ်ချစ်ရဲ့လားဟင်"

"... ... ..."

"မ,ကို ကျွန်တော် သိပ်ချစ်တယ် မ, သိလား၊ မ,သိရဲ့လား"

♥♣♥



www.burmeseclassic.com

www.burmeseclassic.com



## ၁၀

နောက်တစ်နေ့ ဆိုင်ကို ညတန်ခူးရောက်၍ ကြီးကြ
ပြန်သွားပြီး ဘာမှမကြာလှခင်ပင် ဓာတ်လှေကားဘက်မှ ခြေလှမ်း
ကျဲနှင့် လျှောက်လာသော လုလင်ကို လှမ်းမြင်လိုက်ရပါသည်။
မိဖုရားဆိုင်ဆီပဲ ဦးတည်ကာ ရှူးရှူးရဲရဲကြည့်ရင်း လျှောက်လာတ
မို့ ညတန်ခူး ကြံရာမရဖြစ်ကာ လက်ဖျားတွေပါ အေးလာရသည်။

ဒုက္ခပဲ ...။ ပါကင်မှာစောင့်လို့ သူ ပြောတာ
ညတန်ခူးက မစောင့်ခဲ့ဘူးလေ။ ညတန်ခူးသည် တူမနှင့် ဝန်ထမ်း
ကောင်မလေးတွေ ရှေ့ထ,ပဲပြေးရမလို ကောင်တာနောက်ပဲ ပုထိုး
ချပြီး ပုန်းရတော့မလို ယောက်ယက်တွေခတ်ပြီး ရင်ခုန်သံရော
ဆူညံလာပါသည်။ ဘာမှမလုပ်နိုင်ခင်မှာပင် ဆိုင်ရှေ့သို့ လုလင်
က ရောက်လာခဲ့ပြီး ဆိုင်ရဲ့မှန်တံခါးပေါက်ဝမှာ ရပ်လိုက်သည်။
ဆိုင်ထဲရှိသမျှ မိန်းကလေးအားလုံးဟာ"ဘာပါလိမ့်"ဟု လုလင်
ကို အလန့်တကြား ငေးကြည့်နေမိကြလေသည်။





"မညတန်ခူး"

လုလင်အသံက အေးခဲခဲ။ ညတန်ခူးသည် ပျက်နေ
တဲ့မျက်နှာကို ဟန်ဆယ်ကာ ...

"ဘာကိစ္စလဲ"

မလျော့လွန်း မတင်းလွန်းတဲ့ အသံနှင့် ခပ်မှန်မှန်
မေးလိုက်ရပါသည်။

"ပါကင်မှာ ခင်ဗျားကားက နောက်မီးလင်းနေတယ်"

"ဘာ"

လုလင်စကားကြောင့် တစ်ဆိုင်လုံး ပြုံးစိစိဖြစ်ကာ
တန်ခူးလည်း ဒေါထသွားရပါသည်။

"နောက်မီး ... နောက်မီး၊ ခင်ဗျား မပိတ်ခဲ့လို့ပေါ့ လင်း
နေတယ်၊ ပြီးတော့ တစ်စီးစာမျဉ်းတွေထဲကို ဝင်အောင်မ
ရပ်ဘဲ မပြတ်မသားနဲ့ ဟိုဘက်လိုလို ဒီဘက်လိုလို ခွရပ်
ထားတော့ ဘေးမှာ ကားတစ်စီးဝင်ရပ်လောက်အောင် မ
ကျန်ဘဲနေရာတွေ ပုပ်နေတယ်၊ အဲဒါ အောက်က ပါကင်
လုံခြုံရေးဝန်ထမ်းက လာပြန်ပြင်ရပ်ပေးပါတဲ့"

တမင်လာခေါ်ထုတ်တာ သေချာသော်လည်း ဆိုင်
ဝန်ထမ်းတွေရှေ့ မူမပျက်ချင်၍ ရှုသိုးသိုးရပ် လုပ်ထားတဲ့ လုလင်
ကို မသိမသာ မျက်စောင်းထိုးရင်းကပင် ...

"ရတယ်၊ လာရွှေ့ပေးမယ်"

"အခုနော်၊ အခုမလာရင် ကျုပ် ကားရပ်လို့မရဘူး"



www.burmeseclassic.com

www.burmeseclassic.com



လုလင်ကပြောပြီး လာရာလမ်းအတိုင်း ပြန်လှည့်လျှောက်သွားပါသည်။ ညတန်ခူးက ကားသော့ကို ဟန်မပျက်ကောက်ယူပြီး သွားရန်ပြင်လျှင် တူမလေးက ...

"သမီး လိုက်ခဲ့ရမလား"

"ရတယ် ချစ်ချစ်၊ နေပစေ"

ခပ်တည်တည် ထွက်လာခဲ့ကာ ဓာတ်လှေကားဆီကို ရောက်လာလျှင် မသွားနှင့်သေးဘဲ ရပ်စောင့်နေတဲ့ လုလင်နှင့်ဆုံလေသည်။ ညတန်ခူး ရောက်လာမှ ဓာတ်လှေကားကိုနှိပ်ကာ ခေါ်လိုက်တဲ့ လုလင်ကို ညတန်ခူးက မျက်စောင်းထပ်ထိုးလိုက်မိသည်။ ပွင့်လာတဲ့ဓာတ်လှေကားမှ ဝင်ဝင်ချင်းပင် ...

"မင်း ဘာဖြစ်လို့"

တန်ခူးရဲ့ ရန်ထောင်သံ မဆုံးလိုက်ပါ။ သူတို့နှစ်ယောက်တည်းပါတဲ့ ဓာတ်လှေကားထဲမှာ လုလင်က ညတန်ခူးကို မေးနှစ်ဖက်ညှပ်ကိုင်ကာ ပါးပြင်ကလေးတစ်ဖက်ကို ရှတ်ခနဲ အတင်းဖိနမ်းပစ်လိုက်၍ပင်။ တန်ခူးသည် ဆတ်ဆတ်တုန်အောင် အလန့်တကြား ဒေါပွသွားကာ ...

"မင်း ... မင်း ... မင်း ... ဘာ ... ဘာလုပ်တာလဲ"

စကားတွေ ပလုံးပထွေး ဖြစ်ကုန်သည်။

"ကိုယ့်ချစ်သူကို ကိုယ်အရမ်းချစ်လို့ အသည်းယားလို့ ဖက်နမ်းပစ်လိုက်တာပါ၊ ဘာဖြစ်လို့လဲ"





"တောက် ... မင်း ... မင်း၊ ငါ မကြိုက်ဘူး သိလား၊ လက်ရဲဇက်ရဲနဲ့၊ ဒါကြောင့် ..."

ညတန်ခူးက ပြဿနာမကြီးထွားစေချင်တော့သဖြင့် [...]အားကို မဆက်ဘဲ ရပ်ပစ်လိုက်ပါသည်။ မင်းကို အခွင့်အရေး [...]သလို ယူမယ့် ကလေကချေကောင်လို့ လင်းဝင်းထူးက ပြော[...]ဘာပေါ့ဆိုတဲ့ စကားသာ ရှေ့ဆက်ထွက်မိရင် လုလင်ရဲ့ဒေါသကို [...]ဘယ်လိုများ ရင်ဆိုင်ရမယ် မသိပါ။

"ဒါကြောင့် ဘာဖြစ်လဲ"

"ဘာမှမဖြစ်ဘူး၊ မင်းကို တို့မယုံရဲတာလို့ ပြောမလို့"

"ကိုယ့်ချစ်သူ ကိုယ်ဖက်နမ်းတာပဲ၊ မယုံရဲစရာလား"

ညတန်ခူးက ပါးလေးကို ရှက်ရှက်နှင့်ပွတ်[...]ပြီးပွတ်[...]ပါသည်။

"မ, ခုနေ တံခါးပွင့်လာရင် မ,လုပ်နေပုံနဲ့တော့ မ,အနမ်းခံထားရတာ ဝင်လာတဲ့သူ တန်းသိမှာပဲ"

"ဟွန့် ...၊ ကဲ ... ကဲ ... ဘာပြောမှာလဲ ... ပြော"

"ဘာလို့ မစောင့်တာလဲ"

"စောင့်လို့ ရမလား၊ အပေါ်မှာ ကြီးကြီးက စောင့်နေတာ၊ တို့လာမှ သူပြန်မှာ၊ တို့ကြာနေရင် သက်ဘမကင်းနဲ့ ဆင်းလိုက်လာရင် ဘယ်လိုလုပ်မလဲ၊ တွေ့သွားမှာပေါ့၊ ပြီးတော့ ကြီးကြီးက ခုတလော ဟိုကဒီကသတင်းသဲ့သဲ့တွေကြားပြီး တို့ကို စစ်လားဆေးလား ဆူလားပူလား လုပ်နေတာ"



www.burmeseclassic.com

www.burmeseclassic.com

"စစ်ဆေးတော့ မ,အမှန်အတိုင်း ဖြေလိုက်ရုံပေါ့"

"ဘာလဲ"

"ဒေါက်တာလင်းဝင်းထူးက သစ္စာဖောက်သွားလို့ ဘယ်လိုမှ ဆက်မချစ်နိုင်တော့လို့ ဖြတ်ပစ်ပြီး သမီးကိုသိပ်ချစ်မြတ်နိုးတဲ့ ကောင်လေးတစ်ယောက်ကို ထပ်ပြီးရွေးချယ်ထားပါတယ်လို့ပေါ့ မ,ရယ်"

"ပြောတော့ လွယ်တာပေါ့၊ လူကြီးအမြင်မှာ တစ်ယောက်ကနေ တစ်ယောက်ကို အဲလောက်မြန်မြန် ပြောင်းလို့ရမလား၊ တော်ကြာ ဆိုင်တောင်သွားမထိုင်နဲ့တော့ဆိုပြီး အမိန့်ထုတ်ရင် ထုတ်ပစ်မှာ"

"ဒီအမိန့်မျိုး ထုတ်ရအောင် မ,ကဆယ်တန်းကျောင်းသူလေးမို့လို့လား၊ ရည်းစားထားရင် ကျောင်းထုတ်ပစ်မယ်ဆိုတာ အထက်တန်းကျောင်းသူလေးလောက်ကိုပဲ ခြိမ်းခြောက်လို့ ရမှာပေါ့၊ မ,က လူကြီးပဲ"

"လူကြီးပေမယ့်လည်း ကြီးကြီးရဲ့အုပ်ထိန်းမှုအောက်မှာပဲလေ၊ ပြီးတော့ ကြီးကြီးက ဒေါက်တာလင်းဝင်းထူးကို အရမ်းလိုလားတာ၊ ကိုယ်ဖြတ်ချင်တိုင်းတောင် ဖြတ်လို့ရချင်မှရမှာ"

"မ,"

လုလင်က အော်ပစ်လိုက်ကာ ...





"မနေ့ကပြောတော့ မ,ဘဝရှေ့ရေး မ,ဆုံးဖြတ်ချက်နဲ့ မ,ဆို"

"အဲဒါလည်းအဲဒါ ဒါပေမဲ့ လူကြီးတွေ ကြည်ဖြူသဘောတူထားပြီးသား နှစ်ကြောရှည်ဓာတ်လမ်းတစ်ပုဒ်ကို မ,က"

"တော်ပါတော့ မ,၊ တော်ပါတော့ ... မ့လေသံတွေ အရမ်းအက်သံပါပြီး စိမ်းကားနေတယ်၊ ကျွန်တော့်နားထဲမှာ အန္တရာယ်အချက်ပေးခေါင်းလောင်းသံတွေ ဆူညံနေပြီ"

တန်ခူးက ဂရောင်းပါကင်ထဲ ရောက်သွားပြီး တံခါးဖွင့်သွားတဲ့ ဓာတ်လှေကားမှ ထွက်လိုက်ရင်း ဝေးဝေးဆက်မသွားဘဲ လုလင်ကို ရပ်ကြည့်နေလိုက်ရင်းက စိတ်ကိုလျှော့ပြီး သက်ပြင်းတစ်ချက် ချလိုက်ရပါသည်။ နာကျင်ဒဏ်ရာရနေသောမျက်ဝန်းတို့နှင့် ပြန်ကြည့်နေတဲ့ လုလင်ရဲ့ ရုပ်သွင်ကြောင့် တန်ခူး ရှေ့မဆက်ရက်အောင်ပင်။ သူ့အကြည့်ဟာ တန်ခူးရဲ့နှလုံးသားထဲထိ စူးနစ်ဝင်မွှေနေကျ ဆူးလေးပင်။

လုလင်ကို အလွယ်ကလေး ခွာချ ပုတ်ချလိုက်ဖို့ မဖြစ်နိုင်ပါလားလို့ အလန့်တကြား သိလာရသလို ကိုယ့်ကိုယ်ကိုယ် အပြစ်တင်မဆုံးတဲ့ နောင်တတွေလည်း ရင်ထဲမှာ တလိပ်လိပ်နှင့် သိပ်လာပါသည်။ ကလေးလည်း မဟုတ်ဘဲ ဒီအသက်အရွယ်ကြီး ရောက်ပြီးမှ ရှေ့နောက် မဆင်မခြင် မျက်စိတဆုံး မကြည့်ဘဲ တစ်ဇွတ်ထိုး လုပ်ချလိုက်မိတဲ့ ကိုယ့်အပြုအမူကိုကိုယ်စိတ်ပျက်မိတာနှင့်အမျှ လုလင်အတွက် စိတ်မကောင်းဖြစ်ရတဲ့ ခံစားချက်ကလည်း လူကိုဝမ်းနည်းစေသည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ မှန်ပါသည်။ လုလင်ဟာ ရှောင်ဖို့ကြိုးစားခဲ့သေးတာပါ။ သူ့ကို အသုံးမချပါနဲ့လို့ ဖွင့်ဟပြီးတော့ကို တောင်းပန်ခဲ့သူပါ။ အဲဒီလို ရှောင်ဖို့ကြိုးစားတဲ့ လူရွယ်ကလေးကို တန်ခူးက ကိုယ့်အကျိုးကိစ္စအတွက် သက်သက် အသုံးချမိတာ။ ကောင်လေးရဲ့ဝေဒနာကို အရှုံးရင့်အောင် လုပ်ခဲ့မိတာပါ။

ခုတ်လှေကားထဲက လုပ်ရပ်ကြောင့် ရင်ခုန်မပြေနိုင်သေးတဲ့ ညတန်ခူးသည် လုလင်ကိုလည်း မျက်နှာလွှဲထားလိုက်ကာ တိတ်ဆိတ်ပြီး ရပ်နေမိပါသည်။ မဖြစ်ဘူး ... မဖြစ်တော့ဘူးဆိုတာကိုသာ အဆက်မပြတ် အသံတိတ် ရွတ်နေမိသည်။

"တူတူ ... တူတူတူ"

ဖုန်းမြည်သံကြောင့် တန်ခူး လန့်သွားပါသည်။ Phone ringtone ကို တခြားအသိမိတ်ဆွေတွေဆီက လာသံရယ်၊ ဆိုင်က အိမ်ကနှင့် ကြီးကြီးထံကလာတဲ့ အသံရယ်၊ လင်းဝင်းထူး ထံကလာတဲ့ အသံရယ် ဆင်တူမဟုတ်ဘဲ ခွဲခြားထားပါသည်။ အခုတော့ လုလင်ရဲ့ဖုန်းသံကိုလည်း တစ်မျိုးသတ်သတ် ခွဲထားတာပါပဲ။ ကိုယ်မကိုင်လိုက်မိဘဲ သူများတွေ့သွားမှာ စိုးတာကြောင့်ပင်။

အခုမြည်လာတဲ့အသံက လင်းဝင်းထူး ထံက။ ကိုထံကဖုန်းသံ။ ဒီမြည်သံ မြည်မလာတာ ဘယ်လောက်တောင်ကြာနေပြီလဲ။ တန်ခူးရင်တွေက ဒိတ်ဒိတ်တုန်လာပါသည်။

"တူတူ ... တူတူတူ"





"ဖုန်းကိုင်လိုက်ဦးလေ မ,"

"မကိုင်ချင်ဘူး"

လုလင် ရှိနေတာ ဘယ်လိုကိုင်မှာလဲ။ ဒါပေမဲ့ လုလင်က တစ်မျိုးတွေးကာ ...

"စိတ်ကောက်မနေပါနဲ့ မ,ရယ်၊ ကဲ ... ကဲ ... မ,မထူးချင်ရင် ကျွန်တော့်ကိုပေး၊ ကျွန်တော် ကိုင်ပြီး မအားလို့ ခဏနေမှ ပြန်ဆက်ဖို့ ပြောထားလိုက်မယ်"

"ဟင့်အင်း ... နေပစေ၊ လုလင်အသံနဲ့ ထူးတော့လည်း ဘယ်ဖြစ်ပါ့ဦးမလဲ၊ ကိုယ့်ဟာကိုယ်ပဲ ကိုင်မယ်၊ ရတယ်"

ညတန်ခူးက ရင်တုန်တုန်နှင့် ဖုန်းကိုဖွင့်လိုက်ကာ ...

"ဟယ်လို"

"တန်ခူး ... ကိုယ်ပါ"

"ဟုတ်ကဲ့"

"ဆိုင်မှာလား"

"ဟုတ်ကဲ့ ... ဆိုင်မှာပါ"

"ကိုယ် စကားပြောစရာရှိတယ် တန်ခူး၊ ခဏနေ ကိုယ်လာခေါ်မယ်၊ ခဏလိုက်ခဲ့ဖို့ အားတယ်မဟုတ်လား"

လင်းဝင်းထူး အသံက တည်တည်ငြိမ်ငြိမ် ကြည်ကြည်လင်လင်ပင်။

"ဟုတ်ကဲ့ ... ရပါတယ်၊ ခဏနေရင် ကျွန်မဘာသာလာခဲ့ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com

"တန်ခူးကလည်းတွာ၊ ကျွန်မတွေ ဘာတွေနဲ့ ခုထိစိတ်ဆိုးတုန်းလား၊ ကိုယ်တို့ကြားမှာ ပြန်ညှိစရာတွေ အများကြီးရှိတယ်၊ နှစ်ယောက်လုံးမှာ စိတ်လိုက်မာန်ပါတွေများနေတာ၊ တဖြည်းဖြည်း စုပုံလာပြီလေ၊ သေချာပြောစရာတွေ ရှိတယ်"

"ဟုတ်ကဲ့"

"အင်းလေ ... တန်ခူးဘာသာ လာမယ်ဆိုရင်လည်း ပြီးတာပါပဲ၊ ဒါဖြင့် ဟိုဘာဂါဆိုင်ကိုပဲ လာခဲ့လေ တန်ခူး ကိုယ် ဆယ့်တစ်နာရီလောက် ရောက်မယ်"

ဦးလင်းဝင်းထူးတို့ကတော့ သူ့အတွက်သာ ပိုတွေးပြီး တစ်ကိုယ်ကောင်းဆန်တဲ့ ဘဝမှာ ထုံးစံအတိုင်း သူ့ဆေးရုံနဲ့လည်း ပိုနီးတဲ့နေရာဖြစ်တဲ့အပြင် သူက ဟော့ဒေါ့ ဘာဂါ ပီဇာတွေ အသေအလဲ ကြိုက်နှစ်သက်သူမို့ ဒါတွေကို တန်ခူး လုံးဝမကြိုက်ဘူးဆိုတာ အမြဲမေ့နေကျ အစဉ်အလာကို မဖျက်ဘဲ ဘာဂါဆိုင်ကို ချိန်းပြန်သည်။ အဲဒီဆိုင်သွားရတိုင်း တန်ခူးကတော့ ကော်ဖီ၊ မိုခါ၊ မစ်လ်ခ်ရှိတ်တို့ပဲသောက်ပြီး ဘာမုန့်မှမစားနဲ့ ငတ်ပေါ့။ အချိန်က ဇကောစက ဆယ့်တစ်နာရီ။

သူကတော့ ဘာဂါနှစ်ခုလောက်စားပြီး ထမင်းလွတ်ဗိုက်ဖြည့်လိုက်ပြီး ဆေးရုံပြန်သွားလိမ့်မည်။ တန်ခူးကတော့ အရည်လေးတစ်ခုနှင့် မစို့မပို့ဖြစ်ကာ ပြန်လာတော့ ထမင်းလည်း မစားနိုင် ဗိုက်လည်းမပြည့် ဆိုတာမျိုး ဖြစ်နေကျ သံသရာပဲ မဟုတ်လား။





"ဟုတ်ကဲ့ပါ၊ တန်ခူး လာခဲ့ပါ့မယ်"

တန်ခူးက ဖုန်းကိုပိတ်လိုက်သည်နှင့် ...

"ဘယ်သူလဲ မ၊၊ မ,ဘယ်သွားရမှာလဲ"

"မ,စိန်ယူနေကျ အန်တီပါ၊ စိန်ဆိုက်သေး အသန့်လေးတွေမှာထားတာရှိလို့၊ အဲဒါ ရပြီတဲ့"

"မ,တစ်ယောက်တည်း ကျွန်တော်လည်း လိုက်ခဲ့မယ်နော်"

"မလိုက်ခဲ့နဲ့ လုလင်၊ မ, အလုပ်ကိစ္စ အသိုင်းအဝိုင်းနဲ့ ခပ်လှမ်းလှမ်းပဲ နေပေးပါ"

"အဲဒီအသိုင်းအဝိုင်းမှာ ကျွန်တော့်ကို အသိမပေး မိတ်မဆက်နိုင်သေးဘူးပေါ့နော်"

ညတန်ခူးက ဆိတ်ဆိတ်နေ ဝန်ခံတဲ့သဘော ဘာမှပြန်မဖြေဘဲ ငြိမ်နေပါသည်။ လုလင်က ခေါင်းလေးတညိတ်ညိတ်နှင့် မ,ကို နာကျင်ကျင် ကြည့်နေမိပါသည်။ သူ့ဗိမာန်ဘုံကလေးဟာ လပိုင်းကလေးသာ လှပသာယာခဲ့ပါလား။

♥ ♣ ♥


www.burmeseclassic.com

www.burmeseclassic.com



ဖွဲထဲက ကားသော့ယူပြီး ဖွဲ့ရဲ့ပါဘလေကာကားလေးနှင့် ညတန်ခူးနောက်က လိုက်လာတဲ့ လုလင်သည် တန်ခူး ကားရပ်လိုက်တဲ့ ဆိုင်လေးကို လှမ်းမြင်လိုက်ရတဲ့အခါ ရောက်နေတဲ့ ခပ်ကွာကွာနေရာမှာပဲ ရပ်လိုက်ပါသည်။

မ,ဆင်းသွားတာ Snack Bar ဆိုင်ကလေး။ ဒီဘက်ဟာ လုလင်ရဲ့နယ်မြေ မဟုတ်၍ ရောက်နေမကျ။ အမိုးနီချွန်းချွန်းလေးနှင့် ဆိုင်လေးဟာ ချစ်စရာလေးပင်။ ဆိုင်ရှေ့မှာလာရောက်စားသောက်သူကားများ သုံးလေးစီးရပ်ထားပြီး အဲဒီထဲမှာ ပုံတုံးတုံး ဗောက်စ်ဝက်ဂွန်တစ်စီး ပါနေတာမြင်လိုက်သည်နှင့် အသည်းနှစ်ခြမ်း ဖြန်းဖြန်းကွဲသွားသလို ခံစားလိုက်ရပါသည်။

ကားပေါ်က ဆင်းလာတဲ့ညတန်ခူးဟာ ဆိုင်ထဲကို ခလုတ်တိုက်လဲမတတ် အပြေးတစ်ပိုင်း ဝင်သွားတာ မြင်လိုက်ချိန်မှာတော့ သူ့အသည်းရဲ့ကွဲကြောင်းမှ သွေးစိမ်းရှင်ရှင်တို့ ယိုစီးထွက်ကျလာခဲ့ပြီကို ခံစားလိုက်ရပါသည်။





မ, မ, ...။ ရက်စက်လိုက်တဲ့ မ, ...။ မိန်းမဆိုတာတွေဟာ ဒီလိုတွေချည်းပဲလား။ အသက်အရွယ် အရရော ဂုဏ်ဒြပ်အဆင့်အတန်းအရရော တင့်တယ် တည်ကြည်ကျက်သရေရှိလှတဲ့ မ,ကို ဒီလိုနှစ်ဖက်နှစ်ခွ လှည့်ဖြားနေမယ့် မိန်းမစားလို့ ဘယ်သူက ထင်ရက်မှာတဲ့လဲ။

လုလင်ရဲ့မျက်လုံးတွေ ပူထူပြီး နီရဲလာကြပါသည်။ ပြည့်လျှမ်းလာတဲ့ မျက်ရည်ကို မသိမ်းမိပါ။

အစကတည်းက အချစ်ကြီး ချစ်မိမယ်ဆိုတာသိလို့ ဆော့စေ့တောင် မကြည့်ခဲ့တဲ့သူပါ မ,ရယ်။ ပိုင်ရှင်ရှိမှန်းသိသိနဲ့ကို ချစ်မြတ်နိုးနေမိတဲ့ ကိုယ့်နှလုံးသားအကြောင်း ကိုယ်အသိဆုံးမို့ အဝေးဆုံး အစိမ်းဆုံးနေခဲ့တာပါ။ ခင်ဗျားပဲ ဖွတ်အတင်း ကျွန်တော့်ဘဝထဲ ဝင်လာတာ။ ရုန်းထွက်သေးတဲ့ကြားက ခင်ဗျားပြန်တို့ဆွဲတယ်။

ပြီးတော့ ခင်ဗျား ကျွန်တော့်ကိုလိမ်တယ်။ ကျွန်တော့်အချစ်ကို ညာယူရက်တယ်။ ဒီလူကို ခင်ဗျား ပြတ်တယ်ဆို၊ စိတ်နာတယ်ဆို။ လုံးဝမမျှော်လင့်တော့ပါဘူးဆို။ တကယ်တမ်းကျတော့ ခင်ဗျား မချစ်ဘူးဆိုတဲ့သူက ကျွန်တော်ပဲ ဖြစ်နေတာပေါ့။ ဒီလူရဲ့သဝန်တိုမှုကို ရယူဖို့တစ်ခုတည်းသက်သက်နဲ့ ကျွန်တော့်ကို ခင်ဗျား လှည့်စားခဲ့တာပါလား မ,ရယ်။

ကျွန်တော့်ကို ချစ်ချစ်နဲ့ပဲ၊ သနားလည်း သနားရက်နဲ့ပဲ၊ ဟိုလူကိုတော့ သံယောဇဉ်ပိုလို့ ရွေးချယ်လိုက်ပါပြီ ဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



တောင် ဖြေသိမ့်သာပါသေးတယ်။ အခုဟာကတော့ မ,ဟာ ကျွန်တော့်ကို လှည့်စားဖို့ သက်သက်ကလေးပဲ အသုံးပြုခဲ့တာပါ။

ခင်ဗျားတို့ ချစ်သူချင်း အဆင်ပြေဖို့အတွက် မဆီမဆိုင်အားလူတစ်ယောက်ရဲ့ အသည်းနှလုံးကို ချခင်းနင်းချေသွားရက်တာကတော့ အတ္တကြီးလွန်း တစ်ကိုယ်ကောင်းဆန်လွန်းရက်စက်လွန်းရာကျပါတယ် မ,ရယ်။

လုလင်သည် ကားရပ်ထားတဲ့နေရာမှာပဲ မလှုပ်မယှက်ငြိမ်ပြီး စောင့်နေခဲ့ပါသည်။ ပြန်ထွက်လာမယ့် သူတို့နှစ်ယောက်ကို မျက်စိနှင့်တပ်အပ်မြင်ရဖို့ပင်။ ဒေါက်တာလင်းဝင်းထူးရဲ့ကားကို ဗောက်စ်ဝက်ဂွန်ကား အဖြူရောင်လို့ သိထားပေမယ့် နံပါတ်ကို မသိပါ။ အခုဆိုင်ရှေ့မှာ တွေ့နေတဲ့ ဗောက်စ်ဝက်ဂွန် အဖြူဟာ လင်းဝင်းထူးရဲ့ကား မဟုတ်ဘဲ တခြားမဆီမဆိုင် အဝေးကလူတစ်ယောက်ရဲ့ကား ဖြစ်နေပြီး မ,နဲ့ချိန်းထားတဲ့ စိန်ကုန်သည်အန်တီဟာ ဒီကားတွေထဲက တခြားတစ်စီးစီးနဲ့ တကယ်ပဲ အထဲရောက်နေခဲ့တယ်ဆိုရင် ...။

"တစ်"ရာခိုင်နှုန်းပဲရှိရှိ မျှော်လင့်လို့ ရနိုင်သေးသလောက် မျှော်လင့်ချက်ကလေးကိုတော့ ဆွဲကိုင်ဆုပ်ကာ မျှော်လင့်ချင်သေးတာပင်။ ဒီလိုများ ဖြစ်နေမလားလို့ ရင်ထဒိတ်ဒိတ်တုန်နေသေးတာပင်။ ဘယ်အချိန်ထိအောင်တောင်လဲဆိုတော့ မိနစ်ငါးဆယ်နီးပါးကြာချိန်မှာ မ,နှင့် လင်းဝင်းထူး ဆိုင်ထဲက အတူတွဲထွက်လာချိန်ထိ။





ညတန်ခူးရဲ့လက်ဖျားလေးကို လင်းဝင်းထူးလာရင်းကိုင်ထားပါသည်။ ငြိမ်းချမ်းရေးရသွားကြပြီပေါ့နော် မ,။ ပြေလည်ကိုကြပြီပေါ့နော်။ လုလင် ဆိုတဲ့ကောင်အတွက် ဘာမျှော်လင့်ချက်မှ မရှိတော့သဲလို့ မ,နံဘေးမှာ ခြေတစ်ဖဝါး တစ်နေရာတောင်မှ မရှိတော့ဘူးပေါ့နော်။

လုလင်သည် ကားကို မြန်မြန်မောင်းကာ စင်တာကိုကြိုရောက်နှင့်အောင် ပြန်ခဲ့ပါသည်။ ကားပါကင်က ဓာတ်လှေကားအနားမှာ မီးရပ်ကာ မ,အလာကို စောင့်သည်။ ကားပေါ်က ဆင်းလာတဲ့ ညတန်ခူး မျက်နှာက ထွက်သွားတုန်းကနှင့်မတူ ကြည်လင်တောက်ပ ဝင်းလက်နေပါသည်။ လုလင်ကို မြင်လိုက်တဲ့အခါမှာပင် စိတ်အနှောင့်အယှက် ဖြစ်ပုံမရဘဲ ...

"လုလင်"

အနားကိုအပြေးကလေးတောင် လျှောက်လာခဲ့ရင်း...

"ဒီမှာ ဘာလုပ်နေတာလဲ၊ သွားစရာရှိလို့လား"

"မ,ကို ဆင်းစောင့်နေတာပါ"

"သြော် ... ဘယ်အချိန် ပြန်လာမှာမှန်း မသိတာကိုများ လုလင်ရယ်၊ စောင့်နေတာ ကြာပြီလား၊ ဘယ်တုန်းက တည်းကလဲ"

"မကြာသေးပါဘူး၊ တွေ့ခဲ့ပြီလား မ,"

"ဟင် ... ဘာကိုလဲ"

"စိန်ကုန်သည်ကိုလေ မ,ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



တောင် 'သြော် ... အင်း ... တွေ့ခဲ့တယ်".

ကျွန် "အဆင်ပြေလား မ,"

"အင်း ... ပြေပါတယ်၊ စိုန်လေးတွေက မှာတဲ့အတိုင်းပဲ လေ၊ အသန့်စားလေးတွေပဲ၊ ယူမယ်လို့ ပြောလိုက်တယ် လေ၊ လုလင် ဗိုက်ဆာနေပြီလား၊ တစ်ခုခုစားပြီးပြီလား"

"ဟင့်အင်း ... မစားရသေးဘူး"

"ဒါဖြင့်လာ ... မ,နဲ့ မြေအိုးမြီးရှည် သွားစားရအောင်လေ"

မြေအိုးမြီးရှည်ကို မ,ကြိုက်မှန်းသိလို့ သိပ်မကြိုက်ဘဲ လိုက်လိုက်စားရင်းက ကျွန်တော်တောင် ကြိုက်လာပြီဖြစ်တဲ့ အချိန်မှာ မ,ရဲ့ကြင်ယာတော်လောင်းက ခုချိန်ထိ ဘာဂါတွေ ပီဇာတွေ မ,မကြိုက်ဘူးဆိုတာ သတိမပြုသေးဘူးလား။ သူကြိုက်တာပဲစားဖို့ တစ်ကိုယ်ကောင်း ဆန်တုန်းလား။ မ,ကလည်း ခွင့်လွှတ်နိုင်တာပဲလား' မ,ရယ်။

လုလင်က ဘာမှမပြောဘဲ တန်ခူးနောက်က ပါလာပါသည်။

"ဘေးကလာလျှောက်လေ လုလင်"

"ဘေးကနေ အမြဲတမ်းလျှောက်ခွင့် ရှိလို့လား"

"ဘာပဲဖြစ်ဖြစ် နောက်နားကနေ ငုံ့ငုံ့လေး လိုက်လာတာတော့ တို့ ဘယ်စိတ်ကောင်းမလဲ၊ ခုထိ တစ်ခုခုမှာမစားဘဲ မ,ကို စောင့်နေတာလား၊ ဟုတ်လား"

www.burmeseclassic.com



လုလင်က ညတန်ခူးဘေးမှ ယှဉ်ရက်ပါလာရင်း စိတ်မကောင်းခြင်းကြောင့် စကားများများ မပြောနိုင်ပါ။ သူ့ကို ညာနေတဲ့ မ,ကို သူဘာကြောင့် ဒေါသမဖြစ်နိုင် မမုန်းနိုင်ပါလိမ့်။ အင်းလေ ... သူတောင် မ,ကို ဒီလောက်တမြတ်တနိုး ဖြစ်နေတယ်ဆိုရင် ဟိုဆရာဝန်ကြီးဟာလည်း တကယ်ထမ်းကျ မ,ကိုဘယ်ခစ်နိုင် စွန့်နိုင်ပါ့မလဲ။

မ,ဟာလည်းပဲ တကယ်လို့ သူ့ကို သံယောဇဉ်ရှိဦးတော့ ဟိုလူက အလွယ်တကူ ဘယ်စိတ်ပြတ်နိုင်မှာတဲ့လဲ။ သူ့ကို ပြန်ချော့လာတဲ့အခါ ရင့်နိုင်တဲ့ သံယောဇဉ်က တစ်ပတ်ပြန်ငင်ဦးမှာပဲပေါ့။ ဖြစ်ပျက်သမျှတွေဟာ သဘာဝကျကျချည်းပါပဲ။ ဖြစ်တတ်တာတွေချည်းပါပဲ။ ဒါပေမဲ့ မ,ကို မမုန်းနိုင်တဲ့ လုလင်ဟာ အလွယ်ကလေးနဲ့လည်း ခွင့်မလွှတ်နိုင်ပါ။

သူ လုံးဝမကြိုက်ရာက မ,ခဏခဏစားလို့ ရောပြီး ကြိုက်သလိုလိုရှိလာတဲ့ မြေအိုးမြီးရှည်ပွဲကို ချေးမြိန်ပြန်နှင့်စားရင်း သူ ဘာဆက်လုပ်ရမယ်ကို စဉ်းစားမရနိုင်အောင် ဖြစ်နေရပါသည်။

♥ ♣ ♥

www.burmeseclassic.com

www.burmeseclassic.com



## ၁၁

"ဖေဖေက ဟိုမှာ ဈေးကွက်သစ်ရှာမယ့်ကိစ္စ ဖြစ်တဲ့အတွက် တစ်လလောက် ကြာမယ်၊ အမှန်တော့ နှစ်ကုန်လောက်မှ သွားဖို့ပဲ၊ ဒါပေမဲ့ မင်းအဘွားနှလုံးလည်း စက်ထည့်ဖို့ကိစ္စနဲ့ ဆေးကုသထွက်ရမှာဆိုတော့ မထူးဘူး တစ်ချီတည်း တူတူထွက်လိုက်ကြမယ့် သဘောပဲ၊ အဘွားကိစ္စကတော့ ဘယ်လောက်ကြာမယ် သေချာမပြောနိုင်ဘူး ...

ဖေဖေ့စိတ်ထင်တော့ အားလုံးလည်း တစ်လ, တစ်လကျော်လောက်တော့ ကြာနိုင်တယ်၊ အိမ်မှာ အဘွားရော အဖေအမေရော တစ်ပြိုင်နက် ခရီးသွားကြတော့ မင်းပဲ အိမ်ကိုစီမံခန့်ခွဲရမှာနော် လုလင်"

"ရပါတယ် ဖေဖေရာ၊ အေးဆေးပါ"

"အေးဆေးပါ လုပ်မနေနဲ့ လုလင်၊ မင်းပုံစံကြည့်ရတာ ခုတလော ငိုင်တွေငိုင်တွေ မှိုင်တီမှိုင်တိုင်နဲ့၊ မင်း ရီးရော





ရီးရဲ့လှော်း ဟော့ကောင်၊ မဟုတ်တာတွေ ဘာတွေလုပ်နေသေးလဲ"

"ဟား ... ဖေဖေကလည်း"

"ဆေးတို့ ဝါးတို့"

"ကျွန်တော် ဘယ်တုန်းက ဒါတွေလုပ်လို့လဲ ဖေဖေ"

"ဟုတ်ပါတယ် အဖေကြီးရယ်၊ သားက ဒါမျိုးတော့မလုပ်ရှာပါဘူး"

"ဒီမှာ မအေ၊ မင်း အိမ်ထဲပဲနေနေတာ၊ ဘာမှသိတာမဟုတ်ဘူး၊ အပြင်မှာ မင်း့သား မဟုတ်တာတစ်ခုခုဖြစ်နေရင်ကော မင်း သိမှာမို့လား"

"အိလိုတော် ... မသိဘဲနေမလား၊ အနေးနဲ့အမြန်ပါပဲနော်၊ မအေပဲဟာ၊ သိပါတယ် အဖေကြီးရယ်။ အေး ... သိလို့ပြောရဦးမယ် လုလင်၊ မင်း ခုတလောတွဲနေတဲ့ ဟိုအမျိုးသမီးနဲ့ကိစ္စလည်း ရပ်တန်းကရပ်ပစ်"

လုလင်က ခွန်းခက်ရင်းကိုချကာ ထ,ထွက်သွားဖို့ဟန်ပြင်သည်။

"ဟော့ကောင် ပြန်ထိုင်စမ်း၊ မအေကြီး ပြောတာ ဘာလဲ၊ ဘယ်အမျိုးသမီးနဲ့ တွဲနေလဲ"

"မိန်းမကောင်း အဖိုးတန်ပါ အဖေကြီးရယ်၊ စိန်ရွှေရတနာဆိုင် ဖွင့်ထားတာပါ၊ ဒါပေမဲ့ ကြည့်ရတာ ဒီအမျိုးသမီးက သူ့ကို ကစားနေသလားပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုကစားနေတာလဲ၊ ဟော့ကောင် ... ပြောစမ်း"

လုလင်က စိတ်ပျက်လက်ပျက် စူပုပ်ကာ ပါးစပ်ကို ပိတ်နေပါသည်။ ဖေဖေပါ ပါလာတော့ အမြစ်ရှည်ပြီလေ။

"ဟော့ကောင်"

"ချယ်ရီ ပြောပါ့မယ်၊ ဒီမိန်းကလေးက ရေ့တစ်ယောက်နဲ့ ကွဲတုန်း ရှင့်သားကို ခဏတွဲတဲ့ပုံပဲ၊ အရင်လူရှိတယ် ခုတော့ ပြန်ပြေလည်တယ် ဆိုလား"

"ဟာ ... ဟော့ကောင် လူညံ့၊ ဘာလဲ ... မင်းလည်းအပျော် တွဲတာလား"

လုလင်သည် စိတ်ရှုပ်ရှုပ်နှင့် ...

"ကျွန်တော့်ရာဇဝင်မှာ အပျော်တွဲတာ မရှိဘူး ဖေဖေ"

"ဘာကွ ... ဒီတော့ ဟိုကတော့အပျော်၊ မင်းက အတည် ကြီးပေါ့၊ ဒါကြောင့် ခုတလော မင်းပုံစံ ကြည့်ရတာ အေအိုင်ဒီအက်စ် ဖြစ်နေတဲ့ မျောက်ရုပ်ပေါက်နေတာကိုး"

"မင်း အဲဒီမိန်းကလေးနဲ့ မပြတ်သေးဘူးလား လုလင် ဟင် ... သား၊ တွဲနေတုန်းလား"

"တွဲနေတုန်းဆိုရင် ကျွန်တော့်ပုံစံက ပေးငိုင်မှိုင်တွေနေပါ့ မလား မေမေ"

"ဟော့ကောင် ... လူညံ့၊ မင်းက ဘာလဲ အသည်းကွဲနေတာ လား"





"ဩော် ... ဖြည်းဖြည်းပြောပါ အဖေကြီးရယ်၊ အသည်းကွဲ ရင်လည်း ကွဲနေပါစေပေါ့၊ အသည်းကွဲတာ အပြစ်လား၊ ဒီမိန်းကလေးနဲ့ လူချင်းကွဲရင် ပြီးတာပဲ"

"မင်းက အဖိုးတန်လည်း ပြောသေးတယ်၊ ဘာဖြစ်လို့ကွဲ စေချင်တာလဲ"

"သူ့ရဲ့အရင်ရည်းစားက ဟိုတလောက မေမေ့ကိုပြနေတဲ့ သမားတော် ဒေါက်တာလင်းဝင်းထူးလေ"

"ဩော် ... ဟို ... တော်တော် တော်တယ်ဆိုတဲ့ ခပ်ငယ် ငယ် သမားတော်"

"ဟုတ်တယ်၊ ကြည့်ရတာ ဘာနားလည်မှု လွဲကြသလဲ မသိပါဘူး၊ သူတို့ချင်း ခဏကွဲနေတုန်း ဒီမိန်းကလေးက သားကို တွဲတာ၊ အဲဒီကတည်းက ချယ်ရီက သတိပေးတား ခဲ့တာ၊ ရှင့်သားက သဘောကျပုံရတယ်"

"သူများမိန်းကလေးကို ကြိုက်လို့ရမလား"

"ဒါတော့ ဟိုက ဘယ်လိုပြောလဲမှ မသိတာ၊ ရှင့်သားက ရမ်းရမ်းကားကား မဟုတ်ဘူး အဖေကြီး၊ မိန်းကလေးက လည်ပုံရတယ်"

ဒေါ်ချယ်ရီက မျက်နှာမှုန်တေကာ ထိုင်နေသည့် လုလင်ဘက် လှည့်ရင်း ...

"ဒီမှာ သား၊ မင်းအဘွားလည်း နောင်ကို ဒီဆရာဝန်နဲ့ပဲ ဆက်ဆက်ပြနေရမှာ၊ အခုပဲ အရင်သမားတော်က နိုင်ငံ



www.burmeseclassic.com

www.burmeseclassic.com



ခြား အပြီးထွက်တော့မှာဆိုတဲ့သတင်း ရနေပြီ၊ ရှိတော့မှာ မဟုတ်ဘူး၊ ဒီဒေါက်တာလင်းဝှင်းထူးနဲ့ပဲ ဆက်ပြနေရတော့မှာ၊ အခု စက်ထည့်ဖို့ကိစ္စလည်း သူပြောတဲ့အတိုင်း မေမေတို့ လုပ်မှာ ...

မင်းနဲ့ ဟိုမိန်းကလေး တကယ်လက်ထပ်ယူကြမှာ ဖြင့်ရင်တော့ သူနဲ့ ဘယ်လိုပဲဖြစ်ဖြစ်ပါ၊ ကိုယ်နဲ့ကြိုက်ကြလို့ ကိုယ်နဲ့ယူတယ်ဆို ဘာမှအရေးမကြီးဘူး၊ ဟိုမိန်းကလေးကလည်း ကိုယ့်ဘက်ပါတာ မဟုတ်ဘဲနဲ့ သက်သက်မဲ့တော့ ဒီဆရာဝန်နဲ့ မျက်နှာကြောမတည့်အောင် ပြဿနာ မရှာပါနဲ့ သားရယ်"

"ဩော် ... မင်းက ခုတလော ဒီအချစ်ရေးပြဿနာဖြစ်နေတာလား"

"........."

"မဖြစ်ဘူး၊ အချစ်ကိစ္စနဲ့ စိတ်လေတာမျိုးလည်း ငါမကြိုက်ဘူး၊ ခုတော့ သွားကာနီး လာကာနီး အချိန်သိပ်မရတော့ဘူး၊ ဖေဖေ ပြန်လာရင်တော့ မင်းအိမ်ထောင်ရေးကိစ္စကို နည်းနည်း ဦးစားပေး စီစဉ်ဦးမှပဲ"

"ဟာ ... ဖေဖေကလည်းဗျာ၊ မလုပ်ပါနဲ့ဗျာ"

"ဟော့ကောင် ... မင်းက မင်းပျိုသား ဖြစ်နေပြီး မင်းကိုကြိုက်မယ့်မိန်းမ ရှားလို့လား၊ မင်းရော ကြိုက်စရာရှားသလား၊ သူများနဲ့ကြိုက်နေတဲ့ မိန်းမကို၊ ဒီမိန်းကလေးက





လေ့နှစ်ဖက်နင်းနေတဲ့ သဘောပေါ့ ... ဟုတ်လား၊ မလိုချင်ဘူး၊ ယောကျ်ားဖြစ်ပြီး မိန်းမက ခွနင်းခံရတဲ့ လှေနှစ်ဖက်ထဲက တစ်ဖက်ဖြစ်ရတာ တော်တော်အောက်တယ်ကွာ၊ မင်း အခု ဒီကိစ္စ ရပ်တန်း ရပ်မလား မရပ်ဘူးလား"

"အခု ရပ်နေတာပါ ဖေဖေ"

"မင်း ဖြတ်လိုက်တာလား"

"ကျွန်တော် မဖြတ်ပါဘူး၊ မ,ခရီးထွက်သွားတာပါ"

"ဘယ်ထွက်သွားတာလဲ"

"နှစ်နိုင်ငံ သုံးနိုင်ငံ ဆက်မှာ၊ ကျောက်မျက်ရတနာထရိတ်ဖဲတွေ ရှိလို့ ခရီးထွက်သွားတာပါ"

"ကောင်းတယ်၊ ပြန်လာလည်း ပြန်ဆက်သွယ်မနေနဲ့တော့၊ ခွဲနေလက်စနဲ့ ခွဲနေပေါ့ သားလေးရယ်၊ အခုရော သားနဲ့ သူ အဆက်အသွယ်ရလား"

မေမေ့ကို လှလင် ခေါင်းယမ်းပြလိုက်ပါသည်။

"ဖုန်းရော"

"မ,ကဆက်မှ ရမှာလေ၊ မဆက်ဘူး"

"ဟော့ကောင် ... မင်း ဖြစ်ပျက်မနေနဲ့၊ ရှက်စရာကောင်းတယ်၊ တောက် ... တစ်ဖက်မှာ သူတို့က ပျော်မြူးပြီး အချိန်တန်တော့ ယူသွားကြမှာ၊ ဒီဘက်မှာ ကိုယ်ကလွမ်းနေရမယ်ဆိုရင် ဘယ်လောက်နစ်နာထားလဲ"



www.burmeseclassic.com

www.burmeseclassic.com

ဖေဖေ ဘာပဲပြောပြောပါ။ လက်တွေ့မှာ လုလင်ဟာ ရှုံးမလိုကို ဖြစ်ချင်နေတာပါ။ မ,ခရီးထွက်သွားတာ သုံးရက်ရှိပြီ။ Trade fair ရှိလို့ နိုင်ငံခြားသွားရမယ်ဆိုတာသာ အကြမ်းဖျဉ်းသိခွင့်ရပြီး နောက်တစ်ပတ်လောက်မှ သွားရမယ်ထင်ရာက သွားမယ့်မနက်ကမှ လေဆိပ်ကနေ "သွားပြီ"လို့ လှမ်းနှုတ်ဆက်ခဲ့တာပါ။

ကြိုမပြောတာဟာ သူ့ကို လေဆိပ်မပို့စေချင်လို့ ဖြစ်မှာ သူ သိပါသည်။ မ,ကို ဖုန်းဆက်ဖို့သာ တတ,တမှာကြားလိုက်ရကာ သူ ဘာမှမတတ်နိုင်။ အခုရက်တွေ,ဆိုင်မှာ ကြီးကြီးပဲ စစ်[illegible]ကုန်ထိုင်နေတာ မြင်ရပြီး အဲဒီကြီးကြီးက ဆိုင်ခန်းရှေ့က လုလင် ဖြတ်လျှောက်လျှင် မျက်မှန်ကြီးနှင့် လှမ်းကြည့်တဲ့ မျက်ဝန်းတွေက လုလင်ကို သိပ်ုရပါသည်။

"မဆက်လေ ကောင်းလေ၊ သူလည်း ဒီတိုင်းဆို ကြာမယ့်ပုံလို့ တာရာ ပြောတယ်၊ တစ်လက်စတည်း မေ့လိုက်တော့နော် သား"

မေ့ဖို့က ဒီလောက်လွယ်လား မေမေရယ် ...။

"စိတ်အပြောင်းအလဲဖြစ်အောင် မေမေတို့နဲ့ စင်ကာပူခဏလိုက်ခဲ့ပါလား သား၊ ခဏတစ်ဖြုတ် တစ်ပတ်လောက်နေပြီး ပြင်ရင်ပြန်ပေါ့၊ ဟိုမှာလည်း ဖေဖေက ဟိုတယ်တည်းမှာ မဟုတ်ဘူး၊ အိမ်တစ်လငှားထားတာ၊ ဘာမှပိုမကုန်ဘူး၊ သားလည်း စင်ကာပူ မရောက်ဖူးသေးဘူး၊ ဆိုင်ကို တာရာတို့နဲ့ ထားခဲ့လည်း ရတာပဲ"





"မလိုက်ချင်ပါဘူး မေမေ၊ ဒီမှာပဲနေမယ်"

"ယော့ကျော်ရဲ့ ... မင်း ဆွေးမြည့်ပြီး အိမ်ကိုပါ မစောင့်မရှောက်ပဲတော့ မနေနဲ့၊ ငါကုမ္ပဏီရုံးကိစ္စ ကိုမြတ်ဦးရှိတယ် ဘာမှမပူရဘူး၊ မင်းကိုပဲ ပူရတယ်"

"ကျွန်တော်လည်း ဘာမှမှ ပူစရာမရှိတဲ့ဟာ ဖေဖေကလည်း"

"အိမ်ကပ်ဦး"

"ဟုတ်ကဲ့ပါ"

"တာရာကို မေမေ တစ်လလုံး လာနေခိုင်းထားတယ်၊ သားပါ အိမ်ကြီးပေါ် ပြန်တက်နေနော်၊ အိမ်စောစောပြန်၊ မဟုတ်က ဟုတ်ကတွေ ဘာမှမလုပ်နဲ့၊ ဆေးဝါးတွေ မင်းက မလုပ်တတ်ဘူးဆိုတာ မေမေ သိပေမယ့် အရက်တွေ ဘီယာတွေလည်း စွတ်သောက်မနေနဲ့ ကြားလား သား၊ အင်း ... မင်းက ခုတလော အားမရစရာမှုံ ဖြစ်နေတာ မြင်ရတာနဲ့တော့ စိတ်ထင့်လိုက်တာ ငါ့သားရယ်"

"ဘာမှစိတ်မထင့်ပါနဲ့ မေမေ၊ ကောင်းကောင်းပဲနေမှာပါ၊ မ,လည်း ရှိမှမရှိတာ၊ ဘာမှလုပ်လို့လဲ မရပါဘူး၊ စဲင်တာက စတူဒီယိုတောင် ပိတ်ချင်ပိတ်ထားမှာ၊ ကိုယ့်ဟာကိုယ် အိမ်ထဲပဲ အောင်းနေမှာ"

လုလင်က စိတ်ပျက်လက်ပျက် ညည်းညည်းညူညူ ပြောမိပါသည်။ မ,မှ မရှိတာ။ မေမေတို့ တားမြစ်တာတွေဘာယ်


www.burmeseclassic.com

www.burmeseclassic.com



လိုလုပ်လို့ရမှာလဲ။ မ,ရှိနေမှသာ မေမေတို့ စိတ်ထင့်ဖို့ လိုကောင်းလိုအပ်မည်။ ခုအတိုင်းကတော့ လုလင်ကို ပူချင်လျှင် ကျန်းမာရေးကိုပဲ ပူကြပါလို့တောင် ပြောရမလိုပင်။

ညညအိပ်မပျော်တာ၊ ထမင်းကောင်းကောင်းမစားဖြစ်ဘဲ အချိုရည်လေး သစ်သီးလေးလောက်သာ အနည်းအကျဉ်းစားသောက်နေမိတဲ့ လုလင်မှာ အဟာရတောင် မပြည့်ဝသလိုဖြစ်ကာ မူးတူးတူး နောက်တောက်တောက် ဖြစ်နေတာပါ။ ထမင်းကို မစားချင်တာ။ တစ်ခါတစ်ရံတော့ မ,ကြိုက်တဲ့ မြေအိုးမြီးရှည်လွှေးကို အလွမ်းပြေသဘောနဲ့ သွားမှာစားမိပါရဲ့။

"မေမေ နေ့တိုင်း ဖုန်းဆက်မှာနော် သား"

"မေမေရယ် ... ဘွားဘွားအတွက်ပဲ ပူပါ၊ ကျွန်တော့်ကိုခေါင်းထဲက ထုတ်ထားလိုက်စမ်းပါ မေမေရာ"

"မင်းကို မျက်စိအောက်က တစ်လပျောက်ပြီး နေရမှာလုလင်ရဲ့။ ပူတယ်"

♥ ♣ ♥





ဟိုတယ်ထဲက ထွက်လာသည့် ညတန်ခူးနှင့် လင်းဝင်းထူးတို့ စုံတွဲမှာ မျက်နှာတွေ အသီးသီး မှုန်တေနေပါသည်။ သင်းဝင်းထူးက နာရီကြည့်ရင်း ...

"နာရီဝက်တောင် နောက်ကျသွားပြီ ... ကျွတ်၊ ဆေးရုံမှာဒီနေ့ စာသင်ချိန်ရှိတာ တန်းဝင်ရတော့မယ်၊ ဗိုက်ကကောင်းကောင်းမဖြည့်ရသေးဘူး၊ ကျွတ်"

"ကို ... ရှင်ပဲ ညည်းတတ်တာလား၊ ဟုတ်လား၊ ရှင်သဘောကျတဲ့ ဟိုတယ်မဟုတ်လို့ ဟိုတယ်ကိုလည်းအပြစ်ရှာမရတော့ တခြားဘက်လှည့်ပြီး ပြစ်တင်ဝေဖန်နေတာမဟုတ်လား။ ကို,ဟာလေ တဖြည်းဖြည်းနဲ့ကို အတ္တကြီးလာတယ်၊ ဟိုတယ်တောင် သတို့သမီးစိတ်ကြိုက် ရွေးခွင့်မရနိုင်အောင်ပဲ"

" '.....'ဟိုတယ်မှာက ကိုယ်တို့ဆေးပညာဟောပြောပွဲတွေ ခဏ ခဏ လုပ်ဖူးတော့ မန်နေဂျာနဲ့ ရင်းနှီးနေတာ



www.burmeseclassic.com

www.burmeseclassic.com



ဒစ်စ်ကောင့်ထ်တောင်ရမှာ၊ ရရ မရရပါ၊ ဆဲမ်မနာတွေ တော့လုပ်ပြီး ဝက်ဒင်ကျတော့ သူတို့ဟိုတယ်ကို ချိုက်စ် မလုပ်တာ အားနာစရာကြီး"

"ဘာအားနာစရာရှိလဲ၊ သတို့သမီးစိတ်ကြိုက် ရွေးလိုက် တယ်လို့ ပြောလိုက်ပေါ့"

"မင်းကိုက ငါလုပ်သမျှ စိတ်တိုင်းမကျ အပြစ်မြင်လာတာ တန်ခူး၊ မင်းမှာ သူသာဆိုရင်ဆိုတဲ့ နှိုင်းယှဉ်ကြည့်မှုတွေ ပေါ်လာတာ"

"အဲဒါ လုံးဝမဟုတ်ဘူး၊ အဲ့သလို မစွပ်စွဲပါနဲ့ ကို၊ ဒီလို နှိုင်းယှဉ်နေတာက ကိုပါ၊ ဟိုကတော့ ရှင့်တပည့်ကိုး၊ ရှင် တစ်ခွန်းပြော ခေါင်းတစ်ချက်ညိတ်မှာပဲ၊ တန်ခူးက ကို့ တပည့် မဟုတ်ဘူးလေ၊ တန်ခူးရဲ့ဆန္ဒသဘောထားဆိုတာ ရှိသေးတယ်"

ကားပေါ်ထား [illegible] ဆိုင်းဘက်က ကားတံခါး ကိုယ်စီကို ဆောင့်ပိတ်လိုက်သံတွေက တဒုန်းဒုန်း မြည်ဟည်း နေပါသည်။

တန်ခူးက ကားကိုမောင်းထွက်ရင်း ...

"ဝတ်စုံကအစ မိန်းကလေးစိတ်ကြိုက် မဖြစ်ရတာ အံ့သြဖို့ တောင် ကောင်းတယ်၊ တန်ခူးက ခဲအဖျော့ မီးခိုးဖျော့ဝတ် ချင်တယ် ကိုက မဝတ်ဘူး"





"မင်းကိုက ထွင်လွန်းတာ၊ မီးခိုးတွေ ခဲတွေက မင်္ဂလာ ရောင်မှ မဟုတ်တာဘဲ၊ ယောကျ်ားကိုယ်ပေါ်ကျတော့ အပေါ် ဖြူဖပ်ဖပ်၊ အောက်ဖြူဖျော့ဖျော့နဲ့ ဘိုးသူတော်နဲ့တူနေမှာ ပေါ့ကွ၊ ပေါက်ပေါက်ရှာရှာ အရောင်တွေ မထွင်စမ်းပါနဲ့၊ ဝတ်ပေါ့ မင်္ဂလာရောင်၊ အဝါတို့ ပန်းရောင်တို့"

"ထွင်တော့ ဘာဖြစ်လဲ၊ ကို့အလိုလိုက်လိုက်လို့ တန်ခူး စိတ်ချမ်းသာသွားမှာကို ဘာဖြစ်လို့ မကြည်ဖြူနိုင်ရတာလဲ၊ အဝါနဲ့ ပန်းရောင်ဆိုတာ ဖန်တရာတေပြီး ရိုးတုံးနေလှပြီ"

"ရိုးလို့ဆိုပြီး ဘယ်သူမှ မကဲ့ရဲ့ပါဘူးကွာ၊ အစဉ်အလာ အတိုင်းဝတ်တာ ဘာဖြစ်လဲ"

"ကဲ ... ဒီတော့ ... ဝတ်စုံလည်း ကို့စိတ်ကြိုက်၊ ဟိုတယ် လည်း ကို့စိတ်ကြိုက်ပဲလား"

"မင်းက လောဘကြီးလွန်းတယ်"

"ဟာ ... ဟား ဟား ... ရယ်တောင် ရယ်ချင်ပါသေးတယ် ကိုလင်းဝင်းထူးရယ်၊ လောဘ ဒေါသ မောဟ အတ္တ အား လုံးကြီးနေတဲ့ ရှင်လိုလူကပြောတော့ မနာတော့ဘဲ ရယ်ပဲ ရယ်ချင်ပြီ"

"ရယ်ချင်လည်း ရယ်ပေါ့ကွာ၊ ဘယ်သူက ငိုခိုင်းနေလို့လဲ၊ မင်းက ငါ့ အင်္ဂလန်ရောက်နေတဲ့ သုံးနှစ်အတွင်း ပြောင်းလဲ သွားတာ၊ ကွန်ပလိန်တွေ များလာတာ၊ ထူထောင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ လုပ်ငန်းက စိန်တိုက်ဆိုရှတော့ ကိုယ့်ကိုယ်ကိုယ်အဟုတ်ကြီးထင်တဲ့ရောဂါစွဲကပ်သွားပြီ"

"ဟာ ... ရှင် ဘာလို့ ကိုယ့်အကြောင်းကို သူများအကြောင်းလုပ်ပြောနေရတာလဲ၊ ရှင်ကမှ အင်္ဂလန်က ပြန်လာပြီး အောက်ခြေလွတ်သွားတာ၊ ဘေးကနေ ဟိုဟာမလို ဖောင်းတော်ညိတ် စိတ်တော်သိ မှန်ပါ့ဘုရား လုပ်တဲ့ တပည့်တွေက ငမ်းငမ်းတက် ဝန်းရံနေတော့ ရှင်ပြောသမျှ ခေါင်းညိတ်လက်ခံမှုကို ရှင်က ကြိုက်တော့တာ၊ ရှင့်တစ်သဘောတည်းနဲ့တော့ နှစ်ယောက်ဘဝ ထူထောင်လို့မဖြစ်ဘူး ကိုလင်းဝင်းထူး"

"မင်းတစ်သဘောနဲ့လည်း မဖြစ်ဘူးပေါ့"

"အခု တန်ခူးရဲ့သဘော ဘာဖြစ်ရသေးလို့လဲ၊ ကဲ ... ပြော၊ အခု ဘယ်ဟိုတယ်ကို ရွေးတာလဲ"

"ကျွတ် ... သဘောပေါက်အောင် ပြောပြလည်း လက်သင့်မခံဘူး"

ညတန်ခူးသည် စိတ်ပျက်လက်ပျက်နှင့် ကားလီဗာကိုသာ ဖိနင်းအရှိန်မြှင့်ကာ မောင်းနေလိုက်တော့သည်။ အမြန်ဆုံးလက်ထပ်ဖြစ်ဖို့ နှစ်ဦးသဘောတူလိုက်ပြီးတဲ့နောက် နှစ်ယောက်အတူ သွားလာစီစဉ်နေသမျှ တစ်ရက်မှစိတ်မချမ်းသာရ။ တောက်လျှောက် ငြင်းခုန်နေရသည်။ သေချာတာကတော့ ကိုဟာ





တန်ခူးရဲ့စိတ်ကြိုက်ကို ဦးစားပေး လိုက်လျောမည့်သူ မဟုတ်တာ ဝင်။

သူ့ဟာသူ ဒီလိုဖြစ်သင့်သည်လို့ ဆုံးဖြတ်ပြီးရင် ဒါမှဒါ အပြီးဆုပ်ကိုင်ထားတော့သည်။ တန်ခူးရဲ့သဘောဆိုတဲ့ လုံးလုံးလျားလျား လိုက်လျောမှုမျိုးကို မရတာပါ။ ရှေ့တစ်ဘဝလုံးကို သူ့စိတ်သူ့သဘောနဲ့သာ ညှိပြီးနေသွားရတော့မည့်သဘောဝင်။

"တချို့ကိစ္စတွေ တန်ခူးဘာသာ တစ်ယောက်တည်း စီစဉ်လိုက်တော့လို့များ လွဲလိုက်ဖို့ အစီအစဉ်မရှိဘူးလား ကို၊ အခုက ကို့ကို မခေါ်မဖြစ်ခေါ်ပြီး တူတူညှိလုပ်နေရတာ ခရီးမတွင်ဘူး၊ ခုဆိုရင်ပဲ ကို ဆေးရုံပြန်ဝင်ရမယ်၊ အချိန်လုနေရတယ်၊ တချို့ပရိဘောဂလေးတို့ ဘာတို့တွေ လောက်တော့ ဝင်မပါဘဲ လွှတ်ထားလိုက်ပါတော့လား၊ တန်ခူး ဘာသာ ရွေးချယ်ဝယ်တတ်ပါတယ်၊ မစီစဉ်တတ်တဲ့သူလည်း မဟုတ်ပါဘူး"

"အေး ... ခက်တာက မင်းနဲ့ ကိုယ်နဲ့ အကြိုက်ချင်းမတူတာပဲ၊ မင်းကြိုက်တာ ရွေးဝယ်လိုက်လို့ကတော့ ကိုယ်မကြိုက်မှာ အသေအချာပဲ"

"ဒါဖြင့် ကို့အကြိုက်ကိုပဲ ဝယ်ရမှာလား၊ တန်ခူးကမကြိုက်ဘဲ ကြိတ်မှိတ်လက်ခံပေါ့"



www.burmeseclassic.com

www.burmeseclassic.com

"ကျွတ် ... အစက မင်း ကိုယ့်ကို ဒီလောက်ကို မဆန့်ကျင်ခဲ့ဘူး၊ အခု မင်း ဘာဖြစ်လို့ ခုတိုက်ဆန့်ကျင်နေလဲ ကိုယ့်ကိုယ်ကိုယ် သတိပြုမိရဲ့လား"

"အစက မဆန့်ကျင်တာက အခုလို နမူးတွေ့ ဒူးတွေ့ ဆောင်ရွက်ရတဲ့ ကိစ္စမျိုးတွေမှ မလုပ်ရသေးတာ။ ရှင့်ဆန္ဒနဲ့ တန်ခူးဆန္ဒ ဒီလောက် ဆန့်ကျင်ဖက်မှန်း ဘယ့်သိမလဲ၊ ရှင်လည်း မသိဘူး၊ ကျွန်မလည်း မသိဘူး၊ ရည်းစားဘဝက သက်တမ်းသာ ပြောတော့ ခြောက်နှစ်၊ သုံးနှစ်က ရှင်က အင်္ဂလန်မှာ ...

ရှေ့နှစ်နှစ်ကလည်း ရှင့်မှာ စာကျက်ရတာနဲ့ ဘာနဲ့ တွေ့တယ် ဆုံတယ် ဆိုတာက မုန့်အတူထွက်စားတာ၊ ဆိုင်တူတူထိုင်တာအပြင် ဘာရှိခဲ့လို့လဲ ...

အခု အင်္ဂလန်က ပြန်ရောက်တဲ့ တစ်နှစ်အတွင်းကျမှ နည်းနည်းပိုတရင်းတနှီး ဆက်ဆံဖြစ်တာ၊ အဲဒီတော့ ကွဲလွဲချက်တွေ မြင်လာတာပေါ့၊ ခုမှ တမင်ဆန့်ကျင်လာတာ မဟုတ်ဘဲ ခုမှ နှစ်ဦးနှစ်ဖက် မြင်သာရိပ်မိလာတာကို ကွဲကွဲပြားပြား သဘောပေါက်ပါ ကို၊ အရင်က မငြင်းခဲ့ မဆန့်ကျင်ခဲ့တာတွေ အားလုံးဟာတောင်မှ တန်ခူးအကြိုက်နဲ့ ညီလို့မဟုတ်ဘူး၊ ရှင့်ကိုချစ်လို့ ငြင်းခုန်မနေတော့ဘဲ ဘာမှမပြောဘဲ နေလိုက်တာတွေ များပါတယ် ...





ဥပမာ ... ဘာဂါတွေ ပီဇာတွေ ဟော့ဒေါ့တွေ၊ ကိတ်တွေ တန်ခူး လုံးဝမကြိုက်တာကို သိပေမယ့် တစ်နေရာသွားစားတိုင်း ဒီဆိုင်မျိုးတွေကိုပဲ ကို့ရွေးတာ များတယ်၊ ကို့ကြိုက်တာကိုး၊ အဲဒါကို တန်ခူးက ရှမ်းဆိုင်သွားမယ်၊ တရုတ်ဆိုင်သွားမယ်နဲ့ မငြင်းနေတော့တာ၊ တကယ်ဆို တန်ခူးကို တစ်ဖက်သတ် အလိုမလိုက်ချင်ရင်တောင်မှ သူ့အကြိုက် ကိုယ့်အကြိုက် တစ်လှည့်စီ ရွေးသင့်တာ မဟုတ်လား ...

ဒါပေမဲ့ ရှင့်အသိစိတ်နဲ့ရှင် တန်ခူး ကြိုက်တာလေး ဒီတစ်ခါ သွားစားမယ်လို့ စိတ်ကူးမပေးဘဲ ဘာမှမပြောတဲ့ သူကို အခွင့်ကောင်းယူပြီး ရှင့်စိတ်ကြိုက်ချည်း ရွေးနေတော့ ခုနောက်ပိုင်း ပြောလာရတာပေါ့၊ ဒီလိုမှ မပြောရင် မငြင်းရင် ဖြစ်မှ မဖြစ်တော့တာ၊ ရှင့်မှာ မျှတတဲ့စိတ်မှ မရှိတာ"

"ကျွတ် ... ဘာမဟုတ်တဲ့ အစားအသောက်ကိစ္စကို ဆွဲထည့်လာပြန်ပြီ၊ မင်း တမင်ကို ပြဿနာရှာနေတာပဲကွာ"

"ဘာမှမဟုတ်ရင် နောင်ကို ရှမ်းဆိုင်၊ ယိုးဒယားဆိုင်၊ တရုတ်ဆိုင်တွေပဲ ရှင်သွားပေါ့၊ ဘိုစာတွေ ဂျပန်စာတွေဆီ မသွားနဲ့ပေါ့"

"ကျွတ် ... အရေးမပါတာ"



www.burmeseclassic.com

www.burmeseclassic.com



ညတန်ခူးသည် ဒေါသတွေဖြစ်နေကာ လင်းဝင်းထူး မျက်နှာကို လှည့်တောင်မကြည့်ချင်ပါ။ အသေးတလေးကအစ အယူအဆ အကြိုက်မတူ။ အကြိုက်မတူတာ သဘာဝကျပေမယ့် မတူတဲ့ထဲက တစ်ယောက်အကြိုက်ကိုချည်း လိုက်ရမယ်ဆိုရင် ဘယ်ဖြစ်နိုင်ပါ့မလဲ။ သူကတစ်ပြန်တစ်စီး တန်ခူးကို စွပ်စွဲလိုက်သေးသည်။ သူ့ကိုငြင်းဆန်ဆန့်ကျင်လာသတဲ့။ အရင်က မဆန့်ကျင်ဘဲ အောင့်အည်းသည်းခံခဲ့တာကမှ တန်ခူးလုပ်သင့်တဲ့ အပြုအမူမှန်လား။

သူကမှ ပြောင်းလဲခဲ့တာ။ အရင်ကဆိုရင် လင်းဝင်းထူးဟာ လမ်းလျှောက်ပုံကအစ ပျပ်ပျပ်ဝပ်ဝပ် လူကြီးတွေရှေ့ ရိုရိုကျိုးကျိုးရှိသူတစ်ယောက်ပါ။ ခုတော့ လမ်းလျှောက်ပုံကရင်ကော့ ခေါင်းမော့၍ ရှူးဖိနပ်ခွာသံ တခွပ်ခွပ်စည်းချက်ညီနှင့်။ အင်္ကလန်မှာ တောက်လျှောက် ဘောင်းဘီဝတ်ခဲ့ရတာမို့ ခုဆို သူ့ကို ပုဆိုးနှင့် မြင်ရတဲ့လမ်း ခပ်ရှားရှားပင်။ ဘောင်းဘီမချွတ်စတမ်း ကြော့မော့နေပြီမို့ ရိုကျိုးတဲ့အမူအရာထက် မော်ကြွားထောင်လွှားတဲ့ အမူအရာကိုပဲ ပိုတွေ့နေရတော့တာ။

သူ့ဟာသူ ဆရာဝန်ဆိုပေမယ့် တန်ခူးကိုတော့ သည်းသည်းလှုပ် ဖူးဖူးမှုတ် အရေးတာယူ ချစ်ခွင့်ပန်ခဲ့ရတာပါ။ ခုမှ သူက ခေါင်းပေါ်တင်ထားမယ့်ယောကျ်ားထဲ သူ မပါဘူးဆိုပဲ။ ခေါင်းပေါ်လည်း ဘယ်သူကမှ မနေချင်ပါ။ ချစ်မြတ်နိုးမှု





ကြောင့် အလိုလိုက်ခြင်းတွေကိုပဲ လိုချင်တာပါ။ ချစ်လို့အလျှော့ပေးမှာကို လိုချင်တာပါ။

ခုနေခါမှာတော့ ကို,ဟာ သူ့နံဘေးမှာ ပတ်လည်ဝိုင်းကာ သူ့ဆန္ဒ သူ့သဘောကိုသာ လိုက်လျောဖို့ အသင့်ရှိသူတို့နှင့် ဆက်ဆံတွေ့ထိရပါများတော့ ဒီအပေါ် သာယာမက်မောနေပြီ။ သူ့ကို ခေါင်းညိတ်ပြီး စောဒကမတက်မယ့်သူမျိုးကိုသာ အလိုရှိတော့သူပင်။

♥ ♣ ♥



www.burmeseclassic.com

www.burmeseclassic.com



## ၁၂

လုလင်သည် ကိုယ့်မျက်လုံးကို ကိုယ်မယုံနိုင်လောက်အောင် ဖြစ်ရပြီးတဲ့နောက် ခန္ဓာကိုယ်တစ်ခုလုံးမှာရှိတဲ့ သွေးတွေ ဆူပွက်လာပါသည်။ တစ်ကိုယ်လုံး ပူထူစပ်ဖျဉ်းပြီး နီရဲလာတယ် ထင်မိသည်။ အဲယားကွန်းဖွင့်ထားတဲ့ကားထဲ ချွေးစေးတွေပြိုက်ခနဲ စိမ့်ထွက်ပျံ့လာခဲ့ပြီး ကားဒက်ရှ်ဘုတ်ကို လက်သီးနှင့် ပြင်းပြင်းတစ်ချက် ထိုးလိုက်မိပါသည်။

"တောက်"

တောက်ခေါက်သံကလည်း အကျယ်ကြီး။ ဒီလိုတော့ လုံးဝထင်မထားမိပါ။ မ,ရက်စက်လိုက်တာလို့ တွေးမိတာဟာ သူ့ကို ဖုန်းလေးတောင် ဆက်သွယ်ဖော်မရလို့ပင်။ ခုတော့ မ,ရဲ့ ရက်စက်ချက်က ကမ်းကုန်သည်။ နိုင်ငံခြားသွားတယ် လိမ်ပြောပြီး သူ့ကိုရှောင်ပုန်းနေတာလို့ နည်းနည်းလေးတောင် မတွေးမိအောင် မ,အပေါ် လုလင်က ယုံကြည်ခဲ့တာပါ။





သူ့မျက်စိရှေ့မှာ ဟိုတယ်ထဲကထွက်၊ မ,ရဲ့ကားပေါ် နှစ်ယောက်အတူတက်၊ ကားမောင်းထွက်။ လုလင်က သူငယ်ချင်းသစ်ဦးရဲ့စေ့စပ်ပွဲ အခမ်းအနားကို ဓာတ်ပုံလာရိုက်ပေးတာပါ။ ညှိ့ပရိသတ် ဆုံးဆယ်မပြည့်တဲ့ ပွဲငယ်ကလေးမို့ နေလင်းတစ်ယောက်ပဲ ခေါ်လာခဲ့ပါသည်။ ကင်မရာတွေ ပစ္စည်းတွေကို နေလင်းက ကားနောက်ခန်းထဲ နေရာချထည့်သိုနေစဉ် မ,နဲ့လုင်းဝင်းထူး ထွက်လာတာကို မြင်လိုက်တာပင်။

လုလင်ကို လုံးဝဂရုမမူမိကြဘဲ သူတို့နှစ်ယောက် ကားပေါ်တက်သွားတာကို ပါးစပ်အဟောင်းသား ရင်အကွဲသားနှင့် လိုက်ကြည့်နေမိပြီးနောက် ...

"ဟေ့ကောင် နေလင်း၊ မင်း ဒီကနေ မင်းအစီအစဉ်နဲ့မင်းပြန်လိုက်တော့"

"ဗျာ ... ဟုတ်ကဲ့"

"ဆိုင်မှာပဲ ပြန်စောင့်နေ"

"ဟုတ်ကဲ့ ... ကိုလု"

နေလင်းကို ဟိုတယ်ဝင်းအတွင်း ဒီတိုင်းထားရစ်ခဲ့ပြီး ညတန်ခူးတို့ကားနောက်မှ လိုက်လာခဲ့ပါသည်။ ညတန်ခူးရဲ့ကားဟာ သူသိထားတဲ့ ညတန်ခူး ,စီးနေကျကား မဟုတ်ပါ။ နောက်တစ်စီး။ ညတန်ခူးနှင့် ဒေါက်တာလင်းဝင်းထူးကို ဟိုတယ်ထဲက တွဲထွက်လာတာ မြင်လိုက်ရတဲ့အတွက် လုလင် ရင်ထဲ၌လောင်ဆူပွက်ကာ ဖြစ်နိုင်ချေအမျိုးမျိုးကိုလည်း ကားမောင်းရင်း



www.burmeseclassic.com

www.burmeseclassic.com



ကမန်းကတန်း စဉ်းစားလာပါသည်။ ခေါင်းထဲ အရင်ဆုံးပေါ်လာတာကတော့ မ,နိုင်ငံခြားက ပြန်ရောက်လာတာကို ကြီးကြီးကိုလှမ်းအသိမပေးတာလို့ပင်။

ထို့ကြောင့် လုလင်က မ,ရဲ့ဟဲန်းဒ်ဖုန်းကို ခေါ်လိုက်ပါသည်။ သွားမယ့်မနက် လေဆိပ်က ဆက်တာဆိုတဲ့နောက်မှာ အဲဒီဖုန်းကို လုလင် တစ်ကြိမ်လှမ်းခေါ်ကြည့်ပါသေးသည်။ ကိုင်တဲ့သူက ကြီးကြီး။ တန်ခူး နိုင်ငံခြားခရီးသွားနေပါတယ်ကွယ်တဲ့။ အဲဒါကြောင့် လုလင်က ထိုဖုန်းကို ထပ်မဆက်မိတော့ပါ။

အခုတော့ မ,ကို လူကိုယ်တိုင် ပြန်တွေ့နေပြီပဲ။ ဆက်လို့ရပြီပေါ့။

"ဟယ်လို"

"သြော် ... မညတန်ခူးနဲ့ ပြောချင်လို့ပါ ကြီးကြီး"

ထူးတာက ကြီးကြီး အသံပင်။ ထို့ကြောင့် လုလင်က ဇဝေဇဝါနှင့် ဒီလိုပဲ မေးလိုက်ရပါသည်။

"သြော် ... တန်ခူး နိုင်ငံခြားသွားပါတယ်ကွယ်"

"ခင်ဗျာ"

"Trade fair ရှိလို့ ဈေးရောင်းခရီး သွားပါတယ်"

လုလင်ရဲ့နှလုံးခုန်သံတွေက အဲဒီတော့မှ ပေါက်ကွဲကျယ်လောင်လာတော့တာပါ။

"သြော် ... ပြန်မရောက်သေးဘူးလား ခင်ဗျ"

"မရောက်သေးဘူးကွယ့်"





"ဘယ်တော့လောက်မှ ရောက်မလဲ ခင်ဗျ"

"မပြောနိုင်ဘူးကွယ့်၊ အဖွဲ့လိုက်တွေ သွားကြတာဆိုတော့ တစ်ယောက်တည်းတော့ ဖောက်ပြီးပြန်လာနိုင်မှာ မဟုတ်ဘူး၊ ကြာဦးမှာပါ"

"ကျေးဇူးပါပဲ"

လုလင်က ဖုန်းပိတ်လိုက်ပြီးတဲ့အခါမှာ လူကအတော်ကတုန်ကယင် ဖြစ်နေပြီ။ ပထမ မ,ပြန်ရောက်တာကို လုလင်ကိုအသိမပေးတာလို့ ထင်သည်။ ဒီလိုမဟုတ်ဘဲ အခု ကြီးကြီးက ပြန်မရောက်သေးပါဘူးဆိုတဲ့အခါ နှစ်မျိုးဖြစ်နိုင်သည်။ တစ်မျိုးက လုလင်ကို ကြီးကြီးပါ အပါအဝင် အားလုံး ပိပိရိရိလိမ်ထားကြတာ။ လုလင် ဘဝထဲက ခြေရာဖျောက်ထွက်ဖို့အတွက် နိုင်ငံခြားသွားချင်ယောင်ဆောင်ပြီး ပုန်းနေတာ။ နောက်တစ်မျိုးက မ, တကယ်နိုင်ငံခြားသွားဖြစ်ခဲ့ပြီး မ,ပြန်ရောက်တာကို ကြီးကြီးလည်း မသိတာ။

အဲဒီနောက်တစ်မျိုးက ယုတ္တိမရှိပါ။ ဖြစ်နိုင်ချေမရှိပါ။ မ,ကိုယ်တိုင်ပင်မကဘဲ မ,အိမ်ကလူတွေ အုပ်ထိန်းသူတွေပါ သိသိနှင့် လုလင်ကို လိမ်ထားကြတာပါ။ ဘာအတွက်လဲဆိုတော့ ခြေရာဖျောက်တာပဲပေါ့။ အဆက်အဆံ ဖြတ်တာပဲပေါ့။

ဒေါက်တာလင်းဝင်းထူးကို ဆေးရုံမှာ ချလိုက်တဲ့အခါမှာတော့ လုလင်သည် တစ်ကိုယ်လုံးပင် စပ်ဖျဉ်းဖျဉ်း နာကျင်နေသည်။ ဝိုင်းပြီး လိမ်လည်လှည့်ဖြားထားတာကိုခံရတဲ့ လူတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်အဖြစ် ရှက်ခြင်းနှင့် နာကြည်းခြင်းက ရင်ကိုနင့်နေစေသည်။ အံကိုတင်းတင်းကြိတ်ပြီး မ,ကားနှင့် နှစ်စီးကွာလောက်ကနေ ခပ်မှန်မှန် လိုက်နေခဲ့ပါသည်။

ညတန်ခူးဟာ သူ ကားပြောင်းထားတဲ့အတွက် သူ့ဟာသူ စိတ်ချလက်ချ ရှိနေတာမို့ သူ့ကားနောက်က ဘယ်သူပါမပါဆိုတာတွေ ခါတိုင်းလို အရင်လို ချက်ကျက်မလုပ်ပုံ။ ခါတိုင်းထက်တော့ အမြန်မောင်းသွားပါသည်။ ညတန်ခူးရဲ့ကား သူတို့ခြံထဲ ဝင်သွားတာမြင်ပြီးမှ လုလင်က ပြန်လှည့်လာခဲ့ပါသည်။

အားလုံးရဲ့လှည့်စားမှုကို သူ ခံနေရတာ သေချာတာပေါ့။

♥ ♣ ♥



မ,ရဲ့အိမ်ဖုန်းကို တစ်ခါမှ မဆက်ဖူးသေးမယ့် မ,ရဲ့ ဗစ်ဇစ်တင်းကတ်ထဲမှာ ဆိုင်လိပ်စာ ဆိုင်ဖုန်းတို့အပြင် အိမ်လိပ်စာ အိမ်ဖုန်းတို့လည်း ပါပါသည်။ အဲဒီအိမ်ဖုန်းကို လုလင်က ခေါ်လိုက်ပါသည်။ ကောင်မလေးတစ်ယောက် လာကိုင်သည်။

"ဒေါ်ညတန်ခူးနဲ့ ပြောချင်လို့ပါ"

"မမ မရှိပါဘူးရှင်၊ မှာစရာရှိတာ မှာခဲ့ပါ"

"မှာခဲ့လို့မရဘူး သမီး၊ ဒေါ်ညတန်ခူးက ဘယ်သွားတာလဲ"

"ဟို ... ဟို ... ခရီး ..."

"ခုနကပဲ အန်ကယ်လ်တို့ရဲ့ဟိုတယ်ကို လာသွားသေးတယ်၊ အခုမှ အိမ်ရောက်ကာစလောက်ရှိမယ်၊ သူက တစ်ခုခု အရေးကြီးရင် အိမ်ကိုပဲ ဆက်ခိုင်းထားတယ်၊ သူ့ကို မင်္ဂလာကိစ္စ ခုနက သွားခဲ့တဲ့ ဟိုတယ်က ဆက်တယ်လို့ ပြောပေးပါ၊ အရေးကြီးတယ် မြန်မြန်ခေါ်လိုက်"

လုလင်ရဲ့လှည့်စားမှုက အောင်မြင်သွားပါသည်။ မကြာခင်မှာပင် ဖုန်းကို မ,လာကိုင်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ... ပြောပါရှင်"

လုလင်က ဖျက်ထားလက်စအသံနှင့် ...

"ဒေါ်ညတန်ခူးလား ခင်ဗျ"

"ဟုတ်ပါတယ်ရှင့်၊ ဟိုတယ်က ဘာကိစ္စများ ရှိလို့လဲမသိဘူး"

လုလင်က သက်ပြင်းတစ်ချက် ချလိုက်ရင်း ...

"မ, ဘယ်တုန်းက နိုင်ငံခြားက ပြန်ရောက်လဲ"

"ဟင်"

"ဖုန်းမချနဲ့နော်၊ ကျွန်တော် အိမ်နားရောက်နေတယ်၊ ဖုန်းချသွားရင် အိမ်ထဲဝင်ခဲ့မယ်၊ မ,တားချင်ရင် ရဲခေါ်ပြီး တားမှရမယ်"

ညတန်ခူးဘက်က အသံခဏတိတ်နေပြီးမှ ...

"မ, မနေ့ကမှ ပြန်ရောက်တာ လုလင်"

"မ, လုံးဝမညာနဲ့နော်၊ ကျွန်တော့်ကို တစ်ခွန်းမှ ထပ်မညာပါနဲ့တော့၊ ထပ်ခါထပ်ခါ မနာကျင်ပါရစေနဲ့၊ ကျွန်တော် မေးချင်တာက ကျန်တာတွေ ဖယ်ထား၊ ကျွန်တော့်ကို လူရာတွေ့တောင်သွင်းရဲ့လားဟင် မ,၊ လူတစ်ယောက်အနေနဲ့ သိသင့်သိထိုက်တာတောင် သိခွင့်ပေးဖို့ စိတ်ကူးရှိရဲ့လား မ,ထပ်ထပ်ညာလေ ကျွန်တော့်အပေါ် အကြွေးပိုပိုများလေ ဖြစ်မှာနော်"

"လုလင်"





"မ, အပြင်ထွက်ခဲ့၊ မ,နဲ့ စကားပြောချင်တယ်"

"မ,ထွက်မလာအားဘူး လုလင်၊ ပြီးတော့ ကြီးကြီး သိသွားရင်လည်း ..."

"ဪ ... ခုတော့ မ,က လူကြီးမိဘကို ကြောက်နေတဲ့ Teenager လေး ပြန်ဖြစ်နေပြန်ပြီလား၊ ဂရုမစိုက်ချင်ရင်လည်း မစိုက်လိုက်၊ စိုက်ချင်ပြန်တော့လည်း စိုက်လိုက်၊ အပြောင်းအလဲ မြန်လှချည်လား မ,"

"တို့ကို ရိသဲ့သဲ့ ပြောနေမယ့်အစား လုလင် စိတ်ကိုလျှော့လိုက်ပါ၊ မ,လုလင်ကို အစစအရာရာအတွက် တောင်းပန်ပါတယ်၊ ဒါပေမဲ့ အားလုံးပြီးဆုံးသွားပြီလို့ နားလည်ပေးပါ လုလင်"

"ဘာရယ် ... မ,၊ အားလုံးပြီးဆုံးသွားပြီ ဟုတ်လား၊ ဟား ဟား ဟား ...၊ ခုကိစ္စက မ,တစ်ယောက်တည်းကိစ္စမှ မဟုတ်တာ၊ ကျွန်တော်နဲ့ နှစ်ယောက်ကိစ္စ၊ မ,တစ်ယောက်တည်း ပြီးဆုံးပစ်လို့ မရဘူး၊ နှစ်ယောက်လုံး ပြီးဆုံးလိုက်မှ တကယ်ပြီးမှာ၊ မ,တစ်ယောက်တည်း ပြီးဆုံးလို့ရ,ရအောင် ဒီကိစ္စက ခေါင်းဖြီးတဲ့ကိစ္စ၊ အိမ်သာတက်တဲ့ကိစ္စ မဟုတ်ဘူး၊ စ,ကတည်းက မ,တစ်ယောက်တည်း စ,ခဲ့တဲ့ကိစ္စ မဟုတ်ဘူး"

လုလင်အသံက အက်ကွဲခက်ထန်နေသည်။

"လုလင်"



www.burmeseclassic.com

www.burmeseclassic.com



"မ,အပြင်ထွက်ခဲ့ပါ"

"မ,မလာနိုင်ဘူး လုလင်၊ လာဖို့လည်း မသင့်ဘူး၊ မ, အမှန်အတိုင်း ပြောမယ်နော်၊ မ, ကိုလှင်းဝင်းထူးနဲ့ လက်ထပ်တော့မှာမို့ပါ"

"ခင်ဗျား ပြောတော့ သူ့ကိုပြတ်တယ် သူနဲ့ပြီးပြီဆို"

"အဲဒါ မ,စိတ်နာနာနဲ့ ပြောခဲ့တာ"

"စိတ်နာပြီး ပြတ်တယ်လို့ ပြောခဲ့တဲ့သူကိုတောင် မ,ပြန်စိတ်လည်နိုင်တယ်ဆိုရင် ဘာစိတ်မှနာစရာမရှိဘဲ မ,ဖြတ်နေတဲ့ ကျွန်တော့်ကိုလည်း တစ်ချိန်မှာပြန်ပြီး စိတ်လည်နိုင်သေးတာပဲ၊ ကျွန်တော် ဘယ်တော့မှ လက်မလျှော့လိုက်ဘူး၊ အဲဒါ မ,သိထား"

"တို့ လက်ထပ်တော့မှာလေ"

"လက်ထပ်လိုက်လည်း စိတ်မလျှော့ဘူး၊ ကျွန်တော့်မှာ အသက်ရှိသေးသရွေ့ မ,မှာ အသက်ရှိနေသရွေ့ စိတ်မလျှော့သေးဘူး၊ မျှော်လင့်ချက် ရှိသေးတယ်လို့ သဘောထားတယ်"

"လုလင်ရယ် ... မ,တောင်းပန်ပါတယ်"

"ဘာကိုလဲ မ,"

"တို့ကို မေ့လိုက်ပါ"

"ဒါ ကျွန်တော့်စိတ်က ပိုင်တဲ့ကိစ္စ၊ ကျွန်တော့်စိတ်ဖြစ်တဲ့ကိစ္စလေ၊ မ,တောင်းပန်လို့ ရသလား"





ညတာန်ခူးသည် သိပ်စိတ်မရှည်နိုင်လှတော့ဖဲ ...

"တို့ဟာနဲ့တို့လည်း စိတ်ရှုပ်စရာတွေ ခေါင်းပူစရာတွေ ရှိသေးတယ် လုလင်၊ ခုချိန်မှာ မင်းနဲ့ ငြင်းဟယ် ခုန်ဟယ်နဲ့ ထပ်ပြီးစိတ်အနှောင့်အယှက် ပိုမနေပါရစေနဲ့တော့၊ မဖြစ်လို့ မင်းကို ခုလိုလုပ်ရပေမယ့်လည်း အဲဒီအတွက် မ,လည်း Guilty (အပြစ်ရှိမကင်းခံစား)ဖြစ်ပါတယ် လုလင်ရဲ့၊ အဲဒါကလည်း စိတ်ဖိစီးမှုတစ်မျိုးပဲ၊ ဒီဘက်မှာလည်းပဲ ကိုယ့်ချစ်သူနဲ့ လက်ထပ်မှာပဲ ဆိုပေမယ့် စိတ်ရှုပ်ထွေးစရာတွေ စိတ်ဖိစီးစရာတွေက အများကြီးပါပဲ၊ ကျေးဇူးပြုပြီး တို့ကို စိတ်အနှောင့်အယှက် ထပ်မပေးပါနဲ့"

"စိတ်ဖိစီးရမယ့် လက်ထပ်ပွဲကို ဘာဖြစ်လို့ လုပ်တာလဲ"

"ဒါ တို့သဘောပါ၊ မင်းအပေါ် အပြစ်ရှိတယ် တောင်းပန်တယ်၊ တော်ပြီပေါ့ လုလင်ရယ်"

"ဟင့်အင်း ... မ, အခုထွက်ခဲ့ပါ၊ အဝေးကြီးမဟုတ်ပါဘူး၊ မ,တို့လမ်းထဲက စကားရပ်ပြောနေကျ ရေကန်ကြီးနားမှာပါ"

"ဘာလုပ်ဖို့ ထွက်ခဲ့ရမှာလဲ၊ မထွက်ခဲ့နိုင်ဘူး၊ မင်းသွားတော့ ပြန်တော့ လုလင်၊ ဖုန်းလည်းချလိုက်တော့"

"ဖုန်းမချနဲ့နော်၊ အိမ်ထဲ တကယ်ရောက်လာမှာ၊ ရဲခေါ်ဖမ်းမှာလည်း ကျွန်တော် မမှုဘူး၊ ခုချိန်မှာဘာကိုမှ မမှုဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မမှုလည်း မင်းဟာမင်း ရေကန်နားမှာပဲနေတော့၊ ညကျ လည်း ရေကန်နားမှာ ကားပေါ်ပဲ အိပ်လိုက်တော့၊ ဒါပဲ"

"မ, ကျွန်တော် ဆယ့်ငါးမိနစ်ပဲ စောင့်မယ်၊ မ,ဒီကိုလမ်း လျှောက်လာရင်တောင် ငါးမိနစ်ပဲ၊ ဒီနားမှာ တစ်နေကုန် လည်း မနေနိုင်ဘူး၊ ညလည်းမအိပ်နိုင်ဘူး၊ ဆယ့်ငါးမိနစ် ရှိတဲ့အထိ မ,ရောက်မလာရင် ကျွန်တော် ဒေါက်တာလင်း ဝင်းထူးဆီ သွားမယ်၊ ဖုန်းထဲကို မ,ပို့ထားတဲ့ မက်ဆေ့ချ် တွေပြပြီး ကျွန်တော်နဲ့ ချစ်သူတွေဖြစ်နေပြီမို့ နောက်ဆုတ် ပေးပါလို့ သွားဆွေးနွေးမယ်"

"မင်း ... မင်း ... တို့ကို ခြိမ်းခြောက်တာပေါ့လေ"

ညတာန်ရှူးအသံက ကတုန်ကယင် ဖြစ်နေသည်။ ဒေါသကို အတော်အောင့်ထားလိုက်ရပုံပါ။

"တောင်းပန်တော့ရော မ,က လိုက်လျောလို့လား၊ ကျွန်တော် မှာ မ,နဲ့တွေ့ဖို့ ဒီနည်းပဲ ရှိတော့တာလေ မ,၊ မ,ကို ကျွန်တော် လွယ်လွယ်နဲ့ ဆုံးရှုံးမခံဘူးဆိုတာတော့ မ,နား လည်ပါ၊ ကျွန်တော် လူရိုင်းဖြစ်ချင် ဖြစ်သွားမယ်၊ လူဆိုး ဖြစ်ချင် ဖြစ်သွားမယ်၊ လူယုတ်မာလည်း ဖြစ်ရင်ဖြစ်သွား မယ်၊ ဖြစ်ချင်သလို ဖြစ်ပါစေ ရှိသမျှ နည်းလမ်းပေါင်းစုံ နဲ့ မဆုံးရှုံးရအောင် လုပ်နေဦးမှာပါ"

"မင်း ရူးနေလို့လား"





"ဟုတ်တယ်၊ ရူးနေလို့၊ ကဲ ... ဒါပဲ မ, ဖုန်းချပြီ၊ မိနစ် စ,ရေထားပြီ"

"ဟိတ် ... လုလင်၊ ဟေ့"

လုလင်က ဖုန်းကိုပိတ်ချလိုက်ပါသည်။ ချက်ချင်းပဲ နောက်ထပ် နံပါတ်တစ်ခု နှိပ်ခေါ်လိုက်ပါသည်။

"ဟယ်လို"

"တာရာလား ... ငါပါ"

"ဟုတ် ... ကိုလု"

"မင်း အခု အိမ်ကိုသွားလိုက်၊ ငါ့စတူဒီယိုအိမ်ကိုသွား၊ အဲဒီသော့က အိမ်မှာ ဒေါ်ဉဆီမှာရှိတယ်၊ အိမ်မကြီးသော့ တွဲထဲမှာပါပဲ"

"စတူဒီယိုအိမ်မှာ ဘာယူပေးရမလဲ ကိုလု"

"အိမ်ထဲမှာ လိုင်းဖုန်းသွယ်ထားတာ ရှိတယ်လေ၊ ဧည့် ခန်းမှာ"

"ကျွန်တော် သိပါတယ် ကိုလုရဲ့"

"အေး ... အဲဒီဖုန်းကို ဖြုတ်သိမ်းလိုက်"

"ဗျာ၊ ဖြုတ်သိမ်းလိုက် ! "

"အေး ... ဖုန်းကိုဖြုတ်ယူ၊ ကြိုးကြီးတန်းလန်း ထားလိုက် ပေါ့၊ ဖုန်းအိမ်ကိုပဲ ငါလိုချင်တာ၊ ပြီးရင် မင်း ဆိုင်ကိုပဲ ပြန်၊ ဖုန်းယူသွား"

"အဲဒီဖုန်းကြီးကို ယူသွားပြီး ဘယ်ကိုပို့ပေးရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဆိုင်မှာပဲ ခဏထားလိုက်၊ ငါ့ဟာငါ ဆက်စီစဉ်မယ် အိမ်ကနေသာ အခုသွားဖြတ်ယူလိုက်၊ အခုသွားတော့ ချက်ချင်း"

"ဟုတ်"

"မင်း ခွဲရဲ့ကား ခဏယူသွား၊ မြန်အောင်လို့ ချက်ချင်း သွားယူပြီး ချက်ချင်းဆိုင်ကိုပြန်"

"ဟုတ်ကဲ့ ကိုလု"

"နေလင်း ပြန်ရောက်ပြီလား"

"ဟုတ် ... ခုနပဲ ရောက်လာတယ်၊ ကိုလုက သူ့ကိုပြန် လွှတ်လိုက်တယ်တဲ့၊ ပြီးတော့ သူ ဟိုတယ်မှာ မိဖုရားကို တွေ့လိုက်သလိုပဲတဲ့၊ ဟုတ်လား ကိုလု၊ သူ ပြန်ရောက်ခဲ့ တာလား၊ ပြီးတော့ ကိုလုကကော သူ့နောက် လိုက်သွား တာလား"

"ငါ ကိစ္စရှိလို့ပါ၊ နေလင်းတို့လည်း ဆိုင်ပိတ်ပြီး ပြန်တော့ လို့ ပြောလိုက်တော့၊ မိုးချုပ်နေပြီ မောင်စိုးရော ဆိုင်မှာပဲ မဟုတ်လား၊ အားလုံး ပြန်ကြတော့လို့၊ နက်ဖြန် ဆိုင်ကို အလုပ်ဆင်းကြလို့ ပြောလိုက်"

"ဟုတ် ... ကိုလု"

လုလင်က ဖုန်းကိုပိတ်လိုက်ပါသည်။ သူ ဆိုင်ကို သွားရင်တောင် ဆိုင်မှာတော့ အလုပ်ရက်ချိန်း လက်ခံဖို့ တစ် ယောက် နှစ်ယောက် အမြဲထားပြီး တစ်ယောက်တလေကိုတော့





အိမ်ကို ခေါ်ထားလေ့ရှိသည်။ သူ့တပည့်တွေကို နောက်နေ့ ဘယ်ကိုအလုပ်ဆင်းဆိုတာ အမြဲပြောင်းလဲ ညွှန်ကြားနေကျပါ။ မနက်ဖြန်တော့ ဘယ်သူ့ကိုမှ အိမ်မလာခိုင်းတော့ပါ။

လုလင်ရဲ့ခေါင်းထဲမှာ အချက်အလက်တွေကို စဉ်း စားတွက်ချက်နေရင်း နာရီကိုလည်း ငုံ့ငုံ့ကြည့်နေမိသည်။ ဆယ့် ငါးမိနစ်ရှိချိန်မှာတော့ ဟိုးခပ်လှမ်းလှမ်းမှာ မလှမ်းချင် လှမ်းချင် ယောက်ကပ် လျှောက်လာနေတဲ့ မ,ကို လှမ်းမြင်လိုက်၍ လုလင် က ပြုံးပြီး မေးထောက်ကာ လှမ်းကြည့်နေမိပါသည်။

သိပ်ချစ်ရတာပါပဲ မ,ရယ်။ မ,အသက်ဘယ်လောက် ရှိရှိ အခု ကျွန်တော့်ဆီ လာနေပုံကတော့ ကလေးဆိုးတစ်ယောက် လိုပါပဲ။ ဒီထက်မြန်မြန်လျှောက်လို့ ရရက်သားနဲ့ ခပ်နှေးနှေး လျှောက်လာသည်။ ရပါတယ် မ,၊ ဘယ်လောက်ကြာကြာပါ။ ဆယ့်ငါးမိနစ် ဆိုပေမယ့် တကယ်တမ်းတော့ မ,မလာ လာတဲ့ အထိ စောင့်ပြီးခေါ်ထုတ်မလို့ပါ။

လုလင်က ကားထဲက မဆင်းတာမို့ ကားနား ရောက်လာတဲ့ ညတန်ခူးက ကားထဲကို ငုံ့ကြည့်ရင်း ...

"ကဲ ... တွေ့ရတော့ မင်း ဘာလုပ်မှာလဲ"

"ကားထဲကို ဝင်ထိုင်ပါ မ,"

လုလင်က ကားတံခါးကို ဖွင့်ပေးလိုက်၍ ညတန်ခူး က ခဏမှေ့ရပ်နေပြီးမှ ဝင်ထိုင်လိုက်ပါသည်။ လုလင်ဘက် လှည့်ထိုင်၍ တောင်းပန်သော မျက်နှာနှင့်ကြည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"လုလင် ... မ, စိတ်မကောင်းပါဘူးကွယ်"

လုလင်ကလည်း ညတန်ခူးဘက်လှည့်၍ လက်ပိုက်ကာ ကားတံခါးကို ကျောပေးမှီထိုင်ရင်း ညတန်ခူးကို စေ့စေ့ကြည့်နေပါသည်။ ညတန်ခူးက မျက်လွှာချရင်း ...

"တကယ်တော့ လုလင်ကို နာကျင်ရစေဖို့ လုံးဝရည်ရွယ်ချက် မရှိခဲ့ပါဘူး၊ လုလင် ဒီလောက်ထိ နက်နက်ရှိုင်းရှိုင်း ခံစားရမယ်လည်း မထင်ခဲ့လို့ပါ လုလင်ရယ်၊ မ,ဝန်ခံပါတယ်၊ မ,ရဲ့စိတ်ထဲမှာ ကိုလင်းဝင်းထူး မြင်ရင် သိရင် မ,ခံစားရတာကို ကိုယ်ချင်းစာနိုင်ပြီး သူလည်း ခံစားရပါစေဆိုတဲ့ ဆန္ဒတစ်ခုပဲ ရှိခဲ့တာပါ ...

မ,အမှားပါ၊ မ,အရှည်မကြည့်ခဲ့တာပါ၊ လုလင်အတွက်လည်း ထည့်မတွက်ခဲ့မိတာပါ၊ ခဏတဖြုတ်ဆိုတော့ လုလင်အတွက်လည်း ဘာမှ ဒီလောက်လေးပင်စရာ မရှိဘူးလို့ ထင်မိခဲ့လို့ပါ၊ ပြီးပြီးပျောက်ပျောက် ပေါ့ပေါ့ပါးပါးပဲလို့ ထင်ခဲ့တာပါ"

"မ, ကျွန်တော်နဲ့ နှစ်လလောက် တွဲခဲ့တာပဲ၊ ကျွန်တော့်ကို မ,အကဲမခတ်နိုင်ခဲ့ဘူးလား"

လုလင်အသံက တိုးတိတ်လှသည်။

"အကဲခတ်နိုင်ပါတယ်၊ မ,ထင်တာထက် လုလင်ရဲ့ရင်ထဲမှာ အစွဲအလမ်းကြီးနေတယ်ဆိုတာ ရိပ်မိပါတယ်၊ အဲဒါကြောင့်လည်း ဒီလောက် နှစ်လလောက်ထိအောင်





ကြာသွားတာပါ၊ မ, လုလင့်ကို ရုတ်တရက် သစ်စိမ်းချိုးချိုးရမှာ မချိုးရက်ဘဲ သနားလာမိလို့ပါ"

ညတန်ခူးသည် တကယ် အစစ်အမှန်ဖြစ်တဲ့ စကားကိုပြောရင်း မျက်ရည်ပင် လည်လာပါသည်။ နောက်ဆုတ်ဖို့ကြိုးစားရင်းကကို ရှေ့ကိုတိုးတိုးမိနေခဲ့တာပါ။ ဒါကြောင့်လည်း လုလင်အပေါ် ပိုပြီးရက်စက်ရာ ကျရပြန်သည်။

"ခုကျတော့ရော မ,၊ ခုကျတော့ သစ်စိမ်းချိုး ချိုးတာမဟုတ်လို့လား၊ မ,ဆီက ဖုန်းလေးတောင် တစ်ချက်မလာလို့ ကျွန်တော် အိပ်မရ နေမရ၊ လွမ်းဆွတ်ဆွေးမြည့်နေတဲ့အချိန်မှာ မ,က နိုင်ငံခြားကို တကယ်မသွားဘဲ ဒီမှာပဲ ရှိနေခဲ့တာ၊ အဲသလောက်ထိအောင်တောင် ကျွန်တော့်ကို ညာရက်တာလား"

လုလင်ရဲ့မျက်လုံးတွေက နီမြန်းကာ မကြာခင်ငိုချမလို ထင်ရပြီး တိုးတိတ်တဲ့အသံကတော့ တုန်ယင်အက်ကွဲနေပါသည်။

"ဒီလိုမှ မဟုတ်ရင် လုလင်ကို တို့ ဘယ်လိုအဆက်ဖြတ်မရလဲ၊ ဘယ်လိုမှ ဖြတ်ဖို့မလွယ်တော့ဘူး၊ ဒီကြားထဲမှာ လုလင်လည်း နေမြင့်လေ အရှုးရင့်လေ ဆိုသလို ဖြစ်ရမယ့်အပြင် မ,မှာလည်း မိန်းမအစ်ယောက်တန်မယ့် ဟိုဘက်တစ်ယောက် ဒီဘက်တစ်ယောက်ကြားမှာ နှစ်မျိုးနှစ်ပုံလှည့်စားနေရမှာ ရှက်လာလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"နှစ်ဖက်စလုံး လှည့်စားမနေချင်တော့လို့ တစ်ယောက်ကိုတော့ ဖြုတ်ချခဲ့မယ်၊ ရက်စက်ရမယ်ဆိုတော့ အဲဒါကျွန်တော်ပဲ ဖြစ်ထိုက်တယ်လို့ မ,ရွေးချယ်လိုက်တာပေါ့နော်"

"လုလင် … မ,တို့ တွေ့ကြတာ ဘာမှ မကြာသေးပါဘူး"

"အဲဒါနဲ့ ဘာဆိုင်လဲဗျ၊ ခင်ဗျားနဲ့တွေ့တာ မကြာသေးဘူးဆိုတဲ့စကား ပြောမယ်စဉ်းစားရင် ခင်ဗျားနဲ့တွေ့တာသိပ်ကြာတဲ့ ဒေါက်တာလင်းဝင်းထူးကရော ခင်ဗျားကိုဘယ်လောက်ချစ်နိုင်သလဲ၊ မ,စဉ်းစားပါ၊ အချိန်တိုတာလောက်ကို မ,ထည့်မပြောနဲ့၊ မ,ကို ကျွန်တော်က ပထမဆုံးမြင်မြင်ချင်းနေ့မှာပဲ မ,ကို မ,ချစ်သူက ချစ်နိုင်တဲ့အချစ်ထက် အဆတစ်ရာသာတဲ့အချစ်နဲ့ ချစ်သွားတာ၊ တစ်ရက်တစ်ကြိမ်နဲ့တောင် ဘယ်သူ့အချစ်ကိုပဲဖြစ်ဖြစ် ကျွန်တော်ယှဉ်နိုင်တယ်"

ညတာန်ခူးသည် ငိုမလိုဖြစ်နေတဲ့ လုလင်ရဲ့မျက်နှာကို ရင်နင့်နင့်နှင့်ကြည့်ကာ …

"မ,ယုံပါတယ် လုလင်ရယ်"

"ယုံရင် ဘာဖြစ်လို့ ကျွန်တော့်ကို နည်းနည်းကလေးတောင် အရေးမထားနိုင်ရတာလဲ"





"မ,လုလင်ကို ယုံလည်းယုံတယ်၊ သနားလည်း သနားတယ်၊ ရက်စက်ချင်လို့လည်း မဟုတ်ဘူး၊ ဒါပေမဲ့ မ,ဒီလိုပဲ ဆုံးဖြတ်ရမှာမို့ပါ"

"ဘာဖြစ်လို့ ဒီလိုပဲ ဆုံးဖြတ်ရမှာလဲ၊ ကျွန်တော်နဲ့ လက်တွဲဖို့ ဘာကြောင့် မဆုံးဖြတ်နိုင်ရတာလဲ"

"ကိုလင်းဝင်းထူးနဲ့က လက်ထပ်ဖို့ ရည်စွယ်ပြီးသား ချစ်သူတွေလေ"

"မဆိုင်ပါဘူး မ,ရာ၊ တစ်ကြိမ်ဆုံးဖြတ်ထားဖူးလို့ တစ်သက်လုံး လိုက်နာဖို့ မလိုပါဘူး၊ ရည်စွယ်ခဲ့ပေမယ့် သူ့လုပ်ပုံကို မ,မကြိုက်လို့ သူ့ကိုဖြတ်ဖို့ စဉ်းစားပြီးပြီမို့လား"

ညတာန်ခူးက လုလင်ကို မရဲတရဲကြည့်ရင်း …

"ဖြတ်ဖို့ စဉ်းစားတာ မဟုတ်ဘူး လုလင်၊ သူ့ မနာလိုမခံချင်ဖြစ်ပြီး တို့လက်ထဲ ပြန်ရောက်လာအောင် ဟန်ဆောင်တာပါ"

"မ, … မ, ကျွန်တော့်ကို နည်းနည်းလေးတောင် သံယောဇဉ် မရှိတာလား"

လုလင်က မယုံကြည်နိုင်သလို မေးလိုက်မိပါသည်။

ရှိတယ်။ ရှိပါတယ် လုလင်ရယ်။ နည်းနည်းကလေးတောင် မဟုတ်ပါဘူး။ အများကြီး သံယောဇဉ်ရှိပါတယ်။ ဒါပေမဲ့ မ,ဒီလိုပဲ ဆုံးဖြတ်သင့်တယ် မဟုတ်လား။ ဒါဟာဖြစ်သင့်တဲ့ အဖြေပဲ မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



"လုလင် ... ပြန်တော့နော်၊ ပြီးတော့ တို့ကိုလည်း မေ့ပေးပါ"

လုလင်က ခေါင်းကို ဖြည်းဖြည်းယမ်းခါလိုက်သည်။

"မကြာခင် ကြီးကြီးတောင် ပြန်လာတော့မှာ"

"မ,က ကြီးကြီးကိုပါ ဖွင့်ပြောပြထားတာပေါ့"

"ဟုတ်တယ်၊ ကြီးကြီး သိသွားတယ်၊ ဒါပေမဲ့ ခုလိုလုပ်တဲ့ အစီအစဉ်က မ,အစီအစဉ်ပါ၊ ကြီးကြီးက ညာချင်တာ မဟုတ်ပါဘူး၊ ကြီးကြီးက လုလင်ကို အေးအေးဆေးဆေး ဖျောင်းဖျပြီး ပြောပြဖို့ တိုက်တွန်းတာပါ၊ အဲလိုပြောလို့ မရနိုင်ဘူးဆိုတာ မ,သိတယ်၊ လုလင်က အလွယ်ကူလေး လက်ခံနောက်ဆုတ်မှာမှ မဟုတ်တာ ...

အမှန်အတိုင်း ပြောရရင် ဒီကိစ္စတွေ လုံးစေ့ပတ်စေ့ ကိုလင်းဝင်းထူး သိသွားမှာလည်း မ,မဖြစ်ချင်ဘူး လုလင်ရယ်၊ လုလင်က အလွယ်နောက်ဆုတ်မသွားဘဲ ဖြတ်မရရင် သူနဲ့တစ်ပြဿနာဖြစ်ရမှာကိုလည်း မ,မလိုလားဘူး ဒါတွေအားလုံး စဉ်းစားပြီး မ,ခရီးသွားတယ်လို့ပဲ လုလင်ကို ညာလိုက်မိတာပါ၊ ဒီကြားထဲမှာ ဖုန်းမပြောရ မတွေ့ရ အဆက်အသွယ်မရဘဲ လုလင်လည်း ကျင့်သားရ နေသား ကျသွားရင် ကျသွားမယ် ...





နောက် ... မ,တို့ လက်ထပ်လိုက်ကြပြီးရင်လည်း အိမ်ထောင်ရှိသွားတဲ့ *မိန်းမတစ်ယောက်ကိုတော့* လုလင် အလွယ်တကူ အဆက်ဖြတ်လိုက်မှာပဲ ဆိုပြီး ခုလိုကြံစည်မိတာပါ၊ မ,ကို ခွင့်လွှတ်ပါ၊ လုလင် ခံစားရတာတွေအတွက် ပေးဆပ်လို့ရသမျှ ပေးဆပ်ချင်ပါတယ် လုလင်ရယ်"

လုလင်က တိတ်ဆိတ်စွာ စဉ်းစားနေသည်။ ထို့နောက် ...

"ကောင်းပြီလေ မ,၊ မ, ကျွန်တော့်ကို တစ်ခုတော့ လိုက်လျောပါ"

"ဘာလဲ လုလင်"

"ကျွန်တော်နဲ့ ခဏလိုက်ခဲ့ပါ"

"ဘယ်ကိုလဲ၊ ဘာလုပ်ဖို့လဲ"

"ကျွန်တော့်အိမ်က စတူဒီယိုကို၊ မ,ကို ပြစရာတွေရှိတယ်၊ အဲဒါတွေကိုတော့ မ, မြင်ဖူးစေချင်တယ်"

"ဘာတွေလဲဟင်"

"မ,ရဲ့ဓာတ်ပုံတွေ"

ညတန်ခူးက လုလင်ကို စိတ်မကောင်းနိုင်စွာ ငေးစိုက်ကြည့်နေမိပါသည်။

"ပြီးရင် မ,ကိုပဲ ပေးလိုက်တော့မယ်၊ ဒီတစ်ခုလေးတော့ ကျွန်တော့်ကို လိုက်လျောပေးပါလား မ,ရယ်"



www.burmeseclassic.com

www.burmeseclassic.com



"အချိန်တောင် သိပ်မရှိတော့ဘူး လုလင်၊ ကြီးကြီးပြန်မလာခင် ပြန်ရောက်ရမှာ"

"ကြီးကြီး ပြန်ရောက်လာလည်း မ, ကျွန်တော်နဲ့သွားတယ်လို့ သိမှာမှ မဟုတ်တာ၊ မ,အိမ်မှာ ဘယ်လိုပြောခဲ့လဲ"

"ရေကန်နားက လမ်းလျှောက်လိုက်ဦးမယ်လို့ ပြောခဲ့တယ်"

"ဒါဖြင့် ဘယ်သူမှ သိတာမှ မဟုတ်တာ"

ညတန်ရှူးက လုလင်ကို ငေးငေးလေး ကြည့်နေပါသည်။ အသည်းမှာ ရှူးခဲ့တဲ့ ဆူးလေး။ သူ့ကိုကြည့်ရင်း ကရုဏာသက်လာမိသည်မှာ ရင်ထဲကျင်မြနေသည်။ ဘာကြောင့်များ သူလေးကို သက်သက်မဲ့ ဒုက္ခပေးမိခဲ့ပါလိမ့်လို့ ကိုယ့်ကိုယ်ကိုယ် ခွင့်မလွှတ်ချင်တဲ့စိတ်က သူ့အတွက် တစ်ခုခုတော့ အကြွေးဆပ်ပေးချင်အောင် တွန်းအားပေးနေခဲ့သည်။

"ကောင်းပြီလေ ... မ,ခဏလိုက်ခဲ့မယ်"





၁၃

"ကိုလု ဘယ်တုန်းက ပြန်ရောက်နေတာလဲ"

"အင်း ... ငါ ညနေလေးနာရီက"

"ကျွန်တော် ပြန်လာတော့ ကိုလု ရောက်ပြီလား"

"ငါလည်း မသိဘူးလေ၊ မင်း မရောက်ခင် ရောက်မယ်ထင်တယ်၊ ငါလည်း ပြန်ရောက်ပြီး အိပ်ပျော်နေတာ၊ မင်း ပြန်လာတာ မသိဘူး"

"ကားရော"

"ကားက ခုန ပစ္စည်းချဖို့ရှိလို့ စတူဒီယိုနားထိ မောင်းသွားတာ၊ အခုမှ ငါ ပေါ်တီကိုအောက် ပြန်ရွှေ့လာတာ"

စတူဒီယိုအဆောက်အအုံလေးဟာ အိမ်နှင့်အတော်ကွာလှမ်း၍ ဝင်ပေါက်သည်ပင် အိမ်မကြီးဘက်က မမြင်ရတဲ့ နောက်ဖက်တဓောင်းကျကျမှာ။ တမင်တကာ အိမ်ဘက်မှာ အနှောင့်အယှက်မဖြစ်အောင်၊ အိမ်ကလှမ်းမြင်ရင် မျက်စိမနှောက်ရအောင်



www.burmeseclassic.com

www.burmeseclassic.com



စီစဉ်ထားတာပါ။ ဝင်ပေါက်ဘက် မာတ်ပုံရိုက်တဲ့ ခန်းမနေရာက ပြတင်းပေါက်မရှိ။ မျက်နှာကြက်နားက လေဝင်ပေါက်ပဲရှိကာ မီးထွန်းမထားရင်တော့ နေ့ရောညပါ မှောင်အတိကျနေတာပါ။

ဆက်ရက် ကွေ့ကလေးမှာတော့ ရေချိုးခန်းအိမ်သာတစ်ခုနှင့်တွဲလျက် အိပ်ခန်းငယ်တစ်ခု ဖွဲ့ထားပြီး အဲဒီအိပ်ခန်းမှာသာ ပြတင်းပေါက်တစ်ပေါက် ရှိသည်။ ရေချိုးခန်းအိမ်သာမှာလည်း မျက်နှာကြက်အောက်က လေဝင်ပေါက်သာရှိတာမို့ တံခါးပိတ်ထားလျှင် အသံတွေပါ လုံနေတဲ့ အဆောက်အအုံလေးပင်။

"ကိုလု.တယ်လီဖုန်းကို ဘာသုံးဖို့ လာယူမလဲလို့ တစောင့်စောင့်နဲ့၊ ဆိုင်တွေပိတ်ခါနီးအထိ ကိုလု ရောက်မလာတော့ ကျွန်တော် ဖုန်းကို ဆိုင်ထဲပဲ ထားခဲ့တယ်"

"အေး … ရတယ်၊ ကောင်းတယ်၊ သုံးစရာလေးရှိလို့ပါ၊ အရေးသိပ်မကြီးပါဘူး၊ အဲဒီမှာသာထားလိုက်"

တာရာ ထိုင်နေတဲ့ ထမင်းစားပွဲနား လုလင်က လာရပ်နေတာမို့ တာရာက သူ့ပန်းကန်ထဲသူ ထမင်းခူးရင်း …

"လာလေ ကိုလု၊ တစ်ခါတည်းစားမယ် မဟုတ်လား"

"ငါ ဒီမှာမစားတော့ဘူး၊ ဒေါ်ဥ … ကျွန်တော့်ကို ဇွန်းကြီးကြီးနဲ့ ထမင်းတွေ ဟင်းတွေ ပြင်ထည့်ပေးပါ၊ များများထည့်၊ တစ်ညလုံးစားမှာ၊ အလုပ်လုပ်စရာရှိတယ်"

"အေး … အေး"





တာရာက ထမင်းစ,စားရင်း လုလင်ရဲ့စိတ်နှင့်လူ မကပ်သလို မျက်နှာကိုကြည့်ကာ …

"ကိုလု အလုပ်တွေ များနေတာလား"

"အေး"

"ကျွန်တော် ဘာကူလုပ်ရမလဲ"

"နေပါစေ တာရာ၊ ကူလုပ်ပေးလို့ မရဘူး"

"အိမ်ပေါ်ယူလုပ်လို့ မရဘူးလား၊ ဟိုဘက်မှာ အိပ်မလို့လား"

"အေး"

"ကျွန်တော်ပါ ဆင်းအိပ်မယ်လေ၊ အဲဒီမှာ"

"နေပါစေ၊ မင်း ဒီမှာပဲ အိပ်ပါ၊ ငါ့ဟာငါ ဟိုမှာ အေးအေးဆေးဆေး နေမယ်၊ အလုပ်ကလည်း ဘာမှသိပ်အရေးမကြီးပါဘူး၊ ဘယ်သူမှလဲ ကူညီလို့မရဘူး"

တာရာက လုလင်ကို သေချာစိုက်ကြည့်ရင်း …

"ကိုလု နေကောင်းရဲ့လား၊ မျက်နှာတွေ ဖြူဖပ်ဖြူရော်ဖြစ်နေသလိုပဲ"

"ဘာမှမဖြစ်ပါဘူးကွ၊ နေကောင်းပါတယ်"

"ကိုလုကို ကျွန်တော် ပြောစရာတစ်ခုရှိတာ၊ မပြောရင်တောင် ကောင်းမလား မသိဘူး"

"ကိစ္စမရှိပါဘူးကွ၊ ပြောပါ"

တာရာက ထမင်းကို တို့တိတိစားရင်း …



www.burmeseclassic.com

www.burmeseclassic.com



"မိဖုရားက လက်ထပ်တော့မှာတဲ့ဗျ၊ နောက်လထဲတောင် လက်ထပ်ဖို့ အမြန်နှုန်းနဲ့ စီစဉ်နေတာတဲ့၊ ဖိတ်စာတောင် မှ ဒီဘက်က ဖိတ်ကြားလွှာဘက်ကစာတွေအကုန်စီ အကုန် ရိုက်ပြီးပြီတဲ့၊ ဟိုဘက်က ဖွဲ့အစီအစဉ်ရိုက်ရမယ့်ဘက်ခြမ်း မှာပဲ အတည်မဖြစ်သေးလို့ မရိုက်ရသေးတာ၊ ဟိုတယ် သော်ချာတာနဲ့ လှမ်းပြောလိုက်တဲ့နေ့မှာ ဒါလေးပဲ ထပ်ရိုက် ရုံပေါ့"

လုလင်က ကုလားထိုင်တစ်ခုရဲ့ နောက်မှီကို ဆုပ် ကိုင်အားပြုကာ ခပ်ငေးငေးရပ်နေရင်း ...

"ဟုတ်လား"

"ပြီးတော့ ကိုလု၊ အတည်မဖြစ်သေးတဲ့ အတွင်းစကားက မိဖုရား နိုင်ငံခြားမသွားဘူး ဆိုလားပဲ၊ ဒီမှာပဲရှိနေတယ်တဲ့၊ ကိုလုကိုသာ တမင်ပုန်းနေတဲ့ သဘောပဲ၊ ဒီနေ့ နေလင်းက လည်း ဟိုတယ်မှာ မိဖုရားကို သူ့ဆရာဝန်ကြီးနဲ့ တွဲတွေ့ လိုက်တာ တကယ်တဲ့၊ သူ လှမ်းမြင်တဲ့အချိန်မှာ ကိုလုက ကားသောမှာ ဒူးထောက်ထိုင်ပြီး ကားဘီးတွေကို လိုက်ကြည့် နေတာနဲ့ မြင်လိုက်ပုံမရဘူးတဲ့"

မြင်တယ်ကွ။ အဲဒီအချိန်မှာ သေချာမြင်ပြီးပါပြီ တာရာ။ ငါ့ကို သူ လှမ်းမမြင်အောင် တမင့်ပုချပြီး ကားဘီးကြည့် သလို အယောင်ဆောင်လိုက်တာပါ။ ငါ့အတွက် စိတ်မကောင်း ဖြစ်နေတဲ့ မင်းရဲ့ပုံစံကတောင် သနားစရာ ကောင်းနေသေးတယ်၊





ကာယကံရှင်ဖြစ်တဲ့ ငါ့ရဲ့ပုံစံက မ,ရင်ထဲကို အကြင်နာကလေး နည်းနည်းတောင် မဖြစ်ထွန်းစေဘူးလား မသိဘူးကွာ။

"ကျွန်တော်တို့ ဒီနေ့ အဲဒီကိစ္စသိရပြီး အတော်တင်းနေကြ တာ၊ ခွဲကဆို မိဖုရားကို ကားတင်ပြေးပစ်မယ် လုပ်နေတာ"

တာရာ ရိပ်မိပြီးများ ပြောနေသလားတောင် လုလင် တစ်မျိုးဖြစ်သွားရပြီးမှ တစ်စုံတစ်ရာ ရိပ်မိနေလို့ မဟုတ်ဘဲ သူ တို့စိတ်ထဲ တကယ်မခံချိမခံသာ ဖြစ်နေတာကို သိရပါသည်။ အဲဒါကို သိရတာကလည်း ဝမ်းနည်းစရာကောင်းသည်။ လုလင် သည် ငိုချင်သလိုလို ဖြစ်လာပါသည်။

"ကိုလု နေကောင်းရဲ့လား၊ ကျွန်တော်ပါ အတူလာအိပ်ပါ မယ်ဆို"

"မလာနဲ့၊ ငါ ရတယ်"

"ကိုလုရေ ... ဗန်းကို ဒေါ်ဥ လိုက်ပို့ပေးရမလား"

"ရတယ် ဒေါ်ဥ၊ ကျွန်တော့်ဘာသာ ယူသွားမယ်၊ နက် ဖြန်မနက်ကျရင် မြီးရှည်လုပ်ပေးလို့ ရမလား ဒေါ်ဥ"

"ရတယ် ကိုလု၊ နန်းကြီးမုန့်ဖတ် သွားဝယ်လိုက်ရုံပဲ၊ အိမ်မှာ အဆာပလာပစ္စည်းတွေက အမြဲအသင့်ရှိတာ၊ မနက်အစောကြီး ဈေးကို တစ်ချက်ပြေးလိုက်မယ်၊ လုပ် ပေးမယ် ကိုလု"

လုလင်က ထမင်းအုပ် ထမင်းပန်းကန်တွေပါသော ဗန်းနှင့်အတူ စတူဒီယိုအပြင်က သော့ခလောက်ဖွင့်၍ ဝင်လာခဲ့



www.burmeseclassic.com

www.burmeseclassic.com

ပါသည်။ ဝင်တော့လည်း ဝုန်းခနဲ အထဲကနေ ရုန်းရင်းဆန်ခတ် ဆီးလုပ်မှာစိုး၍ သတိဝီရိယနှင့် ဝင်ရပါသည်။ သို့သော် ဘာအနှောင့်အယှက်မှမရှိ။ မီးနီနီလေး ထွန်းထားသော စတူဒီယိုခန်းရဲ့ထောင့်လေးတစ်နေရာမှာ မ,က မောလျှစွာ ငြိမ်သက်ထိုင်နေပါသည်။

ငိုထားတဲ့ မ,မျက်နှာတွေဟာ မို့အစ်နေလျက် ငိုရတာလည်း မောနေပြီဖြစ်ကာ ဗိုက်ဆာတာပါပေါင်း၍ အားမရှိလှဘဲ ငိုက်မြည်းနေသလို ရှိနေသည်။

"မ, ... ထမင်းစားမယ်နော်"

"မစားဘူး"

ငြင်းလိုက်သံက အားမပါဘဲ တိုးသက်ဖျော့တော့ အားပျော့နေသည်။

"မ, အဲလိုမလုပ်ပါနဲ့ မ,၊ ကျွန်တော့်ကို စိတ်ဆင်းရဲအောင် မလုပ်ပါနဲ့နော် မ,၊ ထမင်းစားလိုက်ပါ၊ မ,ဗိုက်ဆာနေပါပြီ"

"လူယုတ်မာ"

ရန်တွေ့သံကလည်း လေသံဖျော့ဖျော့ပင်။ ညတန်ခူးဟာ ခြေကုန်လက်ပန်း ကျနေပါပြီ။ ရုန်းရင်းဆန်ခတ် ဖြစ်ရတာလည်း မဟုတ်ဘဲနှင့် ငိုကြွေးရတာရယ်၊ သောကဖိစီးရတာရယ်ကြောင့် ခွန်အားတွေ စုပ်ထုတ်ခံထားရသလို ခွေနေသည်။ စိတ်မာတ်ကျသွားရခြင်းက လူကိုဆုတ်နစ်စေသည်။ ဒီအချိန်လောက်ဆို ကြီးကြီး ငယ်ထိပ်မီးလောင်သလို ဖြစ်ပြီပေါ့။





နေ့လယ်က "ကို"နှင့် ဟိုတယ်တွေကိုစု ထွက်ကြမှာကိုသိ၍ ကို့ထံလည်း လှမ်းဆက်သွယ်မေးမြန်းပြီးရောပေါ့။ ကို,လည်းပဲ ညတန်ခူး ပျောက်ဆုံးနေတာ သိပြီပေါ့၊ သတင်းက ဘယ်နှယောက် ဘယ်နှနားသို့ ကူးစက်ပြန့်ပွားသွားပြီလဲ။ သွားပြီပေါ့။

"မ,ကို ကျွန်တော် အရမ်းချစ်လွန်းလို့ပါ မ,ရယ်"

"နင် ငါ့ကို လက်ဖျားနဲ့ထိမယ် မကြံနဲ့ လုလင်ပျို"

"မထိပါဘူး မ,၊ ကျွန်တော့်နားမှာ မ,ရှိနေတာကို ကျေနပ်ပါပြီ"

"နင်က နင့်ဆီမှာ ငါ တစ်ရက် နှစ်ရက် ရှိနေလိုက်ရင် ဘယ်နည်းနဲ့ဖြစ်ဖြစ် နင့်ကို အညံ့ခံ လက်ထပ်လိုက်ရတော့မှာပဲ၊ နာမည်ပျက်မယ့်တူတူ စိတ်ဒုံးဒုံးချလိုက်ရတော့မှာပဲလို့ မျှော်လင့်နေတာလား လုလင်ပျို ... ဟင်၊ နင် တော်တော်ယုတ်မာတဲ့ ကောင်လေးပါလား၊ နင်သိထားဖို့က ညတန်ခူးက မထူးပါဘူးဆိုပြီးတော့တော့ နင့်ကို အညံ့ခံ လက်ထပ်မယ့် မိန်းမတစ်ယောက် မဟုတ်ဘူး၊ ငါ့ကို နင် တစ်ရက် နှစ်ရက်ထက်လည်း ပိုပြီးချုပ်နှောင်ထားလို့ မရဘူး၊ တရားခံလက်သည်ဟာ နင်ပဲဖြစ်မှာပဲလို့ ကြီးကြီးရော ကို,ရော သိမှာ"

ရှိုက်သံကတုန်ကယင်နှင့် ပြောနေတဲ့ ညတန်ခူးရဲ့ စကားကို နားထောင်ရင်း လုလင် မျက်ဝန်းအိမ်ထဲ မျက်ရည်တွေ


www.burmeseclassic.com

www.burmeseclassic.com



ပြည့်လျှံလာပါသည်။ မ,အတွက် သူ ရင်နာရပါသည်။ မ,ကို သနားလှပါသည်။ မ့,ခံစားချက်ကိုလည်း နားလည်ပါသည်။ သူ မှားမှန်းလည်း သိပါသည်။ စိတ်အလိုလိုက်မိတဲ့အတွက် သူ့ဘဝ တစ်ခုလုံး စုန်းစုန်းမြုပ် နစ်သွားနိုင်တာကိုလည်း နားလည်ပြီးသား ပါ။

ဒါပေမဲ့ မ,ကို ချစ်တာကိုး။

"မ, ... ထမင်းစားလိုက်နော်၊ မ,အရမ်းဗိုက်ဆာနေပြီ၊ ကျွန်တော် သိတယ်၊ ခေါင်းတွေမူးလာလိမ့်မယ်"

"မူးပစေ"

"မ, ထမင်းစားပါ မ,ရယ်၊ ကျွန်တော် ခွံ့ကျွေးမယ်နော်၊ ကျွန်တော် မ,ကိုချစ်လွန်းလို့ပါ မ,ရယ်၊ မ, ကျွန်တော့်ကို ကြိုက်သလို အပြစ်ပေးပါ"

"နင်က ဘာကိစ္စ မျက်ရည်ကျနေရတာလဲ၊ ငိုရမှာက နင်လား ငါလား လုလင်ပျိုရဲ့ ... ဟင်"

လုလင်က ဇွန်းကို Side table အပုကလေးတစ်ခုပေါ်တင်ကာ ထမင်းပန်းကန်ထဲသို့ ထမင်းနည်းနည်း ခူးထည့်လိုက်ပါသည်။ ဒေါ်ဥလက်ရာ ဟင်းတွေက ပူနွေးမွှေးပျံ့နေသည်။ ဖွန်းနှင့် ဟင်းခပ်ထည့်ပုံကာ တစ်ခါစားပြင်နေတဲ့ လုလင်ကိုကြည့်ရင်း ဒေါသဖြစ်နေတဲ့ကြားက တန်ခူး ဗိုက်တွေဆာလောင်လှပါသည်။ ဘယ်လိုပဲဖြစ်ဖြစ် စိတ်ကောက်ပြီး မစားဘူးဆိုရင် ကိုယ့်ပဲ အားပြတ်ပြီး သူ့အနိုင်ကျင့်ချင်ရင် ပိုလွယ်ကူနေဦးမှာ။





"မ, ကျွန်တော် ခွံ့ကျွေးမယ်နော်"

"မလိုဘူး၊ ပေး ... ပန်းကန်၊ နင့်ကိုသတ်ဖို့ အားရှိအောင် စားကိုစားမှာ"

သူ့ကိုပြန်မလွှတ်တော့ဆိုတာ သိတဲ့အချိန်မှာ ဒေါသ ကြီးနှင့် လုလင်ကို ထုရိုက်ပစ်ပေါက်ခဲ့ပြီးပါပြီ။ မျက်နှာတွေ ခေါင်းတွေ နားထင်တွေကို ထိချင်ရာထိ တဖြန်းဖြန်း ချပစ်၍ လက်ဖဝါးတွေ နာကျင်ကုန်တဲ့အခါ လက်သီးဆုပ်နှင့် မီးရာကမ်း ကာ ထုပစ်ထားတာ။ ငြိမ်ထိုင်ပြီး ပေခံနေတဲ့သူကို တစ်ဖက်သတ် ဆုပ်ရတာဝင် တန်ခူးရဲ့လက်တွေ ခြေတွေ နာကျင်ကုန်တော့တာ။

ဒေါသတကြီး ထမင်းစားနေတဲ့ ညတန်ခူးကို လုလင် က ဖန်ခွက်ထဲ ရေဖြည့်ပေး၊ တစ်ရှူးအသင့်ထုတ်ပေးနှင့် အားက လုပ်ပေးနေပါသည်။ သူ ခူးထည့်ပြင်ဆင်ပေးထားတဲ့ ထမင်း တစ်ပန်းကန်ကို တန်ခူး မကုန်ပါ။ ဗိုက်ပြည့်ရုံ တစ်ဝက်လောက် စားလိုက်ပြီးတဲ့နောက် လက်စသတ်ကာ ပန်းကန်ကို ဇွန်းထဲပြန် ထည့်၊ သူ ငှဲ့ပေးထားတဲ့ရေကို ယူသောက်ပြီး သူထုတ်ပေးထား တဲ့ တစ်ရှူးကို ဆွဲယူသုတ်ကာ လုံးထွေးလွှင့်ပစ်လိုက်ပါသည်။

လုလင်က ဇွန်းကိုမ,သွားကာ စတူဒီယိုခန်းထဲက ညတန်ခူးနှင့် အဝေးဆုံးထောင့်တစ်နေရာမှာ သွားထိုင်ပြီး ညတန်ခူး ကုန်တဲ့ စားလက်စ ထမင်းပန်းကန်ကို ဆက်စားနေပါသည်။ ယ်နယ်ဖတ်ထားတဲ့ ထမင်းတွေကိုပဲ ကိုယ်စားထားလက်စရှိန်း နှင့် ဆက်စားနေတော့ ညတန်ခူးက အားနာသယောင်ဖြစ်သွားရ



www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ "တမင် အကဲပိုပြီး လုပ်ပြနေတာ"လို့ပဲ နှစ်နာအောင် တွေးပစ်လိုက်ပါသည်။

ထမင်းတွေ ထပ်ထည့်စားနေတဲ့ လုလင်ကို မျက်စောင်းလှမ်းလှမ်းထိုးနေမိသည်။ သူကတော့ စားလို့သောက်လို့ကောင်းနေတော့တာပင်။ မျက်နှာသာညှိုးနေတယ် အစားတော့ကြီးသလား မမေးနဲ့။ သူ့စတူဒီယိုရဲ့ အဲကွန်းက အေးလှ၍ ညတန်ခူးက လက်လေးပိုက် ပခုံးလေးကျုံ့ထားမိပါသည်။ ဒါကိုမြင်တဲ့ လုလင်က ရုတ်တရက်ထ,ကာ အိပ်ခန်းငယ်ထဲ ဝင်သွားပြီး နက်ပြာရောင် ဆွယ်တာပွကြီး တစ်ထည်နှင့် ပြန်ထွက်လာသည်။

"ရော့ ... မ, ဝတ်ထားလိုက်နော်"

ညတန်ခူးက ငြင်းလိုက်ချင်သော်လည်း အတော်ချမ်းနေပြီဖြစ်၍ နှာခေါင်းတောင် ပိတ်ချင်ဇနေပြီ။

"ရော့ပါ မ,၊ လျှော်ပြီးသား အသန့်ပါ၊ ဒီမှာယူထားပေမယ့် ကျွန်တော် မဝတ်ဖြစ်ပါဘူး၊ မ, အရမ်းချမ်းနေပြီ၊ အဲကွန်းလျှော့လိုက်မယ်နော်၊ ပိတ်လို့တော့ မရဘူး မ,ရယ်၊ ဒီစတူဒီယိုက အရမ်းလုံတော့ အဲကွန်းပိတ်ရင် မွန်းလာလိမ့်မယ်"

ညတန်ခူးသည် ဟန်မဆောင်နိုင်ဘဲ သူပေးထားသော ဆွယ်တာကြီးကို ယူဝတ်ထားလိုက်ပါသည်။ အေးတဲ့ဒဏ် မခံနိုင်အောင် ကြွက်တက်တတ် ခြေလက်ကတ်တတ်တဲ့ ညတန်ခူးရဲ့ ခြေချောင်း





လေးတွေဟာ အေးစက်ပြီး ကျင်လာ ကတ်လာစ,ပြုပါပြီ။ ခြေထောက်ကပ်သွားရင် အရမ်းနာတာမို့ ညတန်ခူးက ရှုံ့ရှုံ့မဲ့မဲ့နှင့် ကိုယ့်ခြေချောင်းလေးတွေကိုယ် ဖိချိုးနှိပ်ချေနေပါသည်။

"မ, ခြေထောက်တွေ ကတ်လို့လား"

တစ်ခါက အင်မတန်ချမ်းစိမ့်တဲ့ ဟိုတယ်ကြီးတစ်ခုတွင် သူတို့နှစ်ယောက် ရေခဲမုန့် တူတူသွားစားဖူးခဲ့ကာ အဲဒီတုန်းကတည်းက ညတန်ခူး ခြေထောက်ကတ်တတ်ပုံကို ကောင်းကောင်းသိသွားတဲ့ လုလင်က အဲကွန်းလျှော့ရင်း မေးလိုက်ပါသည်။

"ဟုတ်လား မ, ခြေထောက်တွေ အကြောကတ်ကုန်ပြီလား"

"မကတ်စေချင်ရင် တံခါးဖွင့်ပြီး တို့ကို အပြင်ထုတ်ပေးလိုက်ပေါ့၊ အအေးခန်းကြီးထဲ ထားထားပြီး ပျာပျာသလဲလာလုပ်မနေနဲ့"

ခြေထောက်ကနာနာ မျက်ရည်တလည်လည်နှင့်ရန်တွေ့လိုက်တဲ့အခါ လုလင်က လှစ်ခနဲ အိပ်ခန်းထဲဝင်သွားပြီး ပရုတ်ဆီပုလင်းနှင့် ပြန်ထွက်လာပြန်သည်။ ညတန်ခူးရှေ့မှာ တင်ပလ္လင်ခွေထိုင်ချလိုက်ကာ ...

"ပေး ... မ, ခြေထောက်တွေ"

"အို ... သွားပါ၊ ဘာလို့ပေးရမှာလဲ"

ညတန်ခူးက ခြေဖျားတွေကို လုံချည်ဖျားနှင့် အုပ်ထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ပရုတ်ဆီလိမ်းပေးမလို့ပါ မ,"

"မလိမ်းနဲ့၊ သွား ... မင်းအပူမပါဘူး"

လုလင်က ညတန်ခူးရဲ့ ခြေဖျားတွေကို ဆတ်ခနဲ စမ်းကာ ဆွဲယူလိုက်ပါသည်။ ညတန်ခူးက လုလင်ရဲ့ခေါင်းတည့်တည့်ကို ထုချလိုက်ရင်း ...

"ဘယ်လို ဖြစ်နေတာလဲ"

လုလင်က မဖြေပါ။ ညတန်ခူးရဲ့ ခြေချောင်းပိန်သွယ်သွယ် ဖြူဖြူလေးတွေ အေးစက်နေတာကို လက်နှင့်ဆုပ်ကာ ခြေကာ ရှိုးရင်း နှိပ်ရင်း နွေးလာအောင် လုပ်နေသည်။ ညတန်ခူးသည် ကိုယ့်ခြေဖျားနှစ်ဖက်က သူ့ဒူးပေါ် သူ့ပေါင်ပေါ်တွေမှာမို့ ခြေဆင်းရက်ပုံစံကနေ တွန့်လိန်ရုန်းနေပါသည်။ ရုန်းပေမယ့် မလွှတ်။ တဖြည်းဖြည်း နွေးကာ သွေးပူလာတဲ့ ခြေချောင်းတွေကို ပရုတ်ဆီနှင့် စိမ့်ဝင်အောင် လူးနှိပ်ပေးနေသော လုလင်ကို ကြည့်ရင်း ဘာကြောင့်မှန်းမသိ တအားဝမ်းနည်း လှိုက်လှဲလာကာ တစ်ဖက်ကို ခေါင်းလေးလှည့်ပြီး တိတ်တိတ်လေး မျက်ရည်ကျနေမိသည်။ ကျိတ်ငိုနေရာက နှာခေါင်းပိတ်လာ၍ အသက်ရှူမရတဲ့အသံကြီး ထွက်လာမှ လုလင်က အလန့်တကြားဖြစ်ကာ ...

"မ, ဘာလို့ငိုနေတာလဲ မ,၊ နာလို့လား"

"ဟင့်အင်း"

"ဘာဖြစ်လို့လဲဟင် မ,"





"တို့ကို ပြန်ပို့ပေးပါလား၊ လုလင်ရယ်၊ ခုလောက်ဆိုရင် အချိန်မီပါသေးတယ်၊ တို့ အိမ်ပြန်ပါရစေနော်"

"... ... ..."

"နော် ... လုလင်၊ မင်း မ,ကိုချစ်တာ မ,သိပါတယ်၊ ချစ်ရက်နဲ့ မ,ဒုက္ခရောက်အောင် ဘာဖြစ်လို့ လုပ်ချင်ရတာလဲ လုလင်ရယ်၊ မ,ကို ပြန်လွှတ်ပါနော်"

"မ,ကို ပြန်မလွှတ်ချင်ဘူး"

"လွှတ်ပေးပါ လုလင်ရယ်၊ မ,ပြန်ပါရစေ"

"မ, ... မ,ကို ကျွန်တော် မခွဲနိုင်ဘူး"

"လုလင် .. မ, အခုပြန်ချင်တယ်ဆိုတာ မင်းကို စိတ်ဆိုးလို့၊ စိတ်နာလို့၊ မချစ်နိုင်လို့၊ ကိုလင်းဝင်းထူးကိုချစ်လို့ လက်ထပ်ချင်လို့ တစ်ခုမှ မဟုတ်ဘူး၊ မ,တစ်သက်လုံး ဣန္ဒြေသိက္ခာရှိရှိနဲ့ မိန်းမတစ်ယောက်ရဲ့ နာမည်ဂုဏ်သိက္ခာကို နှမ်းတစ်စိတောင် မပွန်းပဲ မထိခိုက်အောင် နေလာခဲ့တာ၊ အဲဒီဂုဏ်သိက္ခာက ဒီတစ်ညနေ ဒီတစ်ရက် လုလင်ရဲ့စိတ်လိုက်မာန်ပါမှု တစ်ခုတည်းကြောင့် ပျက်စီးယိုယွင်းပြီး သူများမေးငေါ့စရာ အတင်းပြောစရာ နာမည်ပျက်နဲ့ မိန်းမတစ်ယောက်စာရင်း ဝင်သွားရမှာ ဆိုတာ စဉ်းစားကြည့်ပါဦး လုလင်ရယ်"

တကယ်တော့ တောင်းပန်တိုးလျှိုးမယ့်သာ တိုးလျှိုး နေရတာ။ ခေါ်လာပြီး သူ့ကို ဒီစတူဒီယိုလေးထဲ သော့ခတ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီးကတည်းက "မ,ကို ဘယ်တော့မှ ပြန်မပို့တော့ဘူး"လို့ သူ ပြောခဲ့ပြီးသားပါ။ ဒါပေမဲ့ ဒီအဖြစ်အပျက်ဟာ လုလင်ရဲ့ အချစ်ကြီးမှုကသာ မြစ်ဖျားခံတယ်ဆိုတာ ညတန်ခူး ယုံကြည်ထားသည်။ ဖျက်လိုဖျက်ဆီး နှောင့်လိုနှောင့်ယှက်သဘောနှင့် မဟုတ်ဘဲ လက်လွှတ်ဆုံးရှုံးမခံနိုင်တဲ့ သဘောဆိုတာ နားလည်သည်။

အချစ်ကြီးချစ်လို့ ပြုမူခဲ့တဲ့ ကိစ္စတစ်ခုကို အဲဒီအချစ်ကြောင့်ပဲ ခွင့်လွှတ်လက်လျှော့ပေးဖို့ နားချစည်းရုံးကြည့်တာပါ။ သူ့ခြေရှောင်းတွေကို နှိပ်နယ်ရင်း ခေါင်းကိုငိုက်စိုက်ချ၍ မျက်ရည်ပေါက်တွေ တွင်တွင်စီးကျလာတဲ့ လုလင်ကို အံ့သြကြင်နာစွာ စိုက်ငေးကြည့်နေမိပါသည်။

"လုလင် ... ရပြီ၊ မ,သက်သာပြီ"

"မ, ... မ, ...၊ မ,ကို ကျွန်တော် မခွဲနိုင်ဘူး၊ မခွဲချင်ဘူး မ,နဲ့ မဝေးချင်ဘူး"

"မ, မင်းကို နားလည်ပါတယ် လုလင်ရယ်"

"နားလည်ရုံပဲလား၊ ကျွန်တော့်ကို နည်းနည်းကလေးတောင် မချစ်နိုင်ဘူးလား မ, ... ဟင်၊ ကျွန်တော့်အချစ်ကို နည်းနည်းကလေးတောင် မတုံ့ပြန်နိုင်ဘူး မဟုတ်လား၊ စာရင်းထဲတောင် မထည့်ဘူး မဟုတ်လား"

"လုလင် ... မင်း ယုံချင်မှယုံပါ။ မ, မင်းကို သံယောဇဉ်ရှိပါတယ်၊ ခုလိုလုပ်တာအပေါ် တအားစိတ်ဆိုးနေတဲ့ကြား





ကပဲ မင်းကို ကိုယ်ချင်းစာနိုင်ပြီး ကရုဏာသက်နေတာပါ၊ တကယ်ဆိုရင် မင်း ခုန ထမင်းသွားယူနေတုန်းက မင်း အိပ်ခန်းပြတင်းပေါက်ကိုဖွင့်ပြီး တို့ အော်ဟစ်လို့ ရပါတယ်၊ လွတ်အောင်ပြေးလို့ မရပေမယ့် အနီးအနားကကြားအောင်တော့ အော်လို့ရပါတယ်၊ မ,အိမ်ပဲပြန်ချင်တာ၊ မင်းကို အပြစ်တစ်ခုခု မရစေချင်ဘူး၊ အိမ်ကိုလည်း မ,ရဲ့ဂုဏ်သိက္ခာအတွက် သက်သက်ပြန်ချင်တာပါ၊ ရှန်းရင်းဆန်ခတ်နဲ့ လူသိရှင်ကြားဖြစ်ပြီး မင်းမှာ ပြစ်ဒဏ်တစ်ခုခုဖြစ်မှာမျိုးလည်း မ,မဖြစ်စေချင်ဘူး ...

မင်းကို မ,မမုန်းပါဘူး လုလင်ရယ်၊ သံယောဇဉ်တွယ်ပါတယ်၊ အရင်လူရှိပြီးခဲ့တာမို့ပါ၊ မင်းနဲ့နောက်ကျမှတွေ့ရတာမို့ပါ"

ပခုံးကလေး တုန်ခါကာ မျက်နှာကို လက်ဝါးနှစ်ဖက်အုပ်၍ ငိုရှိုက်နေသော ညတန်ခူးကို လုလင်က အငိုမျက်လုံးကြီးတွေနှင့် စိုက်ကြည့်နေပါသည်။ ဟင့်အင်း ...။ မ,ကိုဒီမှာ ရက်ပေါင်းများစွာအထိ ထားမလို့။ မ,ဟိုလူကို မေ့သွားတဲ့အထိ ထားမလို့။ မ, ကျွန်တော့်ကို ပြန်ချစ်လာနိုင်တဲ့အထိ ထားမလို့။

လုလင်သည် နံရံမှာ ပုံကြီးချဲ့၍ ချိတ်ထားသော မ,ရဲ့ဓာတ်ပုံကို လှမ်းကြည့်နေမိသည်။ မ,ကို စ,တွေ့တဲ့နေ့က ရိုက်ထားတာလေ။ မြင်မြင်ချင်းပဲ အရမ်းကိုချစ်မြတ်နိုးသွားမိတဲ့ စိတ်နဲ့ ရိုက်ထားတာလေ။ အင်္ကျီဖြူကလေးနဲ့။ ကျောင်းတာမှာ



www.burmeseclassic.com

www.burmeseclassic.com



တံတောင်ဆစ်နှစ်ဖက်ထောက်ပြီး လက်ချောင်းလေးတွေချင်း ပတ္တာချိတ် မေးကိုထောက်ပြီး ခပ်တင်းတင်းလေး မော့နေတဲ့ ပုံစံလေးက အမှတ်တမဲ့ ရိုက်ယူတယ် မထင်ရအောင် တမင်ဆင်ထားတဲ့ အမူအရာလို့ ထင်ရအောင်လို့ တင့်တယ်ကြော့မော့နေတာ။

ဆိုင်စတူဒီယိုထောင့်က ပန်းအိုးနဲ့ချထားတဲ့ ဝါးပင်အတုရဲ့ အရွက်ကလေးတွေကြားကနေ နိုးဝှက်ချိန်ပြီး ရိုက်ထားတာဖြစ်တဲ့အတွက် ရှေ့မှာ ဝါးရွက်လေးတွေရဲ့ အရိပ်ဝါးဝါးလေးတွေက မသဲမကွဲကွယ်ကာ တယ်လီနဲ့ ဆွဲထားတဲ့ မ,ရဲ့ခန္ဓာကိုယ်တစ်ပိုင်းပုံလေးက တစ်ခုခုကို တွေးငေးနေတဲ့အလား ဒဏ္ဍာရီဆန်လှသည်။

ကျွန်တော့်ဘဝတစ်ခုလုံးကို စိုးမိုးထားတဲ့ အဲဒီ မ,ကို ကျွန်တော် ဘယ်လိုမေ့လို့ ရပါမလဲ မ,ရယ်။

"နော် ... လုလင်၊ မ,ကို ... ပြန်ပို့မယ် မဟုတ်လား ဟင်"

"မ,ကို ကျွန်တော် ပြန်ပို့လိုက်ရင် မ,က ဒေါက်တာလင်းဝင်းထွူးနဲ့ အမြန်ဆုံး မင်္ဂလာဆောင်လိုက်မှာပေါ့၊ ဟုတ်တယ်မဟုတ်လား"

"... ... ..."

"ကျွန်တော်နဲ့ အပြီးဝေးပြီပေါ့"

"တို့တွေ မိတ်ဆွေသူငယ်ချင်းတွေလို နေလို့ရပါသေးတယ် လုလင်ရယ်"





"မရပါဘူး မ,၊ အဲသလိုတောင်နေဖို့ မဖြစ်နိုင်ပါဘူး၊ မ,ရဲ့ ဒေါက်တာလင်းဝင်းထွူးက ခွင့်ပြုမှာမို့လို့လား၊ မ,ကို ဒီကပြန်ခွင့်ပေးလိုက်တာနဲ့ ကျွန်တော်နဲ့မ, အပြီးဝေးပြီ"

ညတန်ခူးသည် ရုတ်တရက် အဖြေပြန်မပေးနိုင်။ ငိုင်သွားပါသည်။ လုလင်စကားက အမှန်ပင်။ ကိုက ဘယ်လိုလုပ်ပြီး လုလင်နှင့် ဆက်ဆံခွင့် ပေးမှာတဲ့လဲ။ ညတန်ခူးက အတွေးနက်နက်နှင့် ငြိမ်သက်ငိုင်တွေးနေမိသည်။ ဘယ်လိုပင်ဖြစ်စေ ညတန်ခူး အနှစ်နှစ် အလလ စိတ်တိုင်းကျ ရည်ရွယ်တည်ဆောက်ထားတဲ့ အနာဂတ်ဟာ တစ်နေ့သောအခါ ပွဲတက်ဖို့ကမ်းလာတဲ့ ဖိတ်စာတွေရဲ့အပေါ်မှာ ...

"သမားတော်ကြီး ဒေါက်တာလင်းဝင်းထွူး + ဒေါ်ညတန်ခူး (မိဖုရားရတနာစိန်တိုက်)" ... ဆိုတဲ့ ဂုဏ်သရေရှိ စာတန်းလေးကို မြင်ခွင့်ရမယ့် လူတကာအားကျမက်မောရသော ဂုဏ်သရေရှိ စုံတွဲအဖြစ်ကိုပဲ မဟုတ်လား။ သမားတော်လင်ယောကျ်ားက ချစ်လိုဖွာ် အလိုလိုက်လိုက် ဖူးဖူးမှုတ်ထားလိုက်တာ ဆတ်ဆတ်ကိုတုန်လို့ ဆိုတဲ့ အမွှန်းတင်မှုမျိုးကို ဆောင်ယူလာစေမည့်ဘဝ။ မျှော်လင့်ခဲ့သလိုလည်း ဖြစ်ခဲ့တာပဲ မဟုတ်လား။

လုလင်ရဲ့စတူဒီယိုနံရံပေါ်က ပုံစံအမျိုးစုံသော သူ့ဓာတ်ပုံများကိုတော့ တပ်မက်စွာ လိုချင်ရူးသွပ်သားပင်။ လုလင်ကလည်း ဒါတွေကိုပေးမလို့လိုပဲ ညာခေါ်လာတာ။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်မှာ ရွေးစရာလမ်းနှစ်လမ်း ရှိတယ် မ,၊ တစ်လမ်းက ကျွန်တော် စိတ်ချမ်းသာရမယ့်လမ်း၊ နောက်တစ်လမ်းက မ,စိတ်ချမ်းသာရမယ့်လမ်းပေါ့၊ မ,မှာလည်း ဒီလိုပဲ၊ မ,စိတ်ချမ်းသာဖို့လမ်းနဲ့ ကျွန်တော် စိတ်ချမ်းသာဖို့လမ်း။ တကယ်တမ်းကျတော့ မ,ရယ် ..."

လုလင်ရဲ့မျက်ဝန်းဟာ မျက်ရည်တို့နှင့် စိုရွှဲတောက်လက်နေပါသည်။

♥ ♣ ♥





"ကိုလု"

အိမ်ပေါ်က အလန့်တကြား ပြေးဆင်းလာတဲ့ တာရာကို သူ မရှောင်လွှဲနိုင်တော့ပါ။

"ကျွန်တော် ကိုလုကိုကြည့်ပြီး တစ်ခုခုပဲလို့ ထင်နေတာ၊ ကိုလု တစ်ခုခုကို ကြေကွဲနေသလိုပဲ တအားခံစားနေရသလိုပဲလို့၊ တစ်ခုခုတော့ ဖြစ်နေတယ်လို့ စိတ်ထင့်နေတာနဲ့ ကိုလုဆီ လာရင်ကောင်းမလားလို့ အိပ်ခန်းပြတင်းပေါက်ကနေ လှမ်းကြည့်နေတာ"

တာရာသည် လုလင်ရဲ့ဆွယ်တာပွကြီး ဝတ်ထားတဲ့ ညတန်ရှူးကို ကြည့်ကာ ...

"အစ်မ ...၊ ကိုလုနဲ့ အစ်မနဲ့ ..."

လုလင်က ပေါ်တီကိုအောက်က အုတ်ခုံလေးမှာထိုင်ကာ အသက်ဝိညာဉ်ကင်းမဲ့နေသူလို ဆွေးဆွေးမြည့်မြည့် ငြိမ်သက်နေပါသည်။

"အစ်မ ... ဘယ်တုန်းက ..."



www.burmeseclassic.com

www.burmeseclassic.com



"တာရာ ... ဘာမှမမေးပါနဲ့ကွာ"

လုလင့်ရဲ့တားမြစ်သံဟာ လေးတွဲ့တိုးထိတ်နေသည်။

"ဖုန်းဆက်မယ်ဆို၊ ရောလေ ... မ,"

ညတန်ခူးက လုလင် လှမ်းပေးတဲ့ဖုန်းကို ယူလိုက်ပါသည်။

"အစ်မ ... အစ်မ ... ကိုလုနဲ့လိုက်လာတာပေါ့နော်၊ ကိုလုကို ရွေးချယ်လိုက်တာပေါ့၊ အဲသလိုဟုတ်တယ်ရဲ့လား၊ ကိုလုရော အစ်မရော မျက်နှာမကောင်းပါလား၊ ဘာဖြစ်လို့ ..."

"တာရာ"

တာရာက နှုတ်ဆိတ်သွားပြီး လုလင်ကို ဇဝေဇဝါ လှည့်ကြည့်နေပါသည်။ ကိုလု တစ်ခုခုတော့ တစ်ခုခုပဲလို့ စိတ်ထဲက ထင်နေမိတဲ့အတွက် ကိုလုထံသွားဖို့ ချိုတုံချတုံ ဖြစ်နေတာ။ ပြတင်းပေါက်မှ စတူဒီယိုဘက် လှမ်းကြည့်နေမိတုန်း ကိုလုနှင့် မိဖုရားတို့ အတူထွက်လာတာကို လှမ်းမြင်ခဲ့ရတာပါ။

အချိန်က ညကိုးနာရီထိုးဖို့ မိနစ်အနည်းငယ်။

အသာတကြည် ပခုံးချင်းယှဉ် လျှောက်လာရင်းက လုလင်ကို တစ်ချက် တစ်ချက် စာစာနာနာလေး လှည့်ငေးကြည့်တဲ့ ညတန်ခူးရဲ့ကြင်နာသော အကြည့်များကို တွေ့ရတဲ့အခါ တအံ့တသြ ဝမ်းသာအားရနှင့် တစ်ခုတည်းကိုပဲ ဦးတည်တွေးလိုက်မိပြီး သူပါ ရောနှောရင်ခုန်စွာ အိမ်ပေါ်က အပြေးဆင်းလာခဲ့တာပါ။





ညတန်ခူးက ဖုန်းကိုနှိပ်လိုက်ပါသည်။

"ဟယ်လို"

"မွှယာ"

"ဟဲ့ ... တန်ခူးလား၊ ဒါ ဘယ်သူ့ဖုန်းလဲ"

"သူများဖုန်းပါ၊ ငါပြောတာ နားထောင်၊ နင် အခုအားလား"

"ငါ ခုပဲ အိမ်ပြန်ရောက်တာ၊ ငါပြောတာကို နင်အရင်နားထောင်၊ အိမ်ကို နင့်ကြီးကြီး ဖုန်းဆက်ထားတယ်၊ တော်သေးတာက ငါ့ဟဲန်းဒ်ဖုန်း ငါပါမသွားပေလို့ပေါ့၊ ငါ့တူလေးက ခဏယူသုံးချင်လို့ ပေးထားခဲ့တာ၊ ဒီတော့ ကြီးကြီးဆက်တာ ငါနဲ့မဆုံဘူး၊ ငါ့တူနဲ့တွေ့တော့ ငါ့တူက သူ ငါ့ဖုန်းယူပြီး အပြင်မှာ၊ ငါတော့ ဘယ်မှာလဲ မသိဘူးလို့ ပြောလိုက်တယ်၊ အဲဒါနဲ့ ကြီးကြီးက အိမ်ကိုဆက်ရော ...

ဒီတော့ အိမ်ကလူတွေကလည်း ငါမရှိဘူးပေါ့၊ အဲဒါနဲ့ ကြီးကြီးက မွှယာနဲ့တူတူ တန်ခူးရော ပါသွားလားလို့ မေးတယ်၊ အိမ်ကလည်း မသိဘူးလို့ ဖြေလိုက်ကြတယ်။ သူတို့လည်း တကယ်မသိဘူးလေ၊ အဲဒါ ကြီးကြီးက ငါပြန်ရောက်ရောက်ချင်း သူ့ဆီဆက်ပါလို့ ပြောသွားတယ်၊ ငါကလည်း ခုပဲရောက်တာ၊ ငါးမိနစ်ပဲ ရှိသေးတယ်"

"နင်က ဘယ်သွားနေတာလဲ ခုချိန်ထိ"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ငါက ငါ့သူငယ်ချင်း အိမ်တစ်အိမ် နိုင်ငံခြားသား ငှားတဲ့ကိစ္စ ဝင်ဆောင်ရွက်ပေးနေတာ၊ ပွဲခရုရှာယ်ဟဲ့ အလုပ်လုပ်နေတာ၊ နိုင်ငံခြားသားက ညဘက်မှအားလို့ စကားပြောတာ ဆိုတာ ညှိတာတွေ ညဘက်မှပဲ တွေ့ရ တာ၊ ငါ့ကို စစ်ဆေးမနေနဲ့၊ နင်ကကော ဒီအချိန်ထိ ဘယ်ကိုရောက်နေတာလဲ"

"မှုယာ ... နင် ကြီးကြီးကို ဘာမှမပြောရသေးဘူးနော်"

"ဟင့်အင်း"

"ဒါဖြင့် အခု ပြန်ထွက်လာပြီး ငါ့ကို လာခေါ်စမ်းပါဟယ်"

"အောင်မယ်လေးတော်၊ ဒီအချိန်ကြီး ဘယ်ကိုပြန်ထွက်လာ ရမှာလဲ၊ ငါ့အမေ အော်မှာပေါ့"

"ငါ့ကိစ္စလို့ ပြောလိုက်ဟာ"

"နင့်ရဲ့ဘာကိစ္စလဲ"

"ကြည့်ပြောခဲ့ဟာ၊ နင် ခုချက်ချင်းလာပြီး ငါ့ကိုအိမ်ပြန် ပို့ပါ၊ ဒါမှ ငါ တစ်နေ့ကုန် နင့်နဲ့ရှိနေတဲ့ပုံစံ ပြောလို့ရမှာ"

"နင်က တစ်နေ့ကုန် ဘယ်သူနဲ့ရှိနေလို့လဲ"

"နင် အားလုံးသိရမှာပေါ့ဟယ်၊ အခုလာပါ၊ ငါ့ကို ကူညီ နိုင်တာ နင်ပဲရှိတာ"

"နင် ဘယ်ရောက်နေလဲ ကြီးကြီးလည်း မသိဘူးပေါ့ တစ်ခုခုလုပ်ချင်ရင်လည်း ဘာလို့ ကြီးကြီးကို ဖုန်းဆက် ရှီးမထားလဲ"





"ငါ့ဖုန်းလည်း ကျန်ခဲ့တယ်၊ မမျှော်လင့်ဘဲ ဒီအထိရောက် လာတာပါ၊ လိပ်စာက ခြိမ်နံပါတ်(---)ရွှေတောင်ကြား၊ အိမ်ရှာရတာ လွယ်ပါတယ်၊ လမ်းမပေါ်မှာပဲ၊ နင်အခုလာ ခေါ်ပါ မှုယာ၊ ငါ နင်နဲ့အတူတူ အိမ်ပြန်ဝင်မှဖြစ်မယ်၊ ဒီကျမှ ပြောတော့"

မှုယာတို့အိမ်က မဝေးလှ၍ သိပ်မကြာလှခင်ပဲ ဆူပါဆလွန်းကားလေးမောင်းလျက် မှုယာ ဇဝေဇဝါနှင့် ရောက်ချ လာပါသည်။ ခြံထဲ မှုယာ့ကား မောင်းဝင်လာချိန်မှာ ပေါ်တီကို အောက်က လေ့ကားထစ်မှာ ညတန်ရူး၊ အုတ်ခုံလေးမှာ လုလင်။ ကားကိုမှီရပ်လျက် တာရာတို့ကို ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်သက် လျက် တွေ့ရပါသည်။

"တန်ရူး ... နင်က လုလင်နဲ့ ဘယ်လိုလုပ်ပြီး ဒီအချိန်ထိ ရှိနေတာလဲ၊ နင်တို့ ဖိတ်စာတောင်မှ တစ်ခြမ်းဖြည့်ဖို့ပဲ လိုတော့တာ မဟုတ်လား၊ ဟိုတယ်ပဲ မသေချာသေးတာ ဆို"

မှုယာ အံ့အားတသင့် အမေးကို တန်ရူးက တုံ့ဏှို ဘာဝေ ငြိမ်သက်နေပါသည်။

"ဟဲ့ ... နင် ဘယ်လိုဖြစ်တာလဲ၊ ဘာတွေလဲဟာ၊ ကိုလင်း ဝင်းထူး ပြန်သိသွားရင် ဘယ်ကောင်းမလဲ၊ ခုလောက်ဆို ကြီးကြီးက သူ့ဆီလည်းဆက်ပြီး မေးမှာပဲလေ"



www.burmeseclassic.com

www.burmeseclassic.com

သေချာပါသည်။ မနက်က ကိုနဲ့ဟိုတယ်တွေသွားကြမည်ဆိုတာ ကြီးကြီး အသိပဲဟာ။ ညတန်ခူး အိမ်ပြန်ရောက်လာပြီး မကြာခင် ဒီနားခုဏဆိုပြီး ပြန်ထွက်သွားတယ်ဆိုတာပဲ အိမ်ကကောင်မလေးတွေ ပြောနိုင်မှာမို့ ကိုနဲ့ပဲ ထပ်သွားစရာရှိလို့လားဆိုပြီး ကြီးကြီး ထင်နိုင်တာပင်။

ကိုလည်း တန်ခူး ဘယ်ရောက်နေမှန်း မသိတာ သိနေလောက်ပါပြီ။

"ငါနဲ့လျှောက်သွားနေတယ်ဆိုလည်း ငါနဲ့သွားမှန်း ကြီးကြီး မသိဘဲ ညအထိဖြစ်လာတယ်ဆိုတာ ယုတ္တိရှိရဲ့လား၊ ပုံမှန်ဆိုရင် နောက်ကျမယ်ဆိုရင် နင့် အိမ်ကိုလှမ်းပြောမှာပဲလေ၊ ဘယ်သူနဲ့ ဘယ်သွားနေတယ်ဆိုတာ ကြီးကြီးသိမှာပဲလေ၊ ဒီမေးခွန်းတွေအတွက် ကိုလင်းဝင်းထူးကို နင် ဘာ Reason တွေ ပေးမလဲ"

"Reason ပေးလို့ ရပါတယ်၊ ငါနဲ့သူ မနက်က ဟိုတယ်တွေလိုက်ရွေးရင်း စကားများကြသေးတယ်၊ အဲဒီအတွက် စိတ်တိုလို့ တမင်တကာ သူ စိတ်ပူအောင် ဘာမှအကြောင်းမကြားဘဲ နင့်နောက် လျှောက်လိုက်နေတာလို့ပြောမယ်"

လုလင်က မ,ကိုလှမ်းကြည့်လိုက်မိပါသည်။ ဟိုတယ်ရွေးရင်း ငြင်းခုန်စကားများနေရသေးတာတဲ့လား။ ဒီလူဟာ မ,ကို ဘယ်လိုကိစ္စမျိုးမှာကျမှပဲ ဦးစားပေး အလိုလိုက်တော့မှာပါလိမ့်။





"သြော် … နင်က ကိုလင်းဝင်းထူးကို စိတ်တိုပြီး လုလင်နဲ့ လိုက်လာတယ်ပေါ့ … ဟုတ်လား၊ တန်ခူးနော်၊ နင် တော်တော်ဆိုးနေပြီ၊ ဟိုအရင်ကတည်းက ငါ နင့်ကို ဘာပြောရလဲ၊ အရွဲ့မတိုက်ပါနဲ့၊ ကိုယ့်စိတ်ကိုယ်မနိုင်ဘဲ ဘယ်သူ့မှ အကျိုးမရှိမယ့်အလုပ် မလုပ်စမ်းပါနဲ့လို့ တားခဲ့ရက်နဲ့ဟယ်၊ နင် ဒါမျိုး ဘယ်တော့ထိ လုပ်နေမှာလဲ၊ ယူပြီးရင်ကော … ကဲ၊ နင်နဲ့ ကိုလင်းဝင်းထူး လင်မယားရန်ဖြစ်ရင် လုလင်ဆီ ပြေးလာဦးမှာပဲလား၊ တကယ်ပဲ၊ နင့်ကို အဲလိုဖွတ်တရွတ်မ, အရွဲ့မ,လို့ ငါသိတောင်သိမထားဘူး၊ ဘာတွေလျှောက်လျှောက်လုပ်နေတာလဲ၊ ဒီဘက်ကလူကိုလည်း ထည့်တွက်ဦးမှပေါ့ဟဲ့၊ နင် ဆော့ကစားနေပုံနဲ့ လုလင်လည်း နင်နဲ့ပတ်သက်တဲ့ဒဏ်ရာ ဘယ်တော့ကျက်တော့မလဲ …

နင် ဒီလို မိုက်မဲတာမျိုးကို ငါမကူညီချင်ဘူး သိရဲ့လား၊ ကျွတ် … တကယ်ပဲ"

မူယာသည် ညတန်ခူးကို တကယ်ပဲ စိတ်ပျက်လက်ပျားခါပုံနှင့် ညည်းညူနေပါသည်။

"မမူယာ … မ,အပြစ် မဟုတ်ပါဘူး၊ မ, ဘာမှမလုပ်ပါဘူး၊ ကျွန်တော့်အပြစ်ပါ"

"ရှင့်အပြစ်က ဘာလဲ"


www.burmeseclassic.com

www.burmeseclassic.com



"မ,ကို ကျွန်တော် အတင်းခေါ်လာတာ"

"ရှင်"

"ဟင်"

တာရာပါ အံ့အားသင့်သွားရတာဖြစ်သည်။

"ဟုတ်တယ်ဗျ၊ ကျွန်တော် မ,ကို စတူဒီယိုထဲမှာ တစ်နေကုန်ပိတ်ထားတာပါ"

"ဘာ"

"အခုမှ မ,ကို အရမ်းသနားလို့၊ မ,ရဲ့ဣန္ဒြေသိက္ခာ၊ မ,ရဲ့ သန့်ရှင်းတဲ့ ဂုဏ်ဒြပ်ပေါ်မှာ အစွန်းအထင်း အဖြစ်မခံစေချင်တော့လို့ မ,တောင်းပန်လို့ ကျွန်တော် ပြန်လွှတ်ပေးဖို့ သဘောတူလိုက်တာပါ"

"ဘာပြောတယ်၊ မင်း ... မိန်းမတစ်ယောက်ကို သဘောမတူဘဲ ဒီလို လုပ်ချင်တိုင်းလုပ်လို့ ရလား၊ ကြည့်စမ်း ... ဒါကြောင့် တန်ခူးရုပ်က ငိုထားတာ သိသာနေတာ၊ မင်း အကျင့်သိပ်ယုတ်ပါလား၊ တန်ခူး ... ဒီကိစ္စကို ရဲတိုင်ပစ်ရမှာ၊ နင် ဘာငြိမ်နေတာလဲ၊ ဖုံးဖိလိုက်ရမှာ မဟုတ်ဘူး၊ ရဲကိုသွားတိုင်ရမယ် ... လာ"

"ဟင့်အင်း"

"ဘာဟင့်အင်းလဲ၊ နင် ဘာဖြစ်နေတာလဲ၊ နင့်ကို သူဘာလုပ်သေးလဲ တန်ခူး ... ဟင်"





"ဘာမှမလုပ်ပါဘူး မှုယာ၊ သူ ဘာမှမလုပ်ပါဘူး"

"မမှုယာ ... အခုကိစ္စကို ကိုလင်းဝင်းထူး မသိပါစေနဲ့နော်"

"ဒါ မင်း ပြောစရာ မလိုပါဘူး၊ တောက် ... မင်းအတော်ရမ်းကားတာပဲ၊ လာ ... တန်ခူး၊ ကြာလိုက်တာ၊ ကားပေါ်ချက်ချင်းတက်၊ ပြန်မယ်"

မှုယာသည် အတော်ဒေါသထွက်သွားပုံနှင့် ဒီခြံမြေထဲ ဆက်ရပ်မနေချင်တော့သလို ဝုန်းဒိုင်းနှင့် ကားပေါ်တက်သွားပါသည်။ တန်ခူးက လုလင်ကို တစ်ချက်ကြည့်သည်။ ဒူးပေါ် တံတောင်ဆစ်တင်ပြီး လက်ချောင်းများကြားထဲ မျက်နှာကို တစ်ဝက်တစ်ပျက် ထည့်ထားတဲ့ လုလင်ရဲ့မျက်ဝန်းအစုံက လက်ချောင်းများမှလွတ်ကာ တန်ခူးကို ကြေကြေကွဲကွဲ မျက်ရည်လည်ကာ စိုက်ကြည့်နေပါသည်။

ဤအကြည့်ဆူးသည် ညတန်ခူးရဲ့ရင်ကို သိမ်သိမ်မွေ့မွေ့ကလေး ထိုးခွဲဝင်ကာ တဆုံးထိ နစ်ဝင်ထိုးစိုက်နေလေသည်။ အဲဒီနေရာကို အစ်စုံတစ်ရာက ဆုပ်ညှစ်တုံ့ဆွဲထားသလို ဖြစ်ကာ ချာခနဲ လှည့်ထွက်လိုက်ဖို့ ရင်ထဲမှာ နာကျင်နေလေသည်။

"မ, ကျွန်တော် စိတ်လိုက်မာန်ပါ လုပ်ခဲ့မိတာအတွက် တောင်းပန်ပါတယ်၊ မ,ဓာတ်ပုံတွေ မ,ဆီပို့လိုက်မယ်၊ ပြီးတော့ ဖုန်းထဲက မက်ဆေ့ချ်တွေလည်း အားလုံးဖျက်ပစ်လိုက်ပါမယ် မ,"



www.burmeseclassic.com

www.burmeseclassic.com



"မ,သွားပြီ လုလင်"

လုလင်သည် ခေါင်းတောင်ပြန်မညိတ်နိုင်ဘဲ ရင်ထဲဆို့နစ်ကျပ်သိပ်ပြီး မ,ကို ငေးသာကြည့်နေနိုင်ပါသည်။ ညတန်ခူးသည် အသံတွေ တုန်ယင်လာကာ ...

"တာရာ ... သူ့ကို အားပေးလိုက်ပါကွာ"

ညတန်ခူးနှင့် လုလင်ကို တစ်လှည့်စီကြည့်ကာ တာရာ မကျေမချမ်းနှင့် ခေါင်းတွေပင် ကိုက်လာသည်။

♥ ♣ ♥





## ၁၄

ကြီးကြီးက လင်းဝင်းထူးဆီ ဖုန်းဆက်လိုက်လို့ ပြောပေမယ့် ထိုညက တန်ခူးက မဆက်ခဲ့ပါ။ စက်ဆိုအများပါ မှာစိုးတာလည်း တစ်ချက်အပြင် အဓိက,က သူနဲ့စကားမပြောချင်တာ။ စကားမပြောချင်ရတဲ့ အကြောင်းမှာ လင်းဝင်းထူးနှင့်စကားပြောဖြစ်လျှင် စိတ်တိုရမှာ သေချာနေကာ အဲသလို စိတ်တိုလိုက်ရတဲ့အတွက် လောလောဆယ် ရင်ထဲမှာ နင့်သိပ်နေတဲ့ ခံစားချက်ကလေး ပျက်စီးပျောက်ဆုံးသွားမှာကို နှမြောဍ်တည်း။

ဟိုတုန်းကတော့ ဒေါသလည်း ထွက်နေခဲ့သေး၍ ကြည်နူးခံစားလို့ မရခဲ့တဲ့ ခံစားချက်လေးတွေက ညအိပ်ရာထဲ ရောက်မှ အညင်အသာ လူးလွန့်တိုးဝင်လာပါသည်။ အပြုအမူတစ်ခုချင်းတိုင်းစီရဲ့ ယုယကြင်နာမှုလေးတွေကို သတိတရ ပြန်တွေးကြည့်မိတဲ့အခါ သက်ပြင်းငွေ့ငွေ့ကျမိရင်း လုလင်ကို သနားမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြီးကြီးက သူ စိတ်ပူအောင် လုပ်ရကောင်းလားလို့ တဖျစ်တောက်တောက်လုပ်ရင်း ...

"ညည်းသတို့သားကြီးဆီလည်း လှမ်းဆက်ဦးမှပေါ့၊ ပြန်ရောက်ပြီဆိုတာ"

"မဆက်ချင်ပါဘူး၊ မနက်က စိတ်တိုပြီး လမ်းခွဲလိုက်ကြတဲ့ဟာ။ အခု ကြီးကြီးပြောလို့ တန်ခူး ဘယ်သွားနေမှန်း သူ မသိသေးဘူးလေ၊ သူစိတ်ပူရင် ပြန်ရောက်ပြီလားဆိုတာ သူ ဖုန်းလှမ်းဆက်မေးမှာပေါ့၊ သူတောင် စိတ်မပူလို့ လှမ်းမမေးတာကို တန်ခူးက ပြန်ရောက်ပါပြီလို့ လှမ်းပြောဖို့ မလိုဘူး ထင်ပါတယ် ကြီးကြီးရယ်"

"ကျုပ်ကလည်း ညည်းတို့ချင်း ဒီလိုပဋိပက္ခရှိမှန်း မသိလို့ သာ သူ့ဆီဆက်မိတာပါနော်၊ သိလို့ကတော့ မဆက်သေးဘူး၊ အကြောင်းကြောင်းကို ထောက်နေရသေးလို့သာပေါ့လေ၊ နို့မို့လို့တော့ ညည်းရဲ့လင်းဝင်းထူးကို သိပ်ကြည့်လို့ မရချင်ဘူး၊ သူ့အမေတွေ အစ်မတွေက သူတို့မောင် အနေအထားအပေါ်မှာ မောက်မာသွားတာ ပြောင်းလဲသွားတာ မရှိကြရှာဘူး၊ သူကိုယ်တိုင်ကတော့ ကြီးကြီးကို စကားပြောတဲ့ ဆိုတဲ့ လေယူလေသိမ်းကအစ ပြောင်းလဲသွားပြီ သမီး"

နောက်နေ့မနက်မှာတော့ ညတန်ခူးက အပြင်သွားဖို့ အသင့်တော့ ပြင်ထားလိုက်ပါသည်။ ပုံမှန်အတိုင်းဆို ဒီနေ့



ဟာ ပလာဇာအပေါ်ထပ်မှာ ခုတင်နှင့် မှန်တင်ခုံ သွားရွေးချယ်မည်မြဲနေ့ပါ။ ဆယ်နာရီမှ ဆယ့်နှစ်နာရီခွဲလောက်အထိ လင်းဝင်းထူး အချိန်ရသည်။ သူလာရင်လည်းလာ မလာရင်လည်း ကိုယ့်ဟာကိုယ် သွားကြည့်နှင့်မည်လို့ စဉ်းစားထားကာ အသင့်ပြင်ထားတဲ့ တန်ခူးထံ ကိုးနာရီမှာ ဖုန်းဝင်လာပါသည်။

"ဟယ်လို"ထူးလိုက်တာနှင့် ...

"ညက ဘယ်လိုဖြစ်တာလဲ"

"ဘယ်လိုဖြစ်လို့လဲ"

"မိုးချုပ်တဲ့အထိ ကြီးကြီး လိုက်ရှာဖွေ ဆက်သွယ်နေတာလေ၊ ဖုန်းလည်း ထားခဲ့တယ်ဆို၊ ဘယ်သွားတာလဲ"

"မှုယာနဲ့ လိုက်သွားတာ"

"ဒါများ ကြီးကြီးကို ပြောမသွားဘူးလား"

"မပြောသွားဖြစ်ဘူး"

"ဘာတွေအရေးကြီးလို့လဲ"

"အရေးမကြီးပါဘူး၊ ဒီလိုပါပဲ၊ စိတ်နဲ့လူနဲ့ သိပ်မကပ်လို့ပါ"

"တန်ခူး ဘာကိုဆိုလိုတာလဲ၊ ခုလည်း လေသံကတစ်မျိုးပဲ၊ ဒီနေ့ရော သွားဖြစ်ဦးမှာလား"

"သွားဖြစ်ပါတယ်၊ တန်ခူးက အဆင်သင့်တောင် ပြင်ထားတယ်၊ ကို့ လာဖြစ်မလာဖြစ် မသေချာလို့ ဆောင့်နေတာ၊ ကို့မလာဖြစ်ရင်တောင် တန်ခူးဘာသာ ပလာဇာ သွားတော့မလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် အခုစောင့်နေ၊ ကိုယ်လာခဲ့မယ်"

နာရီဝက်လောက်အကြာမှာ လင်းဝင်းထူး ရောက်လာပါသည်။ မနေ့ကတော့ သူ့ဆေးရုံကို တန်ခူးကသွားခေါ်တာ။ ဒီနေ့တော့ သူ မနက်တစ်ပိုင်းလုံးအားကာ ဒီကအပြန်မှ ဆေးရုံသွားမှာဖြစ်သည်။

"ကိုကားနဲ့ လိုက်ရမှာလား၊ ကိုကားထားခဲ့ပြီး တန်ခူးကားနဲ့ သွားမလား"

"ကိုကားနဲ့ပဲ လိုက်ခဲ့တော့ပေါ့၊ ကားပြန်ယူရင်လည်း ဒီပဲပြန်ဝင်၊ တန်ခူးကို လိုက်ပို့ရင်လည်း ဒီပြန်ဝင်၊ ဘာမှ မထူးပါဘူး"

နှစ်ယောက်သားလုံးရဲ့ ရင်ထဲမှာ အဖုအထစ်ကိုယ်စီရှိသလို နှုတ်နည်းနေကြပါသည်။ အတန်ကြာမှ လင်းဝင်းထူးက မနေ့ကကိစ္စ ပြန်စကာ ...

"မနေ့ညက ဘယ်အချိန် ပြန်ရောက်လဲ"

"ကိုးနာရီခွဲ"

"ဟင် ... နောက်ကျလှချည်လား၊ ဘယ်သွားနေလို့လဲ"

"မှူယာနဲ့ လိုက်နေတာ"

"အင်းလေ ... မှူယာက ဘယ်ကိုသွားလို့လဲ"

"သူ့သူငယ်ချင်း အိမ်ငှားတဲ့ကိစ္စပါ၊ နိုင်ငံခြားသားငှားတာ၊ မှူယာက နှစ်ဖက်လုံးနဲ့သိတော့ ပွဲစားပေါ့၊ အဲဒီကို သွားနေတာ"





"ဟင် ... ဟုတ်မှလည်း ပြောပါကွာ၊ မှူယာ့နောက်လိုက်သွားတာ ဟုတ်ကောဟုတ်ရဲ့လား၊ အဲဒီကိစ္စကို တန်ခူးက ဘာလိုက်လုပ်စရာလိုလဲ၊ ဒီလောက်မိုးချုပ်အောင်"

"မလိုပါဘူး၊ ဒီလိုပဲ လိုက်သွားတာပါ"

"ဒီလိုပဲဆိုတာက ဘာလဲ"

"စိတ်သိပ်မကြည်လင်လို့ အပြင်ထွက်နေတဲ့ သဘောပါ"

"အဲဒါ ဘာကိုဆိုလိုတာလဲ တန်ခူး"

"မနေ့ နေ့လယ်က ကိုနဲ့လမ်းခွဲတော့ တစ်ယောက်နဲ့တစ်ယောက် စကားပြော လမ်းမတည့်ဘူးလေ၊ ငြင်းရင်းခုန်ရင်း ဘယ်ဟိုတယ်လို့လဲ ဆုံးဖြတ်ချက်မကျဘဲ လမ်းခွဲလိုက်ကြတာ မဟုတ်လား၊ အဲဒီအတွက် စိတ်မကြည်မသာ ဖြစ်နေတာနဲ့ တမင် လျှောက်လိုက်နေတာ"

လင်းဝင်းထူးက မျက်မှောင်တွန့်တွန့်နှင့် လှည့်ကြည့်ရင်း ...

"ဆိုလိုတာက ကိုယ့်ကို စိတ်မကြည်သာလို့ ညမိုးချုပ်ထိ အပြင်ထွက်ရပြီးရော၊ ဘယ်သူ့ကိုမှ အကြောင်းမကြားဘဲ လျှောက်သွားနေတယ်ပေါ့၊ စိတ်ပူရင်လည်း ပူကြပစေပေါ့"

"... ... ..."

"ပြောလေ"

"ဟုတ်တယ်၊ အဲဒီသဘောယူလို့ ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"တန်ခူးမှာ ဒီအကျင့်မျိုးရှိမှန်း ကိုယ်မသိခဲ့ပါလား၊ စိတ်ကောက်ပြီး ပျောက်သွားတဲ့အကျင့်ပေါ့ ... ဟုတ်လား။ အဲဒါ ကိုယ်မကြိုက်ဘူး တန်ခူး၊ နောင်ဆိုရင် အိမ်ထောင်သည်ဘဝမှာ တစ်ယောက်နဲ့တစ်ယောက် စိတ်အခန့်မသင့်တာရှိမယ်၊ အဲသလိုဖြစ်တိုင်း မင်းက စိတ်ကောက်ပြီး ညမိုးချုပ်အထိ ရွာရိုးကိုးပေါက် ပျောက်သွားနေမှာလား"

"ကို ...၊ တန်ခူးကို ဘာဖြစ်လို့ စကားကောင်းကောင်း ကြင်ကြင်နာနာ မပြောနိုင်ရတာလဲ၊ အမြဲဘာဖြစ်လို့ ဒေါသကပ်ပါလာတာလဲ"

"ဟာ ... ဒါက စေ့စေ့စီးစီး ကိုယ်လက်သင့်မခံနိုင်တဲ့ကိစ္စ ပြောထားသင့်တာပဲလေ၊ တန်ခူးလုပ်ပုံက ဆန္ဒပြတဲ့သဘော၊ တန်ခူးက ဒီလိုလုပ်တာကို ကိုယ်က မကြိုက်ကြောင်း မပြောရဘူးလား"

"ပြောရပါတယ်၊ ကောင်းကောင်းချော့ပြောလည်း ရပါတယ်"

"မင်း ဒီလိုစိတ်လုပ် ဆန္ဒပြတာကို ကိုယ်က ချော့ရမယ်ပေါ့၊ ဟုတ်လား"

"ရှင့်ချစ်သူ၊ ရှင့်ဇနီးကို ရှင်ကမှ မချော့ရင် ဘယ်သူကချော့မှာလဲ၊ နေပါဦး၊ ရည်းစားဖြစ်ကာစကလည်း တန်ခူးစိတ်ကောက်ရင် ကို့ချော့ခဲ့ရတာပဲ မဟုတ်လား၊ ခုမှဘာဖြစ်လို့ မချော့နိုင်ရော့တဲ့သဘော ဖြစ်နေရတာလဲ"





"မတူတော့ဘူးလေ တန်ခူး၊ အခု ကိုယ့်မှာ အလုပ်ကလည်း များတယ်၊ Worry များတယ်၊ Stress များတယ်၊ အရေးကြီးတာတွေ အချိန်လုလုပ်နေရတဲ့အချိန်မှာ ကလေးကလားတွေ အချိန်မပေးနိုင်ဘူးလေ၊ မင်း ခဏခဏ ကိုးလိုးကန့်လန့်လုပ် စိတ်ကောက်နေမယ် ဆိုရင်တော့ ကိုယ့်မှာချော့နေစရာ အချိန်မရှိတာ အမှန်ပဲ"

"ရှေ့လျှောက် လက်ထပ်ပြီးကြရင်လည်း ဘယ်တော့မှ ဘာအတွက်ဖြစ်ဖြစ်မှ မချော့နိုင်ဘူးပေါ့နော်"

တန်ခူး အသံက ငိုချင်စိတ်ပျက်စွာ တုန်လာသည်။

"မင်းကကော လက်ထပ်တာ အချော့ခံရဖို့လား"

"ကျွတ်"

တန်ခူးက ခေါင်းကလေး အသာယမ်းခါနေမိတော့ကာ သက်ပြင်းတစ်ချက် အားရပါးရ မှုတ်ထုတ်လိုက်ပါသည်။

"တော်ပါစို့ ကို၊ စကားနိုင် မလုကြပါစို့နဲ့၊ ထားလိုက်ပါတော့"

လင်းဝင်းထူးကလည်း သက်ပြင်းကြီးတစ်ချက် မှုတ်ထုတ်လိုက်သည်။ သူ့စိတ်ထဲလည်း ညတန်ခူးဟာ သူ့အပေါ်သိပ်ကိုဆန့်ကျင်ခွတိုက်လာပါလားလို့ပဲ စိတ်ပျက်လက်ပျက်တွေးနေမှာပင်။ လောလောဆယ် အချိန်မှာ သူ့နံဘေးမှာက သူ့ကိုဆန့်ကျင်ရဲသူဆိုတာ မရှိသလောက် မဟုတ်လား။ ခေါင်းညိတ်စကားပဲ ကြားနေကျ၊ နားရည်ဝ ဖြစ်နေကာ တန်ခူးစကားတွေဟာ သူ့နားထဲ အတော်ကို ထော်လော်ကန့်လန့် ဖြစ်နေမှာပါ။



www.burmeseclassic.com

www.burmeseclassic.com

"မင်းကို ကိုယ် နားလည်လာပြီ၊ မင်းက ကိုယ့်ရဲ့ဂုဏ်ဒြပ် အရှိန်အဝါအောက်ကို ငြိမ်ငြိမ်ကလေး ခိုဝင်မလာချင်ဘူး ပဲ၊ မင်းကို ပင့်မ,ထားစေချင်တယ်၊ အချိန်ပြည့် အရေးပေး စေချင်နေတယ်၊ အဲဒါကြောင့် မနေ့ကတော့ထင်သား၊ မေမေကတောင် ဟဲ့ ... တန်ခူး ပြန်ရောက်ပြီလား လှမ်း မေးဦးလေလို့ ပြောပါတယ် ...

ကိုယ့်စိတ်ထဲမှာ သံသယဝင်နေတယ်၊ မင်း ပြန်မ ရောက်သေးဘူး ဆိုတာတောင် ဟုတ်ရဲ့လားလို့လေ၊ ကိုယ် ပျာပျာသလဲ ဖြစ်ရအောင်၊ လှုပ်ရှားလာအောင်၊ ပူပန်လာ အောင် တမင်လုပ်တာလားလို့ သံသယဝင်တယ်၊ ဒါကြောင့် တမင် ဖုန်းဆက်မမေးတာ၊ ကိုယ်က ကိုယ့်ဆီက မရ,ရ အောင် ဖွတ်ယူမယ်ဆိုတဲ့ ဟာမျိုးကို ပေးလိုစိတ်မရှိဘူး"

ညတန်ခူးက လင်းဝင်းထူးကို ငုံကြည့်ကာ တိုးသဲ့သဲ့ ပင် ရယ်လိုက်မိပါသည်။ သိပ်ရယ်ချင်သွားပြီ ကိုရေ။

"ဘာရယ်တာလဲ"

"ကြီးကြီးကပါ ကို ပူပန်လှုပ်ခတ်လာအောင် ပလီစီချောက် ချက် ဝင်ပြောပြီးတော့တောင် ဆွတယ်ပေါ့နော်၊ ဟင်းဟင်း ဟင်း ... ကြီးကြီးက အဲသလောက် ကို့အပေါ် အချိန်မပေး နိုင်ပါဘူး ကိုရယ်၊ အဲလောက်လည်း ကို့အတွက် ကရိကထ မခံနိုင်ပါဘူး ကိုရဲ့၊ လူတစ်ဖက်သားကိုလည်း မလွှမ်းမိုး ချင်ပါဘူး၊ ဒါကြောင့် မင်္ဂလာဝတ်စုံအရောင် ဆုံးဖြတ်ချက် မကျတာကိုတောင် အေးအေးဆေးဆေး လက်ခံတယ် ...





ညည့်းလည်း သူ့ကို မလွှမ်းမိုးနဲ့၊ သူလည်း ညည်းကို မလွှမ်းမိုးနဲ့၊ လူဆိုတာ ကိုယ့်ဆန္ဒရှိတာကိုပဲ ကိုယ်လုပ်ချင် တာ ဓမ္မတာပဲတဲ့၊ တန်ခူး ခဲဖျော့ရောင် ထိုင်မသိမ်းဝတ် ပေမယ့် ကို့ရဲ့တောင်းရှည်ကို ကို့အဝါရောင်ဝတ်ဝတ် ဖန်းရောင်ဝတ်ဝတ် တန်ခူးရော ကြီးကြီးပါ သဘောတူ တယ်"

"ဘာ"

လင်းဝင်းထူး အသံကြီးက အကျယ်ကြီးပင်။

"မင်း သက်သက်မဲ့ အစွဲ့တိုက်နေတာလား တန်ခူး ... ဟင်"

"လုံးဝအစွဲ့မတိုက်ပါဘူး၊ ကို့ကြိုက်တာ ကို့ဝတ်သလို တန်ခူးလည်း တန်ခူးကြိုက်တာ ဝတ်ထားပါ၊ လူတွေကထွင် တယ်တောင် ထင်ဦးမယ်၊ ဘာလဲ ကို့ တန်ခူးက ပန်း ရောင် ဒါမှမဟုတ် အဝါပဲ ရှင့်သဘောကျ ဝတ်ကိုဝတ်ရ မယ် ... ဒီလိုလား"

နှစ်ယောက်သားဟာ ပလာဇာရဲ့ လေးထပ်ပရှိဘောဂ ဆိုင်တွေဆီ စုပုပ်ပုပ် စိတ်ပျက်ပျက်နှင့် တက်လာကြပါသည်။ တန်ခူး ရင်ထဲတွင် ပျော်ရွှင်ခြင်း ရင်ခုန်ခြင်း ဆိုတာလည်းမရှိ။ ကိုယ်တိုင်ရွေးချယ်ထားတဲ့ ချစ်သူနှင့် ဆင်နွှဲရမည့် မင်္ဂလာပွဲ အတွက် စီစဉ်ဝယ်ခြမ်းနေရတဲ့ ကိစ္စတွေကို အဆုံးသတ်ချင်လှပြီ။ မောပန်း စိတ်ကျဉ်းကျပ်လွန်းလို့ လိုက်ပါဆောင်ရွက်ခြင်းကို ခပ်မြုလိုတော့တာပါ။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုယ်ကိုယ်လည်း ဝမ်းပန်းတနည်း အပြစ်တင်နောင်တရနေမိသည်။ ကိုယ့်ပါးစပ်ကိုပိတ်ပြီး သူရွေးချယ်စီစဉ်သမျှ လိုက်နာလိုက်ရင်လည်း ကိုယ်တောင် သက်သာသေးတာမဟုတ်လား။ ဘာကြောင့် စိတ်ရှုပ်ခံပြီး ကိုယ့်ဆန္ဒကိုယ် ဖော်ထုတ်နေဦးမှာလဲ။

"ရှင်ကြိုက်တဲ့ ဒီဇိုင်းပဲ ရွေးတော့"လို့ ပြောမည်ပြုပြီးမှ ရွှဲ့တယ်ပဲထင်မှာကို တွေးမိကာ နှုတ်ကိုဘရိတ်အုပ်လိုက်ရပါသည်။ စကားလုံး ရွေးချယ်ပြီးမှ ...

"ဟို ... ဒီနေ့က ခုတင်နဲ့ မှန်တင်ခုံ ရွေးမှာမဟုတ်လား"

"အင်းလေ"

"ခုတင်ကို ကို့ကြိုက်တာပဲ ရွေးလိုက်တော့၊ တန်ခူးက မှန်တင်ခုံရွေးမယ်၊ တစ်ယောက်တစ်ခု အညီအမျှပေါ့"

လင်းဝင်းထူးက လှည့်ကြည့်ရင်း ...

"ရွဲ့ပြောတာပေါ့၊ ဟုတ်လား တန်ခူး"

တန်ခူးက ခြေလှမ်းကိုရပ်ရင်း ချစ်ခဲ့ရသူကို အံ့အားတသင့် ကြည့်နေမိပါသည်။ ရူးတောင် ရူးချင်လာပါပြီ ကိုရယ်။

"ဝတ်စုံကိုလည်း မင်းတစ်ရောင် ကိုယ်တစ်ရောင် အညီအမျှ ဟုတ်လား၊ ပရိဘောဂကျတော့လည်း တစ်ယောက်တစ်ဝက်ရွေးဝယ်၊ ဟိုတယ်ကိုရော ! ဘယ်လိုလဲ တန်ခူး၊ ဟိုတယ်ကိုလည်း ကိုနဲ့ ကိုယ့်ညွှန်သည်တွေက ထရိုတ်ဒါးစ်၊ မင်းနဲ့မင်းညွှန်သည်တွေက ဆီဒိုးနား၊ အဲ့ဒီလိုလား ဟုတ်လား"



တန်ခူး ရယ်လည်းမရယ်နိုင်။ ငိုလည်းမငိုနိုင်။ စိတ်တွေ ကုန်ခန်းခြောက်သွေ့ကာ ...

"ဟင့်အင်း ကို၊ ကိုလုပ်ချင်တာတွေပဲ ရွေးချယ်လိုက်ပါ၊ အဲဒီအတိုင်း လုပ်ကြတာပေါ့"

တန်ခူး ဒီဘက်ကိုအလှည့် မလှမ်းမကမ်းမှာ ရှိနေသော တာရာနှင့် မျက်နှာချင်းဆိုင် တွေ့လိုက်ရပါသည်။ တာရာက နွမ်းလျော့နေတဲ့ တန်ခူးရဲ့မျက်နှာကိုတစ်လှည့် လင်းဝင်းထူးကိုတစ်လှည့်ကြည့်ရင်း တန်ခူးကို မရဲတရဲပြုံးပြပါသည်။

"တာရာပါလား၊ ဘာလာဝယ်တာလဲ"

"ဆံ့လည်ခံ့ လိုချင်လို့ အစ်မ။ အဲဒါ လာဝယ်တာပါ"

"သြော် ... အင်း၊ သွားမယ်နော်"

"ဟုတ်ကဲ့"

ရှေ့ကို အတော်လျှောက်လာမိပြီးလျှင် ...

"အဲဒါ ဘယ်သူလဲ"

"ဆိုင်နီးနားချင်းပါ"

"ဘယ်ဆိုင်ကလဲ"

"ဟဲန်းဆက်ဆိုင်က ကောင်လေး"

"ဟိုကောင့်တပည့်တွေ ညီတွေ မဟုတ်လား၊ ဘာဖြစ်လို့ နှုတ်ဆက်ရတာလဲ"

တန်ခူး သက်ပြင်းရှိုက်ရင်း စိတ်လွတ်လက်လွတ် ပေါ့ပေါ့ပါးပါးပင် ရယ်မိတော့ကာ ...

www.burmeseclassic.com

www.burmeseclassic.com



"နှုတ်မဆက်ဘဲ တန်ခူး ကျော်လာရင်လည်း ဟိုကပြုံးပြတာ ဘာလို့ မနှုတ်ဆက်တာလဲလို့ ကို့သံသယမဝင်ဘူးလား"

လင်းဝင်းထူးက ညတန်ခူးကို မျက်မှောင်ကုတ်တင်းတင်းနှင့် စိုက်ကြည့်နေသည်။

♥ ♣ ♥



## ၁၅

ဘဝကို ရှေ့မဆက်ချင်တော့တဲ့နေရာက ရပ်ပြီး နောက်တစ်မျိုး ပြောင်းလဲပြင်ဆင်ခွင့် ရှိသလား မရှိဘူးလား။ တကယ်တော့ ကိုယ့်ဘဝကိုကိုယ် ဘာကြောင့် ပြင်ဆင်ခွင့်မရှိရမှာလဲ။ တစ်ရက်ပြီးတစ်ရက် ရှေ့ကိုတိုးလာတဲ့နေ့တိုင်းမှာ ညတန်ခူးရင်ထဲ တွေဝေခြင်းက တစ်ထပ်ပြီးတစ်ထပ် တိုးကာ အစိုင်အခဲဖြစ်လာသည်။

တာရာနဲ့ ဖွဲ့ ညတန်ခူးရဲ့ဓာတ်ပုံကြီးတွေ လာပို့တဲ့ညနေကတော့ ရင်ထဲ အတော်ကို ထိခိုက်သွားလေသည်။

"လုလင် လာပို့ခိုင်းတာလား တာရာ"

"ကိုလု မပို့ခိုင်းဘဲနဲ့ ကျွန်တော်တို့ ဖြုတ်ပြီးလာပို့ရဲ့ပါ့မလား အစ်မ"

ပုံတွေကို ညတန်ခူး အံ့မောတကော ရေတွက်ကြည့်မိသည်။ သူ့ထံမှာ ဓာတ်ပုံချပ်မှတောင် ချန်ရစ်မထားတော့ဘူးပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးနှစ်ယောက်က စကားရောဖွဲ့ရောတောင် မလုပ်ဘဲ ဓာတ်ပုံကားချပ်တွေ သယ်ချပြီးတာနှင့် ပြန်ဖို့ပြင်တော့သည်။ ညတန်ခူးသည် တာရာ ပြန်မှာကိုပင် တလှပ်လှပ် ဝမ်းနည်းသလို ဖြစ်ကာ ...

“မင်းအစ်ကို နေကောင်းရဲ့လား တာရာ”

“ကောင်းပါတယ်”

“ဆိုင်ကော ဖွင့်ရဲ့လား”

“အိမ်က စတူဒီယိုမှာပဲ အလုပ်လုပ်တယ်၊ စင်တာကဆိုင်တော့ ကိုလှ မလာဘူး၊ ဖိုးခွားတို့ပဲ ရက်ချိန်းချိတ်ဖို့ နေ့တစ်ဝက်လောက် လာထိုင်တယ်၊ ကိုလှကတော့ မတော်တဆ အစ်မ ဆိုင်ကိုလာရင် တွေ့နေမှာစိုးလို့တဲ့ မလာဘူး”

တာရာက အစ်ကိုဘက်က အနည်းငယ် ခံစားနေရပုံ ပေါ်ပါသည်။ ခါတိုင်း ဒီကောင်ကလေးတွေဟာ ညတန်ခူးကို အထူးတရိုတသေ တလေးတစား ဆက်ဆံလေ့ရှိကြတာတွေပါ။ ဓာတ်ပုံတွေကို အခန်းနံရံတွေပေါ်မှာ ဝမ်းပမ်းတနည်း နေရာချ တပ်ဆင်ဖို့ ကြိုးစားရင်း ညတန်ခူး ရင်တွေမခံမရပ်နိုင်အောင် နာကျင်လာပါသည်။ ဒီပုံတွေအားလုံး ပြန်လိုချင်တယ် ပြန်ပေးပါလို့လည်း တစ်ခွန်းမှ မပြောခဲ့မိပါလား လုလင်ရယ်။ မင်းကတော့ သံယောဇဉ်အမြစ်ဖြတ်တဲ့ သဘောပဲပေါ့နော်။

ငါ ဘာဖြစ်တာလဲ၊ ငါ ဘာများလုပ်ရပါ့မလဲ။

ညတန်ခူးသည် သူ့ကိုယ်သူပင် လန့်လာရပါသည်။ ကိုယ့်ကိုယ်





ကိုယ် အယုံအကြည်လည်း ကင်းမဲ့လာရပါသည်။ ပထမဆုံး ကိုယ့်ကိုယ်ကိုယ် နားမလည်နိုင်သည့် လုပ်ရပ်ကတော့ ပုံနှိပ်တိုက်က ဖိတ်စာတွေကို သွားရွေးလာခဲ့ပြီးနောက် အခန်းထဲက ခုတင်အောက်မှာထိုးပြီး ဖွက်ထားလိုက်မိတာပင်။

သူ့စိတ်ကြိုက်သာ လုပ်ပါတော့လို့ တန်ခူးက လွှတ်ပေးလိုက်တဲ့နေ့ကစပြီး အစစအရာရာ သူဖြစ်ချင်တဲ့စိတ်တိုင်းကျ အတိုင်း စီစဉ်ဆောင်ရွက် မှာကြားတာတွေ လုပ်ထားပြီးတဲ့ လင်းဝင်းထူးက ...

“သန်ဘက်ခါ ပရိဘောဂတွေ ရွေးရက်နော်၊ တန်ခူး သွားရွေးလိုက်ဦး၊ ငွေမချေခင် ကိုယ်မှာထားတဲ့အတိုင်း ဖြစ်မဖြစ် သေသေချာချာစစ်၊ သေချာရင် ငွေချေပြီး လာပို့ခိုင်းတော့”

“ရှေ့အပတ်ထဲမှာ ကိုယ့်တိုက်ပုံရင်ဖုံး ချုပ်ရမယ့်ရက် ဘောက်ချာသေချာပြန်ကြည့်ပြီး သွားရွေးထားလိုက်ဦး”

“အိပ်ရာခမ်းနားအတွက် ပိုးအိပ်ရာဖုံးက ရန်ကုန်ဆိုင်ခွဲမှာ ရွှေဝါရောင် ကုန်နေလို့ မန္တလေးကို လှမ်းမှာထားရမယ်တဲ့၊ ရှိတယ်တဲ့၊ အကြောင်းပြန်တယ်၊ နက်ဖြန်သန်ဘက်ခါ ရောက်လိမ့်မယ်၊ ရောက်ရင် တန်ခူးဖုန်းနံပါတ်ဆီပဲ ဆက်လိမ့်မယ်၊ သွားဝယ်လိုက်နော်”

ရှေ့က ရွေးချယ်တာ စီစဉ်တာတွေမှာတော့ သူ ...ပါလို့မရ၊ သူ့စိတ်တိုင်းကျ ဖြစ်ရအောင် ဘယ်လိုမှ မချွင်းချက်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



အတူလိုက်ပါတဲ့ လင်းဝင်းထူးဟာ တန်ခူးက သူ့စိတ်ကြိုက်လွှတ်ပေးလိုက်တော့လည်း သူ့ဟာသူ မှာကြားထားသမျှ ရွေးဖို့ကျတော့ မလိုက်ပါတော့။ "တန်ခူးသွားရွေးလိုက်" ချည်းသာ။ ပစ္စည်းသွားသယ်ရုံ ငွေချေရုံအတွက်ကျတော့ သူ့အချိန်ကို ဖဲ့မပေးတော့ပေ။ ဒီတော့ ဖိတ်စာကိုလည်း ကိုယ့်ဘာသာပဲ တန်ခူး သွားရွေးရသည်။

"ဖိတ်စာ ရလာပြီလား တန်ခူး"

"ဟင့်အင်း ... သန်ဘက်ခါမှတဲ့"

"ဖိတ်စာဆိုတာ ကြိုဝေထားနှင့်ရမှာ၊ လောလိုက်ဦး"

ဖိတ်စာဝေလိုက်ပြီးပြီ ဆိုရင်တော့ အသိုင်းအဝိုင်းကြီး နှစ်ဖက်လုံးကို လိုက်ဖျက်ဖို့ တော်ရုံမလွယ်ကူတော့ရာ ညတန်ခူးသည် ဖိတ်စာဝေရမှာကို ကြောက်နေပါသည်။ မဝေချင်။ ဖိတ်စာအကြောင်း သူ မေးလိုက်လျှင် ရင်တွေ ကတုန်ကယင်နှင့် မောဟိုက်အသက်ရှူကျပ်လာသည်။

ထိုအချိန်မှာ ဖုန်းဆက်လာတဲ့ မွှယာ့ထံက သတင်းစကားအသစ်က လူကို ပို၍မှုးမိုက်သွားစေပါသည်။

"တန်ခူး ... ကိုလင်းဝင်းထူးက ဓာတ်ပုံနဲ့ ဗီဒီယိုအတွက် လုလင်ကို သွားငှားတယ်၊ နင် သိလား မသိဘူးလား"

"ဟင် ... တကယ်"

"ဟုတ်တယ်၊ ကိုကို ပြောတယ်၊ ကိုကိုက သူ့မင်္ဂလာဆောင်ကိုရိုက်တဲ့သူနဲ့ အပ်ခိုင်းတာ ကိုလင်းဝင်းထူးက ဇွတ်ပဲ လုလင်နဲ့ပဲရိုက်မယ်ဆိုပြီး သွားကြတယ်၊ ကိုကိုတောင်ပါ





သွားတယ်၊ ကိုကို ပြန်ပြောတာဆိုတော့ သေချာတယ်ဟာ၊ ကိုကိုတောင်မှ ဒါမျိုးလုပ်စရာလားဆိုပြီး စိတ်တွေပျက်နေသေးတယ်"

ညတန်ခူးသည် ဒီတစ်ကြိမ်တော့ သည်းခံနိုင်စွမ်းအတော်ကုန်ဆုံးကာ လုလင်ဆီကိုလည်း ဖုန်းလှမ်းခေါ်လိုက်မိပါသည်။

"လုလင် ... သူက မင်းကို ဓာတ်ပုံရိုက်ဖို့ လာပြောတယ်ဆို"

"မ, ကိစ္စမရှိပါဘူး မ,ရယ်၊ ကျွန်တော် လက်ခံလိုက်တယ်"

"ဘာဖြစ်လို့ လက်ခံရတာလဲ"

"ကျွန်တော် ငြင်းရင် ဘာကြောင့်ငြင်းတာလဲ ဆိုတာမျိုးဖြစ်မှာပေါ့၊ ဖုန်းအရင်ဆက်ပြီး အဲဒီဒိတ်ကို အားလားအရင်လှမ်းမေးတော့ ဘယ်သူမှန်းမသိတော့ အားတယ်လို့အမှန်အတိုင်း ဖြေပြီးသားဖြစ်နေပြီ၊ ရောက်လာတော့ သူဖြစ်နေမှ မရိုက်တော့ဘူးဆိုရင် တစ်မျိုးထင်မှာစိုးလို့ပါ၊ ပြီးတော့ ကျွန်တော်က ကြွေပြနေရင်လည်း သူ မ,အပေါ်ပါသံသယဝင်မှာ စိုးရိမ်လို့ သူ့ကို ပေါ့ပေါ့ပါးပါး ဟက်ဟက်ပက်ပက်ပဲ ဆက်ဆံလိုက်ပါတယ်"

"လုလင် ... မင်း တကယ်ပဲ မ,ရဲ့မင်္ဂလာပွဲကို ကိုယ်တိုင်ဓာတ်ပုံရိုက်နိုင်လို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ကို မ,အားမနာပါနဲ့၊ ကျွန်တော် ခံနိုင်ရည်ရှိမှာပါ"

မင်း ခံနိုင်ရည်ရှိလည်းပဲ တို့ ခံနိုင်ရည်ရှိမယ် မထင်ပါဘူး လုလင်ရေ။ ခုကိုပဲ မင်းကိုမှ ခေတ်ပုံရိုက်ဖို့ သွားဗွားရက်တဲ့ သူ့အကြောင်းသိရရုံနဲ့တင် ရင်ထဲမှာ တဆတ်ဆတ်ခါပြီး မခံနိုင် အောင် နာကြည်းလာမိပြီ။ တို့မျှော်လင့်တဲ့ သာယာချမ်းမြေ့မှုမျိုးက ဒီလိုစိတ်ဓာတ်မျိုးရှိတဲ့ သူတစ်ယောက်ဆီက ရနိုင်ပါ့မလား။

ဘဝဆိုတာ ပန်းလေးတစ်ပွင့်လို လှပနူးညံ့တဲ့ စိတ်ကူးယဉ်အိပ်မက်တစ်ခု မဟုတ်ဘူးဆိုတာတော့ သိပေမယ့် ဆူးလမ်းမှန်းသိသိနဲ့လည်း ဖွတ်နင်းလျှောက်ဖို့ မလိုပါဘူးကွယ်။ ကိုယ့်ရဲ့လိုအပ်ချက်နဲ့ အနီးစပ်ဆုံး ထပ်တူအောင် အသေအချာရွေးချယ်နိုင်မှလည်း ဒီဘဝလမ်းကို မပင်မပန်း စိတ်ချမ်းချမ်းမြေ့မြေ့လေး ဖြတ်သန်းလျှောက်လှမ်းနိုင်မယ် မဟုတ်လား။

ဆူးညှောင့်ခလုတ်ကိုလည်း ဖယ်ရှားချန်ထားရစ်ရမှာပဲပေါ့။

♥ ♣ ♥





"ဖိတ်စာတွေ မင်း ရွေးသွားပြီဆို"

ဖုန်းထဲက လင်းဝင်းထူး အသံက အံ့အားတသင့် ပေါက်ကွဲနေပါသည်။

"မနေ့ကပဲ မင်းပြောတော့ မရသေးဘူးဆို၊ ဒါကြောင့် ဒီနေ့ စိတ်မရှည်တော့လို့ လှမ်းဆက်လိုက်တာ၊ မင်း ရွေးသွားတာ ကြာလှပြီတဲ့၊ အဲဒါ ဘယ်လိုဖြစ်တာလဲ တန်ခူး"

"ဟုတ်တယ်၊ သေချာတဲ့ အချိန်တစ်ခုကို တန်ခူး စောင့်နေတာပါ"

"မင်း ဘာတွေပြောနေတာလဲ၊ ဖိတ်စာတွေက ဝေဖို့အချိန်တောင် နည်းနေပြီ၊ ညနေကျရင် လာယူမယ်၊ မင်းတို့ဘက် ဝေဖို့ စောင်ရေကို ခွဲယူထားလိုက်"

ဖိတ်စာတောင်မှ သူ့ဘက်သူဝေ၊ ကိုယ့်ဘက်ကိုယ် ဝေဆိုတဲ့သဘော။ အဆင်ပြေသလို လမ်းသင့်သလို ပေါင်းဝေလိုက်မှာမျိုး၊ အတူတကွ သွားဝေဖို့ဆိုတာမျိုး၊ သူ့စိတ်ကူးထဲ မရှိ။ ညနေမှာတော့ လင်းဝင်းထူး အလာကို တန်ခူးက အသင့်စောင့်



www.burmeseclassic.com

www.burmeseclassic.com



နေခဲ့ပါသည်။ ကားပေါ်က ဆင်းလာတဲ့ သူ့ကို ဖိတ်စာတစ်စောင် ကမ်းပေးလိုက်ရင်း ...

"ကို ကြည့်ဖို့ပါ"

"ဒါက ဘာလဲ၊ ကိုယ့်အတွက် အထုပ်ပေးလိုက်လေ၊ ကျန်တာတွေရော"

"ကျန်တာတွေ အားလုံး မီးရှို့လိုက်ပြီ ကို၊ ဟိုမှာ"

"ဘာ"

တန်ခူးက ခြံထောင့်မှာ မီးပုံရှို့လက်စ ဖိတ်စာအထပ်လိုက်ထံသို့ လက်ညှိုးညွှန်ပြလိုက်ပါသည်။ လင်းဝင်းထူး မျက်နှာက နီရဲသွားကာ ...

"မင်း ... မင်း ... ဒါ ဘာသဘောလဲ တန်ခူး"

"ဖိတ်စာတွေ ဝေပြီးရင် ကိုနဲ့ လက်ထပ်ရတော့မှာ၊ အဲဒါကြောင့် တန်ခူး မဝေချင်တော့ဘူး၊ တန်ခူး ကို့ကိုလက်မထပ်ချင်တော့လို့ပါ"

အားတင်းစွန့်စား ပြောလိုက်ပြီး နောက်တွင်တော့ ရင်ထဲပေါ့၍ ဝန်ထုပ်ဝန်ပိုးတစ်ခု ပြုတ်ကျသွားသည့်နှယ် လန်းဆန်းသက်သာရာ ရသွားပါသည်။

♥ ♣ ♥



ကားပါကင်ထဲ ကားမောင်းဝင်လာတုန်း မြည်လာတဲ့ ဖုန်းကြောင့် လုလင်က နံပါတ်ကိုကြည့်ကာ ဝမ်းသာအားရဖွင့်လိုက်ရင်း ...

"မ,"

"မက်ဆေ့ချ်တွေ Delete လုပ်ပြီးပြီလား"

လုလင်က မှိုင်းသွားကာ သက်ပြင်းရှိုက်ရင်း ...

"လုပ်ပြီးပါပြီ မ,"

"အားလုံး! ကုန်ပြီလား"

"ဟုတ်"

"ပြီးရော"

ရုတ်တရက် ဖုန်းချသွား၍ ကားကို လုလင်က ကပျက်ကချော်ပဲ ရပ်ပစ်လိုက်ကာ ကားပေါ်က မဆင်းသေးဘဲ ငေးငိုင်နေမိပါသည်။ ဘယ်တော့မှ ပြီးဆုံးမယ့် ဝေဒနာပါလိမ့်။ မ, ...။ လုပ်ချင်တိုင်းသာ လုပ်ပါတော့ မ,ရယ်။

"ကလင်"

www.burmeseclassic.com

www.burmeseclassic.com



မက်ဆေ့ချ် ဝင်လာသ်ကြောင့် လုလင်က အံ့အား တသင့် ဖွင့်လိုက်ပါသည်။ မ,ရဲ့နံပါတ်က ပို့နေတာလေ။

"Do not delete it.

I Love you ..."

"မ, ..."

"... ... ..."

"မ, ..."

အုတ်တိုင်လုံးကြီးတစ်ခုရဲ့အကွယ်မှ ညင်ညင်သာသာ ထွက်ပေါ်လာသော အဖြူရောင်အရိပ်သွယ်သွယ်ကလေးကို လုလင် မျက်ရည်အလည်သားနှင့် ငေးကြည့်နေမိလေသည်။

♥ ♣ ♥

လမင်းမိုမို

BURMESE CLASSIC .com

www.burmeseclassic.com